
မယာဂေဓွ
တို့မေမေ
ပဌမအကြိမ်

" ....ဝတ္ထုသက်သက် ဖတ်သူအဖို့ တစ်အိမ်ထောင်အနေနှင့် နားလည်ကြ၏။ ရာဇဝင်နှင့် နိုင်ငံရေး နားလည်သူတို့က ပြင်သစ်နှင့် အင်္ဂလိပ်တို့ မြန်မာပြည်အား သိမ်းပိုက်ကာ အဆီအနှစ် စုပ်ယူနေကြသည့် သဘောပေါက်ကြ၏။...."

**– မဟာဆွေ၊ 'စာအုပ်အရေးတော်ပုံ'၊ *ပိတောက်ပွင့်သစ်* (မတ် ၂၀၁၁)။ စာ ၂၀ ...မှ။**

" .... စစ်မဖြစ်မီကာလ ကျွန်တော်တို့ လူငယ်တွေကို အမျိုးသားရေးစိတ်ဓာတ်တွေ သွတ်သွင်းပေးခဲ့ရာမှာ အရေးကြီးတဲ့ အခန်းတစ်ခန်းက ပါခဲ့ပါတယ်။ ...."

**– မြသန်းတင့်၊ *ကျွန်တော် ဆက်၍ရေးချင်သော ဝတ္ထုများ*(၁၉၇၄)။ စာ ၁၉၁ ...မှ။**

"မဟာဆွေ၏ နိုင်ငံလွတ်လပ်ရေး ဦးတည်ချက်ဝတ္ထု။ ....မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ထင်ရှားသော ဝတ္ထုတစ်ပုဒ်။"

**– မလိခ၊ *မြန်မာစာပေအဘိဓာန်(၃)* [၁၉၇၇]။ စာ ၁၆၇၊ ၁၆၈ ...မှ။**

"....(ဒို့မေမေသည်) နယ်ချဲ့အစိုးရကို ကလောင်စွမ်းပြ အရေးအဖွဲ့တို့ဖြင့် သိသာစွာ ဆန့်ကျင်ထားသော ဝတ္ထုဖြစ်သည်။"

**– ခင်ဆွေဦး၊ 'သူပုန်ကြီးဝတ္ထု ညြဇာ'၊ *ပိတောက်ပွင့်သစ်* (မတ် ၂၀၁၁)။ စာ ၄၁ ...မှ။**

".... သင်္ကေတပုံစံဖြင့် ရေးဖွဲ့.... ခဲ့သော ဝတ္ထု...."

**– ညီခွန်း၊ *၂၀ ရာစု အထူးခြားဆုံး မြန်မာစာအုပ်များ*(၂၀၀၂)။ စာ ၄၂ ...မှ။**

".... မဟာဆွေ၏ အကောင်းဆုံး စာပေလက်ရာအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသော ဂန္ထဝင်ဝတ္ထုကြီး...."

**– ဆရာချိန်(ပဲခူး)၊ 'တို့မေမေ သို့မဟုတ် လွတ်လပ်ရေး ပြေးလမ်းပေါ်က တော်လှန်ရေးတေးသံ ကဗျာတစ်ပုဒ်'၊ *ပိတောက်ပွင့်သစ်* (မတ် ၂၀၁၁)။ စာ ၅၅ ...မှ။**

ရာပြည့်စာအုပ် ၃၂၃

# တို့မေမေ

မဟာဆွေ

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁၊ ၇၁၀၁၀၃

စာမူ ခွင့်ပြုချက်အမှတ်　　[၅၀၀၅၉၈၀၅၁၁]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်　[၅၀၀၇၉၈၀၇၁၁]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ်　– (၁၉၃၅) သူရိယသတင်းစာတိုက်
ဒုတိယအကြိမ် – (၁၉၃၈) သူရိယသတင်းစာတိုက်
တတိယအကြိမ် – (၁၉၆၄) ဒေါ်ကြည်ကြည်စာပေ
စတုတ္ထအကြိမ် – (၁၉၉၈) ဝင်းစာပေ
ပဉ္စမအကြိမ်　– (၂၀၁၁) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၅၀၀]၊ (အောက်တိုဘာ ၂၀၁၁)

❑

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ မိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ

❑

တန်ဖိုး
**၁၅၀၀ ကျပ်**

၈၉၅.၈၃

မဟာဆွေ
　　တို့မေမေ/ မဟာဆွေ။
　　– ရန်ကုန်၊ ရာပြည့်စာပေ၊ ၅– ကြိမ်၊ အောက်တိုဘာ ၂၀၁၁။
　　၂၆၂ – စာ၊ ၁၂ x ၁၈ စင်တီ။
　(၁) တို့မေမေ

# အမြစ်မြေက တို့မေမေ*

ကျွန်မတို့ဖေဖေ "တို့မေမေ" ဝတ္ထု ရေးစဉ်ကာလတုန်းက ကျွန်မအသက်ဟာ တစ်နှစ် ဆယ်လပဲ ရှိဦးမယ်လို့ ကျွန်မ မေမေက ပြောပါတယ်။ တို့မေမေ ဝတ္ထုဟာ စစ်မဖြစ်ခင်ကာလ၊ စစ်အတွင်း၊ စစ်ပြီးစအထိ နာမည်ကြီးလွန်းလို့ စာဖတ် ပရိသတ်တွေက တသသ ပြောကြ၊ မြန်မာပြည်တစ်နံတစ်လျားမှာ အရောင်းရ အတွင်ကျယ်ဆုံး စာအုပ်အဖြစ် ထိပ်ဆုံးက ပါလာကြောင်း လက်ဆင့်ကမ်း ပြောပြကြတော့ ကျွန်မအသက် (၁၆)နှစ် ဆယ်တန်း ကျောင်းသူဘဝမှ ဖတ်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ သည်တော့ တို့မေမေ ဝတ္ထု အဓိက ရည်ရွယ်ချက်၊ ဇာတ်ဆောင်များနဲ့ ဇာတ်လမ်းစဉ်တို့ ပြောပြရမယ်ဆိုရင် ဆရာမြသန်းတင့်၊ ဆရာမောင်စွမ်းရည်၊ ကိုမင်းကျော် (ကွယ်လွန်)တို့ကို မီအောင် ပြောပြတတ်မယ် မဟုတ်ပါဘူး။ ဆရာတို့နဲ့ ကျွန်မ အသက်အရွယ်တွေ မတိမ်းမယိမ်းပေမယ့် ကျွန်မ ကိုယ်၌ကိုက ဖေဖေ့ရဲ့ ဝတ္ထုတွေကို အဖတ် နောက်ကျတာကို ဝန်ခံပါရစေ။

ဖေဖေ တို့မေမေ ဝတ္ထုရေးခဲ့တဲ့ အချိန်ဟာ ၁၉၃၄ ခုနှစ်မှာပါပဲ။ ဖေဖေလည်း ၃၄ နှစ်ပဲ ရှိပါသေးတယ်။ အိမ်ထောင်ကျတာ နောက်ကျ

* ၁၉၉၈ ခုနှစ် အောက်တိုဘာလတွင် ဝင်းစာပေမှ ထုတ်ဝေစဉ် ပါဝင်သည့် အမှာစာပင် ဖြစ်သည်။

တော့ ကျွန်မတို့ ညီအစ်မ နှစ်ယောက်ကို ရှေ့ဆင့်နောက်ဆင့် ရပြီးစ အချိန်ပါပဲ။ လူပျိုကြီးဘဝ မိန်းမရလို့ သမီးလေး နှစ်ယောက်ကို တပွေ့ ပိုက်ပိုက်နဲ့ အင်မတန် ချစ်မြတ်နိုးပြီး သေးဝတ်လဲ၊ မစင်သိမ်းတာက အစ မရွံမရှာ လုပ်ပေးခဲ့သတဲ့။ အဲဒီ တို့မေမေ ရေးတဲ့ အချိန်မှာပဲပေါ့။ ဖေဖေ့ တပည့်ဟောင်းထဲက "ကိုလှဖေ" ဆိုတဲ့ ကျောင်းသားဟာ အစိုးရ အထက်တန်းမှာ မျက်နှာဖြူကျောင်းအုပ်နဲ့ လက်ပါးစေတွေ အဆုံးမ ကြမ်းတာကို ကလန်ကဆန်လုပ်လို့ မျက်နှာဖြူက ကိုလှဖေကို ကျောင်း ထုတ်ပစ်လိုက်ပါတယ်။ အဲဒီအချိန်မှာ ဖေဖေဟာ တို့မေမေလုံးချင်းဝတ္ထု ရေးတာ စစ်ကိုင်းမြို့ အထက် တကောင်းရပ်မှာ တစ်ဝက်နီးပါး ရောက် နေပြီတဲ့။ စစ်ကိုင်းနေ အမှုလိုက် စုံထောက်တစ်ဦးက မျက်နှာလို အားရ နဲ့ လှဖေထောင်လွှားတာ ဟောင်ဘရိုန်(ဖေဖေ) မြှောက်ပေးလို့ ပြောတာကို မခံချင်တာက တစ်ကြောင်း၊ ကိုလှဖေဟာ အသက် (၁၇) နှစ်အရွယ်၊ စာတော်တဲ့ ကျောင်းသား၊ ပညာရေး ခါးပြတ် အညွန့်ချိုးခံရတာက တစ်ကြောင်းတို့ကြောင့် ကိုလှဖေကို ခေါ်၊ မန္တလေးမြို့ ဆရာရာဇတ်ဆီ ပို့ပေးပါတယ်၊၊ ဆရာ ရာဇတ်ရဲ့ အမျိုးသားကျောင်းမှာ ကျောင်းလည်း အပ်၊ မန္တလေး သူဌေး ဦးဘလှ နေအိမ်မှာ နေဖို့အပ်ပြီး ဖေဖေ ရန်ကုန်ကို တစ်ခါတည်း တန်းဆင်းသွားတာပါပဲ။ ဒါကြောင့် တို့မေမေ ဝတ္ထု ထူး ခြားချက်က တစ်ဝက်ကို စစ်ကိုင်းမြို့အထက် တကောင်းရပ် နေအိမ်မှာ ရေးပြီး၊ ကျန်တစ်ဝက်ကို ရန်ကုန်မြို့ (၃၈) လမ်း အထက်လမ်း နေအိမ် မှာ ရေးခဲ့တာ ဖြစ်ပါတယ်။

ဖေဖေက ရန်ကုန်ဆင်းတဲ့ အခါမှာ ကျွန်မအောက် ညီမလေး ခင်ဆွေအေးက တစ်လပဲရှိသေးတယ်။ ကလေးက အသည်းအသန် ဖြစ် နေလို့ မိဘဘိုးဘွား ဆွေမျိုးတွေက ရန်ကုန်ကို မဆင်းဖို့ တားမြစ်ကြပါ တယ်။ ရန်ကုန်ဆင်းရတဲ့ အကြောင်းအချက် တစ်ခုကလည်း တကယ်လို့

ကိုလှဖေကို စုံထောက်က မျက်ခြည်မပြတ်လိုက်တာ အနေမချောင်ရင် ဖေဖေရှိရာ ကိုလှဖေ ရန်ကုန် ဆင်းလိုက်ဖို့ပါပဲ။ ဖေဖေရဲ့ ဖေဖေ (ကျွန်မတို့ အဘိုး) က ဖေဖေ့လက်ဆွဲပြီး အတင်းတားမြစ်တော့ ဖေဖေက –

'ဒီမယ် ဖေဖေ၊ ကျွန်တော် အရေးကြီးလို့ သွားတာပဲ။ ကျွန်တော့် သမီး အသည်းအသန် ဖြစ်နေတာ ကျွန်တော် ဘာလုပ်နိုင်မှာမို့လဲ။ ကျွန်တော်ဟာ သမားလည်း မဟုတ်ဘူး၊ စန္ဒာလလည်း မဟုတ်ဘူး' စကားကုန် အပြတ်ပြောတာကို ဆွေမျိုးတွေကတော့ ရင်ဘတ်စည်တီးပေါ့။ ဖေဖေကတော့ သမီးမမာတာ ဆေးဆရာ အဖြစ်လည်း မကယ်တင်နိုင်ဘူး၊ သေသွားရင်လည်း သုဘရာဇာ အလုပ် သုဘရာဇာပဲ လုပ်မှာပေါ့လို့ နာနာကြည်းကြည်း ပြောလိုက်တာပါ။ အဲဒီအချိန်မှာ ဖေဖေ့ရဲ့ မျက်လုံးအိမ်တွေမှာ မျက်ရည်တွေ ရစ်ဝိုင်းနေလိမ့်မယ်လို့ ကျွန်မ ကြေကြေ ကွဲကွဲ တွေးနေမိတတ်ပါတယ်။ နောင် ၂၀ ရာစု နောက်ပိုင်းမှာ ရုပ်ရှင်ဒါရိုက်တာကြီး ဒေးဗစ်လင်း ရုပ်ရှင်ရိုက်ကူးဆဲ ကာလ သူ့ သူငယ်ချင်း သေငယ်ဇောနဲ့ မြောနေတာကို သွားသတင်း မေးတော့ ဝမ်းနည်းပါတယ်၊ ကျွန်တော် ဒီတစ်ခန်း ပြီးအောင်တော့ ရိုက်ရဦးမယ် ပြောသလိုမျိုးပါပဲ။ တာဝန်ဟာ တာဝန်ပဲဆိုတဲ့ သဘောပါပဲ။ ဒီခံစားချက် တွေကလည်း ဖေဖေ့ရဲ့ တို့မေမေကို တစ်ဟုန်ထိုး ထွန်းတောက်စေ တာပါလို့ ကျွန်မ တင်စားမိပါတယ်။

တို့မေမေ ဝတ္ထု ကျန်တစ်ဝက်ကို ရန်ကုန်မှာ ဖေဖေ ဆက်ရေးပါ တယ်။ မေမေ့ကို စာရေးပြီး လူကြုံနဲ့ စစ်ကိုင်းမှာ ကျန်ခဲ့တဲ့ တစ်ဝက်ကို အပို့ခိုင်းပြီး သူရိယ နေ့စဉ် သတင်းစာမှာ နေ့ဆက်ဖော်ပြခဲ့တဲ့ ဝတ္ထု ဖြစ်ပါတယ်။ စာဖတ် ပရိသတ်တွေကလည်း လှုပ်လှုပ်ခတ်ခတ် အားပေး ကြပြီး အယ်ဒီတာ စားပွဲရော၊ ဖေဖေ့ဆီရော အားပေး ထောက်ခံစာတွေ တဖွဲဖွဲ ရောက်လာပါတယ်။ ဝတ္ထုကို နယ်ချဲ့ဆန့်ကျင်ရေး ရည်ရွယ်ချက်

တွေနဲ့ ဓာတ်ကောင်တွေ ကိုယ်စားပြု ဖွဲ့ခဲ့တာမို့ ဦးအင်း (အင်္ဂလိပ်)၊ ဦးသစ် (ပြင်သစ်)၊ ဒေါ်မာမာ (မြန်မာ)၊ မျိုးညွန့် (မျိုးဆက်သစ် လူငယ်များ)၊ ကိုန (ထုံထိုင်းပြီး မနိုးကြားသေးတဲ့ လူတစ်စု) စသည်ဖြင့် စိတ်ဝင်စားအောင် ရေးခဲ့တော့ ဝတ္ထု အပြီးသတ်တဲ့ နေ့မှာပဲ ထူးဆန်းတဲ့ စာတိုလေး တစ်စောင် သတင်းစာထဲ ဖော်ပြခဲ့ပါတယ်။

ကိုမျိုးညွန့်ရေ…
ဖိနိုပ် ချုပ်ချယ်မှုတွေ အတွက် မပူပါနဲ့။ ခင်ဗျားမှာ အိမ်နီးချင်း ကိုယိုးနဲ့ ကိုပန်တို့ ရှိကြသားပဲ။

ဒီစာတိုလေးဟာ အင်မတန် "တာ" သွားတဲ့ စာလေးပါ။ ဘယ်လောက်ထိ တာသွားလဲဆိုရင် မီးခဲတောက်မယ့် ဆဲဆဲ ဓာတ်ဆီ လောင်းလိုက်သလိုပါပဲ။ အနောက်နယ်ချဲ့သမားတွေ ဖိနှိပ်ရင် ခင်ဗျားတို့ မစိုးရိမ်ပါနဲ့။ အရှေ့အုပ်စုက ကူညီကြမယ့် ကိုယိုး–ယိုးဒယား(ထိုင်း)၊ ကိုပန် (ဂျပန်) တို့ ရှိနေသားပဲ။ မြှောက်ပင့်ပေးတာပါ။ အဲဒီအချိန်မှာ မျိုးချစ်လူငယ်တွေ ဂျပန်ပြည်သွားဖို့ ရဲဘော်သုံးကျိပ်ဝင်တွေရဲ့ အစီအစဉ်က မပေါ်သေးဘူး။ သူ့အကြံကလည်း လောလောဆယ် မြန်မာပြည်အခြေအနေမှာ ယထာဘူတ ကျလှသလို ဖြစ်နေပုံပဲ။ ဒါကြောင့် သတင်းစာထဲ ထည့်အပြီး လုံးချင်းဝတ္ထု ထုတ်ဖို့ စာအုပ်ကို စီစဉ်ပြီး ညတစ်ည သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က စာအုပ်ကို သိမ်းသွားတော့တာပါပဲ။ အယ်ဒီတာအဖွဲ့နဲ့ ထုတ်ဝေမယ့်သူ မျက်လုံးပြူးကိန်းပဲ။ နောက်မှ အလျှောက်ကောင်းလို့ အထောင်းသက်သာပြီး ၁၉၃၄ ခုနှစ် အတွင်းမှာပဲ လုံးချင်းဝတ္ထုစာအုပ်အဖြစ် တို့မေမေ ကို ထုတ်ဝေဖြစ်ပါတယ်။

တို့မေမေကို ၁၉၇၀ ခုနှစ်ဦးမှာ ဒုတိယအကြိမ် ဒေါ်ကြည်ကြည်

စာပေက ထုတ်ဝေပြီး ရှမဝ မဂ္ဂဇင်းတိုက်က ဖြန့်ချိခဲ့ပါတယ်။ စာအုပ်ရောင်ရေ ၃၀၀၀၊ တစ်ပတ် မပြည့်ခင်မှာ ပြတ်ထွက်သွားပါတယ်။ နောက် ၁၉၉၂ ခု ထင်ပါတယ်။ လုပ်သားနေ့စဉ်သတင်းစာ အင်္ဂလိပ် ဘာသာရော၊ မြန်မာဘာသာရော ထည့်သွင်းဖော်ပြခဲ့ပြီး ပြီးဆုံးတဲ့ထိ မဖော်ပြနိုင်ခဲ့ပါ။ ယခု ထုတ်ဝေမှာတော့ တတိယအကြိမ်မြောက် လုံးချင်းဝတ္ထုလို့ ပြောနိုင်ပါတယ်။ ဇာတ်ကြောင်းကိုတော့ ကြိုမပြောတော့ပါဘူး။ ကျွန်မတို့ မြန်မာစာဖတ်တဲ့ စာဖတ်သူများ သမိုင်းတစ်ခေတ်မှာ လှုပ်ခတ် ခေတ်စားလာတဲ့ ဝတ္ထုရဲ့ ရသအပြင် တခြားပြောစရာ ချွတ်ယွင်းချက်များ ရှိခဲ့ရင်လည်း အကဲဖြတ် ဝေဖန်နိုင်ခွင့် ရှိကြောင်း ပြောရင်း ဒီအမှာစာကို ရေးသား ဖော်ပြလိုက်ရပါတယ်။

**ခင်ဆွေဦး**

# နိဒါန်း

'ဦးဘဆွေရဲ့အိမ် ဒီအိမ်ပဲလား ခင်ဗျာ...' ဟု အိမ်ခြံဝင်းဘေးတွင် ရပ်ထားသော ကားတစ်စင်းပေါ်မှ ဆင်းခါစ လူတစ်ယောက်က မေးလိုက်သောအခါ ကျွန်ုပ်မှာ ဖောင်တိန်ကို လက်ကကိုင်ရင်း အိမ်အပေါ်ထပ်က ကြည့်ရှုလျက် –

'ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ အိမ်ပေါ် ကြွပါ' ဟု ပင့်ဖိတ်လိုက်ရလေ၏။ ထိုပုဂ္ဂိုလ်နှင့် ကျွန်ုပ်မှာ လူချင်း မတွေ့ဖူးချေ။ သို့ရာတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဓာတ်ပုံဘလောက်နှင့် မကြာခဏ တွေ့မြင်ရဖူးသောကြောင့် 'သြော်... ဦးဘခင်ပါလား၊ ကျွန်တော်က ဘယ်သူပါလိမ့်လို့ တွေးမိတယ်' ဟု ဖော်ဖော်ရွေရွေ ပျူပျူငှာငှာ ပြောဆိုနှုတ်ဆက်ကာ စားပွဲဘေးရှိ ကုလားထိုင်တစ်လုံးကို ရွှေ့၍ ပေးလိုက်ရပါကြောင်း။

ထားဝယ် ကျူထရံအစိမ်းကွက် ဆီး၍ အယ်လ်ပတ်ကား အင်္ကျီ၊ ဘီအေ ခေါင်းပေါင်း၊ ရွှေကိုင်းမျက်မှန်၊ ရွှေကွပ်ဆေးတံ စသော တန်ဆာပလာတို့ကြောင့် ပုဂ္ဂိုလ်တို့၏ အဆင့်အတန်းမှာ ဝတ်လုံ၊ အိုင်စီအက်' နယ်ဘက် အရာရှိတို့၏ ဂုဏ်ထက် လျော့ပေါ့မည် မဟုတ်ဟု ခန့်မှန်းနိုင်ကြမည် ဖြစ်၏။ ကျွန်ုပ်လည်း စကားဆက်လက်၍ –

'ဘယ့်နှယ်… ခင်ဗျား စာမပေး သံကြိုးမရိုက်နဲ့ ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ဖြုန်းခနဲ ဝင်လာတာကိုး'

'ဒီလိုဗျ … ကျွန်တော်တို့ သူဌေးက အထက်အညာမှာ ရုပ်ရှင်ရိုက်ဖို့ နေရာတစ်ခု ခင်ဗျားကိုယ်တိုင် သွားကြည့်ပါ။ ပြီးတော့ စစ်ကိုင်းကိုဘဆွေဆီလည်း ကျုပ်တို့နဲ့ ပြောထားတဲ့ဇာတ်ညွှန်း ပြီးရင် ဝင်ရောက်ကြည့်ရှု၊ သင့်လျော်က ယူခဲ့ပါ မှာလို့ မေးပြီး အပြေးလာခဲ့ရတာပါပဲ။ ဘယ့်နှယ် ပြီးစီးပြီလား'

'ဩော်… ဩော်… အင်း… ဟုတ်ကဲ့၊ ဝတ္ထုတော့ စီစဉ်ပြီးပါပြီ၊ ဆီနယ်ရီအို (ဇာတ်ညွှန်း) ရေးဖို့လောက် ကျန်ပါတော့တယ်'

'ဒါဖြင့် ဝတ္ထုသွားကို ကြည့်နိုင်ခွင့် ရှိက ကြည့်ပါရစေ'

'ဟုတ်ကဲ့ … ကြည့်နိုင်ပါတယ်၊ ကိုင်း… ကော်ဖီ သုံးဆောင်ပါဦး၊ မနက်စာလည်း ဒီမှာ သုံးဆောင်ရမှာပါပဲ'

'အို… နေရာရှာလို့ ခင်ဗျာ၊ နေပါစေ'

'နေရာမရှာရပါဘူး၊ ဟိုစားပွဲပေါ်မှာ အသင့် စားနိုင်ပါတယ်' ဟု ရယ်မောပြောဆိုပြီးနောက်၊ ကျွန်ုပ် ပေးလိုက်သော ဝတ္ထုကြောင်း သဘောကို သေချာစေ့ငုစွာ ဖတ်ရှုနေလေ၏။ ရုပ်ရှင်ကုမ္ပဏီက ဒါရိုက်တာကြီးတစ်ဦး ဖြစ်သည့်အတိုင်း ဝတ္ထုသွား အပေါ်တွင် ကြည့်ရှုဖွယ် နေရာ၊ ဇာတ်လိုက်နေရာ၊ အိုက်တင် (အမူအရာ) ဘယ်လိုထားလျှင် သင့်မည်ဟု ခန့်ခွဲနေဟန် ရှိသော အမူအရာဖြင့် ပြုံးလိုက်၊ ခပ်တည်တည် ဖြစ်သွားလိုက်နှင့် ဖြစ်၍ နေလေ၏။ ကျွန်ုပ်လည်း ဦးဘခင် အကဲကို ကြည့်ကာ ဘေးက အသာထိုင်၍ နေမိလေ၏။

ဦးဘခင်မှာ ကော်ဖီတစ်ပန်းကန်ကို တစ်ဝက်မျှ ကြွင်းကျန် အေးစေသျက်၊ စိတ်စွဲဖတ်ရှုနေရာ တစ်နာရီခွဲခန့် ကြာသောအခါ ပြီးစီးသွားလေ

၏။ ဤသည်ကို ထောက်၍ ဒါရိုက်တာလုပ်သူများသည် စိတ်မည်မျှ ရှည်သည်၊ မည်မျှလောက် စေ့စပ်သေချာသည်ကို သိရှိနိုင်တော့၏။ စာအုပ်ကို စားပွဲပေါ်သို့ ချလျက် –

'ကောင်းတော့ဖြင့် သိပ်ပြီး ကောင်းတာပဲ ခင်ဗျာ'

'ဟုတ်ကဲ့... မကြိုက်ဘူး ဆိုပါတော့'

'ဒီလိုလည်း မဆိုလိုပါဘူး၊ ဒါပေမဲ့ လက်ပစ်ဗုံးအခန်း ပါနေတာ ကလေး ဖြုတ်ပြီးရေးဖို့ အကြံပေးချင်ပါတယ်'

'ကျွန်တော် ရေးသမျှထဲမှာ အဲဒါ အရေးအကြီးဆုံးမို့ ဖြုတ်ဖို့ ခဲယဉ်းပါတယ်'

'ဒီလိုဆိုရင် ကျွန်တော်တို့ ရိုက်ကူးပြီး ဆင်ဆာက ဖြတ်ချမှာပေါ့'

'ဘာဖြတ်စရာရှိသလဲ၊ တိုင်းရေး ပြည်ရေးမှာ နည်းပေးလမ်းပြ ပုန်ကန်ကြဖို့ ရေးတာမှ မဟုတ်ဘဲဟာ'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဇာတ်လိုက်က ဥပဒေလွတ် လုပ်နေတော့ နည်းနည်း စဉ်းစားစရာ ဖြစ်နေတာပေါ့'

'အို... ခေတ်ကာလ ပညာတတ် တစ်ယောက်ဟာ ကိုယ်မခံချင် တာတွေ တွေ့ရင် သူလုပ်ချင်တာ လုပ်မှာပေါ့ဗျာ'

'အဲဒါကလေး ဖြုတ်ချရင် သိပ်ပြီး ကောင်းမှာပဲ'

'ဒီလိုပြောကြစို့၊ ဒါကို ကျွန်တော် တိုင်းပြည်နဲ့ တိုင်ပင်ကြည့်မယ်။ တိုင်းပြည်က ကြိုက်ပါတယ်၊ ရုပ်ရှင်ရိုက်ပါတော့လို့ အကြံပေးကြရင် ခင်ဗျားတို့ ရိုက်ရဲပါ့မလား'

'စိန်လိုက်၊ ခင်ဗျား ဘယ်လိုတိုင်ပင်မယ် ဆိုတာသာ တစ်ဆိတ် သိပါရစေ'

‘အလွယ်ပါပဲ၊ ကျွန်တော့် သူရိယကြီး ပို့လိုက်ရမှာပေါ့၊ ဝတ္ထုကို အစအဆုံး ဖတ်ရှုပြီးကြတဲ့အခါ တိုင်းပြည်ရဲ့ ထင်မြင်ချက်ကို သိရမှာပဲ’

‘ကောင်းပါ့ခင်ဗျာ၊ ကျွန်တော်လည်း နေ့ရထားနဲ့ မန္တလေးဘက်ကူး’

‘အို... မြန်လှချည်လား၊ ဟော့ ထမင်းပြင်ကြဟော့’

‘ဟုတ်ကဲ့’ ဟု အိမ်အခိုင်းအစေများနှင့် ဇနီးသည်ပါ ကူညီပြင်ဆင်ပြီးနောက် ကျွန်ုပ်တို့နှစ်ယောက် နံနက်စာ စားသောက်ကြရလေ၏။

ဦးဘခင်လည်း နံနက်စာ စားသောက်ပြီးသောအခါ ဘူတာသစ်သို့ ထွက်မည်ပြုရာ၊ ကျွန်ုပ်လည်း မိတ်ဆွေ ဝတ္တရားအတိုင်း လိုက်၍ ပို့လိုက်ရပါကြောင်း။

အိမ်သို့ ပြန်ရောက်သောအခါ အဆိုပါ ဝတ္ထုကို ထပ်မံ ဖတ်ရှု၊ ပြင်ဆင်တန်သမျှ ပြင်ဆင်ကာ မြန်မာပြည်အဝန်းရှိ ပညာရှင်တို့ အကြံဉာဏ်ကို ရရှိရန် ဖော်ပြလိုသည့်အတိုင်း အယ်ဒီတာချုပ်ကြီးထံ ခွင့်ပန်၍ ဖော်ပြလိုက်ရပါကြောင်း။

## ဇာတ်လိုက်များ

| | | |
|---|---|---|
| မောင်မျိုးညွန့် | – | ဒေါ်မာမာ၏ သားထွေး အရင်း။ |
| ခင်စောဦး | – | မောင်မျိုးညွန့်၏ ရည်းစား။ |
| ဒေါ်မာမာ | – | ပစ္စည်းဥစ္စာ ကြွယ်ဝသော မိခင်ကြီး။ |
| ဦးအင်း | – | ဒေါ်မာမာ၏ နောက်ယောကျ်ား။ |
| ကိုညာ၊ ကိုလူဝ | – | ဦးအင်း၏ သားအရင်းများ။ |
| ကိုရိုး၊ ကိုထိုင်း၊ ကိုန၊ ကိုဉာဏ်ကြီး | – | ဒေါ်မာမာ၏ သားအရင်းများ။ |
| စောနန်း | – | ခင်စောဦး၏ ဝမ်းကွဲအစ်မ။ |

အချို့ ရုံဖန်ရုံခါ အသုံးချမည့် သူများကို ဤလူများအထဲမှ ရုပ်ပြောင်း၍ အသုံးချက ဖြစ်နိုင်ပေသည်။

# အခန်း (၁)

ပဲခူး၊ အင်းစိန်၊ ပြည်၊ ရန်ကုန် လမ်းလေးခွတို့ ဆုံတွေ့ရာ ဖြစ်သော ကုက္ကိုင်းရွာ (ရွာ * ဟူ၍ တင်စားသည်ကို သတိပြုရာ၏။) အလယ်၌ တည်ထောင် ဆောက်လုပ်ထားသော အဆောက်အအုံကြီးများသည်ကား မားမားမြင့်မြင့် ငွားငွားစွင့်လျက် တင့်တယ် စုံဖြိုးကာ၊ ဂုဏ်ကျက်သရေ တိုးလျက် ရှိလေ၏။ ထိုအဆောက်အအုံကြီးများအတွင်း မှီတင်းလာ ရောက် ပညာရေကို သောက်ကြသော နောက်ပေါက် လူငယ် ပညာသည် တို့မှာ အသွယ်သွယ် အဝဝ၊ ထိုဌာနမှ၊ ဆန္ဒရှိရာ၊ လိုပညာကို၊ မှန်စွာ ဆည်းပူး၍ အထူးကြိုးစားလျက် ရှိကြလေသတည်း။

မခုတ်နှင့် ဖိုခုတ် သဘောသည် စွဲငြိတတ် လှုပ်ရှားတတ်သော သဘောရှိသည်ဟု ဆိုရစေခါမူ နီးကပ်မှ ဖြစ်နိုင်၏။ အကြောင်းမူကား သိပ္ပံကျောင်းသား မောင်မျိုးညွန့်သည် "ငါ့သား ပညာကြိုးစားသင်၊ မင့် အတွက် အရေးကြီးတယ်" ဟူသော စကားအရ ပညာကိုသာ ကြိုးစား သင်ခဲ့ရာ ချစ်မှု ကြိုက်မှု ဘာတစ်ခုကိုမျှ သတိထားခဲ့ခြင်း မရှိချေ။ သို့ရာတွင် စွဲလောက်သော ကျောင်းသူတစ်ဦး၏ ရုပ်ရည်နှင့် ၎င်း၏ မျက်စိ ပေါင်းဖက်မိကတည်းက တွေ့ချင် မြင်ချင်၊ ချစ်ချင် ကြိုက်ချင်

စသော သားရတနာများ ပေါက်ဖွားလာခဲ့သောကြောင့်တည်း။ လူတို့၏ စိတ်ဆန္ဒသည် အလွန်ပြင်းထန်ခဲ့၏ တကား။ မျိုးညွှန့်သည် ထိုသူငယ်မကို တစ်ကြိမ်၌ အကြောင်းအားလျော်စွာ မျက်စိချင်း ဆုံမိ၏။ ၎င်း၏ စိတ်ကို သိသိသာသာကြီး တုန်လှုပ်သွားစေလေ၏။ ထိုမိန်းကလေး၏ တုံ့ပြန်ကြည့်ရှုမှုသည်လည်း မိမိအား လေးစားသကဲ့သို့ ထင်မှတ်ခဲ့၏။

ထိုအခါ၌ ထိုမိန်းကလေးသည် ဤတက္ကသိုလ် သိပ္ပံကျောင်းကြီး၌ ဘယ်အတန်း ဘယ်ပညာသင်ပေနည်း။ ဘယ်မြို့ဘယ်ရွာ ဇာတိပေနည်း။ အင်းလျားဆောင်တွင် နေသလော၊ မြို့ထဲတွင် နေပေသလော စသည်ဖြင့် ပထမ စုံစမ်းလိုသော ဆန္ဒ ပြင်းပြစွာ ပေါ်ထွက်ခဲ့လေ၏။ သို့ ပေါ်ထွက်ခဲ့သည့်အတိုင်း စုံစမ်းသောအခါ ထိုမိန်းကလေးမှာ ရှမ်းပြည်နယ် ကျိုင်းတုံနယ် အမတ်ကြီးတစ်ဦး၏ သမီး "ခင်စောဦး" ဟူ၍လည်းကောင်း၊ အင်းလျားဆောင်တွင် မနေရ၊ ရန်ကုန် ၂၉ လမ်း၌ တိုက်တစ်လုံးငှား၍ အဒေါ်တော်သူ မိန်းမကြီးတစ်ယောက်၊ အစ်မဝမ်းကွဲ မစောနန်းဆိုသူ တစ်ယောက်နှင့်အတူ အခိုင်းအစေ နှစ်ယောက်နှင့်တကွ နေထိုင်လျက် စာသင်နေသူ ဖြစ်ကြောင်းကို သိရှိရလေ၏။

ဤကား နာမည်၊ နေရပ် သိရုံမျှသာတည်း။ မျိုးညွှန့် လိုရင်းသို့ မဆိုက်ရောက်သေးချေ။ လိုရင်းမှာ ခင်စောဦး၏ မေတ္တာတိုက်ကို မည်သည့် သော့နှင့် ဖွင့်ရမည်ဟူသော အချက်ဖြစ်၏။ ခင်စောဦး၏ ဖခင်ကြီးသည် ရန်ကုန်ကြမ်းပိုး သိုက်သမားတို့အကြောင်းကို သိသဖြင့် မည်သည့် သူတစ်မိမ်း ယောကျ်ားကလေးတစ်ဦးမျှ တိုက်နားသို့ မသီရအောင် အထပ်ထပ် မှာကြားထားသည့်အပြင် လူကြီးလူကောင်း အရာရှိအချို့ကိုလည်း စောင့်ရှောက်ကြည့်ရှုရန် အပ်နှံထားပြီး ဖြစ်လေ၏။ ကားမောင်းသမားကိုမျှလည်း ရှမ်းပြည်နယ်က အသက် ၄၀ ကျော် အိမ်ထောင်သည် တစ်ယောက်ကို ရန်ကုန်တွင် ထားခဲ့လေ၏။ သမီးအားလည်း ကျောင်းနေစဉ်

အတွင်း ပညာကလွဲ၍ ဘာတစ်ခုမျှ အပိုမပါခဲ့ရန် တင်းကျပ်စွာ မှာထားခဲ့လေ၏။ မောင်မျိုးညွန့်မှာ အသက် ၂၀ ရှယ်တည်း။ ခင်စောဦးအား စတင်နိုင်ဖို့ ဝေးစွ၊ အသက်ကို သိရှိရန်ပင် မှတ်ပုံတင်အရာရှိနှင့် မနည်းကပ်ရပ် ဉာဏ်ဆင်ကြည့်ရှုမှ ၁၇ နှစ် ဖြစ်သည်ကို သိရလေ၏။ လူတို့သဘောကား ခဲယဉ်းသည်ကို အရကြံလို၏။ မောင်မျိုးညွန့်မှာ ကောလိပ်ဉာဏ်နှင့် ကြံပုံထုတ်သည်ကို စောင့်စားကြည့်ရှုဖို့ လိုတော့၏။

ခင်စောဦးမှာ ဥပစာအထက်တန်းတွင် သင်ကြားနေသူ ဖြစ်လေ၏။ ကျောင်းသူ မိန်းမဖော်ကလေးများသည် ခင်စောဦးအား များစွာ ခင်မင်ကြသည့်အတိုင်း ကျောင်းအားသောနေ့များတွင် ခင်စောဦး၏ တိုက်သို့ အလည်သွားကြလေ့ ရှိလေ၏။ မစောမြသည်ကား ခင်စောဦးထက် အတန်းရော အသက်ပါ ကြီးမြင့်သူဖြစ်၍ ခင်လည်း အခင်ဆုံး ဖြစ်လေ၏။ 'အလှအချော့ဟူသရွေ့ ခင်ကချည်း ကုမ္ပဏီခံပြီး ယူထားလို့ အစောတို့ဖြင့် အရုပ်ဆိုးမကြီး ဖြစ်နေတာပဲ'ဟု ပြောဆိုလေ့ရှိသော မစောမြမှာ အသားက ခပ်ညိုညို၊ ကိုယ် ခပ်ဖိုင့်ဖိုင့်၊ ဂနိုင့်ကျက်သရေဆောင်ဝက်မကြီးနှင့် တူသည်ဟု အလှောင်အပြောင် ခံရသူ ဖြစ်လေ၏။

တစ်နေ့သ၌ကား မစောမြသည် ရိုစီခေါ် အင်္ဂလိပ်ကပြားပျိုမတစ်ယောက်နှင့် ပေါ်ပေါက်လာ၍ ခင်စောဦးနှင့် မိတ်ဆက်ပေးလေ၏။ မိန်းမချင်း ဖြစ်သည့်အားလျော်စွာ တစ်နာရီခန့် စကားပြောမိလျှင် ခင်မင်ရင်းနှီးခြင်း အဖြစ်သို့ ရောက်ကြလေ၏။ ခင်စောဦးက အင်္ဂလိပ်ဘာသာဖြင့် –

'ရိုစီကို ကျွန်မ အရင်က မြင်ဖူးပါတယ်'

'မြင်ဖူးမှာပေါ့၊ ကျွန်မလည်း ကွန်ဗင့်မှာ ပညာသင်ကြားခဲ့ရတာပဲ'

'ဒီလိုမဟုတ်ဘူး၊ ရှင်နဲ့တူတဲ့ ယောကျ်ားကလေး တစ်ယောက်ကို'

'ဩော်... ဒါဖြင့် ကျွန်မမောင်ကို မြင်ဖူးတာထင်တယ်၊ ရှင်တို့

ကျောင်းမှာ ဘီအက်စီ အတန်းသင်တဲ့ ကျောင်းသားတစ်ယောက် ရှိတယ်'

'ဟုတ်ကောင်း ဟုတ်လိမ့်မယ်၊ နာမည် ဘယ်သူတဲ့'

'ကိုမျိုးညွန့် တဲ့'

'ဒါဖြင့် ရှင်တို့ ဗမာအစစ်ပေါ့'

'ဟုတ်တယ်၊ သီလရှင်ကျောင်းမို့လို့ ဂါဝန်ဝတ်ထားရတာပဲ'

ခင်စောဦးသည် အခြားကိစ္စကို မစဉ်းစားနိုင်ချေ။ မောင်မျိုးညွန့် ဟူသော နာမည်ထဲသို့ စိတ်ဝင်စားသွားသဖြင့် မောင်မျိုးညွန့်သည် မိမိအား ချိန်ရွယ်၍ နမကို အောင်သွယ်ခိုင်းရန် မိတ်ဖွဲ့လေသလားဟု စဉ်းစားမိလေ၏။ ဤသို့ဆိုသော် ရိုစီအား ပေါင်းသင်းလို့ သင့်မှသင့်ပါ့မလား၊ မိမိဖခင်ကြီး မှာစကားနှင့် တခြားစီဖြစ်က အခက်ကြုံလိမ့်မည်ဟု တွေးတောပြန်လေ၏။ အို... ကိုယ့်သဘောပါမှ ဖြစ်နိုင်တာ၊ မိတ်ဆွေအဖြစ် ပေါင်းသင်းတယ်ဆိုတာ မလွန်နိုင်ပါဘူး။ တကယ်လို့ ကိုမျိုးညွန့်ဆိုတဲ့ လူက သဘောရိုး အတည်ကြံတယ်ဆိုရင် ငြင်းရမယ့် လူစားမှ မဟုတ်ဘဲ ဟု ခဏမျှ တွေဝေလိုက်လေ၏။ ရိုစီနှင့် မစောမြကား ခဏမျှ အကဲခတ်သလို ခင်စောဦးအား ကြည့်ရှုလျက် မစောမြက စကားဖြတ်၍ –

'အားကြီး သဘောကောင်းပါတယ်၊ အစောနဲ့ဆိုရင် ခင့်ကို ပေါင်းသလို ပေါင်းနေတာပဲ' ဟု ပြောဆိုလိုက်လေ၏။

၎င်းတို့သည် မိန်းမချင်းဘာဝ ပညာသင်ကြားရေး၊ ရုပ်ရှင်အကြောင်း၊ သူငယ်ချင်းတွေ အကြောင်းများကို ပြောဆိုကြပြီးနောက် လူချင်းခွဲကြလေ၏။

ရိုစီမှာ အပြောကောင်း၊ အပေါင်းကောင်း၊ စကားလိပ်ပတ်လည်သဖြင့် တနင်္ဂနွေ လေးပတ်အတွင်း ခင်စောဦးနှင့် ရင်းနှီးသွားလေ၏။ ထိုအခါ မစောမြ၊ ခင်စောဦး၊ ရိုစီ သုံးဦးသား မော်တော်ကားနှင့် လည်ပတ်

လေ့ ရှိလေ၏။ တစ်ခါတစ်ရံ ရိုစီနှင့် ခင်စောဦး နှစ်ယောက်ထဲ လည်ပတ်လေ့ ရှိလေ၏။ တစ်ညတလေ မိုးချုပ်သောအခါ ရိုစီမှာ ခင်စောဦး၏ တိုက်တွင် အိပ်လေ့ရှိလေ၏။

ခင်စောဦးကား ဤသို့ ပေါင်းသင်းဖန်များသောအခါ မိမိကိုယ်မိမိ အပြစ်တင်မိလေ၏။ မိမိ ရှေးဦးစွာ စဉ်းစားမိခြင်းကား ရိုစီသည် သူ့မောင်နှင့် ဆွယ်လိမ့်မည်ဟု ထင်မှားခဲ့ခြင်း ဖြစ်၏။ ရိုစီမှာ လေသံမျှ မသဲ့ခဲ့ဖူးချေ။ မိန်းမချင်း ဘာသာဘာဝ ပြောဆိုကြခြင်းထက် အခြားအထွေအထူး မတွေ့မကြုံရချေ။ ထိုအခါ၌ ရိုစီကိုပင် သနားစိတ်ဖြစ်ပေါ်လာလေ၏။ အကယ်၍ ရိုစီမှာ မိမိအား ယုံကြည်သကဲ့သို့ အခြားသူများအား ယုံကြည်ကာ သူတစ်ထူးတိုက်အိမ်တွင် ညဥ့်အိပ်ညဥ့်နေ ဆိုသလိုနေမိပါက မသူတော်တို့ ဘေးမှ ကင်းဝေးရာမည် မဟုတ်သောကြောင့်တည်း။

ထို့အပြင် ရိုစီမှာ ဂါဝန်ဝတ်၍ လျှပ်ပေါ်သော ပျံလွှားမကလေးဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့ရာ ဤသို့မဟုတ်၊ အရှက်အကြောက် အလွန်ကြီးလျက် နေမှုထိုင်မှု အထူးသတိထားသူတစ်ဦး ဖြစ်သည်ကို တွေ့ရလေ၏။ တစ်ခါတစ်ရံ မိန်းမချင်း နှစ်ဦးထဲ လွတ်လပ် လုံခြုံစွာနေရခိုက် သဘောကို စမ်းလို၍ ကလိသော်လည်း တခိခိရယ်ပြုံးရုံမျှဖြင့် လက်ကလေးကို ကာ ကာ သနားစဖွယ် ရှောင်တိမ်းရှာ၏။ တစ်ဖက်က ဤသို့ကလိသော်လည်း ပြန်လှန်ကလိခြင်း မရှိ၊ ရိုးရိုးကလေး နေသောအခါ ခင်စောဦးမှာ ကိုယ့်လိပ်ပြာ ကိုယ်ရှက်သလို ဖြစ်မိလေ၏။

ရိုစီက တစ်ခါတလေ 'ခင်ရဲ့၊ ယောကျ်ားများ အရောမဝင်နဲ့နော်၊ ဒီသတ္တဝါတွေဟာ အလွန်မုန်းစရာ ကောင်းတယ်။ အဲသည်လို သတ္တဝါတွေထဲမှာ ဘောင်းဘီဝတ် အကောင်တွေဟာ သာပြီး အရှက်အကြောက်နည်းသေးတယ်။ ကျွန်မဖြင့် ဘယ်ကပွဲမှ မလိုက်ဖူးဘူး၊ ရှင်တို့ ကျွန်မတို့

မြန်မာတချို့ အင်္ကျီပါးဝတ်ပြီး ဘောင်းဘီဝတ် အကောင်တွေနဲ့ တွဲကာ၊ ဝိုင်ကိုသောက် လုပ်နေတာများ သေပစ်ချင်အောင် ရှက်စရာကောင်းတာပဲ။ ကျွန်မသာ တန်ခိုးအာဏာ ရှိတဲ့သူ ဖြစ်ရင် အကုန်ထောင်ချ၊ ထဘီ ခါးတောင်းကျိုက်၊ လမ်းလေးခွများမှာ စာဆွဲပြီး မတ်တတ်ရပ် ဒဏ်ပေး ထားမှာပဲ'ဟု စိတ်အားထက်သန်စွာ ပြောသောအခါ သာ၍ ကြည်ညို စိတ်များ ပေါ်ပေါက်လာလေ၏။

ခင်စောဦး၏ တိုက်၌ ငှင်းနေသော တိုက်ခန်းမှာ စာကြည့်ခန်းနှင့် တစ်ဆက်တည်း ကျယ်ကျယ်ဝန်းဝန်း ထားသဖြင့် ညဥ့် ၁၁ နာရီခန့်တိုင် စာကြည့်ပြီးနောက် အလွယ်တကူ အိပ်ရာခုတင်ပေါ်သို့ လှဲလိုက်ရုံမျှ ဖြစ်လေ၏။ ညဥ့် ရှစ်နာရီ၊ ကိုးနာရီ အချိန်ခန့်တွင် အိပ်လေ့ရှိသော မစောနန်းမှာ မီးရောင်နှင့် မအိပ်တတ်သဖြင့် အခြားတစ်ခန်းတွင် အိပ် လေ၏။ ထို့ကြောင့် ခင်စောဦး၏ အခန်းမှာ လွတ်လပ်ချောင်ချိ ကျယ်ဝန်း စွာ ရှိလေ၏။ ရိုစီ လာသောအခါ စာကြည့်ဖော်၊ စကားပြောဖော် ရသဖြင့် များစွာ အသွင်တူကြလေ၏။

တစ်ညသ၌ကား အင်္ဂလိပ်ဝတ္ထု စာအုပ်တစ်အုပ်ကို နှစ်မျက်နှာ ယှဥ်ပြိုင်လျက် အတော်ညဥ့်နက်အောင် ဖတ်ရှုနေကြလေ၏။ ရှေးဦးစွာ ခင်စောဦးသည် အိပ်ချင်ပြီဆို၍ အိပ်ရာခုတင်ပေါ်သို့ ကိုယ်ကို ပစ်လှဲ လိုက်လေ၏။ ရိုစီမှာ တစ်ယောက်တည်း စာကြည့်ရင်း ကျန်ရစ်လေ၏။ စာကြည့်ရာမှ တစ်ချက်၊ တစ်ချက်၌ ခင်စောဦး အိပ်ရာဆီသို့ လှမ်း၍ ကြည့်ရှုနေလေ၏။

အခန်းမှာ လေလုံလျက် များစွာ တိတ်ဆိတ်လေ၏။ တိုက်ဘေး ကတ္တရာစေး လမ်းမှာ တစ်ခါတစ်ရံ ပြေးလွှားနေသော ကားသံနှင့် ဟွန်းသံများကို ကြားရလေ၏။ ခင်စောဦးမှာ စောစောကကပင် ညဝတ် အဝတ်အစားများ လဲလှယ်ထားပြီး ဖြစ်၍ အိပ်ရာခုတင်ပေါ်တွင် မီးရောင်

ကျောပေးကာ ခွေခွေကလေး အိပ်ပျော်နေလေသည်။ ကျောဘက်မှ ညီညာပြေပြစ်စွာ ဆင်းသက်လာပုံ၊ ခါးကလေးသေး၍ တင်သားကျယ်ပြန့် တင်းမာပုံတို့မှာ ပုထုဇဉ်တို့ စိတ်ကို လှုံ့ဆော်ပေးနိုင်သောသတ္တိ ရှိလေ၏။ ခဏကြာလျှင် တွန့်လိမ်၍ မီးရောင်ဘက်သို့ မျက်နှာရောက်ရှိလာလေ၏။ မျက်လုံးအိမ်ကား မှိတ်၍ နေသဖြင့် မခန့်မှန်းနိုင်ချေ။ သို့ရာတွင် ကော့၍နေသော မျက်တောင်များ၊ ခပ်မို့မို့ကလေး ဖြစ်နေသော မျက်ခွံများကို မြင်ရခြင်းဖြင့် ကျက်သရေရှိသော မျက်လုံးရှင်ဟု ခန့်မှန်းနိုင်၏။ မျက်ခုံးမွေးတို့ကိုကား အထက်အောက် လေးကိုင်းမရှိတရှိ ညီညာစွာ ဘေးတစ်ဖက်တစ်ချက်သို့ သေးသွယ်စေလျက် မင်သားကဲ့သို့ ထင်ရှားပြတ်သား ပေါ်လွင်လေ၏။ နှာတံနှင့် နှုတ်ခမ်းကလေးများမှာလည်း ကလေးသဖွယ် တင့်တယ်ဖြောင့်စင်း နီထွေး၍ နေလေ၏။ ထိုကမှ အောက်ပိုင်း အဆက်အလက်တို့မှာ ညဝတ်မပြည့်တပြည့် ပလီပလာနှင့် တီတီတာတာ ဖြစ်ကာ အဆုတ်၏ လေယူလေထုတ် အရှိန်ကြောင့် မြင့်ချည် တစ်လှည့်၊ နိမ့်ချည်တစ်ခါ များစွာ စိတ်ယားစရာ ဖြစ်၍နေလေ၏။ ကလေးရိုးသဖွယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသဖြင့် ရိုစီမှာ မိန်းမသား ချင်းပင် ဖြစ်စေကာ သနားကရုဏာစိတ်၊ ချစ်ခင်စိတ် တဖွားဖွား ပေါ်ပေါက်လာဟန် ရှိလေ၏။ နာရီကြီးမှ တစ်ချက်တီးသောအခါ ရိုစီလည်း ခင်စောဦး၏ ဘေးက ဝင်၍ အိပ်လေ၏။

ခင်စောဦးသည် အိပ်မက်မက်သလိုလိုနှင့် နိုး၍လာကာ လူကို စမ်းသပ်လေ၏။ လူမှာ ရိုစီကလွဲ၍ အခြားလူ မရှိချေ။ တစ်ဖန် မိမိအဖြစ်အပျက်ကို စဉ်းစား၏။ စဉ်းစားချိန်ဆလေလေ တကယ့်အဖြစ်အပျက်မှန်လေ တွေ့ကြုံရသဖြင့် ရိုစီကို မသင်္ကာစိတ်နှင့် စမ်းသပ်ပြန်၏။ ရိုစီကား အိပ်ပျော်နေဟန် ရှိလေ၏။ ခင်စောဦးသည် ဓာတ်မီးခလုတ်ရှိရာ

ထ မည်ဟု ထိုင်လေ၏။ ထိုင်ရာမှ ဆင်းမည်အလုပ်တွင် ‘ခင်လား၊ ဘယ်တုံး’ ဟု ရိစီ၏အသံကို ကြားရသဖြင့် –

‘ရှင်… ဘယ်သူလဲ… ရှင်… ဘယ်သူလဲ…’

‘ရိစီလေ’

‘မဟုတ်ဘူး… ဘယ်သူလဲ’

‘ရိစီပါ… အသံမမှတ်မိတော့ဘူးလား၊ အသံလည်း ရိစီပါ၊ လူလည်း ရိစီပါ၊ ခင် ဘာဖြစ်သလဲ’

‘ဘုရားများပါပေရဲ့၊ ရှင် ဘယ်သူလဲ၊ မှန်မှန်ပြောစမ်းပါ၊ ကျွန်မဘာဝ ဆုံးပေါ့’ ဟု အသည်းလှိုက်ပြီး ကျိတ်၍ ရှိုက်လိုက်သောအခါ –

‘ခင်… ခင်… ဘာလို့ ငိုသလဲ၊ ကျုပ် မျိုးညွန့်ဆိုတာပဲ၊ ခင်ရဲ့ မေတ္တာတိုက်ကို ဖွင့်ရန် ခဲယဉ်းလွန်းလို့ ဒီလို ကြံဖန်ရပါတယ်၊ ဒီလို ကြံဖန်ပုံ ဆန်းနေပေတဲ့ မေတ္တာမဆန်းပါဘူး ခင်၊ အရိုးခံသက်သက် ခင့်အတွက် ရတက်ဖြာပြီး ကရုဏာမိုး ရွာချင်လွန်းလို့ပါ’

‘ရှင် ယောကျ်ားဘုရား ကြံပါလား၊ ဘာဖြစ်လို့ ဒီလိုကြံရတာလဲ၊ ခင့် ဖခင်ကြီးကလည်း မှာကြားထားလျက်နဲ့။ အမယ်လေး ခင့်ကို လူယုံ သတ်တာပါပဲ၊ ဘယ့်နှယ်လုပ်ရပါ့မလဲ’ ဟု ငိုကြွေးပြန်ရာ မောင်မျိုးညွန့် မှာ ထပ်မံ ချော့မော့ရပြန်လေ၏။ ခေတ်မီးခလုတ်ကို ထဖွင့်၊ ဆံပင်ရှည် အတုကို ဖြုတ်၊ ပေါင်ဒါတွေဖျက်၊ ယောကျ်ားမျက်နှာ မိန်းမဂါဝန်နှင့် ထိုင်ကာ အကျိုးအကြောင်း ဆက်လက် ချော့မော့ ပြောဆို၍ နေပြန်လေ ၏။ ခင်စောဦးမှာ မထူးသောအဖြစ်ကို စဉ်းစားမိလေ၏။ မဆုတ်သာ သော အနေမှာ မေတ္တာရေ နဂိုက လောင်းပြီး ဖြစ်သဖြင့်လည်း နိဂုံးချုပ်၌ မိန်းမတို့ ထုံးစံအတိုင်း သွေလွဲစွန့်ပစ် အကျောဘုရားနှင့် မကြံရန် အဖန် ဖန် တောင်းပန်ရှာလေ၏။

ဤသည်လျှင် မောင်မျိုးညွန့်၏ အိမ်ထောင်ရေးအတွက် လေ့ကား

တစ်ထစ်ကို ပိုင်ပိုင်နိုင်နိုင်ကြီး နှင်းမိခြင်း ဖြစ်လေ၏။ သို့ရာတွင် မောင်မျိုးညွှန့်၏ တာဝန်သည် အိမ်ထောင်ရေးတွင် ရှိသလော၊ မိမိအား မတရားသဖြင့် ချုပ်ချယ်၍ သားစဉ်မြေးဆက် အညွှန့်တုံးမည့် အရေးလည်း ရှိသေး၏ တကား။ လူတို့မည်သည် မ နှင့်လိုက်လျှင် စရိုက်တစ်မျိုး ပြောင်းတတ်သည့်အတိုင်း မောင်မျိုးညွှန့်သည် မိမိ၏ တာဝန်ကို မိမိ မသိ၊ သတိမေ့လျော့သလိုဖြစ်ကာ ရိုစီအဖြစ်နှင့် ခင်စောဦး၏ တိုက်သို့ ခုနစ်ရက်တစ်ကြိမ် အနည်းဆုံးထား၍ ပျော်ပါးလျက် ရှိလေ၏။ ခင်စောဦးမှာလည်း မည်မျှလောက် အမျိုးကောင်းသမီး ဖြစ်စေကာမူ တွယ်မိလျှင် မလွတ်၊ ညွှတ်မိလျှင်မခွာ ဟူသကဲ့သို့ တွယ်တာရင်းနှီးမိသည့်အတွက် နောက်မဆုတ်သာတော့ဘဲ မောင်မျိုးညွှန့်၏ အလိုကိုသာ လိုက်လျောနေရရှာလေ၏။

မောင်မျိုးညွှန့်ကား ကျောင်းတက်စဉ် ဓာတုဗေဒ ဓာတ်ခွဲခန်း၌ အမှားမှား အယွင်းယွင်း ဖြစ်ကာ ဆရာများ၏ အကြိမ်းအမောင်းကိုပင် ခံရလေ၏။ တိုက်သို့ ပြန်ရောက်၍ ဓာတုဗေဒဆိုင်ရာ စာပေများကို ကြည့်ရှုသောအခါ၌လည်း စာပေတွင် စိတ်မဝင်စားနိုင်ဘဲ အခါများစွာ ပျော်ပါးလေ့ကျက် လာသူ၏ရုပ်ပုံ ဝင်ရောက်လာကာ လွန်ပြီးသော ချစ်တင်းနှီးနှောခဲ့ပုံ၊ နှစ်ပါးကြည်ခဲ့ပုံတို့သာ ပေါ်ပေါ်ကနေ၏။ ဤအဖြစ်မျိုးကား ရိုးလှုပြီဖြစ်၍ အကျယ်ချဲ့စရာ မရှိ။ ကျောင်းသားမှန်လျှင် အချစ်ဘက် စွဲအားကြီးက သွားမြဲလမ်းဖြစ်သော မင်ဖြူဂုဏ်ဗဇက် ပေါ်ထွက်ခံရမြဲ ဖြစ်၏။ နှစ်ကုန်စေ့သောအခါ စာမေးပွဲများ ပြီးစီး၊ ဂုဏ်ပေါ်ထွက်ချိန်၌ မောင်မျိုးညွှန့်မှာ မင်ဖြူဂုဏ်ဗဇက်ဖြင့် ကြော်ငြာခြင်း ခံရလေ၏။

ဒေါ်မာမာ၌ သားယောကျ်ား များစွာရှိ၏။ သို့ရာတွင် ထွန်းပေါက်မည့် သားများကား ကိုညာဏ်ကြီးနှင့်မျိုးညွှန့် နှစ်ဦးထဲသာ ရှိသည်ဟု ဆိုနိုင်၏။ ကိုရိုး၊ ကိုထိုင်း၊ ကိုနတို့ကား နာမည်နှင့်လိုက်အောင် ရိုး–

ထိုင်း–န–အ ကြ၏။ စိတ်သဘောအမြင် မကျယ်ကြချေ။ ကိုယ့်ဝါသနာနှင့်ကိုယ် ပျော်ပါးစွာ အေးအေးကလေး နေကြ၏။ ကိုဉာဏ်ကြီးကား မိမိယူဆချက်အတိုင်း အလုပ်လုပ်ဖို့ရာ ညီအစ်ကိုတစ်စု၏ အကူအညီ မရသဖြင့် အကြံရကျပ်နေလေ၏။ ကိုရိုးသည် အတီးအမှုတ် ဝါသနာပါသဖြင့် အငြိမ့်သဘင် ကာလသား အတီးအမှုတ် ဝါသနာဖက်သူတို့နှင့် အပျော်ဘက်သက်သက် အချိန်ဖြုန်းခဲ့၏။ ကိုထိုင်းကား အလောင်းအစားဘက် ဝါသနာပါသည့်အလျောက် အနီထောင်၊ ပိုက်ကျုး၊ ကိုမီး၊ ကက်၊ ဖဲ စသည်တို့နှင့် အချိန်ကုန်၏။ ကိုနကား ရှုးနှမ်းနှမ်းနှင့် မြင်းပွဲ တစ်ခါတလေ လောင်း၊ ဘာရည်ရွယ်ချက်မျှ မရှိဘဲ အချိန်ကုန်ခဲ့ပြန်၏။

သားထွေး မောင်မျိုးညွန့်ကား အချစ်ဇာတ်ခင်းနေ၍ စာမေးပွဲရှုံး၊ လူလုံးမလှ ဖြစ်နေ၏။ ကိုဉာဏ်ကြီးသည် သားတစ်တွေ၏ ဖြစ်ပုံကို မိခင်အား ပြောပြလေရာ ဒေါ်မာမာမှာ ယူကျုံးမရဖြစ်ကာ ငိုပွဲဆင်ရရှာလေ၏။ ဒေါ်မာမာမှာ သားကြီးတွေနှင့် နောက်အိမ်ထောင်ပြုရသူ ဖြစ်ခဲ့၏။ နောက်ခင်ပွန်းဖြစ်သူ ဦးအင်းသည် စိတ်ထား အလွန်ယုတ်မာသော လူတစ်ယောက်ဖြစ်ကြောင်း ကြာရှည်လေ သိနားလည်လေ ဖြစ်ခဲ့ရာ သားသမီးတို့မှာ ထိုသို့မသိ၊ ထင်မိထင်ရာ ဖြစ်နေကြသောအခါ အဘယ်မှာ စိတ်ချမ်းသာပေအံ့နည်း။ အကယ်၍ သားသမီးတစ်တွေ ရေရေလည်လည် လိမ္မာရေးခြား ရှိခဲ့ပါမူ မိမိတို့မှာ ဤမျှ ဘဝဆိုးကြီးကို ရရှိကြမည် မဟုတ်။ ယခုမူကား သားတွေကလည်း မိုက်၊ စရိုက်အကျင့်ဆိုး၊ ခင်ပွန်းသည်ကလည်း ကိုယ့်ဖို့ ကိုယ့်စီးပွား တစ်ဖက်သတ်ရှာနှင့် ကြာရှည်လျှင် သားစဉ်မြေးဆက် လူမွေးလူတောင် မပေါက်နိုင်သော အလားအလာကို စဉ်းစားမိလေ ယူကျုံးမရလေ ဖြစ်ရရှာလေ၏။

မောင်ဉာဏ်ကြီးက 'မယ်မယ်နှင့် ကျွန်တော်တို့ တစ်မျိုးလုံးပြုတ်ပြီး လူ့ငတ်မှ မကျန်အောင် ဖြစ်တော့မယ့် အရေးကို မယ်မယ်တွေးပြီး

အကြံမပေးတော့ဘူးလား၊ မယ်မယ့် သားတွေကို မဆုံးမတော့ဘူးလား’ ဟု နောင်ညီတို့ အဖြစ်အပျက်ကို တိုင်ကြားသောအခါတွင် သာ၍ပင် စိတ်နှလုံးကို ထိခိုက်သွားရှာလေ၏။

ဒေါ်မာမာသည် မိမိသားများ မိမိအား ချစ်ခင်ကြသည်ကို သိ၏။ ဘယ်နည်းပြုမူမှ ချစ်ခင်ရာ ကျသည်ကို နားမလည်၍သာ ဤသို့ ပြုရ ရှာသည်ဟု တွေးတောမိလျက် အဖြစ်အပျက် ဇာတ်လှန်ခင်းလိုသဖြင့် ခင်ပွန်းသည် ဦးအင်း မရှိသော ညဥ့်တစ်ညဥ့်၌ သားအားလုံးကို ခေါ် ငင် လိုက်လေ၏။

ရန်ကုန်မြို့ … လမ်းရှိ ဒေါ်မာမာ၏ တိုက်ကြီးသည်ကား လေးဆင့် တိုက်ဖြစ်၍ အထူးသားနားခံ့ညား၏။ သူဌေး၊ သူကြွယ်တို့၏ အဆင့် အတန်း သာသာကြီးရှိ စားပွဲ၊ ကုလားထိုင်၊ ဗီရိုမှစ၍ အိမ်ထောင် ပရိဘောဂတို့မှာ အထက်တန်းစားတို့ အသုံးအဆောင် ဖြစ်ပေ၏။ သို့ရာတွင် သားအရင်းတို့မှာ မိမိတိုက်အိမ် မိမိတို့ သီးခြားနေထိုင်ရ သဖြင့် ထိုအဆောက်အအုံ၏ အခြေအနေမျိုးကို မနေရရှာတော့ချေ။ ဒေါ်မာမာ ခေါ်ယူမှ ခေတ္တခဏ လာရောက်ခဲ့ကြခြင်း ဖြစ်လေ၏။ ဒေါ်မာမာ၏ မျက်နှာသည် ဆီးနှင်းသူရိန် မြူတိမ်မီးခိုး တစ်မျိုးမျိုး လွှမ်းအုပ်ခြင်းခံရသော လပြည့်ဝန်း၏ အသွင်နှင့် တူ၏။ လည်ချောင်း တစ်ဆို့ကာ ရတ်တရက် ထွက်မည့် စကားများသည် မထွက်နိုင်၊ အသက် ရှူလည်း မမှန်၊ ပြင်းထန်သော ရောဂါသည်ကြီး၏ အသွင်ကို ဆောင် လျက် အနိုင်နိုင် ဖွင့်ထုတ်ပြောပြရှာလေ၏။

# အခန်း ( ၂ )

'မင်းတို့ သိပ်ပျော်နေကြသလားကွယ် သားတို့ရယ်...' ဟု မျက်ရည်လည်လည်နှင့် ပြောလိုက်သောအသံသည် နာခံစူးစိုက်သူတို့၏ စိတ်ကို ထိခိုက်စေလေ၏။ 'ငါ့သားများ သိတတ်ပြီ၊ လိမ္မာရေးခြား ရှိပြီ၊ ကိုယ့်တစ်မျိုးတစ်ဆွေ၊ ညီအစ်ကိုတစ်တွေ တာရှည်လေးမြင့်စွာ ကောင်းစားဖို့ ငါ့သားများ မြော်မြင်တတ်လိမ့်မယ်လို့ မေမေ ထင်ခဲ့တာ မှားပေါ့။ အသောက်အစား၊ အပျော်အပါး၊ အလောင်းကစားတို့နဲ့ အချိန်ကုန်နေကြတော့တာကိုး။ ဟိုးရှေးရှေး မင့်ဖခင် ရှိတုန်းအခါက အခြေအနေကို စဉ်းစားကြဦးကွယ့်၊ မင်းတို့ ငယ်စဉ်ကလေးက...'

*

ရန်ကုန်မြို့ ......... လမ်းရှိ အရီးဒေါင်းသည် ဘေးဘိုး အစဉ်အဆက်က မပျက်မကွက်ခဲ့သော မျိုးကောင်း ဆွေကောင်း ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝခဲ့သူ ဖြစ်လေ၏။ အရီးဒေါင်း၏ ခင်ပွန်းသည်လည်း ထိုနည်းအတူ အမျိုးသန့် အမျိုးကောင်း ဖြစ်ခဲ့၏။ ရှေးလူကြီးများ ဖြစ်ခဲ့သည့်အတိုင်း သမီးကလေးတစ်ဦး ရှိရာ၌ ရှေးဆန်ဆန် ရှင်မာဟု ခေါ်ဝေါ် ချစ်စနိုးကြ၏။ ရှင်မာခေါ် ရှင်မာမာမှာ ဆံထောက်သိမ်းစ အပျိုရည် မဝတဝတွင်

လှပပြေပြစ် ကျစ်လျစ်သော ကိုယ်လုံး ကိုယ်ပေါက်ဖြင့် ယောကျ်ားတို့စိတ်ကို ယိုဖိတ်ဆွဲယူနိုင်သော အဆင်းနှင့် ပြည့်စုံလေ၏။ "သမီးကညာ ရွယ်ရောက်လာ အခါမလင့်စေနှင့်" ဟူသကဲ့သို့ အမျိုးကောင်းသား တစ်ဦးဖြစ်သူ မောင်ပေါနှင့် နေရာချထား လက်ဆက်ကြလေ၏။ ထိုအခါ မောင်ပေါနှင့် ရှင်မာမှာ နှစ်ဖက်မိဘတို့၏ အမွေအနှစ် ခန်းဝင်ပစ္စည်းစသည်တို့ ရရှိလိုက်ကြသည့်အတိုင်း မြန်မာပြည်တွင် ကြွယ်ဝချမ်းသာသော ဇနီးမောင်နှံငယ် နှစ်ဦးဟု ထင်ရှားခဲ့လေ၏။

၎င်းတို့ပိုင် ပစ္စည်းများကား ရေနံချောင်းတွင် ရေနံတွင်းငါးတွင်း၊ ထားဝယ်နယ်တွင် သတ္တုတွင်းတစ်ခု၊ ရန်ကုန်မြို့တွင် ဆန်စက်ကြီး သုံးလုံး၊ ရိုးမတောင်ခြေတွင် ဂရန်ယူထားသော သစ်တောကြီးများ၊ မိုးကုတ်တွင် လိုင်စင်ရ ကျောက်နီတွင်းများနှင့် အိမ်တွင်း လက်ဝတ်လက်စား ရတနာ ရွှေ ငွေ ဘဏ္ဍာ စသည်တို့ ဖြစ်လေ၏။ ထိုပစ္စည်းတို့ကား ၎င်းတို့ သားစဉ်မြေးဆက် စား၍ မကုန်အောင် ပေါများခဲ့လေ၏။ သို့ရာတွင် ပစ္စည်းအင်အား များပြားသလောက် အုပ်စီးနိုင်ရန် အရည်အချင်းမှာ မောင်ပေါ၌ မရှိရှာချေ။ ဥစ္စာပစ္စည်းတို့ မည်သည်မှာ မထိန်းသိမ်းတတ်လျှင် လောဘသားတို့ နောက်သို့ တကောက်ကောက် ပါသွားတတ်မြဲ ဖြစ်သည့်အတိုင်း မောင်ပေါ၏ အခြေအနေကို စောင့်၍ ကြည့်ခြင်းအားဖြင့် ၎င်းတို့ ပျက်စီးရပုံကို သိနိုင်လေတော့၏။ ထိုအခါက ပစ္စည်းရှင် မောင်ပေါမှာ မျက်နှာကြီးလေစွ၊ တန်ခိုးရှိလေစွ၊ ပစ္စည်းဥစ္စာရှင်ပီပီ သူဌေးအင်္ဂါနှင့်အညီ အသရေအရောင် ထိန်ပြောင်ဝင်းပခဲ့ချေ၏။

"မှူးကြီး မတ်ငယ် မာလောနွယ်တို့" စသော ဆီးပန်းနီ ဆရာတော်ဘုရားကြီး၏ စာကဲ့သို့ ပျက်ချိန်တန်သောအခါ မောင်ပေါမှာ လူပေါင်းမှားခဲ့လေ၏။ မောင်ပေါ၌ ကူညီဖေးမ နည်းလမ်းကောင်းပြမည့်သူ မရှိတော့ချေ။ ထိုအခါက မောင်ပေါ လူပေါင်းမှားသူ နှစ်ဦးကား မောင်အင်း

နှင့် မောင်သစ် နှစ်ဦးဖြစ်လေ၏။ ထိုနှစ်ဦးသည် မောင်ပေါအား ချစ်လေဟန်၊ ကြည်ညိုဟန်နှင့် ချော့မော့ပေါင်းသင်းကြလေ၏။ မောင်ပေါသည် လူငယ်ဖြစ်သည့် အားလျော်စွာ အလွန် ယုတ်မာညစ်ညမ်းသော မောင်အင်း၏ အမျိုးအနွယ် အကြောင်းကို မသိခဲ့ရှာချေ။

သို့ရာတွင် မောင်အင်း၏ ဘေးဘိုးများသည် မောင်ပေါ၏ ဘေးဘိုးများ ပစ္စည်းကို နှစ်ကြိမ်၊ သုံးကြိမ် မတရား အရယူခဲ့ဖူးလေ၏။ မောင်သစ်ကား မောင်အင်း၏ နောက်ယောင်ခံကာ သူတစ်ထူးပစ္စည်းများကို အရယူလိုသောစိတ် ရှိသော်လည်း မောင်အင်းလောက် ပရိယာယ် မများချေ။ ဘာမျှမသိရှာသော မောင်ပေါသည် မောင်အင်းကို နီးနီးကပ်ကပ် ထဲဝင်ပြင်ထွက် ပေါင်းသင်းခဲ့လေ၏။

ထိုအချိန်၌ မောင်အင်းနှင့် မောင်သစ်တို့မှာ တစ်ဦးနှင့် တစ်ဦး မသင့်မတင့်ဖြစ်ကာ အမြဲစောင်၍ နေကြလေသည်။ ၎င်းတို့ အကြံကား မောင်ပေါကို တစ်နည်းနည်းဖြင့် သတ်၍ ရှင်မာမာကို အရယူရန် ဖြစ်လေ၏။ ရှင်မာမာကို ရလျှင် ရှင်မာမာ၏ လက်ရှိပစ္စည်းသည်လည်း ၎င်းတို့ ပစ္စည်း ဖြစ်ရမည်ကား မလွဲတော့ချေ။ မောင်သစ်မှာ မောင်ပေါထက် ကူးသန်းရောင်းဝယ်ရေးဘက်က ပိုမိုနားလည်သဖြင့် နှစ်ဦးစပ် စာချုပ် အရောင်းအဝယ်ပြုရန် ကြံစည်ကြလေ၏။ သာမညကြည့်သော် အတော်ကောင်းမွန်သည်ဟု ဆိုရစေကာမူ နားလည်သူနှင့် နားမလည်သူ ပူးပေါင်းဖက်စပ် ကုန်ကူးသန်းရောင်းဝယ်ခြင်းသည် တစ်နေ့နေ့တွင် နားမလည်သူ၏ ပစ္စည်းများ နားလည်သူ၏ လက်ထဲသို့ ရောက်ရှိရမြဲ ဖြစ်ချေ၏။ သို့ရာတွင် မောင်ပေါမှာ မောင်သစ်၏ ရည်ရွယ်ချက်ကို မရိပ်မိချေ။ မောင်အင်းမှာကား မောင်ပေါ၏ အခြေအနေကို အမြဲ ကြည့်ရှုနေသူဖြစ်သဖြင့် မောင်ပေါနှင့် မောင်သစ် စာချုပ်ကာ ကူးသန်းရောင်းဝယ်ရေး လုပ်မည်ဟု ကြံစည်ကြောင်း ကြားသိသည်နှင့် တစ်ပြိုင်နက် မောင်ပေါ

ကို မည်သို့ ကြံဖန်သတ်ဖြတ်၍ ရှင်မာမာကို မည်ကဲ့သို့ အရယူရမည်ကို အပူတပြင်း စဉ်းစားလေ၏။ မောင်အင်း၏ မိဘများကလည်း ဤသို့ပင် “သည်ပဲ ထည့်သောပုတ်” ဖြစ်သဖြင့် ‘ငါ့သား မြန်မြန်ရအောင် ကြံ၊ တို့ ချမ်းသာတာ လိုရင်း’ဟု အကြံပေးလေ၏။ မောင်အင်းသည် မိမိ ကြံစည်လိုဆဲတွင် မိဘက အားပေးသောအခါ သာ၍ စွဲမြဲသွားလေ၏။

တစ်ညနေခင်း၌ကား မောင်ပေါနှင့် မောင်အင်းတို့သည် ညနေစာကို အတူတူ စားသောက်ကြလေ၏။ ထိုညနေသည်ကား မောင်အင်းသည် အပျော်ဆုံး ဖြစ်လေ၏။ မောင်ပေါမှာ မောင်အင်းနှင့် ရောယောင် ပျော်ပါးရှာ၏။ ထိုအချိန်ကား ရှင်မာမာတွင် သားအကြီး လူမမည်ကလေးတွေ အပြင် အထွေးဆုံး မောင်မျိုးညွန့်ပင် ပဋိသန္ဓေနှင့် ဖြစ်လေ၏။ မောင်ပေါသည် တစ်ရက်၊ နှစ်ရက်ကြာသောအခါ နေမကောင်း ထိုင်မသာ ဖြစ်ခဲ့လေ၏။ ပစ္စည်းဥစ္စာ ခိုင်လုံဆုံးဖြစ်သည့်အတိုင်း သမားကျော်များ၊ ဆေးဆရာဝန်များနှင့် တိုင်ပင်ကုသလေ၏။ သို့ရာတွင် ရောဂါမှာ တစ်စတစ်စ ကျွမ်းခဲ့လေ၏။ ရှင်မာမာကား သားသမီးနှင့် ပစ္စည်းတစ်ပြုံတစ်ခေါင်းကြီး ရှိသည်ကို မိမိခင်ပွန်း မတော်တဆ ကွယ်လွန်သွားက မည်ကဲ့သို့ ထိန်းသိမ်းရမည်ကို တွေးတောပူပန်၍ နေရှာလေ၏။ မောင်ပေါ၏ ရောဂါကား တစ်စတစ်စ သက်သာသည် မရှိဘဲ တိုး၍ လာလေ၏။

နောက်ဆုံး တစ်နေ့၌ ဆရာဝန်တို့လည်း လက်လျှော့ကြလေတော့၏။ ရှင်မာမာကား ခင်ပွန်းသည်၏ အနီးတွင် မျက်ရည်စက်လက်နှင့် ထိုင်ကာ ကြံရာမရ ဖြစ်၍ နေရှာလေ၏။

‘ရှင်မာရေ... ကိုပေါတော့ မနေရတော့ဘူး၊ သည်တောင်က ကျော်နိုင်တော့မယ် မထင်ဘူး၊ သား လူငယ် လူမမည်တွေနှင့် ရှင်မာ ဘယ်လို နေရစ်မှာလဲ၊ ငယ်ရွယ်သူ ဖြစ်သည်အားလျော်စွာ ပစ္စည်းများ ဂုဏ်ကြောင့် နောက်အိမ်ထောင်ဆက်ဆိုလျှင် ရက်စက်သော ပထွေးနှင့်

ကျုပ်သားကလေးတွေ မတွေ့ပါစေနှင့်' ဟု စကားကို ဆက်လက် မပြောနိုင်ဘဲ နင့်၍ သွားလေ၏။

'ကိုပေါ… သတိထားပါ၊ မသေနိုင်ပါဘူး၊ စည်းစိမ်နဲ့လဲပြီး ကုမယ်၊ ဘာလို့ မပျောက်ရမှာလဲ'

'ကိုပေါ သိတယ်၊ မနေရတော့ဘူး၊ ရင်ထဲက ပူလှပြီကွယ့်၊ သားလူမမည်နဲ့ ပထွေးဆိုးတွေ မတွေ့ရစ်ပါစေနှင့်၊ သွားပြီ ရှင်မာ' ဟု ပြောဆို၍ မျက်စိကို တစ်ခါတည်း အဆုံးစွန် မှိတ်၍ သွားရှာလေသတည်း။ အို… ရှင်မာ မည်မျှ ဆွေးရှာလေမည်နည်း။ ရှင်မာသည် ခင်ပွန်းသည်၏ အလောင်းကို ဖက်ငိုလိုက်၊ အော်ဟစ်ငိုလိုက်နှင့် ဖြစ်ပျက်နေသည်ကို မည်သူ ကြည့်ရက်ရှာနိုင်တော့အံ့နည်း။ တောင်နားမလည် မြောက်နားမလည် လူမမည် ကလေးတစ်စုတို့သည်ကား မိခင်နှင့်အတူ ရောနှောငိုရှာကြသည်မှာ ကမ္ဘာမီးလောင်သည်နှင့် တူတော့၏။ 'အို… ကိုပေါရဲ့၊ ကျွန်မတို့ ဘယ့်နှယ် နေရစ်ရပါ့မလဲ။ ဒီလူမမည်တွေနဲ့ တွယ်တာ ခင်မင်အားကိုးဖို့လူ မမြင်တော့ဘူး ကိုပေါရဲ့' စသဖြင့် တစ်စတစ်စ ငိုကြွေးရှာသည်မှာ မြင်ကြားသူတိုင်း မျက်ရည်မကျဘဲ မနေနိုင်အောင် ဖြစ်ကြရလေ၏။

မောင်ပေါ၏ ရုပ်ကလာပ်ကို မိတ်ဆွေသင်္ဂဟ ဆွေမျိုးသားချင်းတစ်စု ဝိုင်းဝန်းလျက် သင်္ဂြိုဟ်လိုက်ကြလေ၏။ ရှင်မာမှာကား သွေ့ခြောက်သောကန်၊ နေတွေ့သောပန်း၊ ရေမဖျန်းသော ကြာကဲ့သို့ များစွာ ညှိုးနွမ်းရှာလေ၏။ တစ်ပင်လဲမှ တစ်ပင်ထူ ဟူသကဲ့သို့ အရွယ်ကောင်းတုန်းတွင် ပြုမူရမည့် အရေးမှာ တွေးလိုက်တိုင်း စိုးရွံ့ဖွယ် ဖြစ်လေ၏။ လူမမည် တစ်သိုက်နှင့် ဂုဏ်အလိုက်ဖြစ်မြောက်အောင် နောက်နောက်က အခြေမျိုး ဦးစီးမည့်သူမှာ ကမ္ဘာတွင် ရှာမှရှား ဖြစ်ခဲ့လေ၏။ နေ့ လ ရက်စား၍ နှစ်အားဖြင့် ကြာချိန်တွင် အိမ်အတွင်းထဲဝင်၊ အပြင်ထွက်နေသော

မောင်အင်းကား ရှင်မာမာ ကျေနပ်အောင် လောကွတ်ပျူငှာဖြင့် အကျိုး ဆောင်လျက် နှုးနှပ်နေလေ၏။ ရှင်မာမာကိုယ်တိုင်ပင် မောင်အင်း စီမံ ခန့်ခွဲလျှင် မိမိတို့ အလုပ်များ ကြီးပွားဖွံ့ဖြိုးနိုင်မည်ဟု မှတ်ထင်ခဲ့လေ ၏။ သို့ရာတွင် မောင်အင်းမှာ သားကြီး၊ မယားကြီး ရှိကြောင်းကို သိရှိ ရသဖြင့် မောင်အင်း ရန်မှ ဝေးနိုင်သလောက် ဝေးအောင် ရှောင်ကွင်းခဲ့ လေ၏။

ကံကြမ္မာသည်ကား ရှောင်ကွင်း၍ မရနိုင်ချေ။ ထိုထက် လောဘသား တစ်စုတို့ ဂရုတစိုက် ကြံစည်မှုသည် ကံနည်းသူ ရှင်မာမာအား မှောက် မှားလိမ့်မည် ဟူ၍ သတိထားလျက်ကပင် မှားရလေ၏။ မောင်အင်း သည် အနုတစ်လှည့်၊ အကြမ်းတစ်မျိုးနှင့် ရှင်မာမာကို အရကြံခဲ့လေ၏။ ထိုကြံပုံစည်ပုံမှာ မြန်မာပြည် အချောင်နစ်ခဲ့ရသည်ထက် မဆိုးသော် လည်း မလျော့လှတော့ချေ။ မည်မျှလှည့်ဖြား ပြောဆိုငြားသော်လည်း စကားအချုပ် အဓိပ္ပာယ်မှာ "ငါ့ကို ယူ၊ မယူလျှင်တော့ သေစေမယ်" ဟူသော အဓိပ္ပာယ်မျိုး ရောက်ရှိနေသဖြင့် ရှင်မာမာမှာ မိမိသေလျှင် သားလူမမည်တွေ ခက်ရစ်တော့မည်။ မိမိ အသက်ရှင်စဉ် တွေ့ရက ဖေးမပြုပြင်နိုင်သေးသည် သဘောပိုက်ကာ မောင်အင်းနှင့် ဇွတ်မိုတ် လိုက်ရလေ၏။ မင်္ဂလာ အခမ်းအနားလည်း မပါ၊ များစွာသော မိတ် ကောင်းတွေလည်း မသိ၊ ရှင်မာမာ၏ နောက်အိမ်ထောင်ထူပုံမှာ ဆန်းလှ ပေစွဟု ကဲ့ရဲ့ပြောဆိုကြလေ၏။ အချို့ကလည်း လင် သေသည်မှာ အခါလည်သာသာ ရှိသေးတယ်။ သားလူမမည်တွေ၏ မျက်နှာကိုမျှ မကြည့်ဟု ပြောဆိုလေ၏။

မောင်အင်း၏ ရန်သူကြီး မောင်သစ်ကား မောင်အင်းလောက် မစွမ်း တော့သဖြင့် နောက်ဆုတ်ကာ နေရလေ၏။ သို့ရာတွင် စုံစမ်းနိုင်သမျှ စုံစမ်း၍ မောင်ပေါ်အား မောင်အင်းက အဆိပ်ခတ်ကျွေးခဲ့ပုံ၊ ဆရာဝန်များ

တစ်စွန်းတစ်စ မထွက်ရန် ကြံစည်ပုံကို ရှင်မာမာသိအောင် ပြောပြ ကူညီခဲ့လေ၏။ ရှင်မာမာ မတတ်နိုင်ပြီ။ သားလူမည်တို့ကား ဘာမှမသိ၊ မချိတင်ကဲနှင့် ပူပွဲသာ နေ့ရှိသမျှဆင်လျက် မောင်အင်းမြင်လျှင် မပူရပ်နှင့် မျက်ရည်ကို အသာသုတ်ကာ ခပ်ကုပ်ကုပ် နေရှာလေ၏။ လောကကြီး၌ ဤအဖြစ်မျိုးနှင့် မတွေ့မကြုံနိုင်ဟု အဘယ်သူ ဆိုရဲပါအံ့နည်း။

*

ဒေါ်မာမာသည် ထိုသို့ ပြန်ပြောစဉ် မျက်ရည်ပေါက်များ တသွင်သွင် စီးဆင်းလာသဖြင့် ပဝါဖြူနှင့် သုတ်ကာ ဆက်လက်၍ ကိုင်း သားတို့၊ စေ့စေ့သာ နားထောင်ကြတော့ကွယ်… မေမေတို့ ကံ ဘယ်လို ဖန်ခဲ့သလဲလို့…။

အဲသည်အခါတုန်းက မောင်ရိုးက ကိုးနှစ်သား၊ မောင်ထိုင်းက ခုနစ်နှစ်သား၊ မောင်နက ငါးနှစ်သား၊ မောင်ဘုဏ်ကြီးက သုံးနှစ်သား၊ မျိုးညွန့်က အခါလည်သာသာ ရှိခဲ့ပြီ။

မည်မျှ ဆိုးရွားသော ပထွေးပေနည်း။ လင်ကြီးကို အဆိပ်ကျွေးသတ်ခဲ့၏။ လင်ကြီး သေသောအခါ သူ့မယားကို အပိုင်ယူခဲ့၏။ ပစ္စည်းတွေကို လက်ဝါးကြီးအုပ်ရန် ကြံရွယ်ဆဲပင် ဖြစ်၏။ မောင်ရိုး၊ မောင်ထိုင်းစသော ညီအစ်ကို တစ်စုတို့ကား ကလေးဘာဝ ဘာကိုမျှ မသိ။ ဖခင်ရင်းလက်ထက် ကျောင်းတက်၊ စာသင်၊ အိမ်တွင်လည်း ထင်သလို မဆော့ရ။ အစားအဝတ် အစခပ်သိမ်း စည်းစနစ်နှင့် ဝတ်စားစေလျက် တုတ်တန်လျှင် တုတ်နှင့်ဆုံးမ၊ နှုတ်တန်လျှင် နှုတ်နှင့်ဆဲဆို လုပ်ခဲ့ရာ ငယ်ရွယ်သူများဖြစ်သည့်အတိုင်း ဖခင်ရင်းအပေါ် မချစ်မခင်ခဲ့ကြချေ။ မောင်အင်းကားလူငယ်စရိုက် သိ၏။ ငယ်နုသူတို့ စရိုက်ကား ပျော်ပိုက်စွာ ထင်သလိုနေရလျှင် အေးစမြဲမို့ ဈေးထဲ သွားလိုသွား၊ ကစားလိုကစား၊ များစွာ

အလိုလိုက် ပျော်ရွှင်စေလေ၏။ 'ပထွေးသာဆိုရတယ်၊ တို့ဘဘထက် ကောင်းသေးတယ်။ ခု တို့ဘာပဲလုပ်လုပ် လုပ်ချင်တာ လုပ်ရတာပဲ'ဟု ပထွေး၏ အုပ်ချုပ်ပုံကို ကျေကျေနပ်နပ်ကြီး ပြောဆိုပျော်ပါးလျက် ရှိကြလေ၏။ ရှင်မာမာက 'မင်းတို့ သတိထား၊ မင့်ဖခင် ကိုပေါ်တုန်းက မင်းတို့ သည်လိုနေရသလား၊ မင်းတို့ သည်လိုဆော့ရသလား၊ လိမ္မာကြပါကွယ် သားတို့ရယ်'ဟု ပြောဆိုဆုံးမလေလျှင် မကျေမနပ်ဖြစ်ကာ ပထွေး မောင်အင်းအား 'ဖေဖေရဲ့၊ မေမေက ဒီလိုဆိုတယ်၊ ဒီလိုမာန်တယ်' နှင့် တိုင်ကြားကြလေ၏။ ရှင်မာမာမှာ သားသမီးကို ဆုံးမမိသည့်အတွက် မောင်အင်း၏ မြည်တွန်တောက်တီးခြင်းကို ခံရရှာလေ၏။ 'မင်းက ကစားတဲ့အရွယ် ကစားမှာပေါ့၊ ဆော့တဲ့အရွယ် ဆော့မှာပေါ့၊ ကလေးတွေကို မမာန်ချင်ပါနဲ့' ဟု ပြောဆိုသည်ကိုပင် သားလူမည်တို့ကား ကျေနပ်လျက် ပထွေးကို ချစ်ခင်ကြလေ၏။ ရှင်မာမာ သင် အသို့ တတ်နိုင်အံ့နည်း။ သင်၏ သားသမီးတို့ကား အကျိုးအကြောင်း ရှေ့နောက် မသိ၊ နားမလည်ခဲ့တကားဟု သားလူမည်တို့၏ နောင်အလားအလာအတွက် များစွာ ယူကျုံးမရ ဖြစ်ရှာလေ၏။ ဟယ်... သင်းတို့ ငယ်တုန်းမို့ နားမလည်ရှိပစေ၊ ကြီးလျှင် နားလည်လိမ့်မပေါ့။ သည်တော့မှ အကျိုးအကြောင်း ရေလည်စွာ ပြောပြတော့မည်ဟု အနိုင်နိုင် မျိုသိပ်နေရရှာလေ၏။ မောင်အင်းသည် ရှင်မာမာ၏ နောင်ရေးစိတ်ကူးပုံကို မတွေးမိဘဲ ရှိအံ့လော...။

ထိုအချိန်၌ မောင်အင်းနှင့် သားကြီးများသည် ရှင်မာမာ၏ ရေနံတွင်း၊ ဆန်စက်၊ သတ္တုတွင်းတို့ကို ၎င်းတို့ ယုံကြည်သဘောကျရာ မန်နေဂျာများ ခန့်လျက် အုပ်စီးနေပြီး ဖြစ်လေ၏။ ၎င်းပစ္စည်းအင်အားနှင့်စာသော် ရှင်မာမာ၏ သားအားလုံးကို အနောက်နိုင်ငံသို့ ပညာသင်လွှတ်နိုင်၏။ သို့ရာတွင် ဝတ်ကုန်ဝတ်ကျေ ရန်ကုန်မြို့ရှိ ကျောင်းတွေ

တွင် ထားလျက် ပညာသင်ကြားရာတွင် ဖင့်လေးအောင် အကျင့်ပျက်ဆေးများ ဖော်၍ ပေးထားလေ၏။

အကယ်၍ မောင်အင်းသည် စေတနာကောင်း ရှိခဲ့အံ့။ ငယ်ရွယ်သူကလေးတို့အား အကျင့်စာရိတ္တ ဖောက်ပြား ပျက်စီးရာ ပျက်စီးကြောင်းတို့ကို တားမြစ်လျက် တစ်ဦးအား ရေနံသတ္တုဆိုင်ရာ လုပ်ငန်းကို အနောက်နိုင်ငံသို့ ပို့လွှတ် သင်ကြားစေသင့်၏။ အခြားတစ်ဦးအား အရောင်းအဝယ်ပညာ တတ်ကျွမ်းအောင်၊ အခြားတစ်ဦးအား သတ္တုလုပ်ငန်း တတ်ကျွမ်းအောင်၊ ဤသို့ စသည်ဖြင့် နောင်အလားအလာကို မျှော်ကိုးလျက် သင်ကြားက ယခုအခါတွင် ၎င်းတို့ဘာသာ အလိုအလျောက် ဖွံ့ဖြိုးအုပ်စီးနိုင်မည် ဖြစ်လေ၏။ ထိုသို့ကား ငယ်စဉ်တောင်ကျေး ကလေးကတည်းက ဆုံးမပဲ့ပြင် သွန်သင်ခြင်း မရှိ။ တမင် ညံ့ဖျင်းအောင် ဖျက်ဆီးခဲ့ပြီးမှ –

'မင့်သားများကွယ် သည်အလုပ်ရုံတွေကို ဦးစီးပြီး မလုပ်မကိုင်နိုင်ပါဘူး၊ ဘာမှလဲ အလေ့အကျင့် မရှိဘူး၊ မတော်တဆ တစ်စိတ်တစ်ဒေသ လွှဲအပ်လိုက်ရင် အကုန် ကိုးရိုးကားရား ဖြစ်ကုန်မှာပေါ့' ဟု ပြောဆိုပြန်လေ၏။

ရှင်မာမာကား ထိုအရာထက် နာကြည်းသောအရာ မရှိချေ။ သားတွေ ငယ်ငယ်က ပညာမသင်ခဲ့ဘဲ ကြီးမှ မတတ်ဘူးဟု မိမိ ပစ္စည်းများကို အခြေအမြစ်နှင့်တကွ လက်ဝါးကြီး အုပ်ခြင်းသည် တရားသလော။ သို့စဉ်မှု ဆိုးရွားလျက် သားတို့က မသိ၊ မိမိ စည်းစိမ်ကလေးအဟုတ်ထင်ကာ ဉာဏ်အမြင် မကျယ်ကြသည်ကို များစွာ ယူကျုံးမရဖြစ်ရာလေ၏။ မိမိတို့သည် မိဘ ဘိုးဘွားဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာကို ပိုင်ပိုင်နိုင်နိုင်ကြီး မအုပ်ချုပ်တတ်သည်ကား မှန်၏။ ထိုသို့ မအုပ်ချုပ်တတ်ခြင်းသည် အဘယ်ကြောင့်နည်း။ ပထွေးမောင်အင်းသည် နောင်

နှစ်ပေါင်း ၂၀၊ ၃၀ ၏ အလားအလာကို များစွာ မြော်မြင်တင်ကူး ကြံစည်ခဲ့သောကြောင့် ဖြစ်ပေ၏။ သို့ရာတွင် နှစ်ပေါင်းများစွာ ဆန်တွေကြိတ်၍ စက်ကိရိယာတွေ ဆွေးသောအခါ၊ သစ်တောက သစ်တွေ ကုန်လုနီးပါး ရှိသောအခါ၊ ရေနံတွင်းက ရေနံတွေ ခန်းခြောက်သောအခါ မင်းတို့ အမွေပစ္စည်း မင်းတို့ပဲ ယူကြပေတော့လို့ ပေးကောင်း ပေးပေလိမ့်မည်။ ထိုအခါကျမှ သားတို့ ဘယ်နည်း အကျိုးခံစားရတော့မှာလဲ။ လိမ္မာကြစမ်းပါ။ မိမိတို့ ဖခင်အရင်း အမွေပစ္စည်း ရသင့်သလောက် ရသည့်အခါ ကြိုးစားကြစမ်းပါ။ မင်းတို့ ညီအစ်ကိုတစ်စု ညီညီညွတ်ညွတ် ဆောင်ရွက်မှ ဖြစ်နိုင်သည် သားတို့ရယ်။ ဘာကြောင့် မင်းတို့ ပေါ့လျော့မိုက်မှားကြရတာလဲ။ မင်းတို့ သားမြေးတွေ အညွန့်တုံးပြီး လူလုံးမလှမယှ် ဘေးကို သားများ တွေးပြီး မကြည့်တော့ဘူးလား. . . ဟု ဒေါ်မာမာ၏ လေးနက်စွာ ပြောလိုက်သောအသံ လေဂယက်သည် နားထဲက မထွက်အောင် စွဲမြဲသွားပြန်လေ၏။

# အခန်း (၃)

ကိုရိုး၊ ကိုထိုင်း၊ ကိုန၊ ကိုညဏ်ကြီးတို့အနက် ကိုနကလွဲ၍ ကျန်သုံးဦးမှာ ရန်ကုန်မြို့ပေါ်တွင် မနေနိုင်ကြဘဲ ကြည့်မြင်တိုင်တွင် တစ်ဦး၊ အလုံတွင် တစ်ဦး၊ စမ်းချောင်းတွင် တစ်ဦး နေထိုင်ကြရ၏။ မျိုးညွန့်ကား အထွေးဆုံးဖြစ်၍ မိခင်၏ တိုက်ရှိရာ စပတ်လမ်းတွင် နေထိုင်ရရာ ကိုနမှာ ရှုးပေါ်ပေါ်နှင့် ညီလေးအနီးတွင် နေရ၏။ ဦးအင်းနှင့် မယားကြီးကပါသော သားများမှာ ကုန်သည်လမ်းတွင် လေးဆင့်တိုက်ကြီးနှင့် ခမ်းနားစွာ နေထိုင်ကြရလေ၏။

ဦးပေါ်နှင့် ဒေါ်မာမာတို့၏ မူလအခြေအနေကို ဖော်ပြခဲ့လေပြီ။ သို့ရာတွင် ဦးအင်း၏ လက်သို့ မတရားသဖြင့် ရောက်ရှိပုံကို ယုတ္တိရှိ၊ မရှိဟု တွေးမိသူတို့က ဆင်ခြေတက်ချင်ကြပေလိမ့်မည်။ သို့ရာတွင် ဟိုက်ကုတ် တရားမအမှုတွဲများ ဖတ်ဖူးသူတို့မှာ ဖြစ်နိုင်ကြောင်း၊ ဖြစ်တတ်ကြောင်းနှင့် ဝန်ခံရပေမည်။ ဦးပေါ် သေဆုံးပြီးသည့်နောက် ခန်းဝင်ပစ္စည်းများနှင့် လက်ထက်ပွားပစ္စည်းများကို ဒေါ်မာမာ ပိုင်ခဲ့၏။ အကယ်၍ ဒေါ်မာမာသည် ဦးအင်းအား သဘောတူ စာချုပ်နှင့် လွှဲပြောင်းပေးကပေးနိုင်လိမ့်မည်။ သို့ရာတွင် ကွယ်လွန်သူ ဦးပေါ်၏ သားများက ဒေါ်မာမာ သေဆုံးသည့်နောက် အမွေဆိုင်သဘော ပြောဆိုကာ ခွဲခြမ်းပေး

ရမည်ကား မလွဲချေ။ ထို့ကြောင့် ဦးအင်းသည် ဒေါ်မာမာ၏ထံမှ ပစ္စည်းလွှဲပြောင်းယူရာ၌ ၎င်း၏ နာမည်နှင့် တချို့၊ မယားကြီးက သားများ၏ နာမည်တချို့၊ ပစ္စည်းတန်ဖိုး ဖြတ်ကာ အရောင်းအဝယ် သဘောမျိုး လွှဲပြောင်းယူလိုက်ခြင်း ဖြစ်၏။ ဒေါ်မာမာ ငွေကြေးတစ်စုံတစ်ရာ မရဘဲ လက်မှတ်ထိုးရုံမျှ ထိုးလိုက်ရ၏။ မိမိနှင့်တကွ မိမိသားများပါ နစ်နာမည့်အကြောင်း ပြောသောအခါ 'အိုကွယ်... ဒါက အလုပ်လုပ်ဖြစ်ရုံ လွှဲပြောင်းတာပဲ၊ မင့်သားများ အုပ်စီးနိုင်တဲ့အခါ ပြန်ပြီး လွှဲပြောင်းပေးလိုက်တာပေါ့' ဟု ဆင်ခြေကန်သဖြင့် အသာ နေလိုက်ရလေ၏။

ယခုအခါ၌ သားတွေမှာ အိမ်ထောင်ရက်သားနှင့် နေထိုင်ကြလျက်ရှိရာ၊ မိမိသားများအား ပစ္စည်းအချို့ ခွဲဝေပေးလိုသောဆန္ဒ ရှိခဲ့၏။ ဦးအင်းက မူလကပင် ခွဲဝေမပေးလိုသောကြောင့် မင့်သားများ မလိမ္မာကြသေး၊ ယခုနေ ပစ္စည်းခွဲဝေပေးလျှင် အကုန် ပျောက်ပျက်ကုန်လိမ့်မည်ဟု ပြောပြန်လေ၏။ ဒေါ်မာမာကား ဦးအင်း၏ သဘောကို ကောင်းစွာ နားလည်ခဲ့လေ၏။ မိမိ၏ သားများအား ငယ်စဉ်က မြှောက်ပင့်ကာ အမိုက်သင်ခဲ့၏။ ပညာနှင့် မိရိုးဖလာ အလုပ်ကို ဘာတစ်ခုမျှ ခြေခြေမြစ်မြစ် မသင်ကြားခဲ့ဘဲ မင့်သားတွေ မတတ်လို့ဟု ပြောခြင်းထက် ဆိုးရွားသော အကြောင်းပြချက် မရှိချေ။ ထို့ကြောင့် သားများအား ၎င်း၏ ခင်ပွန်းသည်၊ မည်မျှ ဆိုးရွားယုတ်မာသည်ဟူသော အကြောင်းများကို ဇာတ်လမ်းခင်းခြင်း ဖြစ်လေရာ၊ သားတို့၏ အပြုအမူကိုသာ စောင့်စားကြည့်ရှုဖို့ လိုတော့၏။

လောဘဇော တိုက်တွန်းလျက် လိုချင်၍ ယူငင်ထားသော ပစ္စည်းများကို အဘယ်နည်းအားဖြင့် ပြန်လည်ရရှိအောင် ကြံဆောင်၍ ယူငင်ကြမည်နည်း။ ဒေါ်မာမာ၏ သားများမှာ အဘပစ္စည်းကို ဆိုင်ကားဆိုင်၏၊ မပိုင်ကြတော့ချေ။ ရုံးပြင်ကနားသို့ သွားရောက် တရားစွဲဆိုရမှာလည်း

ပစ္စည်းအင်အား တရားစရိတ် မတတ်နိုင်ကြချေ။ နည်းလမ်းကား နှစ်နည်း ရှိ၏။ တစ်နည်းမှာ အကြမ်းနည်းအားဖြင့် ဓားပြတိုက်ယူခြင်းနှင့် အခြား နည်းမှာ သနားအောင် ပြုမူနေထိုင်ကြခြင်းဖြင့် ဦးအင်းတို့ သနားမှ ရရှိမည့်နည်း ဖြစ်လေ၏။ အကြမ်းနည်းမှာ တရားလက်လွတ် ဖြစ်၍ အင်အားပြည့်သူတို့ မိုက်ရူးရဲကြဲဆောင်ခြင်းမျှ ဖြစ်ပေလိမ့်မည်။ အနု နည်း တည်းဟူသော ကျားသနားမှ နွားချမ်းသာမည့် လက်ဆင့်ထိုးခံ သူတောင်းစားနည်းမှာလည်း အထက်က ဖော်ပြခဲ့သည့်အတိုင်း လိုချင်၍ ယူငင်ထားသူများက ရက်ရောစွာ ပေးကမ်းမည် မဟုတ်ချေ။ အလုံရပ်ရှိ ကိုဉာဏ်ကြီး၏ သွပ်မိုးပျဉ်ကာ အိမ်ကြီး၌ ညီအစ်ကို ငါးဦးတို့သည် ခေါင်းချင်းရိုက် တိုင်ပင်ကြလျက် ရှိလေ၏။

အကယ်၍ ညီအစ်ကိုငါးဦး ညီညီညွတ်ညွတ်နှင့် ဦးအင်းထံသို့ သွားရောက်၍ မိမိတို့ ပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်းများကို ရတန်သလောက် ရရှိအောင် တောင်းယူက အမှန်မုချ ရရှိမည်ကား မလွဲချေ။ သို့ရာတွင် မိဘတူမှ ပေါက်ဖွားခဲ့သော ညီအစ်ကို အရင်းပင် ဖြစ်စေကာမူ သဘော ထား ကွဲလွဲခဲ့ကြလေ၏။ ၎င်းတို့အထဲ၌ ဖွဲ့သတ္တိ အကောင်းဆုံး၊ ဉာဏ် အမြော်အမြင်ရှိ၍ စကားပြော လိမ္မာသော မောင်ဉာဏ်ကြီးအား မိမိတို့ ညီအစ်ကို တစ်စုသည် မိဘအမွေကို ရလိုကြကြောင်း၊ အားလုံးလိုပင် အိမ်ထောင်ရက်သားနှင့် ဖြစ်သဖြင့် အိမ်ထောင်ရှင်နှင့် ညီသော အဆင့် အတန်းများကို အလိုရှိကြကြောင်းနှင့် သွားရောက်ပြောဆိုစေသောအခါ၊ ဦးအင်းမှာ ညီအစ်ကိုငါးဦး ညီညီနှင့် ဆောင်ရွက်က မိမိတို့ လိမ်လည် ယူငင်ထားသော အချက်အလက်များ သူတစ်ပါး ကြားသိ ပေါ်ပေါက် မည်ကို စိုးရိမ်သောကြောင့် သင့်လျော်သော အရည်အချင်းရှိက ပစ္စည်း အချို့ကို ခွဲဝေ၍ အုပ်ချုပ်စေမည်ဟု တာဝန်ခံလိုက်လေ၏။

ထိုစကားပြန်ကို ရရှိသည်နှင့် တစ်ပြိုင်နက် ညီအစ်ကိုတစ်စုမှာ

ပွစိပွစိနှင့် ဖြစ်ကြပြန်လေ၏။ အကြောင်းမူကား ကိုရိုးသည် အချို့အဝက် ဟူသော စကားကို မကြိုက်ချေ၊ မိမိတို့ လိုချင်သော မိဘပစ္စည်းကို အကုန်ရမှ ယူမည်၊ မရလျှင် မယူဟု ငြင်းဆန်၍ မောင်ဉာဏ်ကြီးကမူ ရသမျှတို့ကို လက်ထဲထား၍ တစ်ဆင့်တက် ကြံစည်မည်ဟု သဘောချင်း ကွဲကြသောကြောင့်တည်း။ မောင်ထိုင်းကား သတ္တိလည်းမရှိ၊ ဘာမဆို ရေးရေးကတည်းက ဦးအင်း၏ အလိုအတိုင်း လိုက်ပါဆောင်ရွက်ခဲ့ဖူး သောကြောင့် ယခုတစ်ကြိမ်၌လည်း မောင်ထိုင်းအတွက် အခက်ကြုံမည် ကို တွေးတောမိလေ၏။

'ဘယ့်နှယ်လဲ မောင်ဉာဏ်ကြီးရဲ့၊ အဘိုးကြီးက ဘာများပြောလိုက် သေးသလဲ' ဟူ၍ ညီအစ်ကိုတစ်စု သိလိုဇောနှင့် မေးကြသောအခါ–

'သူတို့ပြောတာလည်း ငြင်းဖို့ရာ အခက်သားကလား၊ မင်းတို့ ပစ္စည်းများ ရသင့်သလောက် ရထိုက်တာ အမှန်ပဲတဲ့၊ ဒါပေမဲ့ လက်သား ကျအောင် ဦးစီးလာခဲ့တဲ့ အလုပ်တွေမှာ အလုပ်သင်သလို လုပ်စမ်း ကြည့်ကြဦး၊ နောင် တတ်ကျွမ်းကြတဲ့အခါ တိုးတက်ပေးမယ်တဲ့'

'အနို့ မင်းက ဒါကို ကျေနပ်ခဲ့သလား၊ ဒါဟာ မင်းကို ညာလွှတ် လိုက်တာပဲ၊ သူတို့ မပေးချင်လို့ ချေးများတာပဲ။ ဘာမှ မယူနဲ့ကွာ'

'ဒီလိုဆိုတော့ ကိုကိုတို့ လွဲမှာပေါ့၊ ဘာမှ မယူရင် မရရုံရှိမှာဘဲ၊ ဒီ့ပြင် ဘယ့်နှယ်လုပ်မလဲ၊ ဓားပြတိုက်ယူလို့ ရနိုင်တာ မဟုတ်ဘူး'

'မရချင် နေပေစေကွာ၊ ငါတို့တော့ မယူချင်ဘူး၊ မင်း ယူချင်ရင် ယူ၊ ငါတို့ကိုလည်း အစ်ကိုကြီးလို့ မခေါ်နဲ့တော့'

'အဲဒါတွေကြောင့် အစ်ကိုကြီးတို့ဟာ ခက်တာပဲ၊ အလုပ်ဆိုတာ မီးစင်ကြည့် က ရတာပဲ၊ အစ်ကိုကြီးတို့က မကျေနပ်လို့ မယူဘဲနေရင် ဒီ့ပြင်နည်း ကြံသေးတာပေါ့၊ အရေးကြီးတာက ကျွန်တော်တို့ ညီအစ်ကို တစ်စု စိတ်ဝမ်းမကွဲကြဖို့ဘဲ'

ထိုအချိန်အခါကစ၍ ကိုဉာဏ်ကြီးနှင့် ကိုရိုးတို့သည် ကွဲပြားခဲ့ကြလေ၏။ တစ်ယောက်အပြစ်ကို တစ်ယောက် ပြောဆိုလျက် ရှိကြရကား မောင်ဉာဏ်ကြီးမှာ ဦးအင်း၏ သားများထံ ရှေးဦးစွာ သစ်စက်လုပ်ငန်းနှင့် ဆန်စက်လုပ်ငန်းများကို သင်ကြားနေထိုင်ရသော်လည်း အရာမရောက်သလောက် ဖြစ်၍ နေလေ၏။ မောင်ထိုင်းမှာကား ဖော်ပြခဲ့သည့်အတိုင်း ဦးအင်းနှင့်သားများ အလိုဆန္ဒအတိုင်း လိုက်လျောနေထိုင်ခဲ့သောကြောင့် ၎င်းတစ်ကိုယ်အတွက်မှာကား စားသောက်နေထိုင်ရေး မပူပင်ရတော့ချေ။

မောင်မျိုးညွန့်နှင့် ကိုနကား အစ်ကိုကြီးများ၏ စိတ်ကူးပုံ၊ တစ်ဦးနှင့်တစ်ဦး ကွဲပြားနေပုံကို စဉ်းစားမိကာ မိမိတို့ အမွေအနှစ်အတွက် ရပေါက်ရလမ်းကို ကျိတ်၍ ကြံစည်ကာ နေလေ၏။ မိမိတို့ မိဘ ပိုင်ဆိုင်သော ပစ္စည်းဖြစ်သဖြင့် ဓမ္မသတ်ကြောင်းနှင့် ရုံးတော်သို့ တရားစွဲတောင်းသော နည်းလမ်းကား ရှိ၏။ သို့ရာတွင် ဦးအင်း ယူငင်ထားပုံမှာ အလွန်စေ့စပ်သေချာသည်က တစ်ကြောင်း၊ မိမိတို့မှာ တရားဆိုင် ပြိုင်ရန် ငွေအင်အား မရှိသည် တစ်ကြောင်းတို့ကြောင့် ဖြစ်နိုင်မည် မဟုတ်ပေ။ တခြား တစ်နည်းမှာ ဦးအင်းထံမှ အသနားခံသောနည်း ဖြစ်၏။ ထိုနည်းသည်လည်း လက်ရှိဖြစ်သူက မိမိတို့ အလိုရှိသလောက် ဘယ်နည်းနှင့်မျှ ပေးမည် မဟုတ်ချေ။ ပေးလိုသူသည် အစကတည်းက မတရား ယူမည်မဟုတ်။ ယူလိုသူလည်း နောင်အခါ ပေးချင်မည် မဟုတ်ချေ။ ဤကား အိမ်ရာပစ္စည်းကစ၍ အကြီးအကျယ်ဆုံး ပစ္စည်းအထိ လူသားတို့၏ သဘာဝတည်း။ အခြား စားပြတိုက်၍ ယူရမည့် နည်းမှာလည်း ဥပဒေနှင့်မလွတ်။ လူအား၊ တပည့်လက်သားအင်အား ပြည့်စုံသူတို့နှင့် ဆိုင်ပြိုင်ရမည် ဖြစ်၍ မိုက်ရူးရဲသဘော သက်ဝင်ပေလိမ့်မည်။

မောင်မျိုးညွန့်ကား ခေတ်ပညာတတ် ဖြစ်သည်တစ်ကြောင်းများ

ကြောင့် မိမိ၏ မိခင်ကြီး ပြောကြားချက်အရ ဆုံးရှုံးနစ်နာသော ပစ္စည်းများကို ပြန်လည် ရရှိရေးအတွက် အမျိုးမျိုး တွေးတောနေလေ၏။ လူငယ်တို့ သဘောကား နာကြည်းတတ်၏။ စိတ်ခက်ထန်၍ ထင်ရာကို ဖွတ်အတင်း လုပ်တတ်၏။ မိမိတို့မှာ မိဘဘိုးဘွား လက်ထက်ကတည်းက ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရေနံ၊ သစ်တော စသည်တို့နှင့် စားမကုန်အောင် ပေါများကြွယ်ဝပါလျက် ယခု မျက်မှောက်ဘဝ၌ လူချင်းတူတူ သူချင်းမျှမျှ မဖြစ်ရသော အခြေအနေကို တွေးမိသောအခါ ဦးအင်းတို့ သားအဖအား အစိမ်းလိုက် ဝါးမျိုချင်သော စိတ်ရိုင်းကလေးများပင် ပေါ်ပေါက်လာလေ၏။ သို့ရာတွင် ကြီးကျယ်သော ပညာအခြေခံ ရှိခဲ့သူကလေး ဖြစ်သဖြင့် မိမိဉာဏ်သွားသလောက် တစ်ယောက်တည်း ကျိတ်၍ ကြံမည်၊ တချို့နေရာ၌ အစ်ကို ကိုနကို အသုံးပြုမည်ဟု စိတ်ပိုင်းဖြတ်လေ၏။ ထိုအခါ၌ ငယ်ချစ်ဦးကို သတိရရှိလာပြန်လေ၏။ ပုထုဇဉ်သဘာဝ မည်မျှ ယူကျုံးမရ ဖြစ်ရာမည်ကို အကျယ်မရေးလိုချေ။ အမှန်အားဖြင့် မောင်မျိုးညွန့် တွေ့ကြုံရသော နစ်နာချက်သည် ချစ်ခင်သူနှင့် ကွဲ၍ နာကြည်းသော စိတ်ထက် အဆပေါင်း များစွာပို၍ နေသဖြင့် ခင်စောဦးထံသို့ ရေးကလို အသွားအလာ မရှိတော့ဘဲ မိမိစိတ်ကို အတင်းဖြတ်လိုက်လေ၏။ ခင်စောဦးထံသို့လည်း စိတ်ကျေနပ်အောင် အကျိုးအကြောင်း အသင့်အတင့် စာနှင့် ရေးသားဖော်ပြကာ မိမိလုပ်ငန်းကို နေ့ညဉ့်မရွေး ကြံစည်၍ နေလေသတည်း။

တစ်နေ့သ၌ မောင်မျိုးညွန့်သည် ၎င်း၏မိခင် နေထိုင်ရာ တိုက်အောက်ထပ်တွင် သတင်းစာများကို ကြည့်ရှုနေခိုက် စာပို့ကုလားသည် စာတစ်စောင်ကို ပေး၍ သွားလေရာ၊ ဖွင့်ဖောက်၍ ကြည့်ရှုသောအခါ –

**ကိုကိုညွန့် လူပလီကြီးရှင့်...**

ကိုကိုညွန့် ပေးစာများကို အကုန်လုံး ဖတ်ရှုရပါသည်။

ကိုကိုသည် အစောကျေနပ်အောင် မည်သို့ပင် ရေးသားစေကာမူ အစောသည် ကိုကို့ အပေါ်၌ ကျေနပ်ရန် စဉ်းစား၍ မရသေးပါ။ အကြောင်းကို အနည်းငယ် ရေးလိုပါသည်။ ကိုကို့တွင် အသက်စွန့် ဆောင်ရွက်ရမည့်ကိစ္စရှိ၍ ထိုကိစ္စ မပြီးမချင်း အချစ်ကို ခေတ္တရပ်စဲ ထားစေချင်သည်ဟု ရေးသားရာ၊ အစောက ကိုကို၏ဆောင်ရွက်မှု အတွက် အနှောင့်အယှက်များ ဖြစ်နေ၍လားဟု စဉ်းစားမိပါသည်။ အကယ်တန္တု ကိုကိုသည် မိမိပိုင်နိုင်ပြီးသော မိန်းကလေးတစ်ဦး၊ ထိုမိန်းကလေး၏ အခြေအနေသည်လည်း ယုံကြည်စိတ်ချလောက် စရာ ရှိသည်ဟု ဆိုလျှင် တိုင်ပင်ဖော် တိုင်ပင်ဖက် ပြုသင့်သည်ဟု ထင်ပါသည်။ တစ်ကြောင်းမှာလည်း အစောသည် ယခုဘဝ ယခု အခြေမျိုးရောက်မှ နောက်သို့ ဆုတ်ရမည် ဆိုသော် လူ့ပြည်၌ နေချင်ဖွယ်ရာ မရှိတော့ပါ။ စိတ်နှလုံး သန့်ရှင်းသူတို့ သဘော တွင် မိမိ၏ အဖိုးတန်ပစ္စည်းကို တစ်စုံတစ်ဦးက ကိုင်တွယ် သုံးသပ် သွား၏။ မိမိကလည်း ချစ်ခင် နှစ်သက်သည့်အလျောက် ခွင့်ပြု မိ၏။ တစ်ဖန် ထိုသူသည် အဆိုပါ ပစ္စည်းကို စွန့်ပစ်၍ သွားလေ ရာ ဓာတ်မသိသူတို့သည် ထိုပစ္စည်းကို အသက်စက်စက် ထင်မှတ်၍ နောက်ထပ် လိုချင်ကြမည်ကား မလွဲချေ။ သို့ရာတွင် ပစ္စည်းရှင်၏ စိတ်သည် သန့်ရှင်းသူ ဖြစ်ပါက မိမိပစ္စည်းသည် အသစ်စက်စက် မဟုတ်ဟု ပြောမည်ကား မလွဲချေ။ ထိုသို့ အသစ်မဟုတ်ဟု ပြော သည်နှင့် တစ်ပြိုင်နက် အသစ်ထင်မှတ်၍ အပိုင်ယူလိုသူ၏ စိတ် တွင် သန့်ရှင်းနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ကိုကိုက ချစ်ခင်ပါ သည်၊ အစော ပြုလိုရာ ခွင့်ပြုပါမည် ဆိုသော စကားများသည် အစော၏စိတ်ကို သက်သာရာကို ဖြစ်စေသည် မဟုတ်၊ အစော၏ အသည်းနှလုံးကို အပ်နှင့် ဆွသကဲ့သို့ နာကြည်းဖွယ်ရာသာ ဖြစ်

ပါသည်။ ကိုကိုသည် အစော၏ မေတ္တာသိုက်ကို ဆန်းကြယ်သော ဉာဏ်နှင့် ဖွင့်လှစ်ပြီးနောက် အစောအပေါ်၌ ယခု အခြေအနေမျိုး ရောက်ရှိသွားသည်။ အစောဖြင့် စဉ်းစားလို့ မရပါ။ သို့ရာတွင် အစောမှာ ကိုကိုပြုမှ နုရမည့်သူ ဖြစ်နေသဖြင့် အစောကို မေတ္တာ မပျက်သေးက စနေနေ့ နေ့လယ် တစ်နာရီခန့်တွင် ခါတိုင်း လာနေကျအတိုင်း လာရောက်စေလိုပါသည်။ မိမိ၏ အခြေအနေကို လည်း မပျက်ပါစေနှင့်။

ရန်ကုန်မြို့ ဒါလဟိုဇီလမ်းတွင် အရှေ့မှ အနောက်သို့ မောင်းလာသော ကားများအနက် တူးဆီတာ ကားကလေးမှာ ဗိုလ်ကပြားမလေး တစ်ဦး မောင်း၍ လာသည်ကို တွေ့မြင်ရလေ၏။ လမ်းမကြီး၏ လက်ဝဲဘက်မှ ကျင်လည် ဖျတ်လတ်စွာ မောင်းနှင်၍ လာလေရာ ၂၉ လမ်းနှင့် တည့်သောအခါ ညာလက်ကို ကားဘေးသို့ ဆန့်တန်းရင်း မြောက်ဘက်သို့ ချိုးဝင်သွားလေ၏။ မကြာမီပင် အဆိုပါ ၂၉ လမ်းရှိ သုံးဆင့်တိုက်ကြီး တစ်လုံး၏ ဒုတိယဆင့်သို့ တက်ရောက်သွားလေသည်။

ဖြီးလိမ်းပြုပြင်ခြင်း မရှိ၊ ကပိုကရိုနှင့် ဆိုဖာပေါ်တွင် ထိုင်နေသော မိန်းကလေးတစ်ဦးသည် တိုက်ပေါက်မှ ဝင်ရောက်လာသော ကပြားမကလေးအား လှမ်း၍ကြည့်ရှုရင်း မျက်ရည်ပေါက်များ စီးဆင်းလျက်ရှိလေ၏။

'အစော... အစော... အဲဒါတွေကြောင့် ခက်တယ်ကွယ်၊ ကိုကို့ အဖြစ်အပျက်များ မေးစမ်းပါဦးတော့'

'မေးစရာ မလိုပါဘူး၊ အစောရဲ့ အဆင့်အတန်းဟာ ဘယ်လို အခြေအနေ ရောက်နေပြီလဲ၊ မိန်းကလေးက ယောကျ်ားကလေးကို ပင့်ခေါ်ရတဲ့ အခြေအနေကို ရောက်နေပြီ'

'အို… ဒါမှာတော့ တစ်ဦးနဲ့တစ်ဦး မေတ္တာချင်း ကူးမိပြီဆိုရင် ဘယ်သူက ခေါ်ခေါ် ရေတွက်မှတ်သားနေစရာ မဟုတ်ပါဘူး၊ အစော ခုလို နေတာကို မြင်ရတော့ ကိုကိုဖြင့် စိတ်မချမ်းသာဘူးကွယ်'

'ဒါဟာ ကိုကိုလာရင် စိတ်ချမ်းသာပါစေတော့လို့ အပြုပြင်နိုင်ဆုံး ပြုပြင်ထားတာပဲ ကိုကို၊ ဘတော်ဘုရားများ ဒီအကြောင်းတွေ သိရင် အစော အသက်တိုတော့မယ် သိရဲ့လား' ဟု ငိုကြွေးပြန်သဖြင့် မောင်မျိုးညွန့်မှာ အစော၏ ကိုယ်ကလေးကို သိမ်းကျုံးပွေ့ဖက် ယုယကာ –

'ခက်တယ် အစော၊ ကိုကိုတို့ အဖြစ်ကဖြင့် ရှေ့မတိုး နောက်မဆုတ်သာနဲ့၊ ဒါပေမဲ့ ကိုကိုဟာ အစောအပေါ်မှာ သစ္စာမဖျက်ရိုး အမှန်ပါ၊ ကိုကိုတို့ အဖြစ်အပျက် ဘဝအကြောင်း ဆိုးလွန်းလို့ ဒီကိစ္စကို ကြံစည်ချင်လွန်းလို့ အစောကို တောင်းပန်မိတာပါ'

ကိုကို့ စာတွေထဲမှာ ပါလို့ အကြောင်းတော့ သိရပါပြီ၊ ဒါပေမဲ့ ကိုကို့မှာ မိခင်ကြီးတစ်ယောက်လုံး ရှိသေးတော့ ကိုကိုတို့ ပစ္စည်း အခြေအနေဟာ ဘာစိုးရိမ်ဖွယ် ရှိပါသလဲ'

'အဲဒါကြောင့် အစော မသိပါဘူး' ဟု မိမိတို့ အဘရင်း ပစ္စည်းကို ဦးအင်းနှင့် သားများက လိမ်လည်ယူငင်ပုံတို့ကို ဇာတ်ခင်း ပြောပြလေ၏။ သို့ရာတွင် မိမိမည်ကဲ့သို့ ကြံစည်မည်ကိုကား ဖော်ပြခြင်း မပြုချေ။

'အနို့ ဒီပစ္စည်း ရအောင် ကိုကို ဘယ်လို ကြံစည်မှာလဲ'

'ဒါကို စဉ်းစားမရသေးဘူး အစောရဲ့၊ ဒါပေမဲ့ ကိုကိုဟာ ခုအခါ မိခင်ကြီးတိုက်မှာ အခွံသား နေထိုင်ရသေးတယ်၊ နောင် ဦးအင်း သဘောမကျလို့ နှင်ချတဲ့အခါ ဘယ်လိုနေရမယ် မသိသေးဘူး။ ဒီလို ကိုယ့်ရဲ့ ဝမ်းရေး၊ နေထိုင်ရေးတွေတောင် ဘယ်လို ကြံဖန်ရမယ် မသိလို့ အစောကို တောင်းပန်ရတာပါ'

'ဒီလိုဖြင့်လည်း အစက ဖွင့်ပြောရောပေါ့ ကိုကို၊ အစောမှာ များများ စားစား မတတ်နိုင်သော်လည်း သုံးလေးသောင်းလောက်တော့ တတ်နိုင် ပါလိမ့်မယ်၊ ဒီအခါ ကိုကိုရဲ့ ကြီးပွားရေးလမ်းစ ရှိလာတဲ့အခါ တင့်တောင့် တင့်တယ် ကြံစည်တာပေါ့'

'အဲဒါမျိုးကို ကိုကို ဝါသနာမပါလို့ ခက်တယ်၊ ယောကျ်ားကလေး များဟာ မိန်းကလေး ပစ္စည်းကို မှီခိုကပ်ရပ်ပြီး ကြီးပွားတယ်လို့ သူများ ပြောတာကို မခံချင်ဘူး'

'ကိုကို ပြောတာလည်း ဟုတ်ပါရဲ့၊ ဒါပေမဲ့ မတတ်သာတဲ့အခါ ဒီလိုကြံမှ ဖြစ်မှာပဲ၊ ပြီးတော့ ဒီကိစ္စဟာ အစောတစ်ယောက်ပဲ သိမယ့် ကိစ္စမို့ အစောကို ယုံကြည်ရင် ကိုကို လက်ခံဖို့ပါ'

'ဒါဖြင့် ကိုကို မကြီးပွားမချင်း အစော စောင့်နိုင်ပါ့မလား'

'အစော တစ်သက်နဲ့ တစ်ကိုယ် ပိုင်းဖြတ်ပြီးပြီ၊ ကိုကိုနဲ့မှ အတူ မနေရရင်တော့ တစ်သက်လုံး ဒီကိုယ်နဲ့ပဲ အရိုးထုတ်တော့မယ်လို့'

'အစောရဲ့ စကားကို မယုံကြည်စရာ မရှိပါဘူး၊ နို့ပေမဲ့ အစော ရဲ့ ဘတော်ဘုရားက စော်ဘွားနယ်မှာ စော်ဘွား ဆွေသားမျိုးသားနဲ့ အတင်း လက်ထပ်ပေးစားရင် မခက်ပေဘူးလား'

'အို… အစောရဲ့ ကိုယ်ကိုသာ ပိုင်တာပါ၊ အစောရဲ့ စိတ်ကို မပိုင် ပါဘူး၊ အစောရဲ့ဝိညာဉ်ကို သူတို့ မပိုင်သရွေ့ အစောကို ဝိညာဉ်နဲ့ကိုယ် ယှဉ်တွဲပြီး ထင်သလို မစီမံနိုင်ပါဘူး'

'အင်း… အစော ပြောသမျှဖြင့် အားရစရာကြီးပဲ၊ နို့ပေမဲ့ အစော ရေ့… ကိုကိုဟာ ကိုယ်တိုင် မကောင်းစားပေမယ့် အစ်ကိုများရဲ့ သား သမီးတွေပဲ ကောင်းစား ကောင်းစား အသက်စွန့် ဆောင်ရွက်တော့မယ် လို့ စိတ်ပိုင်းဖြတ်ထားလို့ မတော်တဆ ကိုကိုများ လိမ့်လဲသွားရင် အစော အတွက် …'

'ဟင်… အစော စိတ်မကောင်းရတဲ့အထဲ ကိုကိုက စိတ်ညစ်စရာတွေ ပြောပြန်ပြီ' ဟု ကြည်လင်သော မျက်လုံးအိမ်ထဲမှ ဆီးနှင်းပေါက်ကလေးများ တွဲသလို မျက်တောင်တွင် မျက်ရည်များ ခဲနေကြရာ –

'အလကား ပြောတာပါ၊ ကိုကို ဘာမှမဖြစ်နိုင်ပါဘူး' ဟု စကားပြေ ပြောပြန်လေ၏။

'တစ်ခု တောင်းပန်ပါရစေ၊ ဘာမဆို ကိုကို ကြံစည်သမျှ အစောသိပါရစေ၊ အစောလည်း ကူညီနိုင်သလောက် ကူညီချင်ပါတယ်'

'ဒါကတော့ အစော စိတ်လည်းမဆိုးနဲ့၊ ကိုကို ကြံစည်ဖို့ ကိစ္စကနေရာတိုင်း အစောသိဖို့ မလိုဘူး ထင်တယ်၊ သိဖို့ လိုတယ်ထားဦး၊ တိုင်ပင်ချိန် ရမယ် မဟုတ်ဘူး၊ ဒီတော့ အစော ဒီ့ပြင်ဘာမှ မကူညီပါနဲ့၊ ငွေကြေးသာ ကူညီနှင့်စေချင်ပါတယ်၊ နောင်ကိုလည်း အစော ကျေးဇူးကို ဆပ်ပါ့မယ်'

'ကျေးဇူးဆပ်စကားကို မပြောပါနဲ့ ကိုကို၊ အစော ကတိအတိုင်း ကူညီပါ့မယ်၊ ကိုကိုကသာ နောင်အခါတော့…'

'ဒါတွေတော့ စိတ်ချ အစော' ဟု ချစ်သူတို့ သဘာဝအတိုင်း အချိန်အတန်ကြာအောင် ချစ်တင်းနှော၍ နေကြလေ၏။

လူတို့မည်သည်မှာ ဘေးဒုက္ခ တစ်စုံတစ်ရာ မကြုံ မတွေ့ခင်၌ ပျော်ပိုက်ကြစမြဲ ဖြစ်၏။ ၎င်းတို့ နှစ်ဦးမှာ ယခုကပင်လျှင် နှစ်ဦးစလုံး စိုးရိမ်မကင်းစိတ်များ ပေါ်ပေါက်စ ပြုလာကြလေ၏။ အကယ်၍ နောင်အခါ တွေ့ဆုံအံ့သော ဘေးဒုက္ခကို တင်ကူးသိမြင်နိုင်သော ဉာဏ်ပညာရှိပါမူ အဘယ်မှာလျှင် ပျော်ပိုက်နိုင်အံ့နည်း။ ကမ္ဘာလောက၌ မည်သူမဆို ဤနည်းနှင်နှင် ဖြစ်ကြပေမည်။

လူတစ်ဦး တစ်ယောက်သည် အလွန် အတိဒုက္ခ ရောက်၍နေ၏။ သို့ရာတွင် ထိုဒုက္ခမှ မကြာမီ လွတ်မြောက်ချမ်းသာအံ့။ ထိုသို့ လွတ်

မြောက် ချမ်းသာမည်ကို တင်ကူးသိနှင့်က စိတ်ဆင်းရဲမည် မဟုတ်ချေ။ ထို့အတူ စိတ်ချမ်းသာ၍ ကြီးပွားနေသူ တစ်ယောက်သည် မကြာမီ အတွင်း စိတ်ဒုက္ခနှင့် ဆင်းရဲဒုက္ခ တွေ့မည့်အရေးကို အာတပွန ဗေဒင် မေးသကဲ့သို့ တင်ကူးသိရှိအံ့၊ အသို့လျှင် ပျော်ပိုက်ရွှင်မြူးစွာ နေထိုင်နိုင်အံ့နည်း။

မောင်မျိုးညွန့်မှာကား ၎င်း၏ ကြံစည်ပုံနှင့် ဘေးဒုက္ခတွေ့မည်ကို တွေးတောဖူးသည်ကား မှန်၏။ သို့ရာတွင် မည်သို့ တွေ့ကြုံမည်ကို သေချာစွာ မသိသဖြင့် အသင့်အတင့် ပျော်ပါးနိုင်ပေသေး၏။ အချိန် အတန်ကြာလျှင်ကား ခင်စောဦးအိမ်က လူကြီးများ ရွှေတိဂုံ ဘုရားဖူးရာမှ ပြန်လည်ရောက်ရှိကြသဖြင့် ရိုစီအမည်ခံ မောင်မျိုးညွန့်သည် ထိုအိမ်က လူများနှင့် စကားအနည်းငယ် အခြေမပျက် ပြောဆိုနှုတ်ဆက်ကာ ပြန်ခဲ့လေ၏။ ၎င်းကား အချစ်တည်းဟူသော စိတ်နှင့် မိဘအမွေအနှစ် ပြန်လည်ရရှိရေး၊ တစ်မျိုးလုံး၏ ကောင်းစားရေး ကြံစည်မည့်စိတ်တို့သည် လွန်ဆွဲသလို ဖြစ်ပျက် စဉ်းစားနေကြရာမှ နောက်ဆုံးတွင် တစ်မျိုးလုံး အရေးက အားကောင်း နိုင်နင်းသွားလေ၏။

ပေါက်ကွဲစေတတ်သော ပစ္စည်းနှင့် ပတ်သတ်၍ အိန္ဒိယ ရာဇသတ်ကြီးတွင် တစ်ခန်းသန့်သန့် ဥပဒေပုဒ်မနှင့် ဖော်ပြထားပေ၏။ ထိုဥပဒေ ကျူးလွန်သူတို့မှာ ငွေဒဏ်မှ ကြီးလေသော ထောင်ဒဏ်အထိ ခံကြရမည် ဖြစ်၏။ မောင်မျိုးညွန့်သည် မိခင်နှင့် အတူနေရစဉ် ထို မလျော်သော အမှုများကို ကျူးလွန်ရန် ကြံစည်ဟန် ရှိလေ၏။ ၎င်းသည် ဓာတုဗေဒ နားလည်သူတစ်ယောက် ဖြစ်သည့်အပြင်၊ စိတ်နာကြည်းစရာ အချက်သည်း ရှိသောကြောင့် လူငယ်တို့ ဘာဝအတိုင်း ကြံစည်သည်ကို ၎င်း၏ တွေ့ကြုံရသော အဖြစ်အပျက်မျိုးနှင့် နှိုင်းစာမှ သဘောပေါက်နိုင်ပေ လိမ့်မည်။ မောင်မျိုးညွန့်မှာ မိမိ လက်တွေ့နားလည်သည့် ပညာထဲမှ

နိုက်ထရိုဂလိဆရင် စပ်နည်းကို စဉ်းစားလေ၏။ ထိုနည်းမှာ ဖော်စပ်ရာ၌ အလွန်ခဲယဉ်း၏။ သာမန်ယမ်းများထက် ရှစ်ဆမျှ တန်ခိုးကြီးသဖြင့် တိုက်တာ၊ အိမ်ရာတို့ကို ပြုတ်ပြုတ်ပြုန်းနိုင်လေ၏။

သို့ရာတွင် လုပ်ဆောင်ရန် မလွယ်ချေ။ ဂန်းကော့တင်ကို စဉ်းစား ပြန်သောအခါ နိုက်ထရစ်အက်ဆစ်၊ ဆာလဖာရစ် အက်ဆစ် နှစ်မျိုးကို သူ့အချိုးအလိုက်ရော၍ ဝါဂွမ်းကို ပြုပြင်ရုံမျှဖြစ်ရာ ထိုနည်းသည်လည်း ယမ်းရိုးရိုးထက် လေးဆ တန်ခိုးကြီးသဖြင့် ကမ္ဘာစစ်ကြီးအတွင်းက ပင်လယ်ကူးသင်္ဘောများပင် ပျက်စီးဖူးလေ၏။ ထိုနည်းဖြင့် မိမိအလွယ် တကူသုံးရာ၌ ဝန်ကျယ်သဖြင့် ချန်လှပ်ထား၍ ကော့ဒိုက် (Cordite) ခေါ် မီးခိုးမထွက်သော လက်ပစ်ဗုံးနည်းကို စဉ်းစားလေ၏။ ထိုနည်းမှာ လည်း ကျနစွာ ဖော်စပ်ထားသော နိုက်ထရိုဂလိဆရင်နှင့် ဂန်းကော့တင် တို့ကို ၅၈ ဆ, ၃၇ ဆ ရောစပ်သဖြင့် မလွယ်ကူချေ။ သို့ပင် မလွယ်ကူ သော်လည်း ပိုက်လုံးတုတ်တံသဖွယ် ဆေးပေါ့လိပ်အရွယ်နှင့် ပြုလုပ် အသုံးချနိုင်သောကြောင့် ကော့ဒိုက်နည်းကို ကြံစည်လေ၏။

*(စာရေးသူ၏ အမှာ။ ။ ဤနည်းများကို ယုတ္တိတန်၍ ဗဟုသုတ အရိပ်အမြွက်မျှ ဖော်ပြလိုက်ရာ စပ်နည်းများ၏ အချိုးအစားကို ဘေးရန် များသည်တစ်ကြောင်း၊ အစိုးရဥပဒေနှင့် မလွတ်ကင်းသဖြင့် လူငယ် လူရွယ်တို့ လက်ကမြင်းမည်ကို စိုးရိမ်သည် တစ်ကြောင်းများကြောင့် သေချာစွာ မဖော်ပြခြင်းဖြစ်ရာ သဏ္ဍာန်လုပ် သရုပ်နှင့် တူအောင် ရိုက်ကူး လိုသော ရုပ်ရှင်များမှာ ဆေးဒန်းနှင့် ပေါတက်ကို သုံးခြင်းဖြင့် ပြီးစီး နိုင်ပေသည်။ ဤအခန်းကို ထည့်သွင်းရခြင်းကား မခံချင်သူနှင့် ဘေးရန် ကြီးကျယ်ပုံတို့ကို ဖော်ပြလိုသောကြောင့်တည်း။ **[မဟာဆွေ]** )*

လောက၌ မတရားသဖြင့် လက်ဝါးကြီးအုပ် ယူထားသူများထံမှ တရားသဖြင့် မိမိတို့ ပိုင်ဆိုင်ခွင့်ကို တောင်းယူရခြင်းသည် အားမတန်၍

မာန်လျှော့ရခြင်း သော်လည်းကောင်း၊ သတ္တိနည်း၍ သော်လည်းကောင်း ဖြစ်တန်ရာ၏။ စင်စစ်ကား အကောက်သည် အကောက်ဖြင့် ယူမှသော် လည်းကောင်း၊ အဖြောင့်သည် အဖြောင့်နှင့် ယူမှသော်လည်းကောင်း ရနိုင်၏။ ဦးအင်းသည် မိဘ၊ ဘိုးဘွား အမွေပစ္စည်းကို ယူငင်ရာ၌ တရား သည် ဟူ၍ ဆိုရန် ခဲယဉ်း၏။ သို့စဉ်မှု မတရား သိမ်းပိုက်ထားသော ပစ္စည်းကို နောက်ဆက် အမွေခံတို့က တရားသဖြင့် ယူငင်၍ မရနိုင်တော့ ပြီ။ မောင်မျိုးညွှန့်သည်ကား ခေတ်ပညာတတ် ဖြစ်သည့်အလျောက် အထက်ပါအတိုင်း စဉ်းစားမိလေ၏။ မိမိမှာ ထိုကိစ္စအတွက် ဆောင်ရွက် ခြင်းဖြင့် ဘေးရန်များမည်ကား မလွဲချေ။ သို့ရာတွင် မိမိ နမူနာပြ ဆောင် ရွက်ခြင်းဖြင့် မိမိအစ်ကို၏သားများ နမူနာရအံ့။ ထိုဦးပေါ၏ အဆက် အနွယ်တို့လည်း ၎င်းတို့ ကျေနပ်လောက်အောင် အမွေပိုင်ပစ္စည်းကို မရသရွေ့ ငါတို့ ငြိမ်းချမ်းစွာ နေနိုင်မည် မဟုတ်ဟု ဦးအင်းတို့ သဘော ပေါက်လတ္တံ့။ ထိုအခါ၌ မိမိတို့ဆွေမျိုး အဆက်အလက်တို့သည် ယခု အနေထက် သက်သာချောင်ချိဖွယ်ရာ ရှိမည် ဟူ၍လည်း တွေးတော မိဟန် ရှိလေ၏။

မိမိတို့မှာ မိဘရင်းချာ အစုံအလင်နှင့် ယနေ့တိုင် နေထိုင်ရပါမူ မိမိတို့နှင့် အလားတူ ချမ်းသာသူ အိမ်ထောင့်ရှင်များကဲ့သို့ ထည်ဝါခံ့ညား စွာ နေနိုင်မည်ကား မလွဲချေ။ ယခုမူကား ပထွေးဆိုး၏ လောင်းရိပ်ခို ကာ ဝမ်းခါးမလှတလှနှင့် နေထိုင်ကြရသဖြင့် အိမ်နီးချင်းတို့ကလည်း ဂရုမစိုက်။ အိမ်ဝေးချင်းတို့ကလည်း ပမာမထား။ "အုတ်ကြားမြက်ပေါက်" ပမာ များစွာ အောက်တန်းကျလျက် ရှိကြချေ၏ တကား။ လောကကြီး ၌ တရားသည်၊ မတရားသည် ဟူသော သဘော၊ သဘောသက်သက်မျှ ဘဏ်လွယ်သူတို့ သိမြင်ရုံမျှသာ ဖြစ်ပေါ်သော အကြောင်းအရင်း တစ်ခု ဖြစ်လျက် တရားခြင်းသည် တရားသည်အလိုက်၊ မတရားခြင်းသည်

လည်း မတရားသည်အလိုက် တုံ့ပြန်ဖြစ်ပျက်တတ်သော သဘာဝကား မရှိတော့လေပြီ။ အကယ်၍ တရားခြင်းသည် ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးတို့အား အစဉ်တစိုက် တည်နေမည်ဆိုက မိမိတို့မှာ ယခုကဲ့သို့ တွေ့ကြုံမည် မဟုတ်ချေ။ ယခုမူကား အချို့သောသူတို့အား မတရားမှုဖြင့် ပြုပြင်တည်ထောင်စေခြင်းမှာ "ယုန်တောင်ပြေး၊ ခွေး မြောက်လိုက်" သည်နှင့် တူပေလိမ့်မည်။ သို့ရာတွင် အချို့သူတို့၏ မတရားတည်ထောင်မှုကို ထိုအားနှင့်ညီသော တုံ့ပြန်ခြင်းဖြင့် မိမိလက် ဝယ်သို့ အရယူရန်ကား လွယ်ကူမည် မဟုတ်သဖြင့် သာမန်လူများ လုပ်ဝံ့မည် မဟုတ်ချေ။ ငါကား ယောကျ်ားကောင်းတို့ သွားမြဲလမ်းသို့ တမ်းမှန်းတစေ လိုက်တော့ပေအံ့ဟု သန္နိဋ္ဌာန် ချလိုက်လေသတည်း။

# အခန်း (၄)

ယခုအခါ၌ ကျွန်ုပ်တို့ ဇာတ်လိုက်မှာ တရားသည်၊ မတရားသည်ကို စဉ်းစားပြီး ဘယ်နည်းနှင့်ဖြစ်စေ မိမိရည်ရွယ်ချက် အထမြောက်အောင် ကြိုးစားမည်ကား မလွဲချေ။

ညတစ်ည၌ကား ရန်ကုန်မြို့တွင် ဓာတ်မီးရောင်တို့သည် ထိန်ပြောင် ဝင်းလက်လျက် ရှိစဉ် လမ်းကြီးလမ်းငယ် အသွယ်သွယ်မှ မြင်းရထား၊ လန်ချား၊ မော်တော်ကားတို့ ပြေးလွှားဆူညံလျက် ရှိလေ၏။

သပ်ရပ်ခံ့ညားသော ကားကြီးတစ်စင်းသည်ကား ဖြည်းနှေး ငြိမ်သက်စွာ ကမ်းနားလမ်းဆီသို့ မောင်းနှင်လျက် ရှိပေ၏။ အဆိုပါ ကားအတွင်း၌ကား အသက် ၃၀ ကျော်ခန့်ရှိ သားနား ပြောင်လက်စွာ ဝတ်ဆင်ထားသည့် လူနှစ်ယောက်ကို တွေ့မြင်နိုင်လေ၏။ ၎င်းတို့မှာ နေ့ခင်း အလုပ်ခွင်တွင် အာရုံစူးစိုက် လုပ်ကိုင်ခဲ့ရာမှ ညချမ်းအချိန်တွင် နေ့ခင်း ပင်ပန်းသမျှ အတိုးချကာ ကမ်းနားဟိုတယ်သို့ အပျော်အပါး သွားကြဟန် လက္ခဏာ ရှိပေ၏။ ၎င်းတို့နောက်မှ မော်တော်ဆိုင်ကယ် ဘစ်စင်းသည်လည်း မယောင်မလည်နှင့် လိုက်ပါခဲ့ဟန် ရှိလေ၏။ မော်တင်လမ်း ထောင့်ချိုးသို့ ရောက်သောအခါ ရှေ့က ကားဆီမှ အသံ မပြင်းဘဲ သစ်ကိုင်းကျိုးကျသည့်အသံ၊ အုတ်ခဲနှင့် ထုသံမျိုးလို ကြားရ

သော်လည်း ကားမှာ ကားနောက်ပိုင်း တစ်ခြမ်းလုံး ပျက်ဆီးသွားလေ၏။

မိနစ်ပိုင်းအတွင်းမှာပင် "ဟာ ... ကားဘာဖြစ်သလဲ၊ ဘယ့်နှယ်ပါလိမ့်" စသည်ဖြင့် အနီးအနားရှိ လူအပေါင်း ရုန်းရင်းဆန်ခတ် ဖြစ်၍သွားလေ၏။ ကားပေါ်ရှိ လူနှစ်ယောက်အနက်မှ တစ်ယောက်မှာ သွေးများဖြင့် ပေရေလျက် အခြားတစ်ယောက်က ပွေ့ယူထားလေ၏။ ထိုသူများကား ရန်ကုန်မြို့တွင် သူဌေးကြီးဟု ထင်ရှားသူ၏ သားကြီးများဖြစ်သဖြင့် ပုလိပ် အမှုထမ်းသားမှစ၍ အားလုံးကပင် "ဟင် ... သူဌေးကလေးများပါလား၊ ဘာဖြစ်တာလဲ၊ ကားမှောက်တာလား" စသည်ဖြင့် မေးသူကမေး၊ အပြေးလာသူက လာနှင့် ပျာပျာသလဲဖြစ်၍ နေကြလေ၏။ ခဏမျှကြာလျှင် ကားကို လက်ပစ်ဗုံးနှင့် ပစ်၍သွားကြောင်း၊ ပစ်သူကို မမြင်ရကြောင်းများ အသံမြည်၍ လာကြလေ၏။ ပုလိပ်အရာရှိများလည်း ဖြစ်ပွားရာသို့ ရောက်ရှိလာရာ လူနာကို လူနာတင် မော်တော်ကားနှင့် ဆေးရုံကြီးသို့ ပို့လိုက်လေ၏။ ရန်ကုန်မြို့လယ်လို နေရာတွင်ဖြစ်သည်က တစ်ကြောင်း၊ ဤအဖြစ်မျိုးကို တစ်ခါမှ မကြုံဖူးသည်က တစ်ကြောင်းကြောင့် ဦးအင်း၏ မျက်နှာကြီးသည် နီမြန်း၍ နေလေသည်။ ပုလိပ်အရာရှိများနှင့် စုံထောက်များမှာ ခြေချင်းရှုပ်အောင် အနီးအနားတစ်လျှောက်သို့ သွားရောက် စုံစမ်းကြလေ၏။ ကံဆိုးသူအချို့မှာ မေးမြန်းဖမ်းဆီးခြင်းကို ခဏမျှ ခံကြရလေ၏။

ကုန်သည်လမ်းရှိ ဦးအင်းမှာလည်း သားများ၏ အကြောင်းကို ချက်ချင်းဆိုသလို ကြားသိရသဖြင့် ဆေးရုံကြီးသို့ ကားတစ်စင်းနှင့် လိုက်၍ လာလေ၏။ ဆေးရုံတွင် သားနှစ်ယောက်အနက် မောင်လူဝမှာ လက်မောင်းတွင် ဒဏ်ရာ တော်တော်လေးကြီး၍၊ မောင်ညွာမှာ နားထင်တွင် အနည်းငယ် ထိမှန်သွားသည်ကို တွေ့ရလေ၏။ စုံထောက်ဘက်

မှာလည်း မော်တော်ကား တစ်ခြမ်းပျက်သော နေရာမှ အစအနကိုယူ၍ ညတွင်း စုံစမ်းရာ ကားကို လက်ပစ်ဗုံးနှင့်ပစ်ကြောင်း၊ ထိုလက်ပစ်ဗုံး အမျိုးမှာ ကော့ဒိုက်ဖြစ်ကြောင်းများကို သိကြရလေ၏။ ဦးအင်းလည်း သားများနှင့် ခေါင်းချင်းရိုက်ကာ တီးတိုးပြောဆိုပြီးနောက် စပတ်လမ်းသို့ ကားကို ခပ်မြန်မြန် အမောင်းခိုင်းလေ၏။ လမ်းအနောက်ဘက်ဘေးတွင် ကားကို ရပ်စေပြီးလျှင် တံခါးကို ပြင်းစွာ ခေါက်၍ –

'ဟေ့... မယ်မာ... မယ်မာ...' ဟု ကျယ်လောင်စွာ ခေါ်လိုက်ရာ၊ ဒေါ်မာမာလည်း 'ရှင်...' ဟု ထူးလျက် အတွင်းက တံခါးကို ဖွင့်ပေးလေ၏။ ဦးအင်းသည် တောက်ပြောင်သော မျက်လုံးဖြင့် –

'မင်းတို့ အလွန်နေနိုင်တယ်၊ ငါ့သားတွေ ဆေးရုံရောက်ကုန်ပြီ'

'ဟင်... ဘာဖြစ်လို့လဲ... ဖြစ်မှ...'

'အမာ... နင် မသိချင်ယောင်ဆောင်နေတာ သိရမယ်၊ နင့်သားများကော... အေင်းတဲ့ သိလား၊ နင်တို့ကို အနုနဲ့မရရင် အကုန်မှုန်းပစ်လိုက်မယ် သိလား' ဟု ဒေါ်ပွကာ မောင်မျိုးညွန့်တို့ နေသော အခန်းဆီသို့ လျှောက်သွားပြန်လေ၏။

အခန်းအပြင်မှ –

'ဟေ့... ငနေ၊ မျိုးညွန့်... ရှိကြရဲ့လား' ဟု မေးလေရာ 'နှစ်ယောက်စလုံးပင် ရှိကြပါတယ်၊ ကျွန်တော်တို့ မအိပ်ကြသေးပါဘူး' ဟု ပြန်၍ပြောရင်း တံခါးကို ဖွင့်ပေးကြလေ၏။ ဦးအင်းသည် မျိုးညွန့်အား မသင်္ကာသော မျက်လုံးဖြင့် ကြည့်ရှုကာ –

'အေး... မင်းတို့က ဝမ်းသာမှာပဲ၊ ဘယ်အကောင့် ဉာဏ်ဆိုတာ ငါမကြာခင် သိမယ်၊ သိတဲ့တစ်နေ့ကျတော့ကွာ ......' ဟု ကြိမ်းဝါးပြီးလျှင် ဖိနပ်သံပြင်းပြင်းနှင့် ထွက်ခွာသွားလေ၏။

ထိုသတင်းမှာ ရန်ကုန်မြို့မှ ကြည့်မြင်တိုင်၊ စမ်းချောင်းအထိ

ကူးစက်သွားသောကြောင့် ကိုရိုး၊ ကိုထိုင်းနှင့် ကိုညဏ်ကြီးတို့သည် ဆေးရုံကြီးသို့ လာရောက် မေးမြန်းကြလေ၏။ တကယ်စင်စစ် ၎င်းတို့မှာ ဤကဲ့သို့ ဦးအင်း၏သားများ ဖြစ်ပျက်သည့် အကြောင်းကို မရိပ်မိကြသေးချေ။ ဦးအင်းမှာကား ဒေါထ၍မပြီးဘဲ ပုလိပ် စုံထောက်တို့အား ဤအမှုကိုပေါ်အောင် စုံထောက်နိုင်လျှင် မိမိတစ်ဦးတည်းက ငွေတစ်သောင်း ဉာဏ်ပူဇော်ခ ပေးပါမည်ဟု ပြောဆိုတိုက်တွန်းလေ၏။ ဆေးရုံဆရာဝန်ကြီးမှာလည်း အထူး ဂရုစိုက်ကာ ဆေးထည့်ကုသလျက် ရှိလေ၏။

ဦးအင်းမှာ မိမိ၏ သားများအား ဒုက္ခပေးသူကို သေချာစွာ စဉ်းစားကြည့်သောအခါ မျိုးညွန့်ပင် ဖြစ်ရမည်ဟု တွေးတောမိလေ၏။ သို့ရာတွင် လက်ဆုပ်လက်ကိုင် မမိသဖြင့် မည်သို့မျှ မတတ်နိုင်ချေ။ မျိုးညွန့်မှာ သာမည ကလေးကဲ့သို့ မဟုတ်၊ ငယ်စဉ်ကပင် အကြံဉာဏ် ဝီရိယကောင်းသူဖြစ်သဖြင့် ထိုသူငယ်အား လက်တုံ့ပြန်ရန် မလွယ်ကူသည်ကို စဉ်းစားမိလေ၏။ ယခုအခါ၌ မယားပါသား တစ်စုတို့သည် စည်းလုံးညီညွတ်လျက် ရှိကြသဖြင့် မိမိအား ရန်ရှာနိုင်မည်ကိုလည်း တွေးမိသောအခါ အကြံမှု အနုနှင့်သာ အောင်စေရာ ဟူသကဲ့သို့ သားများ ဆေးရုံက ဆင်းသောအခါ ညီအစ်ကိုတစ်စုကို စပတ်လမ်းရှိ ဒေါ်မာမာ၏ တိုက်တွင် ဖိတ်ခေါ်လျက် ညစာထမင်းများ ကျွေးမွေးလေ၏။ ထို ထမင်းစားပွဲ၌ ဦးအင်း ပြောပြသော စကားများမှာ များစွာမှတ်သားဖွယ် ကောင်းလေ၏။

'ငါ့စိတ်မှာ မင်းတို့ ညီအစ်ကိုတစ်စု သင့်သင့်တင့်တင့် နေထိုင်ကြတာကို အမြဲပဲ မြင်လိုတယ်။ မောင်ညှာ၊ လူဝတို့နဲ့မခြား တသားထဲ အောက်မေ့တယ်၊ မင်းတို့မှာလည်း မင်းတို့အမွေပစ္စည်းကို တို့သားအဖ လက်ဝါးကြီးအုပ်နေတယ်လို့ မကျေမနပ် ဖြစ်ကောင်းဖြစ်ကြမယ်၊ ဖြစ်မယ်ဆိုက ဖြစ်စရာပဲ၊ သို့သော် ရှေးက အမှားအမှန်ကို အပထားပြီး အခု

လောလောဆယ်ကို စဉ်းစားကြစေချင်တယ်၊ မင်းတို့ မိဘအမွေပစ္စည်းများဟာ တို့သားအဖ လက်ထဲရောက်မှ ရေနံလက်တွင်းက စက်တွင်း၊ သစ်စက် လက်ဆွဲက သစ်စက်၊ သတ္တုလည်းထိုနည်း၊ အဲသလို ပြောင်းလဲလုပ်ကိုင်လာလို့ အစစ ငွေဝင်တိုးတက်ပြီး အခြေအနေ တစ်မျိုးဖြစ်နေတယ်၊ ဒီအခြေအနေဖြစ်အောင် နှစ်ပေါင်း လပေါင်းများစွာ လက်တွေ့ကြိုးစားလာခဲ့ကြရတယ်။ အဲသလို အချိန်ကာလ ကြာမြင့်စွာ ကြိုးစားလာတဲ့ ပစ္စည်း၊ အလုပ်အကိုင် အခြေအနေတို့ကို မင်းတို့လက်ထဲ ထည့်မယ်ဆိုရင် ဒီပစ္စည်း၊ အလုပ်အကိုင်တွေကို ဖျက်ဆီးပစ်တာနဲ့ မတူပေဘူးလား။ ကိုင်း မင်းတို့ ညီအစ်ကိုထဲက အထက်တန်း ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုလက်မှုအတွက် ကျွမ်းကျင်တဲ့လူ ဘယ်မှာလဲ ပြစမ်းပါ၊ ဘယ်နည်းနဲ့မှ မင်းတို့ မပြနိုင်ဘူး၊ ဒါကြောင့် မင်းတို့ ဒီအလုပ်ကို နားလည်အောင် ငါ့သားများနဲ့ အတူ သင်ပါဦး၊ တတ်သိနားလည် အုပ်ထိန်းနိုင်တဲ့ တစ်နေ့မှာ တို့က ယူမထားပါဘူး၊ အဲသလို အလိုလို ဖွံ့ဖြိုးပြီး အခြေတိုးအောင် နည်းလမ်းနဲ့တကွ ပေးအပ်ထားတာကို လက်တွေ့မပူးပေါင်းဘဲ တစ်မျိုးတစ်ဖုံ ပြုမူကြမယ်ဆိုရင် မင်းတို့ရော ငါတို့ပါ ဝမ်းနည်းစရာ အဖြစ်မျိုးနဲ့ ကြုံတွေ့ကြရလိမ့်မယ်၊ ဘယ့်နှယ် သဘောရသလဲ မောင်ထိုင်းရဲ့'

နဂိုကမှ စိတ်သဘော ခပ်လွယ်လွယ်ဖြစ်နေသော မောင်ထိုင်းသည် ကုလားထိုင်မှ မတ်တတ်ရပ်၍ 'အခု ဘဘပြောတာ အလွန်မှန်ကန်တာပဲ၊ ကျွန်တော်တို့ဟာ လူမည်အရွယ်မှာ ဖခင်ကြီးသေဆုံးသွားတော့ ဘဘသာ ဦးစီးလုပ်ကိုင်ခြင်း မရှိရင် ပစ္စည်းတွေ အလဟဿ ဆုံးရှုံးမှာပဲ၊ ဘဘလုပ်ကိုင်တဲ့အတွက် ဒီအနေ ဒီအခြေ ရောက်လာမှ ဘာမှ မတတ်ဘဲ ကိုရိုးကားရားဖြစ်မှာပဲ၊ ဒီတော့ တစ်စတစ်စ နားလည်အောင်

သင်ကြားပြီးမှ ပေးအပ်တာကို သဘောတူပါတယ်' ဟု ပြောဆိုရာ၊ မောင်ဘဏ်ကြီးသည် မောင်ထိုင်းအား တစ်ချက်မျှ ကြည့်ရှုပြီးနောက်–

'ခုနက ပြောသွားတဲ့စကားဟာ အပေါ်ယံရိက နားထောင်ရင် အတော် စကားသွား လှတာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ နားမလည်တာက ကျွန်တော်တို့ဟာ ကလေးအရွယ် လူမမည်တုန်းကပဲ၊ ဒါဟာ ကျွန်တော်တို့ ပစ္စည်းပဲ၊ ဒင်းတို့ပဲ ခံစားကြစေမယ်လို့ သဘောထားရင် ခုလို ကြီးပြင်းကြတဲ့အချိန်မှာ ဘာမဆို ဦးစီးလုပ်ကိုင်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။ ကျွန်တော်တို့ နေထိုင်ခဲ့ရတာ ဒီသဘောမျိုး မဟုတ်ဘူး၊ ပထွေးဆိုးနဲ့ နေရတဲ့ သူများလို ဘာမှ တတ်သိနားလည်ခြင်း မရှိဘဲ ကြီးပြင်းလာရတော့ ခုနေခါမှာ ဘယ်လိုအလုပ်မှ ဦးစီးလုပ်ကိုင်တဲ့အခြေ မရှိကြတော့ဘူး၊ ဒါပေမဲ့ ခင်ဗျားဟာ တကယ် စေတနာရှိရိုးမှန်ရင် ကျွန်တော်တို့ကို ခြွင်းချက်မရှိ ငွေရေးကြေးရေးပါ လွှဲအပ်ကြည့်ပါ၊ နားလည်အောင်လည်း ပြပါ၊ အပေါ်ယံကလေးတွေကို မသင်ကြားပါနဲ့လို့ ပြောလိုပါတယ်။ ခင်ဗျားတို့လက်ထဲ ရောက်နေတဲ့ ပစ္စည်းကို ကျွန်တော်တို့ ဘာနဲ့မှ ဆိုင်ပြိုင်တိုက်ခိုက် လုနိုင်တဲ့အင်အား မရှိတာတော့ အမှန်ပါပဲ၊ သို့သော်လည်း ကျွန်တော်တို့ မကျေနပ်သရွေ့ ခင်ဗျားတို့ အလုပ်အကိုင်ဟာ ဖြောင့်မှန်ဖို့ ခဲယဉ်းလိမ့်မယ်လို့ ထင်ပါတယ်' ဟု ပြောဆိုရာ၊ ဦးအင်းမှာ စားပွဲကို လက်နှင့်ထောက်လျက် တွေဝေ၍ နေလေ၏။ ထို့နောက် –

'ကိုင်းကွယ်... မင်းတို့ ညီအစ်ကိုတစ်စု ဆန်စက်တစ်လုံးနဲ့ သစ်စက်တစ်လုံးကို ဦးစီးကြည့်ကြစမ်းပါ။ ဒါပေမဲ့ ငွေရေးကြေးရေး၊ အလုပ်အကိုင် ဆက်သွယ်ရေးတော့ ငါတို့ သဘောတူမှ ဖြစ်မယ်နော်။ ဒါဟာ မင်းတို့ကို ချုပ်ချယ်တာမဟုတ်ဘူး၊ မတော်တဆ မှားယွင်းခဲ့ရင် ပြုပြင်ဖို့ပဲ' ဟု ပြောဆိုပြီးလျှင် 'ကိုင်း... ဒီကိစ္စကို မကြာခင်ဘဲ စီမံရအောင်' ဟု စကားကို ပိတ်လိုက်လေ၏။ ညီအစ်ကိုတစ်စုလည်း 'ကျွန်တော်

တို့ ညီအစ်ကို တိုင်ပင်ပြီး လက်ခံသင့်က လက်ခံပါမည်’ ဟု ပြန်လှန်ပြောဆိုကာ ထမင်းပွဲ ပြီးစီးသွားလေ၏။

ငင်းတို့ အိမ်ထောင်ကြီးတစ်စုမှာ တိုင်းပြည်ကလေးတစ်ခုကဲ့သို့ ဖြစ်နေလေ၏။ ညီအစ်ကိုတစ်စုမှာ ဦးအင်း ကတိထားသောကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းကြသောအခါ သဘောအမျိုးမျိုး ဖြစ်၍နေကြလေ၏။ ကိုရိုးကား မိမိတို့ မိဘပစ္စည်း အကုန်မရသမျှ မယူပဟု ပြောဆိုလေ၏။ ကိုထိုင်းကမူ ကံကောင်းလို့ရတာပဲ ယူကြစို့ဟု ပြောရာ၊ မောင်ဉာဏ်ကြီးကလည်း ရသမျှ လက်ထဲထားပြီးလျှင် အလုပ်လုပ်ရအောင်ဟု ပြောလေ၏။ မောင်မျိုးညွန့်ကား ‘အစ်ကိုတို့ထဲ ကျွန်တော် ဘာမျှ မပါချင်ဘူး’ ဟု ခပ်ရှောင်ရှောင် ဖြစ်၍နေလေ၏။

ဦးအင်းမှာ ပရိယာယ်ဆင်လိုက်သည်ကို မယားပါသားများ သဘောကျလောက်ပြီဟု ထင်မှတ်ဟန်ရှိလေ၏။ အကြောင်းမူကား တစ်လခန့်ကြာသောအခါ မောင်ဉာဏ်ကြီးနှင့် မောင်ထိုင်းသည် လွှဲအပ်သောစက်ရုံကြီးများတွင် အလုပ်လုပ်နေကြသောကြောင့်တည်း။ သို့ရာတွင် ဆန်စက်၌ စပါးဝယ်ရာက ဆန်အိတ်ရောင်းရာအထိ ငင်းတို့နှင့်မပြီး၊ ဦးအင်းနှင့် သားများ သဘောတူမှ ပြီးစီးနိုင်သည်ကို တွေ့ရလေ၏။ ငွေကြေးဆက်ဆံရေးတွင်လည်း ထိုနည်းအတူ မိမိတို့ ပိုင်ပိုင်နိုင်နိုင်ကြီး မလုပ်ကိုင်ရသဖြင့် ဤကဲ့သို့ လွှဲအပ်ခြင်းသည် သွေးပူလျက်ရှိသော ညီအစ်ကိုတစ်စုတို့အား နားလှည့်၍ စိတ်ဝမ်းကွဲစေသည်ဟု တွေးတောမိကြလေ၏။

မောင်ဉာဏ်ကြီးကား ငွေရေး ကြေးရေး မည်သို့ပင် မပိုင်နိုင်စေကာမူ မိမိတို့အဖို့မှာ အလုပ်ကို လက်တွေ့လုပ်ရပြီဟု ကျေနပ်နေ၏။ နောင်အခါ၌ မိမိတို့အမွေပစ္စည်းကို ထပ်မံပြောဆိုကြသောအခါ မင်းတို့

မတတ်ကျွမ်းသေးပါဘူး ဟု ဦးအင်း ပြောလျှင် တတ်ကျွမ်းကြောင်း လက်တွေ့ပြနိုင်မည်ဟု စဉ်စားမိသည့်အတိုင်း မိမိတို့တွင် အာဏာရှိသည်၊ မရှိသည် အပထားလျက် အလုပ်နားလည်အောင် အထူးကြိုးစား၍ နေလေ၏။

မောင်ထိုင်းမှာကား မိမိ စက်ပိုင်ကြီး အမည်ခံရသည်ကိုပင် ကျေနပ်လျက်၊ ဦးအင်းအား ကျေးဇူးတင်စကားကို အမြဲပြောကြားလျက် ရှိသဖြင့် 'ဟော့… ကိုထိုင်းရဲ့၊ ဒါဟာ တို့အဖရင်းသာရှိရင် ဒီထက်မက တို့နေထိုင်ခံစားရမှာပါကွယ့်၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ဆိုတာလို တို့ပစ္စည်းနဲ့တို့ကိုပြန်ပြီး ချီးမြှောက်တာ ဘာကျေးဇူးတင်စရာလဲ၊ အေးအေးနေစမ်းပါ' ဟု မောင်ညဏ်ကြီးက ပြောပြသောအခါ ထိုစကားများမှာ ဦးအင်းတို့သားအဖနားသို့ ပေါက်ရောက်သွားလေ၏။ ညီအစ်ကိုတစ်စုမှာလည်း စိတ်ဝမ်းခပ်ကွဲကွဲ ဖြစ်၍ နေကြလေ၏။

လူ့လောဘသားတို့ ဦးစီးသော ထိုအိမ်ထောင်ငယ် တိုင်းပြည်ကလေးသည် မငြိမ်မသက် တလှုပ်လှုပ် တရွရွ ဖြစ်၍နေလေ၏။ ညီအစ်ကို အချင်းချင်း မည်မျှပင် မသင့်မတင့် ဖြစ်ကြစေကာမူ ဦးအင်းမတရားယူငင်ခဲ့၍ မိမိတို့ ညီအစ်ကိုတစ်စု လူညွန့်တုံးမည်ကဲ့သို့ ဖြစ်နေသည်ကို သဘောပေါက်ကြလေ၏။ လောကလူတို့ သဘောကား မိမိတို့အပေါ်၌ မတရားသဖြင့် ပြုမူခြင်းခံရသည်ကို နက်နက်နဲနဲ စဉ်းစား၍ နာကြည်းလာသောအခါ ထိုသို့ သူတစ်ထူး မတရားပြုခြင်းကို ခံ၍နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ထိုသို့ နေရခြင်းထက် သေရသည်ကမြတ်သေးသည်ဟု တွေးတော ထင်မြင်စမြဲ ဖြစ်ပေ၏။

မီးခဲပြာဖုံးပမာ အနှစ်နှစ် အလလက ငြိမ်၍ ခံခဲ့ရသော အနာသည် ပေါ်ပေါက်၍ လာကြလေ၏။ မိခင်ကိုလည်း အတင်းသိမ်းပိုက်၏။ မိမိ

တို့ အမွေဆိုင် ပစ္စည်းကိုလည်း တစ်ခုမကျန် နာလန်မထနိုင်အောင် ယူငင်၏။ မိမိတို့မှာကား မသေရုံတမည် ကိုယ့်ဝမ်းကိုယ်ကျောင်း၍ နေကြရလေ၏။ ဆူပူ ပြောဆိုသောအခါ ပရိယာယ်ဖြင့် အယောင်ဆောင်ပေးကမ်းထားရုံမျှ လှည့်စားထားပေ၏။

မောင်မျိုးညွန့်သည်ကား အတွေးဆုံးလည်း ဖြစ်၏။ အထက်ပါ အကြောင်းများကိုလည်း တွေးမိသဖြင့် မိမိတို့ ပိုင်ဆိုင်ခွင့်ကို အဘယ်နည်းနှင့် အရယူမည်ကို နေ့စဉ်မပြတ် တွေးတောလျက်ရှိရာ၊ မူလ မိမိကြံစည်သော အချက်အလက်ကို စဉ်းစားတိုင်း ဟုတ်မှန်သည်ဟု ထင်မြင်ပေါ်ပေါက်လျက် နေလေ၏။

ဦးအင်း သားများကား လက်ပစ်ဗုံးနှင့် တစ်ခါမှန်ပြီးကတည်းက အသွားအလာကို အထူး ဆင်ခြင်လေ၏။ ၎င်းတို့သည် လက်ပစ်ဗုံးကို မောင်မျိုးညွန့်သာ တတ်နိုင်သည်ဟု စဉ်းစားထားပြီး ဖြစ်သဖြင့် မည်ကဲ့သို့ လက်စားချေရမည်ကို အမြဲကြံစည်လျက် ရှိကြလေ၏။ အကယ်၍သာ တရားဥပဒေက တားမြစ်ခြင်း မရှိပါမူ ရင်ဆိုင်သတ်ဖြတ်မည်သာ ဖြစ်လေ၏။ မောင်မျိုးညွန့်မှာလည်း ထိုနည်းအတူပင် တရားဥပဒေက ခွင့်ပြုလျှင် ဦးအင်းတို့ သားအဖ ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းပစ်ချင်သော စိတ်များ အမြဲကိန်းအောင်း၍ နေလေ၏။ စက်ရုံများကို လက်ခံထားသော မောင်ဉာဏ်ကြီးနှင့် မောင်ထိုင်းတို့မှာ ဦးအင်း သားအဖနှင့် အရောဝင်လျက် ရှိသော်လည်း အတွင်းစိတ်မှာမူ ကိုယ့်ဘက်သူ့ဘက် လုယက်လျက် ရှိကြလေ၏။ ထိုကဲ့သို့ အစ်ကိုများနှင့် အရောဝင်လျက် ရှိသောကြောင့်လည်း မောင်မျိုးညွန့်အား မကောင်းကြံစည်မည်ဟု သားအဖတစ်စု ကျိတ်၍ တိုင်ပင်လျက် ရှိကြလေ၏။

# အခန်း (၅)

'ဘဘရဲ့၊ သူတို့ကိုလွှဲပေးတာ မများလွန်းဘူးလား' ဟု မောင်လူဝသည် စားပွဲပေါ်က ပယင်းရောင်ပေါက်နေသော ဘီယာဖန်ခွက်ကို ကိုင်ရင်း မေးလိုက်၏။

'သူတို့ ဆူဆူပူပူလုပ်တော့ ဒီလောက်ပေးထားမှပဲ ဟန်ကျမယ် လူကလေးရဲ့၊ ဒါပေမဲ့ သူတို့ကို ငွေရေးကြေးရေး၊ စက်ရုံတွေ ပြုပြင် စီမံရေး ဘာမှ လုပ်ခွင့်မပြုဘဲ လခစားသဖွယ် ခိုင်းထားတာပဲကွယ်'

'တကယ်လို့ အလုပ်အကိုင် အဟုတ်နားလည်ပြီး ကိုင်း... ကျွန်တော်တို့ နားလည်ပြီ၊ အကုန်လွှဲဆိုရင် ဘယ့်နှယ်လုပ်မလဲ'

'ဒီတော့ မလွှဲနိုင်တဲ့အကြောင်းနဲ့ တစ်မျိုးဉာဏ်ဆင်ရသေးတာ ပေါ့၊ လူပဲ ... ဉာဏ်နဲ့ဟာကိုး'

'ဒီအကောင်တွေက အခုတော့ လူပါးဝလာကြပြီ၊ အနှစ်နှစ် အလလက ကျွန်တော်တို့ စားသုံးထားတာတွေတောင် စာရင်းတွက် ပြထားတယ်၊ ဟိုက်ကုတ်ရုံးဝန်ထောက်ဆီက စာတစ်စောင်တွေ့လို့ ကျွန်တော် ကော်ပီကူးခဲ့သေးတယ်' ဟု အိတ်ထဲက စာတစ်စောင် ထုတ်ပြရာ၊ သားအဖသုံးဦး ခေါင်းချင်းဆိုင်၍ ဖတ်ရှုကြလေ၏။

အောက်တွင် လက်မှတ်ရေးထိုးသူတစ်စုက လူမွဲအဖြစ် တံဆိပ်ခေါင်းဖိုး ရုံးခွန်မဲ့ လျှောက်ထားခွင့် ပြုပါမည့်အကြောင်း ...။

ကျွန်တော်တို့ ညီအစ်ကိုတစ်စုသည် အဘအရင်း ဦးပေါ်နှင့် မိခင် ဒေါ်မာမာမှ ပေါက်ဖွားကြသော သားအရင်းများ ဖြစ်ကြပါသည်။ ကျွန်တော်တို့ ဖခင်အရင်းကြီးသည် ပူးတွဲပါ စာရင်းအတိုင်း ရေနံတွင်း၊ သစ်တော၊ သတ္တုတွင်း၊ လယ်မြေတို့ကို ထားခဲ့ပါသည်။ နောက်အိမ်ထောင်ရှင် ဦးအင်းသည် ပစ္စည်းအားလုံးကို သိမ်းပိုက်ပါသည်။ ၎င်းသည် တရားရုံးက အမှုမဆင်နိုင်အောင် သိမ်းပိုက် ယူငင်ထားခြင်း ဖြစ်ပါသဖြင့် ဤလွှတ်တော်သို့ လျှောက်ထားရပါသည်။ သိမ်းပိုက်ပုံမှာ ဦးအင်းသည် ကျွန်တော်တို့ မိခင် ဒေါ်မာမာ၏ထံမှ စာရင်းပါ ပစ္စည်းများကို ဝယ်ယူသည့်အနေနှင့် ရုံးတွင် မှတ်ပုံတင်၍ လက်မှတ်ထိုးစေပါသည်။ သို့ရာတွင် မိခင်ဒေါ်မာမာမှာ ထိုပစ္စည်းများအတွက် ငွေကြေး တစ်စုံတစ်ရာ မရရှိခဲ့ပါ။ ထိုစဉ်အခါက ကျွန်တော်တို့မှာ လူမည်များ ဖြစ်သဖြင့် ဘာမျှ ဝင်ရောက် စွက်ဖက်နိုင်ခြင်း မရှိခဲ့ကြပါ။ ယခုအခါ၌ ရှေးရိုးရေနံတွင်း၊ သစ်တော၊ သတ္တုတွင်းတို့မှ ဦးအင်းတို့ ငွေကြေးစိုက်ထုတ်၍ စက်ကိရိယာများဖြင့် ဖန်တီးရသည်ဟု ဆိုစေကာမူ ထိုသို့ ဖန်တီးပြီးနောက် ခံစားရရှိသော အကျိုးသည် မရေမတွက်နိုင်အောင် ရရှိပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ ညီအစ်ကိုတစ်စုမှာ ပစ္စည်းလက်မဲ့ အခြေမျိုး ရောက်ရှိနေပါသည်။ ကျွန်တော်တို့မှာ အကြီးဆုံး ဤရုံးက စီစဉ်ပေးတော်မူမှ ချမ်းသာခွင့်ရမည် ဖြစ်ပါသဖြင့် ပူးတွဲပါ တင်ပြသော ပစ္စည်းနှင့် အောက်ရုံးမှတ်ပုံတင်စာရင်းများကို ပြန်လည် စစ်ဆေးကာ အမွေဆိုင်ပစ္စည်းများကို

ပြန်လည်ရှင်းလင်း၍ ဒီဂရီချတော်မူပါမည့် အကြောင်း။

**မောင်ရိုး၊ မောင်ဉာဏ်ကြီး၊ မောင်န၊ မျိုးညွန့်။**

'အနို့ ဟိုက်ကုတ်က ဘယ့်နှယ် သတင်းရခဲ့သလဲ'

'သူတို့ဟာ ဥပဒေကြောင်း မဝင်လို့ဆိုပြီး ပယ်ချလိုက်သတဲ့၊ အောက်ရုံးက မှတ်ပုံတင်ခြင်းဟာ ဥပဒေနည်းလမ်းနဲ့ ညီတာပဲတဲ့'

'အဲဒါကြောင့် ဘဘကြံရင် ခံနိုင်ရိုးလား ဆိုတာပေါ့ကွယ်၊ တကယ်လို့ ခဏခေတ္တ ထိန်းသိမ်းတဲ့အနေမျိုးဆိုရင် ပြန်ပေးရမှာမို့ မယ်မာ့ဆီ ဝယ်တဲ့ အနေမျိုး လုပ်လိုက်ရတာပဲ'

'နို့ ဒီပစ္စည်းကရတဲ့ ငွေတွေ ဒေါ်မာ ဘယ့်နှယ်လုပ်တယ်လို့ ဆင်ခြေကန်မှာလဲ'

'ဒါကတော့ သူ လှူပစ်တယ်၊ သူ့ယောက်ျားကို သူ့သဘောနဲ့ ပေးတယ်၊ အဲဒီလို အကြောင်းပြမှာပေါ့ကွယ့်'

'လက်မှတ်ထိုးတဲ့အထဲ ကိုထိုင်း မပါဘူးနော်'

'ဟာ ဒီအကောင်မျိုးက မြှောက်ပင့်ဆွဲခေါ်ရင် ရတဲ့အကောင်မျိုးပဲ၊ ခက်တာက ဉာဏ်ကြီးနဲ့ မျိုးညွန့်ပဲ။ ဒါပေမဲ့ ငွေအားလူအား တပည့်လက်သား ဘာမှ မတူဘဲ ဒင်းတို့ မတတ်နိုင်ပါဘူး ကွယ်။ တို့သားအဖ ချမ်းချမ်းသာသာ နေရတာသာ လိုရင်းပါ။ တကယ်လို့ ဒင်းတို့ ပစ္စည်း တောင့်တင်းလို့ အင်အားရှိလာရင် တို့ကို ရန်ပြုချင်ဦးမှာ' ဟု ဦးအင်းသည် သားများ အားရအောင် ပြောပြလေ၏။

'ဒါပေမဲ့ ဟိုကောင်ကလေးကို သတိထား၊ အသွားအလာ ဆင်ခြင်ကြ။ ဘဘလည်း ပုလိပ်ကို သူ့ထင်တယ်လို့ မတိုင်သေးတာက သူ့ကို တစ်နည်းနည်းနဲ့ ကြံပြီး ညှဉ်းပန်းမလို့ဘဲ'

'ဟုတ်တယ်… ဒီကောင်ကို အစတုံးပျောက်ပစ်မှ ဖြစ်မှာပဲ၊ သူတို့ ထိုက်သလောက်ပေးတာ မယူချင်ရင် သူတို့အပြစ်ပေါ့' ဟု သားအဖ

သုံးဦးသည် ဘီယာသောက်၊ စန္ဒရားတီးကာ စည်းစိမ်ယစ်၍ နေကြလေ၏။ ထိုညဉ့်၌ ကုန်သည်လမ်းရှိ ဦးအင်းနှင့် သားများ၏ တိုက်သည် ခါတိုင်းထက် သာယာသည်ဟု ထင်မှတ်ရလေ၏။ မော်တော်ကားသံလည်း တစ်စတစ်စနှင့် ငြိမ်၍ သွားလေပြီ။

အချိန်ကား ည ၁၁ နာရီခန့်ဖြစ်၏။ ဦးအင်း၊ မောင်လူ၀၊ မောင်ညွာ၊ သားအဖ သုံးဦးတို့သည် မိန်းကလေး တစ်ဦးစီနှင့် စုံတွဲထိုင်ကြကာ စကားပြော စည်းစိမ်ယစ်ကြတုန်းပင် ဖြစ်ကြလေ၏။ ထိုအခိုက် "ဒိုင်း" ခနဲ ဟူသော အသံနှင့် မရှေးမနှောင်း ဦးအင်းအနီးက မှန်တံခါးတစ်ချပ် ကွဲ၍ သွားလေ၏။ သားအဖသုံးဦးမှာ တိုက်ခန်းထဲသို့ အတင်း၀င်ပြေးကြလေ၏။ ပုလိပ်ခရာသံ၊ မော်တော်ကားသံတို့လည်း ဆူညံစွာ ကြားရပြီးနောက် တိုက်အောက်က ဒရ၀မ်သည် ပုလိပ်အရာရှိများ လာရောက်ကြောင်းနှင့် ပြောဆိုသဖြင့် တိုက်ပေါ်သို့ ခေါ်ခဲ့ရန် အမိန့်ပေးလိုက်လေ၏။

'သူဌေးမင်းတိုက်မှာ ဒီလိုဖြစ်ရသဖြင့် အထူး၀မ်းနည်းပါတယ် ခင်ဗျာ၊ သူဌေးမင်းမှာ ရန်သူများ ရှိပါသလား'

'ဟာ... ကျုပ်ဖြင့် တွေးလို့ကို မရပါဘူး၊ ရန်သူရှိမယ် မထင်ပါဘူး၊ သူတို့ဘာသာ တစ်ဖက်သက် ကြံစည်ရင်တော့ မပြောတတ်ပေဘူး'

'နို့ အထိအခိုက်များ ရှိကြပါသလား'

'ကျုပ်အနားက မှန်ပြတင်းတစ်ချပ် ကွဲသွားတယ်၊ လူကိုတော့ မထိခိုက်ပါဘူး၊ ကံကောင်းလွန်းလို့ပဲ'

'ကျွန်တော်တို့လည်း ပတ်တရောင်လှည့်ခိုက် သေနတ်သံကြားလို့ အပြေးလာတော့ လူကို မမိလိုက်ဘူး၊ ဒရ၀မ်က တိုက်ကြားထဲ ပြေးသွားတယ်ဆိုလို့ ခရာတုတ်လိုက်ပေမယ့် မမိလိုက်ဘူး၊ နောင် သတိ၀ီရိယနှင့်

နေတော်မူကြပါ၊ သည်ကိစ္စကို ကျွန်တော်များ ကြိုးစားပါမယ်’ ဟု ပြော ဆို နှုတ်ဆက်၍ ဆင်းသွားကြလေ၏။

ပုလိပ်အရာရှိ ထွက်သွားမှ ဒရဝမ်ကုလားသည် တိုက်တွင် ကပ်ထား သော စာတစ်စောင်ကို ပေးလာလေ၏။

**ဦးအင်းနှင့် သားများသို့...**

ဖခင်ကိုသတ်၍ ပစ္စည်းနှင့်တကွ မိခင်ကို မတရား သိမ်းပိုက် သည်။ အမွေခံသားများမှာ ဘာတစ်ခုမျှ ခံစားရသည်မရှိ။ ဦးအင်းတို့ စိတ်ဝမ်း ချမ်းသာ၍ စည်းစိမ်ခံစားရသလောက် သားရင်းများမှာ ဒုက္ခတွေ့ကြုံ ကြရသည်။ ဤကဲ့သို့ သူတစ်ထူး မတရားနိုပ်စက် ယူငင်ထားခြင်းကို တိရစ္ဆာန်သာ အကြံဉာဏ်မရှိ၍ ခံကြမည်။ လူသား ယောကျ်ားကောင်း ဗီသသူတို့မှာ ခံမြဲမဟုတ်၊ အသက် သေသည့်တိုင်အောင် ကြိုးစားမည်။ ကျွန်ုပ်တို့ မျှော်လင့်ချက်နှင့် မပြည့်စုံသရွေ့ ဦးအင်းတို့ ငြိမ်းချမ်းစွာ နေရမည် မဟုတ်ဟု မှတ်ပါလေ။

‘ဒါဟာ မျိုးညွန့် ဉာဏ်ပဲကွယ့်၊ အထူးတွေးနေဖို့ မလိုဘူး။ ဒီတော့ ဒီစာနဲ့ ပုလိပ်တိုင်ပြီး ဖမ်းဆီးတရားစွဲရင် ဟန်မကျပေဘူးလား၊ ဒင်း အပြစ်ကျမှ တို့ အေးချမ်းမှာပဲ’

‘ဟုတ်တယ်၊ ဒါ အကောင်းဆုံးပဲ’

‘အေး တစ်ချက် စဉ်းစားစရာရှိပြန်တယ်၊ ဒင်း အပြစ်ကျရင် ထောင် လေး ငါးခြောက်လ၊ တို့က သတ်ချင်လို့ သတ်တဲ့အခါ တို့အပေါ် အမှုပတ် နေဦးမယ်၊ ဒီတော့ မတိုင်ဘဲ သတိနဲ့ နေတာပေါ့ကွယ်၊ ဒီထက်မကတာ တောင် ကြံစည်ခဲ့သေးတာပဲ’ ဟု သားအဖသုံးဦးသည် တကြောင့်ကြကြ ဖြင့် အပျော်မယားများနှင့် အိပ်တန်းဝင်ကြလေ၏။

နောက်တစ်ရက်ခြား ကြာသောအခါ သတင်းစာများတွင် –

“... ရက် နေ့က ကုန်သည်လမ်း သူဌေးဦးအင်း၏ တိုက်ကို လူဆိုးတို့ ညဥ့် ၁၁ နာရီခန့်တွင် သေနတ်နှင့် ပစ်၍ သွားသည်ဟု ကြားသိရကြောင်း။ ဖြစ်ပွားပုံမှာ ဦးအင်းနှင့် သားနှစ်ယောက်သည် တိုက်ပြတင်းအနီးတွင် လေညင်းခံ၍ နေကြသည် ဆိုကြောင်း။ ထိုအခိုက် လူဆိုးတစ်ယောက်သည် တိုက်နှင့် အတော်လှမ်းရာက သေနတ်နှင့် ပစ်လိုက်သည် ဆိုကြောင်း။ ထိုအခိုက် ပတ်တရောင် ပုလိပ်နှင့် ရဲဘက်ပုလိပ်အရာရှိ ဦးဘချစ်တို့လည်း ကြားသိသဖြင့် ချက်ချင်း လိုက်လံဖမ်းဆီးသေးသည် ဆိုကြောင်း။ သို့ရာတွင် လူဆိုးမှာ တိုက်ကြားများကကပ်၍ လက်လွတ် ထွက်ပြေးသွားသည် ဆိုကြောင်း။ တိုက်ပေါ်မှ ခြောက်လုံးပြူးကျည်ဆန် တစ်ခုကိုလည်း တွေ့ရသေးသည်ဆိုကြောင်း။ ယခုအခါတွင် ဆိုင်ရာက ထိုအမှုကို အပြင်းအထန် စုံစမ်းနေကြောင်း”ဟု တွေ့ကြရလေသည်။

ဦးအင်းသည် သတင်းစာကို ဖတ်ပြီးနောက် ဒေါ်ပွလျက် –

‘ခွေးမသားကလေး၊ ဒင်းစာနှင့် ဒင်းကို တိုင်မှပဲ’ ဟု ယမန်ညဥ့်က စာကိုယူ၍ ကြည့်ပြန်ရာ စာရွက်တွင် ဘာတစ်ခုမျှ မတွေ့ရတော့ချေ။ အထူး အံ့အားသင့်လျက် –

‘အင်း လောကဓာတ်နည်းနဲ့ စီမံထားတာပဲ၊ အခု စာတွေပျောက်ကုန်ပြီ၊ ဒီကောင်ကလေးကြောင့် ခက်ပါတယ်’ ဟု ညည်းတွားရင်း သားနှစ်ယောက် အလုပ်မသွားခင် ခေါင်းချင်းရိုက်ကာ တိုင်ပင်ပြန်လေ၏။ ဒရဝမ်သည် သံကြိုးကုလားထံမှ သံကြိုးစာနှင့် လက်မှတ်ထိုးရန် စာရွက်ကို ယူ၍ အပေါ်သို့ တက်ရောက်လာရာ၊ ကိုလူဝသည် လက်မှတ်ထိုးကာ သံကြိုးစာကို ယူဖတ်ရှုလေ၏။

**ရေနံချောင်းမြို့၊ ၁၀ နာရီ ၅ မိနစ်။**

**အလုပ်သမားတွေ ဆူပူကုန်ကြပြီ။ ၎င်းတို့ အခကြေးငွေကို အဆမတန် တောင်းသည့်ပြင် ကျွန်တော့်ကို အလုပ်ထွက်ရန် တောင်းဆိုကြသည်။ ၎င်းတို့ တောင်းဆိုသည်ကို မရလျှင် အလုပ်ရပ်စဲပါလိမ့်မည်။ မည်သို့ ဆောင်ရွက်ရမည်ကို အမြန် အမိန့်ပေးစေလိုပါသည်။**

**(မန်နေဂျာ)**

'ဘဘ… အရေးကြီးလာပြီ၊ ဒီမှာ ကြေးနန်း' ဟု မောင်လူဝက ပြောရင်း စာရွက်ကို ကမ်းလိုက်လေ၏။

'မန်နေဂျာ မောင်ဘသွင်ဟာ ငါတို့လူယုံပဲ၊ ဘယ်လိုဖြစ်ကုန်ကြတာလဲ၊ ဒီလို ဆူပူတိုင်း အလျှော့ပေးလို့ မဖြစ်ဘူး' ဟု ကြေးနန်းစာ တစ်ရွက်တွင် ကောက်၍ ရေးပြန်၏။

**ဦးအင်း–အင်ဆန်း**

**ရေနံချောင်း။**

**လျှော့မပေးနှင့်၊ ကျွန်ုပ် လိုက်ခဲ့မည်။**

**ဦးအင်း**

ဦးအင်းသည် ကြေးနန်းရိုက်ကြားပြီးနောက် မိမိကိုယ်တိုင် ရေနံချောင်းသို့ လိုက်ရန် ဆုံးဖြတ်လေ၏။ သားများအားလည်း သတိဝီရိယနှင့် နေကြရန် မှာကြားပြီးနောက်၊ နောက်ပါ အစေခံများနှင့် အတူ ရေနံချောင်းသို့ လိုက်ပါသွားလေ၏။

နှစ်ရက်ခန့်ကြာလျှင် ရေနံချောင်းမြို့ တွင်းမရပ်ရှိ ဦးအင်းအင်ဆန်း အလုပ်တိုက်တွင် မန်နေဂျာ မောင်ဘသွင်နှင့် ဦးအင်းတို့မှာ ခေါင်းချင်းရိုက်၍ နေကြလေ၏။

'ဘယ့်နယ် မောင်ဘသွင်၊ အဖြစ်ကို ပြောစမ်းပါဦး'

'သူဌေးမင်းဆီက ကြေးနန်းရရင် ရချင်း လခ တိုးမပေးနိုင်ဘူး၊

ငါ့ကိုလည်း သူဌေးက အလုပ်ထွက်ခွင့် မပြုဘူးဆိုရင်၊ ဒါဖြင့် ကျုပ်တို့ အလုပ်မလုပ်တော့ဘူးလို့ လူ ၃၀၀ ထွက်သွားကြတယ်၊ ကျန်တဲ့လူ သုံးလေးဆယ်လည်း ထွက်သွားတဲ့ လူတွေက ခဲနဲ့ပစ်လို့ မလုပ်ကြဘူး၊ အလုပ်ဝင်တဲ့ သူတွေကို သတ်မယ်လို့ ကြိမ်းဝါးထားကြတယ်'

'အို… မင်းမရှိတဲ့ တိုင်းပြည်မှ မဟုတ်ဘဲ၊ ပုလိပ်ဘက်က ဘာမှ မဆောင်ရွက်ဘူးလား'

'ဆောင်ရွက်တယ်၊ ခေါင်းဆောင်သုံးဦးကို ဖမ်းထားပြီး ဒီပြင် ရေနံ တွင်း နယ်မြေတစ်ဝိုက်မှာလည်း အစောင့်ပုလိပ်တွေ ဝိုင်းရံထားတာပဲ'

'ဘယ့်နှယ်ကြောင့် ဒီလိုဖြစ်တာလဲ မောင်ဘသွင်'

'ကျွန်တော် စုံစမ်းရသလောက် မျိုးညွန့်ဟာ ရေနံချောင်း တိတ် တဆိတ်လာပြီး လုပ်သားခေါင်းဆောင်တွေကို သွေးဆောင်သွားသတဲ့'

'ဟင်… ဒီကောင်ကလေးကြောင့် ခက်ပါပြီ၊ ဘယ့်နှယ်လုပ်ရပါ့ မလဲ၊ သူ့ကို တရားစွဲမှ ထင်ပါရဲ့ကွယ်'

'သက်သေ အထောက်အထား မရပေဘူး၊ ဒီခေါင်းဆောင်တွေဟာ မျိုးညွန့် ဖခင်ရင်း ရှိစဉ်က လူများရဲ့ သားမို့ အတော်ခက်နေတယ်။ လုပ်သားတွေကလည်း ခေါင်းဆောင်တွေကို လွှတ်ပစ်ရမယ်၊ ကျုပ်တို့ ဘယ်သူမှ ခေါင်းဆောင်မရှိဘူးနဲ့ ဆူပူကြပြန်တယ်။ ကျွန်တော်က သူဌေး ကိုယ်တိုင် လာရောက်ရှင်းလိမ့်မယ်လို့ ပြောပြထားရပါတယ်၊ ဒီတော့ သူဌေးမင်း …'

ထိုအတွင်း ပုလိပ်ရာဇဝတ်ဝန်နှင့် ဒိစတြိတ် တရားသူကြီးကိုယ်တိုင် ကား တစ်စင်းနှင့် ရောက်လာကြလေ၏။

'သူဌေးမင်း၊ ပြည်ပိုင်အစိုးရက ဆူဆူညံညံ မဖြစ်အောင် ကြိုးစား ပေးမယ်လို့ အမိန့်ရောက်လာပါတယ်'

'သူတို့ မတရားသဖြင့် ဆူပူတောင်းဆိုခြင်းကို ကျွန်တော်လိုက်လျော စွာ မစီမံတတ်အောင် ဖြစ်နေပါတယ်'

'သူတို့ တောင်းဆိုတဲ့ အခကြေးငွေဟာ အမေရိကန် ရေနံတွင်းတူး သမားများရဲ့ နှုန်းထက် နည်းပါးပါသေးတယ်လို့ နှိုင်းယှဉ်ဖော်ပြတယ် မဟုတ်လား၊ ပြီးတော့ မန်နေဂျာဟာလည်း လုပ်သားဘာဖြစ်ဖြစ် သူဌေး အကျိုးဖြစ် လုပ်ဆောင်တဲ့သူမို့ သူတို့ အလိုမရှိဘူးတဲ့'

'သူတို့ အလိုရှိတာကို တရားသဖြင့် တောင်းလျှင် ကောင်းပါတယ်။ ယခု ရေနံတွင်းမှာ လက်ပစ်ဗုံးနှင့်ပစ်လို့ ကံထောက်မ၍သာ မီးလောင် မကျွန်ပါတယ်'

'ဒါကို ဆိုင်ရာက အထူးစုံစမ်းလျက်ပါ၊ ကျွန်တော်တို့ လိုလားတာ က သူဌေးမင်းက လျှော့ပေးလျှင် အားလုံး အေးချမ်းလိမ့်မယ်လို့ ထင် ပါတယ်'

'ဒါဖြင့်ရင်လည်း အရာရှိများ၊ လုပ်သားများ စေ့စပ်တဲ့ သဘောမျိုး လုပ်ရင် လိုက်နာရန် အသင့်ပါပဲ' ဟု ဝန်ခံပြီးနောက် လုပ်သား ခေါင်း ဆောင်များ၊ အရာရှိများ၊ သူဌေးဦးအင်းပါ အခကြေးငွေ၊ မန်နေဂျာကိစ္စပါ စေ့စပ်ကြပြီးလျှင် လုပ်သားများလည်း ၎င်းတို့လိုလားချက်ကို ရသဖြင့် အလုပ်ဝင်ကြလေ၏။ ဦးအင်းလည်း မောင်ဘသွင်အစား မောင်ထင်ကို ခန့်အပ်၍ ရန်ကုန်သို့ အလျင်အမြန် ပြန်ခဲ့လေ၏။

ဦးအင်းသည် ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း စိတ်မချမ်းမြေ့ ဖွယ်ရာ သတင်းတစ်ပုဒ်ကို ကြားရပြန်လေရာ၊ ထားဝယ်နယ် မိမိ သတ္တု တွင်း လုပ်သားတို့ ဆူပူသောင်းကျန်းသော အရေးကြောင့် သားကြီး မောင်လူဝ လိုက်သွားရခြင်း ဖြစ်၏။ ထိုနေ့ပင်လျှင် အလွန်ရှည်လျားသော ကြေးနန်းတစ်စောင် ရောက်ရှိလာလေ၏။

**ထားဝယ်မြို့၊ ၁၁ နာရီ ၃၀ မိနစ်။**

လုပ်သားပေါင်း ၅၆၇ ယောက်အနက် ၃၅၀ တို့ အလုပ်မဆင်းဘဲ နေကြသည်။ မန်နေဂျာနှင့် စာရေးတချို့ကို ထုတ်ပစ်ရန် တောင်းဆိုကြသည်။ လုပ်သား အခကြေးငွေကို အနောက်နိုင်ငံ လုပ်သားအခနှင့် နှိုင်းယှဉ်၍ တောင်းဆိုကြသည်။ ဆိုင်ရာ အရာရှိများကလည်း ကျွန်တော်တို့က လျှော့ပေးရန် ပြောကြသည်။ ဖခင်နှင့် တိုင်ပင်ပါရစေဦးဟု တောင်းပန်ထားရသည်။ မည်သို့ လုပ်ရမည်ကို ကြေးနန်းပြန်ပါ။ ဒိုင်းနမိုက်များကို အကုန် အလျင်အမြန် သိမ်းပိုက်ထားသော်လည်း အချို့အဝက် လုပ်သားများ လက်ဝယ်ရှိသေးသည်ဟု ထင်ပါသည်။ အလျှော့မပေးက သတ္တုတွင်းကို ရန်ရှာလိမ့်မည်ဟု ထင်ပါသည်။

**လူဝ**

**ဦးအင်း–အင်ဆန်း**

**ထားဝယ်မြို့။**

၎င်းတို့ တောင်းဆိုချက်ကို လျှော့ပေးလိုက်။ မန်နေဂျာ ထော်နန်းအစား စီရှုးကိုခန့်လိုက်။ အစခပ်သိမ်း ကျေနပ်အောင် လုပ်လိုက်။ မည်သူ တို့မီးရှို့မီး လုပ်သည်ကို စုံစမ်းခဲ့ပါ။ အလျင်အမြန် ပြန်ခဲ့။

**ဦးအင်း**

ဦးအင်းသည် အထက်ပါ ကြေးနန်းကို ပြန်ကြားပြီးနောက် သားငယ်မောင်ညွာနှင့် တိုင်ပင်၍ နေလေ၏။

'ငါ ရေနံချောင်း လိုက်သွားတော့ ဒီလို ထကြွတဲ့ကိစ္စဟာ မျိုးညွန့်

စနက်ဆိုတဲ့အကြောင်း သိခဲ့ရတယ်၊ လုပ်သားတွေကလည်း ကိုပေါရဲ့ လက်ထက်က လူတွေနဲ့ အဲသည်လူတွေရဲ့ အဆက်အနွယ်တွေဆိုတော့ ဒီကောင်ကလေး သွေးဆောင်သမျှ လွယ်ကူနေတော့တာပဲ။ ဘဘက လည်း ဒီအဆက်အနွယ်တွေ တစ်စတစ်စ ဖြုတ်ပြီး အဆက်အနွယ်မရှိတဲ့ ကုလားတွေနဲ့ ဒီပြင် လူစိမ်းတွေထားမယ်လို့ စိတ်ကူးထားတာပဲ။ ဩော်... နိုင်ငံအစိုးရကို လက်အောက်ခံများ ဆူပူရင် ဘယ်လောက် ဒုက္ခများကြ လေမလဲ၊ တို့ ဘာမဟုတ်တဲ့ ကိစ္စကလေးတောင် ဒုက္ခများနေမင့်ဟာ'

'ဒါကတော့ ဘဘက လျှော့ပေးလို့ပါ၊ ငွေအား လူအား ကျွန်တော် တို့မှာ ဘယ်လောက်များသလဲ၊ ဆူတဲ့အကောင်တွေ ထုတ်ပစ်မှာပေါ့'

'မဖြစ်ဘူးကွယ့်၊ ဒါဟာ တို့ကို ရန်များစေမှာပဲ။ အကြမ်းမှု အနုနဲ့သာ အောင်စေရတဲ့၊ မီးတောက်ကို ရေအေးနဲ့လောင်းလည်း ငြိမ်းတာပဲ၊ ရေနွေး နဲ့ လောင်းလည်း ငြိမ်းတာပဲ၊ ရေနွေးနဲ့လောင်းရင် ရေနွေးကြိုရတဲ့အချိန် အတွက် ဒုက္ခမပိုပေဘူးလား၊ မယ်မာကို ဘဘ မေးကြည့်တော့ မျိုးညွန့် ဟာ ကျိုက်ထီးရိုးဘုရားဖူး သွားသတဲ့။ အစသတ်တော့ ဒီအကောင်လေး ဟာ ထားဝယ်နဲ့ ရေနံချောင်းသွားပြီး တို့မီးရှို့မီး လုပ်နေတာပဲ၊ မယ်မာ ကို ရိုက်နှက်ရင် သူတို့အကြံ ဘဘတို့ ရိပ်မိတယ်ဆိုတာ သိသွားလိမ့် မယ်၊ တစ်နေ့က ကြိမ်းဝါးမိတာတောင် မှားသေးတယ်။ အလွယ်ပါကွယ်၊ ဘဘကြံရင် ခံနိုင်ရိုးလား၊ မျိုးပြုတ်စေမပေါ့' ဟု လက်သီးလက်မောင်း တန်းကာ ကြိမ်းဝါး၍ နေလေ၏။

နှစ်နာရီခန့်ကြာလျှင် "ထားဝယ်မှ လုပ်သားများ စေ့စပ်ပြီးပြီ။ မန်နေဂျာ၏ နေရာတွင် စီရူးကို ထားလိုက်ကြောင်း၊ ယနေ့လိုက်ခဲ့မည့် အကြောင်း"နှင့် လူဝ၏ထံက ကြေးနန်းတစ်စောင် ရောက်ရှိလာပြန်လေ ၏။ ဦးအင်းတို့ သဘော်ခြကား မိမိတို့ အေးချမ်းစွာ နေထိုင်ပါလျက် အနှောင့်အယှက် တွေ့ကြုံရသည်ဟု များစွာ ဒေါပွကြလေ၏။ တစ်ဖက်

ရန်သူကို မည်သို့ ချေမှုန်းပစ်ရပါမည်နည်းဟုလည်း အမျိုးမျိုးတွေးတော ကြံုးစားကြလေ၏။

သို့ရာတွင် ဦးအင်းတို့အပြုအမူမှာ အိမ်တစ်အိမ်ကို ပစ္စည်းကုန် ဓားပြတိုက်ပြီးမှ ထိုပစ္စည်းဖြင့် စည်းစိမ်ခံစားခိုက် အိမ်ရှင်က သိရှိနှောင့် ယှက်သောအခါ စိတ်ဆိုးသည်နှင့် တူ၍ နေပေ၏။ ငြိမ်းချမ်းစွာ နေထိုင် မှုကား လူသားသတ္တဝါတိုင်း အလိုရှိကြစမြဲပင် ဖြစ်ပေ၏။ သို့ရာတွင် တစ်ဖက်သတ် မိမိတို့မှာ ကျေနပ်သော ခံစားမှုဖြင့် နေထိုင်လျက် မိမိတို့ လက်အောက်ခံတို့မှာ မကျေမနပ် စိတ်ဝမ်းနာကြည်းနေရလျှင် အဘယ် နည်းနှင့်မျှ ကောင်းနိုင်မည် မဟုတ်ချေ။ လူတို့ သဘောကား မိမိထံမှ မတရား ယူငင်ထားသော ပိုက်ဆံတစ်ပြားတန် ပစ္စည်းအတွက်ပင် စက်ရှင်မှု ဖြစ်တတ်ကြရကား၊ အမျိုး အဆက်အနွယ်နှင့်တကွ လူညွန့် လူမွေး လူတောင် မပေါက်နိုင်အောင် ဦးအင်းတို့ ယူငင်ထားခြင်းအတွက် မကျေနပ်သူတို့ အဘယ်မျှ ကြံစည်မည်ကို စောင့်စားကြည့်ရှုရန်သာ လိုပေတော့၏။

## အခန်း(၆)

တစ်နေ့သ၌ကား မောင်မျိုးညွန့်နှင့် မောင်နသည် နံနက် ခုနစ်နာရီခန့်တွင် အိပ်ရာက ထကြ၍ ရေမိုးချိုးပြီးလျှင် ကော်ဖီစားပွဲသို့ လာကြလေ၏။ မောင်နကား အလျင်စလို ကော်ဖီပန်းကန်ကို ကိုင်လိုက်ရာ ပူလှသဖြင့် 'အလယ် ပူလိုက်တာ' ဟု ပန်းကန်ကို ပြန်၍ချလေ၏။ မျိုးညွန့်လည်း ကော်ဖီမအေးခင် အချိန်လုကာ အင်္ဂလိပ် သတင်းစာတစ်စောင်ကို ဖတ်၍ နေလေ၏။ အခြား မြန်မာသတင်းစာ တစ်စောင်ကား စားပွဲပေါ်တွင် ဖြည်းညင်းစွာ တိုက်ခတ်နေသော လေကြောင့် လှုပ်၍နေလေ၏။ မွေးထားသော ပူစီခေါ် ကြောင်ကလေးသည် စားပွဲပေါ်မှ ညီအစ်ကိုနှစ်ယောက်၏ လက်များကို ကျောဖြင့်သပ်ကာ လည်ချောင်းက တဂူးဂူးမြည်၍ နေလေ၏။ ထိုသို့ နေရာမှ လှုပ်ရှားနေသော စက္ကူကို မြင်လျှင် လက်နှင့် လှမ်း၍ပုတ်လေ၏။ ပုတ်ရာမှ ဘယ်ပြန်ညာပြန် ကစားရာ ကော်ဖီပန်းကန် စားပွဲပေါ်တွင်လဲ၍ ကော်ဖီများ ပြန့်ကျဲယိုစီးကာ နေလေ၏။

မျိုးညွန့်သည် သတင်းစာများကို ဖယ်ယူကာ 'တယ်ဆော့တဲ့ကြောင်၊ ကိုင်း...ကိုင်း... ဆုပေးမယ်၊ သောက်ပေတော့'ဟု ကြောင်ကလေး၏

ခေါင်းကိုနှိမ်၍ ကော်ဖီနှင့် တို့လေ၏။ ကြောင်ကလေးသည် သောက်နေကျ ဖြစ်သည့်အတိုင်း နှစ်ခြိုက်စွာ သောက်လေ၏။ ငါးမိနစ်ခန့်ကြာသောအခါ ကြောင်ကလေးမှာ တဖျပ်ဖျပ်လူးလျက် အသက်ပျောက်သွားသဖြင့် –

'ဟော့ ... ကိုကြီးရေ ကြောင်ကလေး သေသွားပြီ၊ ကော်ဖီထဲ ဘာပါသလဲ၊ မင်းကော သောက်မိသလား' ဟု ပျာပျာသလဲ မေးလေ၏။ မောင်နလည်း လည်ပင်းကို လက်ဖြင့်အစ်လျက် 'ငါ တစ်ကျိုက် နှစ်ကျိုက် သောက်မိပြီ' ဟု ပြောရာ၊ မျိုးညွန့်သည် လျင်မြန်စွာ ထ သွား၍ မိမိအခန်းထဲက ဒုတ္တာတစ်မတ်သားခန့်နှင့် မန်းကျည်းမှည့် ဆီးဖြူသီးခန့်ကို မီးဖိုဆောင်က ယူလာ ကြိတ်နယ်လုံး၍ 'ရော့... ရော့... ဒါမျိုလိုက်' ဟု ပေးလေ၏။ ခဏချင်း မောင်နသည်လည်း အစာများကို အန်ထုတ်လေတော့၏။

'ဘယ့်နှယ် နေသေးသလဲ'

'ခေါင်းထဲက မူးနောက်နောက်နဲ့ နေတယ်ကွယ်'

'ကိစ္စမရှိပါဘူး၊ ကိုင်း... အခန်းထဲ သွားအိပ်နေ၊ မေမေ မသိစေနဲ့နော်၊ သိရင် ကျွန်တော်တို့ အကြံအစည် ပျက်ကုန်လိမ့်မယ်'

ဟု အစ်ကိုဖြစ်သူအား အိပ်ခန်းတွင်းသို့ ပို့ပြီးလျှင် အစေခံဆီသို့ သွား၍ –

'ဟော့... ရန်ကနား၊ ခုနက ကော်ဖီ ဘယ်သူ ဖျော်သလဲ၊ မင်း ဖျော်သလား၊ ဘယ်အချိန်က ဖျော်သလဲ'

'ကျွန်တော် ဖျော်တယ်ဆပ်၊ ခြောက်နာရီခွဲက ဖျော်ထားတယ်ဆပ်'

'မင်း ဖျော်တာနော်၊ ဒီပြင်လူ ဖျော်တာ မဟုတ်ဘူး'

'ကျွန်တော် ဖျော်တယ်ဆပ်'

'လာခဲ့၊ ငါနဲ့ လိုက်ခဲ့' ဟု စားပွဲဆီသို့ ခေါ်ဆောင်သွားကာ ကြောင်ကလေးကို လက်ညှိုးညွှန်လျက် –

'ဒါ ဘာဖြစ်တာလဲ၊ မင်းသိသလား' ဟု ခပ်ဆတ်ဆတ် အော်ငေါက်လိုက်ရာ ကုလားမှာ မျက်နှာမည်းသွားလျက် 'မသိဘူးဆပ်... ဘုရားစူး၊ မသိပါဘူး' ဟု ပြောဆို ငြင်းကွယ်နေရာ –

'ဒီကြောင်ဟာ မင်းဖျော်တဲ့ ကော်ဖီသောက်လို့ သေရတာ၊ တကယ်လို့ ငါတို့ သောက်မိရင် ငါတို့သေရမှာ၊ အခု ကြောင်ကို သက်သေထားပြီး မင်းကို လူ့အသက်သေအောင် ကြံစည်မှုနဲ့ ဂတ်ကို တိုင်မယ်'

'ဆလံဆပ် ကျွန်တော် ဘုရားစူးတယ်၊ ဘာမှမသိဘူး ဆပ်၊ မာမာသိတယ် ကျွန်တော် ကောင်းတဲ့သူတော်ပါ' ဟု ငိုမဲ့မဲ့ ဖြစ်သွားသဖြင့် –

'ကောင်းပြီ၊ မင့်ဆီကို ဘယ်သူလာသလဲ၊ မှန်မှန် ပြော'

'မလာဘူးဆပ်'

'ဘယ်သူမှ မလာရင် မင်းကြံတာပဲ၊ မင်းကို အခု လက်ထိတ်နဲ့ ဖမ်းစေ့မယ်။ ခွေးမသား ကုလား၊ တို့ကို သတ်တဲ့အကောင်၊ ကိုင်း... မင်းနေရစ်၊ ငါအခု ဂတ်ကိုသွားမယ်' ဟု အပြင်သို့ ထွက်ရန် ဟန်ပြင်လိုက်လေလျှင် ရန်ကနားသည် မျက်နှာငယ်ငယ်နှင့် –

'မတိုင်ပါနဲ့ ဆပ်... ကျွန်တော် မန်တာကို ပြောမယ်၊ မနက်က သခင်ကလေး လာတယ်'

'ဘယ်သူလဲ၊ လူဝလား'

'ဟုတ်တယ် ဆပ်... သူ ဘာလုပ်တယ် ကျွန်တော် မသိဘူး ဆပ်၊ ကျွန်တော့်ကို ကော်ဖီ မဖျော်သေးဘူးလား၊ ငါလာတာကို မပြောနဲ့၊ ပြောရင် မင်းကို အလုပ်ဖြုတ်မယ်တဲ့ ဆပ်၊ ကျွန်တော် အလုပ်ပြုတ်တော့မယ် ဆပ်'

'အို... ကိစ္စမရှိဘူး၊ ငါ မင်းက ပြောတယ်လို့ သူတို့ မသိစေရဘူး၊ မင်းကလည်း ကြောင်ကလေးသေတာ ကော်ဖီကြောင့်လို့ မပြောနဲ့၊ ကြား

လား။ သူတို့က မေးရင် ကော်ဖီအေးတယ်ဆိုပြီး သွန်ပစ်တယ်၊ မင်းကို ဆဲဆိုမာန်မဲ လုပ်တယ်လို့သာ ပြောထား' ဟု မှာကြားထွက်ခွာခဲ့လေ၏။

မျိုးညွန့်သည် ကိုန ဆီသို့ ဝင်လာခဲ့ပြီးလျှင် နဖူးကို စမ်းသပ်လျက် –

'အစ်ကိုကြီးရေ ဘယ့်နှယ်နေသေးလဲ'

'ကိစ္စမရှိပါဘူး ညီလေးရယ်၊ သက်သာပါပြီ'

'မေမေ မသိစေနဲ့နော်၊ သိရင် ကျွန်တော်တို့အကြံ ပျက်ကုန်မယ်၊ ဒါဟာ ဦးအင်းတို့ရဲ့ အလွန်ယုတ်မာတဲ့ အကြံပဲ။ ဟောဟိုက လူရိုးလူအတွေ တစ်နေ့နေ့ သေကုန်ကြမှာ စိုးရိမ်ရတယ်။ သူတို့ လိုချင်လို့ မတရား ယူထားတဲ့ ပစ္စည်းကို ပေါင်းသင်းတောင်းခံပြီး ယူရင် ရမယ်ထင်တဲ့ အစ်ကိုကြီးထိုင်းကိုများ လေသံမှ မထည့်လေနဲ့'

'သိပါတယ်ကွာ၊ ကိုယ့်ထက် အသက်ကြီးလို့သာဟော့၊ ဒီအကောင်ကြီး အ ပုံ န ပုံတွေ မပြောချင်ဘူး'

'ဒါထက် ဒီကနေ့ကစပြီး ထမင်းစားတောင် သတိထားကြ ရလိမ့်မယ်၊ အလျှင်စလိုများ မစားနဲ့နော်' ဟု ပြောဆိုနေကြခိုက် –

'လူကလေးရေ' ဟု မိခင်ကြီး၏ ခေါ်သံကို ကြားရသဖြင့် တိုက်ညှော့ခန်းဆီသို့ ထွက်ခဲ့လေ၏။

'လူကလေး ကော်ဖီ မသောက်ရသေးဘူးဆို၊ ရန်ကနားက ကော်ဖီအေးတယ်ဆိုပြီး သွန်ပစ်တယ်လို့ ပြောတယ်'

'ဟုတ်တယ် မေမေ၊ ကုလားဟာ အလွန်ဖျင်းတယ်'

'ဟဲ့ ... မိစု ... မိစုရေ လာခဲ့စမ်း၊ ကော်ဖီ ထပ်ဖျော်နေရင် အချိန်ကြာတော့မယ်၊ သွား မြန်မြန်ဝယ်ချေစမ်း' ဟု အစေခံမလေး တစ်ဦးအား ခိုင်းစေလိုက်လေ၏။

မောင်မျိုးညွန့်သည်ကား မိခင်၏ ညှိုးငယ်သောမျက်နှာ၊ ပိန်ချည့်

သော ခန္ဓာကိုယ်ကို ကြည့်ပြီးလျှင် သက်ပြင်းရှူလိုက်လေ၏။ ပြောမည့် စကားများလည်း တံတွေးသီး၍ နေလေ၏။

'ငါ့သား သတိနဲ့နေနော်၊ ကိုအင်းကဖြင့် ငါ့သားကို ရန်သူကြီး ထင်နေပြီ။ တစ်နေ့က ရေနံတွင်းဆူတာရယ်၊ သတ္တုတွင်း ပွက်တာရယ် ငါ့သားဉာဏ်ပဲလို့ စွပ်စွဲနေတယ်ကွယ့်၊ မေမေကတော့ ငါ့သား ကျိုက်ထီးရိုး သွားမယ်ဆိုလို့ အဟုတ်သွားတယ်ထင်ပြီး ပြောမိတာ။ နင်ကဘာလဲ၊ သားအတွက် ကာဆီးကာဆီးနဲ့လို့ မေမေ့ကို ကြိမ်းဝါးသေးတယ်'

'မေမေ ကျွန်တော့်သာ မဟုတ်ဘူး၊ ကျွန်တော်တို့ ညီအစ်ကို တစ် တွေကို မြွေပွေးခါးပိုက်လို့ ထင်နေတာ။ အစ်ကိုတွေကသာ သူတို့ကို ဦးအင်းက အဟုတ် ယုံကြည်စိတ်ချတယ်လို့ ထင်နေတာ။ အေးအေးနေပါ မေမေ၊ ဘာမှ မပူပါနဲ့၊ ကျွန်တော် သတိနဲ့ အမြဲ ဉာဏ်ယှဉ်လျက်ပါ'

'သတိတမန် ဉာဏ်မြေကတုတ် ပညာစွန်း ချွန်းကဲ့သို့အုပ် ဆိုတဲ့ ရှေးစကားပုံ ရှိသားပဲ လူကလေးရယ်၊ ဘာမဆို သတိ လက်မလွှတ်စေနဲ့'

ဟု ပြောနေစဉ် ကော်ဖီများ ရောက်လာသဖြင့် မောင်နကိုပါ ခေါ်၍ သောက်လေ၏။ တိုက်၏ အပြင်ဘက်မှ ကားတစ်စင်း ထိုးရပ်ပြီးနောက် ပုဆိုးတောင်ရှည်၊ သက္ကလတ်ရင်ဖုံး၊ ပဝါစ ကောင်းကောင်း၊ ရွှေကိုင်း မျက်မှန်နှင့် ဦးအင်း ဝင်ရောက်လာလေ၏။

ဦးအင်းမှာ ကုန်သည်လမ်းရှိ သားများနှင့် အလုပ်တိုက်တွင် နေထိုင် ရာ စပတ်လမ်းရှိတိုက်တွင် တစ်ရက်ခြား၊ နှစ်ရက်ခြားမှ လာရောက် အိပ်လေ၏။ တစ်ခါတစ်ရံ ဒေါ်မာမာကို ကုန်သည်လမ်းသို့ ခေါ်ဆောင် သွားလေ့ရှိ၏။ ဦးအင်းက မောင်မျိုးညွန့်ကို မြင်လျှင် အံ့အားသင့်သွား ပြီးမှ မျက်နှာတစ်မျိုးပြင်လိုက်သည်ကို မျိုးညွန့်သည် သတိထားလိုက် လေ၏။ မောင်လူဝ ပြောပြချက်အရ ကော်ဖီသောက်ပြီး မျိုးညွန့်နှင့် မောင်န၏ အခြေအနေကို အကဲခတ်ရန် လာဟန်တူ၏။

'ဘယ့်နှယ် လူကလေး၊ ရန်ကနား လက်ဖက်ရည် ဖျော်မပေးဘူးလား ကွယ့်'

'ဖျော်တယ်၊ အေးလို့ သွန်ပစ်လိုက်တယ်'

'ဒါဖြင့်လည်း ခုလို ဝယ်သောက်တာ ကောင်းပါတယ်၊ ဒါပေမဲ့ သူဌေးသားဆိုပြီး ဆိုင်ဝယ်သောက်တာကတော့ မလျော်ဘူးပေါ့ကွယ်၊ ငါ့ကို ကဲ့ရဲ့ကြမှာပေါ့'

'မထူးပါဘူးဗျာ၊ သူဌေးသား အမည်ခံပေမဲ့ ဘာတစ်ခုမှ အမွေရတာ မဟုတ်ပါဘူး၊ ဒီတိုက်ကြီးပေါ်မှာ စားအိပ်နေရတာပဲ ကျေးဇူးတင်ရဦးမှာပေါ့'

'ဩော်... လူကလေး၊ မင်း မသိဘူး၊ ဒါတွေ မင်းတို့ ပစ္စည်းပေါ့ကွယ်၊ မင်းတို့ နားလည်တဲ့ တစ်နေ့ မင်းတို့ အုပ်စီးရမပေါ့' ဟု ချိုပြုံးစွာ ပြောဆိုသော်လည်း၊ မျိုးညွန့်သည် လိုက်ပါ ယုံကြည်သော အမူအရာကို မပြချေ။

ဦးအင်းသည် ဒေါ်မာမာနှင့် အရောင်းအဝယ် ကိစ္စ၊ သတ္တုတွင်း ရေနံတွင်းများ အခြေအနေ၊ ကိုထိုင်း၊ ကိုဉာဏ်ကြီးတို့ ယုံကြည်စိတ်ချရလျှင် တစ်ဆင့်ထက်တစ်ဆင့် လွှဲအပ်မည့် အကြောင်းများပါ ပြောဆိုပြန်သွားလေ၏။ မျိုးညွန့်လည်း ဝင်ရောက်စွက်ဖက် မပြောဘဲ ဦးအင်းထွက်သွားမှ –

'အလကား ညာတာ မေမေ၊ ဘယ်တော့မှ ပေးမှာ မဟုတ်ဘူး' ဟု ခေါင်းခါပြလေ၏။

နောက်တစ်နေ့ ညနေငါးနာရီ အချိန်ခန့်တွင် ၅ လမ်းတိုက်ကြီးများ၏ အကြား ဖြတ်လမ်းလေးများပေါ်တွင် ကိုနနှင့် မျိုးညွန့် ညီအစ်ကိုနှစ်ယောက် လမ်းလျှောက်လျက် ရှိကြသည်ကို မြင်ရလေ၏။ မျိုးညွန့်သည် တစ်စုံတစ်ရာကို ရှာဖွေသော မျက်လုံးဖြင့် –

'ဘယ့်နှယ် ကိုကြီး မလာပါကလားကွ'

'အေး... သူကတော့ ဒီလမ်းထဲက စောင့်ပါတဲ့'

'ကိုကြီး ပြောသွားတာ ကျွန်တော်တို့လူမှ ဟုတ်ရဲ့လား'

'ငါတော့ ဟုတ်တယ်လို့ ထင်တာပဲ၊ ညီအစ်ကိုနှစ်ယောက် လာခဲ့ပါတဲ့၊ အသားညိုညိုနဲ့ လူတစ်ယောက်ကွယ့်'

'ဟာ... ဒါဖြင့် ကိုထွန်းဘူးပဲ၊ သူ့ကို တယ်ပြီး မယုံရလို့ ကျွန်တော် မခိုင်းဘဲနေတာ၊ ကိုင်း ပြန်ကြစို့' ဟု လှည့်မည်အလုပ် လူသုံးယောက်သည် တိုက်ကြားထဲမှ ထွက်လာကာ မျိုးညွန့်နှင့် ကိုနအား ဓားမြှောင်နှင့် ချိန်ရွယ်၍ –

'ဟေ့ လူများ ... မပြေးကြနဲ့' ဟု ပြောစဉ် လျင်မြန်သော မျိုးညွန့်၏ လက်သည် ဓားမြှောင်ကိုင်သူ၏ လက်ကောက်ဝတ်ကို ရုတ်ခြည်း ချုံးလိမ်ကာ ဘယ်လက်သီးဖြင့် ထိုသူ၏ ပါးချိတ်ကို နှုတ်ဆက်လိုက်လေ၏။ ကိုနသည်လည်း ၎င်းကို ချိန်ရွယ်ထားသူအား ဆီးပုံကို အမှတ်မဲ့ ခြေဖြင့်ကန်ကာ သုံးယောက်နှင့် နှစ်ယောက် ထွေးလုံးသတ်ပုတ်၍ နေကြလေ၏။

မျိုးညွန့်သည် ကျောင်းသားဘဝက ကာယဗလ လေ့ကျင့်သူလည်း မှန်၏။ သို့ရာတွင် တစ်ဖက်က ထိုးလိုက်သောလက်သီးကို အခါခပ်သိမ်း မရှောင်တိမ်းနိုင်သဖြင့် မျက်နှာတစ်ခုလုံး ညိုမည်းဖုထစ်၍ နေလေ၏။ မျိုးညွန့်မှာ မိမိကိုယ်မိမိ အခြေမပျက်ရန် အထူး သတိထားရလေ၏။ ကိုနမှာလည်း ၎င်းအား ထိုးကြိတ်နေသော လူတစ်ယောက်ကို မနည်း ခုခံနေရလေ၏။ တစ်ခါတစ်ရံ ရန်သူအား ညာလက်သီးဖြင့် တအားကုန် ချိန်ရွယ်လိုက်ရာ လူဆိုးသည် လက်သီးကိုသာ ဂရုစိုက်စဉ် ခြေဖြင့်ခတ် လိုက်သောကြောင့် လူဆိုးသည် ယိုင်၍ လဲမည်ကဲ့သို့ ဖြစ်သွားလေ၏။ တစ်ဖန် ခြေဖြင့် တအားကန်မည်ဟု ရွယ်ပြီးလျှင် လက်သီးနှင့် ထိုးလိုက် ရာ လူဆိုးသည် လက်သီးကို လျင်မြင်စွာ ရှောင်တိမ်းကာ ပြန်၍ နှယ်လိုက်

သဖြင့် ကိုနှ၏ နဖူးတွင် ညိုမည်းသွားလေ၏။ ထိုကဲ့သို့ သူတစ်ပြန် ငါ တစ်ပြန် သတ်ပုတ်နေကြစဉ် လူဆိုးနှစ်ယောက် တိုး၍လာပြန်လေ၏။ နောက်ဆုံးတွင် လူဆိုးတို့လက် ပါသွားကြလေ၏။

လူဆိုးများလည်း ကြိုးဖြင့် တုပ်နှောင်ထားသော ညီအစ်ကို နှစ်ယောက်ကို အဝေးသို့ မယူဆောင်ဘဲ တိုက်ကြားတစ်ခုထဲသို့ ခွေးသေကောင်ပမာ ဆွဲခေါ်သွားကာ တိုက်တစ်ခုထဲသို့ သွင်းကြလေ၏။ ထိုတိုက်ခန်းကား အတော်ကလေး ကျယ်ဝန်း၍ စားပွဲ၊ ကုလားထိုင်အဟောင်း၊ ညစ်ပေသော လိုက်ကာများကို တွေ့မြင်ရလေ၏။ တိုက်ခေါင်မိုးထုပ်တွင် လက်ညှိုးခန့် ကြိုးနှစ်ချောင်း ချည်၍ ထားသည်ကို မြင်ရလေ၏။ ထိုကြိုးနှစ်ချောင်းကား တိုက်၏ အသုံးအဆောင် ကလေးပုခက်၊ ကလေးစီးဒန်း တစ်ခုခုအတွက်နှင့် မတူ၊ မိမိတို့အဖို့ ကြိုးဆွဲချသတ်ရန် တမင်တင်ကူး ကြံစည်ထားသည်ဟု တွေးထင်မိကြလေ၏။ မျိုးညွန့်နှင့် ကိုနှတွင် ချည်နှောင်ထားသော ကြိုးကလေးများမှာ သေးငယ်သော်လည်း အလွန်ခိုင်မာသဖြင့် ရုန်းကန်လျှင် မိမိတို့ အသားသာ ပိုမိုနာကျင်လေ၏။ မိမိတို့ကား ရန်သူ၏ လက်တွင် မလှုမပ မိကြလေပြီ။ ဤကဲ့သို့ လူဆိုးများ ဖမ်းဆီးခြင်းသည် ပစ္စည်း တစ်စုံတစ်ရာအတွက် မဟုတ်၊ ပစ္စည်း တစ်စုံတစ်ရာအတွက်ဆိုလျှင် မိမိတို့တွင် အသေးအဖွဲသုံးစရာ ငွေလေးငါးဆယ်ကို ယူ၍ လွှတ်လိုက်တန်ရာ၏။ ယခုမူကား ပါသောပစ္စည်းကို ဘာမျှမယူဘဲ လူကို အမိဖမ်းခြင်းသည် ကေ္တဦးအင်းဘို့ ပယောဂဟု ဆုံးဖြတ်လေ၏။

ထိုအခါ မိမိတို့ သေလွှန်၍ကား အကြောင်းမထူး။ ကျန်ရစ်သော ခင်ကြီးနှင့် အစ်ကိုများ၊ အစ်ကိုများ၏ သားသမီးများ လူညွှန့်တုံး၍ လူလုံးမလှ ဖြစ်ရမည့်အရေးကို တွေးတော ပူပန်မိသောအခါ မျက်ရည်များ လည်၍ လာလေ၏။ သို့ရာတွင် မိမိမျက်ရည်လည်လျှင် တစ်ဖက်

က ကြောက်သည်ထင်မည် စိုးသောကြောင့် ကြိုးတုပ်ထဲကပင် ငါးရံ့ မြေလူးသကဲ့သို့ တတ်အားသမျှ ရုန်းကန်လျက် ရှိကြလေ၏။ ပါးစပ်တွင် အဝတ်များ ဆို့ထားသဖြင့် သာ၍ ဒုက္ခရောက်ကြလေ၏။ တစ်မျိုးတစ်ဆွေ တစ်အိမ်ထောင်အတွက်ပင် ဤမျှ ဒုက္ခရောက်ကြသေးလျှင် တိုင်းပြည် နိုင်ငံအတွက် ဆိုလျှင် မည်မျှ ဒုက္ခရောက်ကြပေမည်နည်း။ ဟယ်… ယောက်ျားပဲ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့၊ ဒင်းတို့ မသတ်ပေမယ့် ငါ့ဘာ သာ တစ်နေ့နေ့ ရောဂါတစ်ခုခုနှင့် သေရမှာပဲ၊ လုပ်ချင်ရာ လုပ်ပေစေဟု တင်းမာသောစိတ်ကို မွေးမြူလိုက်သည်နှင့် တစ်ပြိုင်နက် မေးရိုးများ လှုပ်ကြွကာ ခက်ထန်သော အမူအရာသို့ ပြောင်းလဲသွားလေ၏။

လူဆိုးများသည် ခြေဖျားမှ လက်ဖျားအထိ ကြိုးများဖြင့် ပတ်ရစ် လျက် တုပ်နှောင်ကြပြီးလျှင် ယခင် ကြိုးနှစ်ချောင်းတွင် ချိတ်ဆွဲကြလေ ၏။ ညီအစ်ကို နှစ်ဦးကား ရုန်းကန်လျက်ပင် တွဲလောင်းဖြစ်၍ နေကြလေ ၏။ လူဆိုးတစ်ဦးက –

‘ကိုင်း… ငါ့လူများ တို့တာဝန်တော့ ကျေကုန်ပြီ၊ တို့ ဒီလို ဆောင်ရွက်တဲ့အတွက် လူတစ်ဦးမှာ ငွေ ၅၀၀ စီ ရကြတယ်၊ တို့ကို ခိုင်းစေတဲ့လူဟာ ဒီငွေ ၂၅၀၀ လောက်ကို ပဲလှော်ဖိုးမျှ မရှိဘူး၊ မင်းတို့ ဒီလို အန္တုဗုလပြုလျှင် အသေဆိုးသေကြရမှာပဲလို့ ပြောခဲ့ရန် မှာလိုက် သေးတယ်၊ ဖျောက်ဖျက်ဖို့ ကိစ္စကတော့ သူတို့ဘာသာ လာရောက် စီမံကြလိမ့်မယ်၊ ကိုင်း နေရစ်ကြပေတော့’ ဟု ထွက်ခွာသွားကြလေ၏။

တိုက်ခန်းကား မှောင်စပြုလေပြီ။ ညီအစ်ကိုနှစ်ဦးမှာ ငါးတောင်ခန့် ကွာ ချိတ်ဆွဲထားသော်လည်း ပါးစပ်တွင် အဝတ်ဆို့ထားသဖြင့် တစ်ဦး နှင့် တစ်ဦး မတိုင်ပင်နိုင်ကြချေ။ လက်ခြေကို တုပ်နှောင်ထားသဖြင့် ကိုယ်ကိုသာ တွန့်လိမ်နိုင်ကြလေ၏။ ကြိုးများမှာ တဖျစ်ဖျစ် မြည်ခြင်း နှင့် နှစ်ယောက်စလုံး ရုန်းကန်နေကြကြောင်းကို သိရှိရလေ၏။

မျိုးညွန့်ကား ပါးစပ်မှ အဝတ်ကျွတ်ထွက်ရန် ရှေးဦးစွာ ကြိုးစားလေ၏။ ပါးစပ်တွင် အဝတ်ဆို့၍ အပြင်က အဝတ်စနှင့် ပတ်စည်းထားခြင်း ဖြစ်ရာ ပတ်စည်းထားသော အဝတ်ပြေလျှင် ဆို့ထားသော အဝတ်ကို ပွတ်တိုက် ထွေးထုတ်နိုင်မည်ဟု တွေးမိသောကြောင့် ညာဘက်ပခုံးစွန်းနှင့် ပါးစပ်ကို အကြိမ်ကြိမ် ပွတ်လေ၏။ တစ်ဖန် ဘယ်ဘက် ပခုံးစွန်းနှင့် ပွတ်ပြန်လေ၏။ နာရီဝက်ခန့် ကြာသောအခါ ပတ်စည်းထားသော အဝတ်သည် လည်ပင်းသို့ လျှော၍ ကျသွားရာ များစွာ အားတက်လျက် ဆို့ထားသော အဝတ်များကို ထွေးထုတ်လေ၏။ အတော်ကြာသော်လည်း မရသဖြင့် အံစောင်း မေးရိုးနှင့် အကြိမ်ကြိမ် ကြိတ်ဝါးရာ အတွင်းဘက်က ကြေမွလာသဖြင့် ကြေမွသော အစများကို မျိုချလိုက်လေ၏။ ဤနည်းအားဖြင့် နာရီဝက်ခန့် ကြိုးစားပြန်သောအခါ အဝတ်တစ်ဝက်ခန့် ဝမ်းတွင်းသို့ ရောက်၍ ကျန်အစများကို ထွေးထုတ်လိုက်လေ၏။ လူဆိုးများမှာ တံခါးကို ကျကျနန ပိတ်၍ အပြင်က သော့ခတ်သွားသောကြောင့် ညီအစ်ကို နှစ်ယောက်မှာ ကြံချင်တိုင်း ကြံနိုင်လေ၏။ လူဆိုးများ၏ စိတ်တွင်ကား ညီအစ်ကို နှစ်ဦး မည်သို့မျှ မတတ်နိုင်ဟု ထင်မှတ်ကာ စိတ်ချလက်ချ ပစ်ထားခဲ့ကြဟန် တူလေ၏။

မျိုးညွန့်သည် အစပထမ၌ အော်ဟစ်ကာ အကူအညီ တောင်းမည်ဟု စိတ်ကူးရာမှ ယောကျ်ားစိတ် ပေါ်လာသဖြင့် အော်ရမှာကို ရှက်လေ၏။ တစ်ကြောင်းမှာလည်း လူဆိုးတို့သည် တိုက်ခန်းတွင်းက မစောင့်သော်လည်း အနီးအနားက စောင့်ကြလိမ့်မည်။ မိမိတို့ အော်ဟစ်လျှင် အချည်းနှီးသာ ဖြစ်မည်ဟု တွေးတောမိသဖြင့် –

'ဟေ့… ကိုကြီး၊ မင်းပါးစပ်က အဝတ်ကို ပခုံးနဲ့ပွတ်၊ နာနာကြီးပွတ်၊ ဘယ်ပြန်ညာပြန်နော်'ဟု သတိပေးရာ မောင်နမှာ ညီငယ်ပြောသည့်အတိုင်း ကြိုးစား၍ နေလေ၏။ နာရီဝက်သာသာကြာလျှင် 'အဝတ်တွေ

ကို အံစောင်းနဲ့ ကြိတ်ဝါး၊ ဝမ်းထဲမျိုချ' ဟု ဆက်လက် သညာပေးပြန်လေ၏။ နောက်ထပ် နာရီဝက်သာသာကြာလျှင် အသက်ရှူ ပြင်းပြင်း အသံကြားရပြီးနောက် –

'ညီလေးရေ ရပြီဟေ့' ဟု ကိုန၏ စကားကို ကြားရလေ၏။

'ကြိုးတွေက သိပ်ကျပ်တာပဲ၊ ဖြုတ်ဖို့ ခက်တယ်၊ ပါးစပ်နဲ့ ကိုက်ဖြုတ်ရမှာကလည်း လူချင်းက မနီးဘူး'

'ဟုတ်တယ် ကိုကြီးရဲ့၊ ကျွန်တော်လည်း ဒါကို စဉ်းစားနေတာပဲ၊ အို…ယောကျ်ားပဲ၊ သေမှ လုံ့လကို လျှော့တော့မယ်' ဟု ကြိုးတွေကို ဖြုတ်ရန် နာရီဝက်ခန့် စဉ်းစားလေ၏။ ၎င်းတို့၏ လက်နှစ်ဖက်ကို နောက်ကျောဘက်တွင် တုပ်၍ ခြေဖျားမှ ပေါင်လယ်ခါးအထိ ရစ်ပတ်ထားခြင်း ဖြစ်ရာ အသို့လျှင် လွတ်အောင် ဖြုတ်နိုင်အံ့နည်း။ မျိုးညွန့်သည် ကိုယ်ကို ယမ်း၍ကြည့်လေ၏။ ကိုယ်သည် လေထဲတွင် ဒန်းလွဲသကဲ့သို့ ဖြစ်သော်လည်း ကြိုးများကား တင်ကျပ်မြဲ တင်းကျပ်၍ နေလေ၏။

နာရီဝက်ခန့်ကြာအောင် ကြိုးစားသော်လည်း အချည်းနှီးဖြစ်ရလေ၏။ ၎င်းတို့အား မည်သည့်အချိန်တွင် လာရောက်၍ သတ်ကြမည်နည်း။ ရန်ကုန်မြို့ကြီးတွင် ညသန်းခေါင်အထိ လူသွား လူလာ မစဲသဖြင့် မိမိတို့အား သန်းခေါင်ကျော်မှ သေတ္တာထဲထည့်ပြီး ရေတွင်ပစ်လေမည်လား။ ဃခုအခါ၌ ပုလိပ်ပတ်တယောင် ခရာတုတ်သံ ကြားလျှင် ဘယ်လောက်ဟန်ကျမလဲဟု အမျိုးမျိုး တွေးတောနေလေ၏။ တစ်ဖန် မိမိတို့ နစ်နာဆုံးရှုံးပုံကို စဉ်းစားမိသောအခါ မိမိတို့ အမွေဆိုင် ပစ္စည်းကို မခံစားရသည့် အတူတူ သေရသည်က မြတ်သေးသည်။ လူယုတ်မာ သားအဖကို တစ်တစ် ခွခွကြီး နာကြည်းအောင် ဆိုခဲ့မည် စသည်ဖြင့် ဒေါသမာန်ပွား၍ နေမိပြန်လေ၏။ အစ်ကိုကြီးများ၏ သားသမီးများ ဆင်းရဲကြမည့် ဘေးကို တွေးမိသောအခါ "ဟယ်… သေသွားလျှင် ငါ့လို စွမ်စွမ်းတမံ ဘယ်သူ

ကြံနိုင်ဦးမှာလဲ ငါမသေဘူး၊ ငါကြိုးစားမယ်” ဟု ပေါင်ကြွက်သား၊ ဝမ်းဗိုက်ကြွက်သားတို့ကို အစွမ်းကုန် ထုတ်ချည် လျှော့ချည် ပြုလုပ်ကြိုးစားနေလေ၏။

# အခန်း (၇)

မောင်မျိုးညွန့်သည် ပေါင်ကြွက်သား ပိန်ချည်ဖောင်းချည်၊ ခြေနှစ်ဖက် တစ်ဖက်စီ နိမ့်ချည်ကြွချည်နှင့် မနားမနေ ကြိုးစားရာ ကြိုးကွင်းများ ချောင်၍ ဒူးနှစ်လုံး လွတ်လပ်ခွင့် ရလေ၏။ သို့ရာတွင် ခြေဖျားနှစ်ဖက်ကား ပူးမြဲ ပူး၍ နေလေသည်။ မျိုးညွန့်သည် ဒူးနှစ်လုံး ဖြံနိုင် စေ့နိုင်သော အခါ ကိုန ရှိရာသို့ ကိုယ်ကို ချိန်ပစ်လေ၏။ တစ်ယောက်နှင့်တစ်ယောက် ထိပြီးမှ ကိုယ်ချင်းခွဲခွာရေး ဖြစ်၍ သွားပြန်လေ၏။ လေးငါးဆယ်ကြိမ် ကြိုးစားသောအခါ နောက်ဆုံးအကြိမ်၌ ကိုန၏ ပေါင်ကို ဒူးနှစ်ဖက်နှင့် ညှပ်မိလေ၏။ အလွန် ပင်ပန်းလေစွ။ ကိုနအား –

'ကိုကြီးရေ ငုံ့ပြီးကြိုးကို ကိုက်စမ်းပါ' ဟု ခိုင်းသောကြောင့် ကိုန မှာ ညီငယ်၏ ကြိုးကို ကိုက်ရန် ကြိုးစားရာ ခါးထိအောင်မျှ မငုံ့နိုင်ချေ။ တစ်ဖန် မျိုးညွန့်သည် ကိုန၏ ကိုယ်ကို ဒူးနှစ်ဖက်ဖြင့် ဘေးစောင်းညှပ် လျက် ကိုန၏ လက်ကြိုးကို ငုံ့ပြီး ကိုက်လေ၏။ မေးရိုး သန်မာသည် တစ်ကြောင်း၊ သေရေးကို အလွတ်ရုန်းနေရသည် တစ်ကြောင်းကြောင့် ၁၅ မိနစ်ခန့် ကြာလျှင် ကြိုးပြတ်သွားလေ၏။

ကုန်သည်လမ်း ဦးအင်း၏ တိုက်တွင်ကား သားအဖသုံးဦး ကျေနပ် ပြုံးရွှင်သော အမူအရာဖြင့် ခေါင်းချင်းရိုက်၍ နေကြလေ၏။ ဦးအင်းသည် ဆေးပြင်းလိပ်ကြီးကို ပြာခါချရင်း ပြုံးကြောင်သော မျက်လုံးဖြင့် –

မှောင်နှင့် မည်းမည်းတွင် တိုက်နံရံများကို လျှောက်၍ စမ်းကြလေ၏။ ဓာတ်မီးခလုတ်တစ်ခုကို တွေ့၍ ဖိနှိပ်လိုက်ရာ ချက်ခနဲ မြည်သော်လည်း မီးမလင်းသဖြင့် အလင်းအတွက် လက်လျှော့ကာ ပြတင်းတံခါးများကို စမ်းသပ်ကြလေ၏။ ပြတင်းတံခါးများလည်း သံတိုင်အပြည့် ဖြစ်နေသဖြင့် မူလတံခါးမကြီးဆီသို့ သွားကြပြန်လေ၏။ တံခါးမကြီးမှာလည်း မိမိတို့ ထင်တိုင်း မပေါက်သဖြင့် မိမိတို့မှာ ကြိုးတုပ်နှောင်ခြင်းမှ လွတ်မြောက်သော်လည်း ရန်သူ့လက်က လွတ်မြောက်ရန် ခဲယဉ်းလျက် ရှိသည်ကို တွေ့ရလေ၏။ အချိန်ကား အတော်ဆိတ်ငြိမ်လျက် တစ်ခါတစ်ရံ ကီလီလမ်းနှင့် ကမ်းနားလမ်းဘက်ဆီမှ မော်တော်ကားများ ပြေးလွှားသံကို ကြားရ၏။

'ဟေ့ ကိုကြီးရေ ... ဒီလိုနဲ့ မဖြစ်ဘူး၊ သူတို့ တံခါးဖွင့်ဝင်လာမှ ခုခံပြီး အလွတ် ရုန်းရလိမ့်မယ်'

'ဒါတော့ ဟုတ်တယ်၊ တို့မှာ ဘာလက်နက်မှ မရှိဘူးကွယ့်'

'အို ... ရှာတာပေါ့' ဟု အခန်းစေ့အောင် ရှာသော်လည်း ဘာမျှ မတွေ့။ ကုလားထိုင် အဟောင်းများသာ တွေ့ရသဖြင့် –

'ကိုင်း ... ဒီပြင်ဟာ မရှိရင် ကုလားထိုင်နဲ့ ရိုက်ပြီး ခုခံရမှာပဲ၊ ဒါပေမဲ့ သူတို့ ဝင်လျှင်ဝင်ချင်း တံခါးနားကပ်ပြီး နေရအောင်၊ ပြီးတော့ ကျွန်တော်တို့က မြန်မြန်ထွက်၊ တံခါးပိတ်ခဲ့တာပေါ့' ဟု ပြောရင်းဆိုရင်း ရေငတ်လာသဖြင့် ရေအိုးရေခွက်ကို ရှာကြပြန်လေ၏။

'ကိုကြီး ရေမရှာနဲ့၊ တွေ့တောင် အဆိပ်ခတ်ထားမှဖြင့်'ဟု ဆိတ်ငြိမ်စွာ နေကြလေ၏။ ထိုအခိုက် တိုက်ခန်းအပြင်ဘက်မှ ကားတစ်စီး ရပ်သံကို ကြားရလေ၏။ နှစ်ဦးသားလည်း တိုက်တံခါးမဆီသို့ ကပ်ကြလေ၏။ အပြင်ဘက်မှ ဖိနပ်သံကြားပြီးနောက် သော့ခလောက် ဖွင့်သံကို ကြားရလေ၏။ ထို့နောက် တံခါးဖွင့်သံနှင့် တစ်ပြိုင်နက် လူသုံးယောက် ရှေ့

နောက်ဝင်ကာ လက်နှိပ်ခါတ်မီးနှင့် ထိုးကြည့်စဉ် တံခါးမသည် ဂျောင်းခနဲ ပိတ်သံ၊ အပြင်တွင် ထိုးကြိတ် သတ်ပုတ်သံများကို ကြားရ၏။ ခဏ ကြာလျှင် ကားမောင်းသွားသံကိုပါ ကြားရပြန်လေ၏။

ညီအစ်ကို နှစ်ဦးကား ၅ – လမ်းမှ မြောက်ဘက်သို့ ချိုး၍ ဒါလဟို ဇီလမ်းတစ်လျှောက်သို့ မောင်းခဲ့ကြလေ၏။ ထိုကမှ ဖရေဇာလမ်း အရှေ့ ဘက်ထိပ်သို့ မောင်းပြီး စပတ်လမ်းသို့ ရောက်လျှင် မိမိတို့ တိုက်ရှေ့တွင် ကားကိုရပ်လေ၏။ ဒရဝမ်သည် မောင်မျိုးညွှန့်တို့မှန်း သိသဖြင့် တံခါး ဖွင့်ပေးရာ ကားကို သတိရပြန်သဖြင့် ကုလားအား –

'ခဏ နေဦး၊ ခု ပြန်ခဲ့မယ်' ဟု ကားကို ကုန်သည်လမ်း တိုက်ရှေ့ အထိ မောင်းနှင်ရပ်၍ ထားခဲ့ပြီးလျှင် ခပ်သုတ်သုတ် ခြေကျင်လျှောက် ခဲ့ကြလေ၏။ တိုက်အတွင်းသို့ ဝင်မိလျှင် –

'ဘယ်သူများလဲ၊ မောင်မျိုးညွှန့်တို့လား' ဟု မေးမြန်းလိုက်သော ဦးအင်း၏အသံကို ကြားရ၏။

'ဟုတ်တယ်၊ ကျွန်တော်တို့ပဲ' ဟု ပြောလိုက်လေ၏။

'မိုးချုပ်လှပါကလား၊ ဘယ်သွားနေကြတာလဲ'

'ကျွန်တော်တို့ ရုပ်ရှင်ညပွဲ ကြည့်ပြီးတော့ အကြော်ဆိုင်မှာ အကြော် စားနေကြလို့'

'ညနေပွဲ ကြည့်ကြပါလားကွယ်၊ အချိန်မတော် လည်ပတ်လို့ အိပ် ပျက်နေမှဖြင့်' ဟု လူကြီးဟန်အတိုင်း ဆုံးမလေ၏။

မျိုးညွှန့်တို့လည်း စကားပြန်မပြောဘဲ အိပ်ခန်းသို့ ဝင်ကြရာ ဦးအင်း တိုက်မှ ထွက်ခွာသွားသံကို ကြားရသဖြင့်၊ မိခင်ဆီ သွား၍ –

'မေမေ့ ငနဲကြီး ဘာလို့ ပြန်သွားတာလဲ'

'မနက်စောစော လူလွှတ်ခိုင်းစရာ ကိစ္စတစ်ခု ရှိလို့တဲ့'

'ဪ... ဪ' ဟု မိမိတို့ အဖြစ်အပျက်ကို ပြောမည်လုပ်ပြီးမှ

စိတ်မကောင်းမည် စိုးသဖြင့် ဘာမျှမပြောဘဲ အိပ်ရာသို့ ပြန်ခဲ့လေ၏။ ကိုနကား မောပန်းလှသဖြင့် ကျကျနန အိပ်ပျော်၍ နေလေ၏။ မျိုးညွန့်ကား အိပ်မပျော်ချေ။ မိမိသည် မိခင်ကြီးနှင့်အတူ နေရလျှင် ဘေးဒုက္ခများတော့မည်။ အကယ်၍ အတူမနေက မိခင်ကြီးသည် မိမိအတွက် လွမ်းနာကျတော့မည်။ မိမိကိုယ်တိုင်ကလည်း ဝမ်း၊ ခါးအတွက် အခက်ကြုံမည်ကြောင့် ချီတုံချတုံ ဖြစ်၍နေလေ၏။ သို့စဉ်မျှ ကိုယ်ရေးကိုယ်တာအတွက် အရေးကြီးစွာ စဉ်းစားနေဆဲတွင် ခင်စောဦး၏ အသနားခံသော မျက်နှာကလေးသည် ပေါ်ပေါက်၍ လာလေ၏။

"ဩော်... အစော အစော၊ မတွေ့ရတာလည်း အတော်ကလေးကြာသွားပြီ၊ ငါ့ကို တလွဲထင်ရှာလေမလား၊ ငါ့အတွက်နဲ့ မစားနိုင် မသောက်နိုင် တမှိုင်မှိုင် နေရှာလေမလား၊ ငါမှားတယ်၊ ငါ စမိတယ်၊ ကိုယ်ရေး ကိုယ်တွက်တာ ဆောင်ရွက်စရာကိစ္စတွေ အများကြီး ရှိပါလျက် အချစ်ဇာတ်လမ်းကို ခင်းမိတယ်၊ ငါ့မှာလည်း နေရာတိုင်း စိတ်မဖြောင့်၊ တစ်ဖက်ခမျာမှာလည်း စိတ်ဆင်းရဲရနဲ့၊ ခုအခြေအနေမှာ သူနဲ့ တင့်တောင့်တင့်တယ် မနေနိုင်၊ ငါကြံတဲ့ အလုပ်ကလည်း သေမြေကြီး ရှင်ရွှေထီးဆိုသလို လုပ်ကိုင်နေရတာ၊ တကယ်လို့များ ငါသေသွားရင် အစောကလေး သာလို့ ဒုက္ခရောက်ရှာတော့မယ်" ဟု မိမိတွေ့ကြုံခဲ့ရသော ဘေးဒုက္ခကိုမှ သတိမရနိုင်ဘဲ ပူဆွေးနေမိလေ၏။ လေသာပြတင်းမှ ပင်လယ်လေညင်းကို ဆောင်ယူခဲ့သော လေနတ်သားသည် အပူပွားသူ၏ ဘဝင်ကို ဆွတ်ဖျန်းသော်လည်း အလွမ်းဘက် နယ်ကျယ်လျက် ရှိရလေ၏။ လဆုတ် ၁၀ ရက်တွင် ထွက်ပြူသော တစ်ခြမ်း မရှိတရှိ လမင်းသည် တိမ်တိုက်အတွင်းမှ ငုပ်ချည် ပေါ်ချည်နှင့် ဖြစ်ပျက်နေလေရာ ထိုညဥ့်သည် မောင်မျိုးညွန့်၏ စိတ်ကို အထိခိုက်ဆုံး ဖြစ်၍နေလေ၏။ သို့နှင့် မိမိစိတ်ကို ချုပ်နိုင်သလောက် ချုပ်တည်းကာ ဝတ်ပြုနေကျ ဘုရားပုထိုး

ရှိခိုးပူဇော်ပြီးလျှင် သုံးစပ်လွှာစောင်ချောကို ဆွဲခြုံလျက် မျက်စိအတင်း မှိတ်ကာ တစ်နာရီခန့်ကြာမှ အိပ်ပျော်သွားလေသတည်း။

ပထွေးနှင့် မယားပါသားတို့သည်ကား အကြီးအကျယ် ရန်သူဖြစ်ကြလေပြီ။ ဦးအင်းတို့ သားအဖသည် မျိုးညွန့်က ၎င်းတို့အား ရန်ရှာ၍ အနှောင့်အယှက်ပေးသော်လည်း ပုလိပ်ဌာနသို့ တိုင်တန်းခြင်း၊ ရုံးတင် တရားစွဲဆိုခြင်း မရှိခဲ့သည်မှာ သက်သေ အထောက်အထား မခိုင်လုံသည် တစ်ကြောင်း၊ အကယ်၍ မိမိတို့က မျိုးညွန့်အား သတ်ဖြတ်ဖျောက်ဖျက် မိသောအခါ မျိုးညွန့်သည် မိမိတို့နှင့် ရန်ငြိုးရှိကြောင်း အစိုးရဘက်က ရိပ်မိမည် တစ်ကြောင်းကြောင့် ဖြစ်လေ၏။ မျိုးညွန့်မှာလည်း ဦးအင်း တို့ သားအဖ ကြံစည်သည်ကို ပုလိပ်ဌာနသို့ တိုင်တန်းလျှင် မိမိနှင့် ရန်ငြိုးရှိကြောင်း ဝန်ခံသကဲ့သို့ ဖြစ်မည် စိုးသောကြောင့် ကျိတ်၍ ခံနေခဲ့ခြင်း ဖြစ်လေ၏။ မည်သူက ဉာဏ်သာ၍ မည်သူက ညံ့ဖျင်းကာ ပျက်စီးမည်ကိုသာ စောင့်စားကြည့်ရှုရန် လိုပေတော့သည်။

ဤနေ့ကား မျိုးညွန့်သည် ခင်စောဦးကို သတိအရဆုံးနေ့ ဖြစ်သဖြင့် ခါတိုင်း သွားနေကျကဲ့သို့ ရိုစီ၏ အဝတ်အစားများကို ဝတ်ဆင်ကာ ၂၉ လမ်းသို့ တူးဆီတာကားကလေးနှင့် ထွက်ခဲ့လေ၏။ ၂၉ လမ်းသို့ရောက် လျှင် လျင်မြန်သော ခြေလှမ်းဖြင့် တက်ရောက်သွားရာ ပူပုံဆံထုံးနှင့် စာကြည့်နေသော ခင်စောဦးကိုလည်းကောင်း၊ အဒေါ်နှင့် စကားပြောနေ သော မစောနန်းကိုလည်းကောင်း တွေ့ရလေ၏။ မစောနန်းနှင့် အဒေါ် ဖြစ်သူတို့မှာ အင်္ဂလိပ်စကား နားမလည်သဖြင့် ခင်စောဦးက အင်္ဂလိပ် ဘာသာနှင့် –

'ဘယ်ကများ မျက်စိလည်လာသလဲ၊ အိပ်မက်များ မက်လာသလား။ လာ… လာ… အခန်းထဲ သွားစို့' ဟု ထ၍ ဆွဲခေါ်ကာ နှစ်ဦးသား ဝင်ရောက်သွားကြလေ၏။ ရိုစီမှာ ခင်စောဦးထက် အရပ်တစ်ထွာခန့်

မြင့်၍ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းရာ ဘိုကပြားများသည် မြန်မာမိန်းကလေးများထက် သန်မာထွားကျိုင်းကြောင်း၊ သူတို့နှစ်ဦး အထူးခင်မင်ကြပုံ အကြောင်းကို ပြောဆိုကျန်ရစ်ကြလေ၏။ နှစ်ဦးစလုံး၏ အချစ်ဇာတ်လမ်း ခင်းကျင်းပုံမှာ အလွန်သေသပ် ပိပြားလှသဖြင့် ယနေ့အထိ အနည်းငယ်မျှ ရိပ်မိခြင်း မရှိချေ။ အခြား အနီးအနား တိုက်ရှင်များနှင့် အစေခံ၊ ဒရဝမ်၊ ကားဒရိုင်ဘာ စသည်တို့မှာလည်း ရိုစီအား မိန်းကလေး အစစ်ဟုပင် အသိအမှတ် ပြု၍ ထားကြလေ၏။ ခင်စောဦးမှာလည်း မကြာခဏ ချီးမွမ်း ပြောဆိုလေ့ရှိ၍ တစ်ခါတစ်ရံ အတွင်းဝန်ရုံးက ရုံးဝန်ထောက်တစ်ယောက်နှင့် လက်ထပ်မည့်အကြောင်း ယုတ္တိနှင့် ပြောဆိုထားဖူးလေ၏။

အခန်းထဲရှိ ချစ်သူနှစ်ဦးတို့ကား ခုတင်တစ်လုံးပေါ်တွင် တစ်ဦးလည်ပင်း တစ်ဦးဖက်လျက် ကွဲကွာသမျှ အတိုးချကာ ပျော်မြူး၍ နေကြလေ၏။ ပိုးမဖလာပြောင်တွင် ပိုးပွပန်းထိုးထားသော လုံကွင်း၊ ဝိုင်သားအင်္ကျီ၊ စိန်နားကပ်၊ စိန်လက်ကောက်တို့ဖြင့် တန်ဆာဆင်ထားသော ခင်စောဦး၏ ပုံသဏ္ဍာန်သည် မျိုးညွန့်၏ မျက်လုံးအိမ်အတွင်းက မထွက်တော့ချေ။ သေးသွယ်သော မျက်ခုံး၊ မျက်တောင်ကော့၊ ကြည်လင်တောက်ပသော မျက်လုံး၊ အကြောစိမ်းကလေးများ ပေါ်နေသော လည်တံဖြင့် မျိုးညွန့်အား တစိမ့်စိမ့် ကြည့်ရှုနေရာ –

'တယ်လည်း ကြည့်ပါကလား အစောရဲ့၊ ကနေ့ ဘာများ ဖြစ်နေပါလိမ့်၊ ဒါဟာ အစောရဲ့ လူအစစ်ပါ၊ သူများ မဟုတ်ပါဘူး၊ ဟန်ဆောင်လာတယ်လို့များ ထင်ပါသလား'

'အမယ်လေး (ကျောကို အသာထုလျက်) ဒါကြောင့် မဟုတ်ပါဘူး၊ ကိုကို နည်းနည်း ပိန်တယ်ထင်လို့ပါ'

ဤနေရာမျိုး၌ မျိုးညွန့်သည် အစောစိတ်ကြောင့် အစောကိုလွမ်းလို့ လွမ်းနာကျပြီး မစားနိုင် မသောက်နိုင်နဲ့ ဒီလိုဖြစ်နေတာပါဟု ပြောလျှင်

လည်း ယုံကြည်မည် ဖြစ်ပေ၏။ သို့သော် မျိုးညွန့်သည် ချစ်သူပင်ဖြစ်စေ ကာမူ မာယာအလိမ် မသုံးလိုသဖြင့် –

'ပိန်ဆို အစော၊ ကိုကို့အကြံကို တအားစိုက် ကြံနေရတော့ ဒုက္ခက အများသား။ ဒါကြောင့် ပိန်နေတာပဲ၊ ဒီအထဲ တစ်ချက်တစ်ချက် အစောကို သတိရ လွမ်းဆွတ်တဲ့စိတ်က ပေါ်လာပြန်တော့ သာပြီး ချုံးချုံးသွားတာပဲ၊ ဒါပေမဲ့ ကိုကိုပိန်တာဟာ အစောလွမ်းလို့တော့ မဟုတ်ပါဘူး' ဟု ပြောရာ၊ ခင်စောဦးစိတ်၌ မျိုးညွန့်သည် မိမိအား လွမ်းဆွတ်စိတ် ဒုက္ခများ၍ ပိန်နေဟန် တူသည်။ သို့ရာတွင် မိမိကြောင့် သူစိတ်ဒုက္ခ ရောက်၍ လူချုံးသည်ဆိုကာ မိမိမှာ သာ၍ စိတ်မကောင်း ဖြစ်မည်ကို စိုးရိမ်သောကြောင့် လီးလွှဲပြောဆိုရာသည်။ အချစ်ဆိုတာ ဒါမှ တကယ့်အချစ်၊ အချို့ ယောက်ျားကလေးများမှာ သူတို့ဘာသာ တော်ရာ အလေလိုက်၊ အိပ်ပျက်၊ မျက်တွင်းကျတာတောင် ချက်ချင်း တွေ့ဆုံနေတဲ့ ရည်းစားကြောင့်လိုလို ညာကြသေးတယ်ဟု အချစ်မဲတင်းသော စိတ်ဖြင့် မျိုးညွန့်၏ ပြောဆိုချက်ကို မိမိဘက်သို့ ဆွဲကာ ဆုံးဖြတ်ချက် ချလိုက်လေ၏။ ကရုဏာသံဖြင့် –

'အစောအတွက်များတော့ စိတ်ကို မညှဉ်းပါလေနဲ့ ကိုကိုရယ်။ အစော သိတတ်ပါတယ်၊ စိတ်ချပါ'

မျိုးညွန့်သည် စကားပြန်မပြောဘဲ ခင်စောဦး၏ မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်ရှုနေလေရာ –

'ဘာလဲ ကိုကိုရ၊ ကြည့်လှချေလား' ဟု နှာခေါင်းကို ဆွဲလိမ်လျက်–

'နေဦး... နေဦး... ကိုကို' ဟု သမင်မကလေးကဲ့သို့ အဝတ်ဗီရိုဆီသို့ အပြေးကလေး သွားရောက်ပြီးလျှင် အဝတ်များကို ပွေ့ပိုက်ယူငင်လာရာ၊ မျိုးညွန့်မှာ အံ့အားသင့်၍ 'ဘာတွေလဲ' ဟု မေးလေ၏။

'ကိုကို့ကို ချစ်လာရတာ ဘယ်လောက်ကြာပြီလဲ၊ ယောက်ျား အဝတ်အစားနဲ့ တစ်ခါမှ မတွေ့ရဘူး၊ ဓာတ်ပုံကြည့်ရပေမယ့် အားမရဘူး၊

ဒါကြောင့် ကိုကို ဒီတစ်ခါလာရင် ယောကျ်ားအဝတ်အစားနဲ့ ကြည့်ချင်တာနဲ့ အစော ဝယ်ထားတာ' ဟု ဘန်ကောက်လုံချည်၊ ရှပ်အင်္ကျီ၊ သက္ကလတ် တိုက်ပုံအင်္ကျီတို့ကို ကိုင်၍ ပြလေ၏။ တစ်ဖန် တံခါးဆီသို့ သွား၍ မမစောများ အမှတ်တမဲ့ ဝင်လာမှဖြင့်ဟု တံခါးမင်းတုပ်ကို ထိုးပြီး ပြန်လာကာ –

'ကိုင်းပါ ဒီဂါဝန်ကြီးကို ချွတ်စမ်းပါ၊ ခေါင်းက ဘော့ဟဲရား အတုကြီး ခွာပစ်လိုက်စမ်းပါ' ဟု အတင်း တွယ်ကပ်ခိုင်း၍ နေသောကြောင့် မျိုးညွန့်မှာ ချစ်သူ၏ အလိုကို လိုက်လျောကာ ဂါဝန် အဝတ်အစားကို ချွတ်လိုက်ရလေ၏။

အထဲခံ ကိုယ်ကျပ်စွပ်ကျယ်၊ ဘောင်းဘီတိုနှင့် ရပ်၍နေသော မျိုးညွန့်၏ ကိုယ်လုံး ကိုယ်ပေါက်သည် သာမန်ယောကျ်ားများထက် ထွားကျိုင်း၍ ရင်သားတို့မှာ မိန်းမပျိုများ အရှုံးပေးလောက်အောင် ဖြစ်၍ နေလေ၏။ လက်မောင်းအိုးကြီးမှာလည်း အားရပါးရ တုတ်ခိုင်ခိုင်ကြီး ဖြစ်နေသဖြင့် –

'အမယ်လေး နည်းတဲ့ဟာကြီး မဟုတ်ဘူး' ဟု အရင်းမရှိ အဖျားမရှိ ပြောလိုက်ရာ မျိုးညွန့်သည် ရှက်သလိုလို ဖြစ်သွားပြီးမှ 'အကြံဉာဏ်နဲ့ လူငယ်တစ်ယောက်ဟာ ပထမ ကာယဗလနဲ့ ကျန်းမာရေး အလိုဆုံးမို့ ကိုကိုဟာ ဆေးလိပ်မသောက်၊ အရက်မသောက်၊ အပျော်အပါး မလိုက်စားဘဲ လမ်းလျှောက်၊ ကွင်းဘားကစား၊ အလေးမနဲ့ လေ့ကျင့်လာတာ ငါးနှစ်လောက်ရှိခဲ့ပြီ။ ကိုကိုရဲ့ အားအင်ကို ပထမ ထုတ်နုတ်လိုက်ရတာ'

'ကြည့်စမ်း ကြည့်စမ်း၊ သူဘာတွေ ပြောမလို့လဲ၊ ရှက်စရာကြီး … တော်ပါ' ဟု ပါးစပ်ကို လိုက်၍ ပိတ်လေ၏။

တစ်ဖန် မျိုးညွန့်၏ လက်မောင်းအိုးကို နူးညံ့သော လက်ကလေး နှစ်ဖက်ဖြင့် ပတ်ကြည့်ရာ မပတ်မိဘဲ လက်တစ်ဝါးခန့် ဟာနေသဖြင့် –

'ဒီလက်မောင်းကြီးက နည်းတာမှ မဟုတ်ဘဲ' ဟု ပြောဆိုကာ လက်ကို ပြန်သိမ်းမည်အလုပ် မျိုးညွန့်သည် လက်ကလေးကို ချိုင်းတွင်း ညှပ်၍ ထားလိုက်ရာ ရုန်းကန်၍ မရဘဲ နေလေ၏။

'ကိုင်း... ရုန်းလေ၊ အစောရုန်းရရင် တစ်ခါ' ဟု ပြောရာ ကျန်တစ်ဖက်ဖြင့် ရင်ဘတ်ကို တွန်းလျက် 'အို ရက်စရာကြီး၊ သူဖြင့် လူကြီးက မခုတ်တတ်ဘဲ ကြောင်လို့နဲ့။ လွှတ်ပါ၊ လက်နာလှပါပြီ' ဟု ဆိုမှ လွှတ်လိုက်လေ၏။

'ကိုင်း... အစော၊ ဟောဒီ တန်းထားတဲ့ ဘယ်လက်ကို ခိုစီးကြည့်၊ လက် အောက်မကျစေရဘူး' ဟု ပြောရာ၊ ခင်စောဦးသည် မျိုးညွန့်၏ လက်မောင်းကို ခိုစီး၍ နေလေ၏။ ထိုနောက် လက်ကိုလွှတ်၍ အဝတ် များကို ကိုင်ပြီးလျှင် မျိုးညွန့်အား အဝတ်ခိုင်းလေ၏။ ခဏအတွင်း မျိုးညွန့်သည် ဘန်ကောက်လုံချည်၊ သက္ကလတ်အင်္ကျီ၊ စတစ်ကော်လာရင် နှင့် ဖြစ်၍ နေလေ၏။

'တစ်ခု လိုနေသေးတယ် အစောရဲ့'

'ဖိနပ်လား၊ အစော သတိရတယ်၊ ဖိနပ်က အသိမ်းခက်လို့၊ ဒါပေမဲ့ အခုလိုဆိုရင်လည်း ကြည့်ကောင်းပါတယ်'

'ဟော တစ်ခုလိုပြန်ပြီ' ဟု ခေါင်းကို ကိုင်လိုက်ရာ –

'အံမာ ဒါတော့မမေ့ဘူး' ဟု ကော့စမစ်တစ်ဘူးကို သွား၍ ယူလေ ၏။ မျိုးညွန့်သည် ခေါင်းကို ဆံသဖယောင်းနှင့် ပွတ်လိမ်းလျက် ခင်စောဦး ခေါင်းက ဘီးကိုယူပြီးလျှင် ကျကျနန ခွဲလေ၏။ ခင်စောဦးလည်း မျိုးညွန့် နှင့်အတူ ကိုယ်လုံးပေါ်မှန်ကြီးဘေးတွင် ရပ်လျက်ရှိရာ –

'ကိုကိုက ခုလိုပြင်လိုက်တော့ အားကြီးလှတယ်နော်' ဟု မှန်ထဲက မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ခင်စောဦးက ပြောလိုက်လေရာ –

'ဒါကြောင့် အစောနဲ့ ရှေ့သွားနောက်လိုက် ညီတာပေါ့' ဟု

ခင်စောဦး၏ သေးသွယ်သော လက်တံကလေးကို သိမ်းကျုံးဖက်ယူလိုက်လေ၏။ ခင်စောဦးမှာ ရုန်းကန်ခြင်းမပြုဘဲ လက်မောင်းအတွင်းမှ မှန်ထဲက အရိပ်ကို ကြည့်လိုက်၊ မျိုးညွန့်၏ မျက်နှာကို ကြည့်လိုက်ဖြင့် ပီတိကျ၍ နေလေ၏။

'ကဲပါ ကိုကိုရဲ့၊ စားပွဲမှာ ထိုင်ကြပါဦးစို့' ဟု စားပွဲဆီသို့ ခေါ်သွားပြီးလျှင် ဆိုဖာကြီးပေါ်တွင် ယှဉ်၍ ထိုင်လိုက်ကြပြန်လေ၏။

'သြော်... သြော် အေးအေးချမ်းချမ်းနဲ့ တစ်ခါတည်း ခုလိုသာ နေလိုက်ချင်တော့တာပဲ အစောရယ်' ဟု ညည်းညည်းညူညူ ပြောလိုက်ရာ ခင်စောဦးမှာ မျိုးညွန့်၏ မျက်နှာကို တွေဝေငေးမောကာ ကြည့်ရှုနေ၏။

မောင်မျိုးညွန့်သည် ခင်စောဦး မျက်နှာညှိုးသွားမှန်း သိသဖြင့် –

'အစော... အစော... ထ စမ်းပါဦး၊ စန္ဒရား တီးရအောင်ကွယ်' ဟု ချော့မော့ကာ နှစ်ဦးသား စန္ဒရားခုံဆီသို့ ထ ၍ သွားကြလေ၏။

# အခန်း (၈)

မောင်မျိုးညွန့်သည် အင်္ဂလိပ် သီချင်းတစ်ပုဒ်ကို တီးပြပြီးနောက် –

'ဘယ်သူဘာပြောပြော ကိုယ့်ဘာသာမှ ကိုယ်အားရတာပဲ၊ ကိုကို မြန်မာသီချင်း တီးလိုက်ရရင် သူတို့ အထင်လွဲသွားကြလေမလား မသိ'

'မလွဲပါဘူး၊ ဒီအရင်က ကိုကို စန္ဒရားနိပ်နိပ်သွားတော့ သူ မတီး ချင်လို့ သူမတီးတာ၊ မြန်မာသီချင်းကြီးတွေ အတော်ရတယ်လို့ အစော က ပြောဖူးတယ်၊ ဒါပေမဲ့ အစောကိုယ်တိုင်က လိပ်ပြာမလုံလို့ ကိုကို့ ကို အတီးမခိုင်းတာပါ၊ အသာတိုးတိုးဆိုပြီး တီးစမ်းပါ ကိုကိုရဲ့'

'ဂန္ဓာမာတောင် … လိုဏ်ချောင်ဘုံနန်း … ဂူငယ်တွင်'

'အံမာ ကိုကိုက မြန်မာသီချင်းဆိုတော့လည်း အားကြီး အသံ ကောင်းပါကလား'

'ဒါကြောင့် မယားတစ်ယောက်ကိုတော့ စန္ဒရားတီး သီချင်းဆိုပြီး ကျွေးနိုင်ပါတယ်လို့ အစောရဲ့' ဟု ရှမ်းစုဘူတာ မျက်မမြင် ဦးဆိုး ပတ္တလား စမ်းသကဲ့သို့ စန္ဒရားကို ဆက်လက်တီးနေလေရာ၊ ခင်စောဦး မှာ ပြုံးပြုံးကလေး နားထောင်၍ နေလေ၏။

'ဂန္ဓာမာတောင်… လိုဏ်ချောင်ဘုံနန်း… ဂူငယ်တွင်… ဟောဒီ သီချင်းဟာ ရေးက လူပျိုလှည့်တဲ့ သီချင်းပေါ့ အစောရဲ့'

'သူဖြင့် ပြောပြန်ပြီ၊ ကြံကြံဖန်ဖန်'

'ဟုတ်ပါတယ်ဆို၊ မိဘမောင်ဖွား အစောင့်အရှောက်များတဲ့ မိန်းကလေးတစ်ဦးကို လူပျိုက ပေးတဲ့စာ အစစ်ပေါ့' ဟု စန္ဒရားကို ဆက်၍ တောရာ ခင်စောဦးသည် မောင်မျိုးညွန့်၏ လက်ကိုဆွဲထားရင်း 'ကိုင်း... ကိုင်း... ဘယ်လို သမီးရည်းစား သီချင်းလဲ၊ ရှင်းပြပါဦး' ဟု ပူဆာသဖြင့် –

'ပန်းရနံ့သင်းတဲ့ တောင်ကို ဂန္ဓာမာတောင်လို့ ခေါ်တယ် ခင်ရဲ့၊ အဲသည်တောင်မှာ လိုဏ်ဂူတစ်ခုရှိလေတော့ "ဂန္ဓာမာတောင် လိုဏ်ချောင် ဘုံနန်း ဂူငယ်တွင်" ဒီလိုဆိုတာကိုး၊ ဒါ ဘာဖြစ်သလဲ၊ "မွှေးတကြူကြူ မဥ္ဇူတည့် နတ်ပန်းပင်"' မောင်မျိုးညွန့်သည် သီချင်းကို အသံနေအသံထားနှင့် ဆိုကာ စန္ဒရားကိုလည်း သီချင်းအလိုက် တီးပြီးနောက် 'အဲသည်ဂူမှာ မဥ္ဇူသကဆိုတဲ့ နတ်ပန်းပင် ရှိသတဲ့ အစောရဲ့၊ သာမညပန်း မဟုတ်ဘူးနော်၊ ရနံ့ကလည်း အလွန်မွှေးကြူ ပျံ့သင်းပြီး ရနံ့လှိုင်ကာ တကြိုင်ကြိုင်နဲ့ နေသတဲ့...။

'ဆွတ်ချူယူငင် ပန်ဆင်လေ ပန်ဆင်လေ ... စိတ်ကယ်ကကူး။

'ဟော... အဲဒီပန်းကို ပန်ချင်တဲ့သူ ပေါ်လာပြီ၊ အနို့ ဒီပန်းကို ပန်ချင်ရင် အလွယ်တကူနဲ့ ရနိုင်သတဲ့လား၊ "ယက္ခငယ်လေ ဘီလူး နတ်မှူးငယ် ဂူမှာဏ်မချူသာနိုင်ဘဲ နေမြဲစောင့်ကာရံ" မရနိုင်ဘူးတဲ့ အစောရဲ့၊ အဲသည် ပန်းပင်ကို ဘီးလူးဂူမှာဏ်တို့ ဝိုင်းရံစောင့်ကြပ်နေသတဲ့၊ ဒီတော့ မနည်း ညည်းတွားပြီး "မချူသာ ပြန်ယူရန် ကြံရေး ခက်လှသလေး၊ တမျှော်မျှော် ညှိုးရော်ခွေရိ နွမ်းပါဘိလေး..."

'ကိုင်း... အဓိပ္ပာယ် မရှင်းလား၊ ဒီပန်းကို ဘီလူးဂူမှာဏ်တို့ စောင့်ကြပ်နေလို့ မချူသာဘူးတဲ့၊ ယူဖို့ရာ ခက်လှတယ်ဆိုပြီး ပန်းပင်ကိုသာ

တမျှော်မျှော်နဲ့ ကြည့်ရှုညိုးရော် ခွေနွမ်း လူပင်ပန်းနေပါပြီ တဲ့၊ ပန်းကလည်း...။

"မဋ္ဌူယယ် နတ်ပန်း၊ ဝေဘူငယ်လျှံ၊ နန်းပေါ်ငယ်မှ ဆံကေသာ ဖြန့် ပါလို့... သည်ပန်းမ ပန်းမ မြမဋ္ဌူ..."

မောင်မျိုးညွန့်သည် သီချင်းသားတစ်ပိုဒ်၊ တီးကွက်တစ်ပိုဒ်လိုက်ကာ အဓိပ္ပာယ်နှင့်တကွ ခင်စောဦးနားလည်အောင် ရှင်းပြပြီးနောက် –

'ကိုကို အစောကြဲတုန်းကလည်း ဒီလိုပဲနော်၊ ခက်လိုက်တာ၊ နည်းနည်းကလေးမှ မလစ်ဘူး၊ မနည်း ကြံဖန်ကြိုးစားရတယ်၊ ကြိုးစားမှာပေါ့၊ ပန်းကလေးက အလွန်မွှေးတာကိုး' ဟု 'မှန်း ... မှန်း ... နတ်ပန်းစစ်ကဲ့လား' ဟု ကျီစယ်လိုက်ရာ –

'ကြည့်စမ်း... ကြည့်စမ်း... မခုတ်တုံးကြီးကိုက အလွန်ဉာဏ်များတယ်' ဟု မောင်မျိုးညွန့်၏ လက်နှစ်ဖက်ကို ဆွဲကိုင်လှုပ်ခါရင်း မထိတထိ ကြည့်ရှုနေရာ –

'ကိုင်း... အစော ဘာနားထောင်ဦးမလဲ။ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား၊ ဘွဲ့ထဲက ကြိုက်တာ ... ပြော'

'ဟင်... အစောမှ မသိဘဲ... ကိုကို ကောင်းတယ်ထင်တာ တီးပါဦး' ဆိုသဖြင့် "ရှစ်စုံရွက်ကြာ" ပတ်ပျိုးတစ်ပုဒ်ကို အစအဆုံး တီးပြပြီးနောက် –

'ဒါဟာ အနောက်နန်းမမြကလေး ရေးတဲ့သီချင်း အစောရဲ့၊ ရေးကတော်တဲ့ မိန်းမများဟာ ဘယ်လောက်တော်သလဲ၊ ခုကာလ မချောတို့တော့ တွေ့ကရာ ဝတ္ထုတိုတွေဖတ်၊ အတင်းပြော၊ ရုပ်ရှင်ကြည့်နဲ့ အချိန်ကုန်ကြတာပဲ' ဟု အမျိုးသမီး စာဆိုတော်များ အတ္ထုပ္ပတ္တိကို ရေးလူဆန်ဆန် ရှင်းလင်းပြောပြနေရာ၊ ခင်စောဦးမှာ ကလေးပမာ နားထောင်၍ နေလေ၏။

'အစောရဲ့ ဘဘဘုရား ပြောဖူးတယ်၊ ရှေးက မြန်မာပြည်ဟာ မြန်မာဘုရင်နဲ့ အုပ်စိုးပြီး ရှမ်းစော်ဘွား စော်ခံများဟာလည်း မြန်မာဘုရင် လက်အောက်ခံကြတယ်ဆို၊ အဲဒီအခါတုန်းက စော်ဘွားများဟာ တစ်နှစ် တစ်ခါ လက်ဆောင်ပဏ္ဏာတော် ဆက်သရပြီး မြန်မာဘုရင်ရဲ့ အနှောင့် အယှက် ဘာတစ်ခုမျှ မခံရဘူးဆို' ဟု တီတီတာတာ မေးလေရာ–

'ဒါတွေကို မပြောချင်ဘူးကွယ်၊ ပြောရင် စိတ်မကောင်းပါဘူး၊ အခု အထက် ပူတာအိုက အောက် ထားဝယ်၊ ရှေး၊ မြိတ်၊ အနောက် ရခိုင်ကမ်းခြေအထိ မြန်မာများ ပိုင်ဆိုင်ခဲ့သေးတာပေါ့ကွယ်။ ဒါတွင် ဘယ်ကမလဲ၊ ယိုးဒယား၊ ဇင်းမယ်၊ အာသံပြည်များတောင် မြန်မာရဲ့ လက်အောက်ခံ ဖြစ်ခဲ့သေးတာပေါ့။ မြန်မာဘုရင်နဲ့ မြန်မာလူမျိုးက ဒီပြင် လူတစ်မျိုးကို လူညွန့်တုံးအောင် ညစ်ပတ်ကောက်ကျစ်လိုတဲ့စိတ် မရှိ လို့ မြန်မာ့လက်အောက်က လွတ်ထွက်သွားကြသေးတာပေါ့၊ နောက်ဆုံး ကိုကိုတို့ ပထဝီမှာ သင်ရသလို ဖြစ်ပျက်နေကြတာပေါ့'

'အစောလည်း ရာဇဝင်နဲ့ ပထဝီမှာ တွေ့သားပေါ့၊ ဘယ်လိုအုပ်ချုပ် ပြီး ဘယ်လို နေထိုင်ခဲ့ကြတယ် ဆိုတာတော့ ဘဘဘုရား ပြောမှ သိရ တယ်၊ အဲသည်အခါတုန်းက မြန်မာကဗျာ၊ မြန်မာစာ၊ မြန်မာမှုတွေဟာ အလွန် အရာရောက်တယ်လို့ ဆရာက ပြောဖူးပါရဲ့'

'အစောက ကလေးလိုကိုး၊ ရှေးက ဘယ်အခြေအနေဆိုတာ မသိခဲ့ သလို မေးနေရသေးတယ်'

'မဟုတ်ပါဘူး၊ အစော ဆိုလိုတာက အစောဟာ အထက်တန်းကျ မှ ရာဇဝင်နဲ့ တွေ့ရလို့ ရာဇဝင်တွေဟာ တင်စားထားတာလား၊ အဟုတ် ပဲ မြန်မာဘုရင် ရှိခဲ့ဖူးသလား ဆိုတာ ဒွိဟ မကွဲဘူး။ အစော ငယ်ငယ် ကလေးထဲက ခရစ်ယာန်ကျောင်းမှာ ကြီးလာတာ၊ ရာဇဝင်တွေ ဝါသနာ လည်း မပါ၊ ပြောပေးမယ့်လူလည်း မရှိဘူး။ နောက် ရာဇဝင်က ဒီလို

ဆိုတာ၊ ဒီစာအုပ်တွေ အပတ် ရေးထားတာလားလို့ ဘဘဘုရား မေးတော့မှ ဘဘဘုရားက ရာဇဝင်ဟာ အမှန်ဖြစ်တဲ့အကြောင်း၊ ဒါပေမဲ့ အစောတို့ ကြည့်ရတဲ့ ရာဇဝင်ဟာ အင်္ဂလိပ်လူမျိုး ရေးတဲ့ ရာဇဝင်မို့ အကုန်လုံး မှန်တယ်လို့ မယူဆနိုင်ကြောင်း ရှင်းလင်းပြောပြဖူးလို့ ကိုကိုရဲ့'

'အစော မန္တလေး နန်းတော်ထဲကော ရောက်ဖူးသလား'

'ဟင့်အင်း... တစ်ခါမှ မရောက်ဖူးဘူး'

'ကိုင်း... အစောကို ပြောရသေးတာပေါ့' ဟု စန္ဒရားကို တီး၍ နေလေရာ၊ အစောသည် မောင်မျိုးညွန့်လက်ကို ဆွဲပြီးလျှင် –

'အို... ပြောမယ်ဆိုပြီး ပြောပါဦး ကိုကိုရဲ့'

"ဥကင်ဘုံမြင့် သီဟာဗွေ၊ စိန်ကြောင်ရောင်လင်း သစ်မင်းတည့် ယမနေ"ဟု အသံနေ အသံထားနှင့် သီဆိုတီးလိုက်ပြီးနောက် 'ဒါဟာ မြဝတီဝန်ကြီးဦးစ ရေးတဲ့ ပလ္လင်ရှစ်ခန်း တျာဘွဲ့ အစောရဲ့။

'ဟော သီဟာသနပလ္လင်ဆို ခြင်္သေ့ရုပ်ခံပြီး ယမနေသား ထုလုပ်ထားတာ၊ ပြီးတော့ "မှန်ရဝေငယ်မှာ ကြိုင်သင်းပျံ့မွှေး၊ ဘမရာသန တောက်ပဝင်း သဝဏ်ငယ်မှာ၊ မုနောတင်လွှန်း၊ သစ်မွှန်ကရဝေးငယ်နှင့်လေး..."

'မှန်နန်းဆောင်မှာ ရှိတဲ့ ဘမရာသနပလ္လင်ဆိုတာ ပိတုန်းရုပ်ခံပြီး ကရဝေးသားကို ထုလုပ်ထားတာ။

'ကိုင်း... ကိုင်း... အစအဆုံး ဆိုပြီးမှ အဓိပ္ပာယ် ရှင်းပြမယ်၊ နားထောင်။

'ဥကင်ဘုံမြင့် သီဟာဗွေ၊ စိန်ကြောင်ရောင်လင်း သစ်မင်းတည့် ယမနေ။ ။မှန်ရဝေငယ်မှာ ကြိုင်သင်းပျံ့မွှေး၊ ဘမရာသန တောက်ပဝင်း သဝဏ်ငယ်မှာ၊ မုနောတင်လွှန်း၊ သစ်မွှန် ကရဝေးငယ်နှင့်လေး။ ဆက်စဉ်မည် ရေး ဖြဲတိုက်မှာ ဂဇာငွေသား စကားသစ်မြတ်စွာ၊ တောင်လေသာမှာ

လေတောင်ပန်း၊ သင်္ခ်ယ် သင်္ဂါလှည့် လက်ယာမြင့် ကြာတု လွှတ်ကဲ့ပါလို့ လေး။ မျက်မြွာပုလဲ ခြယ်စီကာ၊ ဇေတဝန်နန်း သက်န်းမြတ်ဟံသာ၊ ရွှေမိမိငယ်လေ မြသဖန်း၊ စမုတ်ကယ်လျှံ မော်လက်ယာတော်၊ ရှုမျှော်အံ့ မခန်းသည်နှင့်လေး။ ။ နောက်ဝေယံ နန်းဇေတဝန် ပဒုံကြာရွက် သရက်မြတ် သစ်မွှန်၊ မြောက်လေသွန်မှာလေ စမုတ်ဦးပေါက်သစ်ကယ် လျှံဝါ မယူရာ၊ ရစ်ဖြာထိန်ဝင်း မြူးသည်နှင့်လေး။ ။စံမြန်းမြူးပါလို့ ရာကျူးငယ် သက်တော်၊ ရှည်ကျော်ဖြိုးမျှလေး။ ။ဆောင်ဆောင် နန်းငယ်နှင့်လေး ... ခန်းဒီငယ် ဒီပါချုပ်ချာ စိုးရလေး'

မောင်မျိုးညွန့်သည် ပလ္လင်ရှစ်ခန်းတွင် မည်သည့်ပလ္လင် မည်သည့် အရပ်ခံ၍ မည်သည့် အသားဖြင့် ထုလုပ်သည်၊ မည်သည့် ပလ္လင်တွင် မည်သည့် ကိစ္စမျိုးကို ဆွေးနွေးသည်ဟု ရှင်းလင်း ပြောပြပြီးနောက် ဘောလယ်တစ်ပိုဒ်ကို ကောက်၍ ဆိုတီး၏။

အချိန်သည်ကား ကြာမှန်းမသိ ကြာ၍လာခဲ့ရာ၊ စန္ဒရားကို အသာ ရပ်လျက် မျိုးညွန့်သည် –

'ကိုင်း ... အစောရေ ... အချိန်ဖြင့် ကြာလှပေါ့၊ ကိုကို ပြန်လိုက်ဦး မှ ဖြစ်မယ်' ဟု ပြောဆိုရာ၊ ခင်စောဦးမှာ ညှိုးငယ်သော မျက်နှာကလေး ဖြင့် –

'ကိုကိုနဲ့အစော အချစ်ရေကြောမှာ မျောပါပြီး နေကြရပြီး ဓာတ် ကွက် မလည့်တလည် ဘယ့်နှယ်လုပ်ပြီး ဓာတ်သိမ်းရမှာလဲ၊ ခုလို တွေ့ဆုံခင်မင်ရာက ကွဲရတယ်ဆိုရင် အစော မချိလှဘူး'

'ကိုကိုလည်း ဘယ်မှာခွဲချင်ပါ့မလဲ အစောရဲ့၊ မလွှဲသာတဲ့ ကိစ္စကြီး ရှိလို့သာ နေရပါတယ်၊ တော်တော့် ကိစ္စဆိုရင် ဘာဂရုစိုက်လိမ့်မလဲ'

'ကိုကိုရဲ့ ကိစ္စဟာက အစောဉာဏ်မြင်သမျှ စဉ်းစားကြည့်တဲ့အခါ

အတော်ပဲ ခဲယဉ်းတယ်လို့ ထင်ပါတယ်၊ ဒီတော့ အစောရဲ့ ဘာဘာဘုရား နားဖောက်ပြီး လက်ထပ်ရင် မဖြစ်နိုင်ဘူးလား၊ ကိုကိုရဲ့ မိဘဂုဏ်သိန် နဲ့ ခေတ်ပညာတတ် သူဌေးသားတစ်ဦး ဆိုတာသိရင် ငြင်းကြမယ် မထင် ဘူး၊ အဲဒီအခါကျရင် အစောရဲ့ မိဘ အခြေအနေနဲ့ ကိုကို့ တစ်သက် မဆင်းရဲနိုင်ပါဘူး'

'ခက်တယ်နော်၊ အစော မသိဘူး၊ ပထွေးဦးအင်းက ဘယ်လောက် ဆိုးတယ်လို့ အစောများ သိရင် ဒီအကြံကို ပေးလိမ့်မယ်လို့ ကိုကို မထင် ဘူး။ တကယ်လို့ အစောနဲ့ ပေါင်းပြီး တစ်ကိုယ်ကောင်းကြံရင် အစ်ကို များရဲ့ သားသမီးကလေးတွေ နောင်ရေး ဘယ့်လောက်ကျပ်တည်း ကြရှာ မလဲ။ ကွယ်လွန်သူ ဘတော်ဘုရားကြီးရဲ့ လုပ်သားဟောင်းတွေကလည်း ပထွေးဆိုးရဲ့ ကျွန်ဖြစ်ပြီး သူတို့ ခိုင်းစေသမျှ ခံနေရရှာတယ်။ ကိုကို တို့ကို ငယ်ငယ်ကတည်းက အမိုက်၊ အပေ၊ အတေ သင်ကြားပြီး ကိုကို တို့ အမွေပစ္စည်း ထိန်းသိမ်းနိုင်တဲ့ ပညာ ဘာမှ သင်ကြားမပေးဘူး။ ပြီးတော့ ကိုကိုတို့ လူလားမြောက်တဲ့အခါ အငြိမ့်၊ အပျော်အပါး၊ ဂျိုကာ ဝိုင်း၊ ကက်ဝိုင်း၊ စစ်တုရင်၊ သုံးပုံ၊ အဲသည်လို အလဟဿ အချိန်ကုန်တဲ့ ဟာတွေနဲ့ သွေးဆောင်တယ်။ ကိုကိုက အပျော်အပါး မလိုက်၊ ခေါင်းမာ မှန်း သိတော့ ကိုကို့ကို မဲနေကြတယ်။ အစောကို ချစ်လွန်းလို့ အခု လာရတာ၊ အလုပ်ကတော့ မအားလှဘူး အစောရဲ့'

'အနို့ အစောတို့ ဒီလိုနဲ့ပဲ အေးကြတော့မလား ကိုကို၊ အစောကို သနားပါဦး၊ အစော ဘယ်လောက်ဆွေးမယ်၊ ဘယ်လို ဒုက္ခတွေ့မယ် ဆိုတာ ကိုကို စဉ်းစားကြည့်ပါ'

'ပြောပါပကော အစောရဲ့၊ အစောကို မချစ်လို့ မဟုတ်ပါဘူး၊ ကိုကို တို့ရဲ့ ကြီးလေးတဲ့ ကိစ္စကြောင့်ပါ၊ ဒီကိစ္စကိုလည်း သုံးနှစ်အတွင်း အထ မြောက်အောင် ကြံဆောင်မယ်လို့ ကြိုးစားလျက်ပါ၊ ကိုကိုတို့ အကြံ

အောင်တဲ့တစ်နေ့ ထည်ဝါခံ့ညားပြီး လူများ အလယ်ကောင်မှာ ခေါင်းပေါင်းစ ထောင်နိုင်ပါတော့မယ်၊ မကြာပါဘူး အစောရဲ့’

‘ကိုကို အထပ်ထပ် ပြောနေတော့ အစော အတင်း မပြောသာပါဘူး၊ နောင်ကိုသာ ကိုကို့ ကတိအတိုင်း တည်ကြည်တော်မူလိမ့်မယ်လို့ အစော ယုံပါရစေတော့’

‘ယုံပါ အစောရယ်၊ သစ္စာဆိုရဦးမှာလား၊ ကိုင်းကွယ် ... မျက်နှာမညိုးစမ်းပါနဲ့၊ ဟော့ဒီ ဇနီးကလေးမှ ...’

‘အိုး ... ဘယ်က ဇနီးလဲ၊ ကြည့်စမ်း အတင်းချည်းပဲ’ ဟု နှစ်ဦးသား အချစ်ဘူးကို နှိုက်ယူ သုံးဆောင်ကြခိုက်၊ အပြင်ဘက်မှ မစောနန်းသည် တံခါးကို ခေါက်လျက် –

‘အစော ... အစော ... ဘဘဘုရား ရောက်နေတယ်’ ဟု လှမ်း၍ ပြောလိုက်သဖြင့် ခင်စောဦးမှာ ခေါင်းနားပန်းများ ကြီး၍ သွားလေ၏။

‘ဘယ့်နှာပါလိမ့်၊ သံကြိုးမရိုက် ... စာမပေးနဲ့၊ ကိုကို အဝတ်မြန်မြန်လဲပါ၊ တံခါးဖွင့်ဖွင့်ချင်း ဘဘဘုရား လှမ်းကြည့်က မြင်သွားပါလိမ့်မယ်၊ ပုန်းနေလို့လည်း မလျော်ပါဘူး’ ဟု ပြောဆိုနေရာ –

အောက်ထပ်လှေကားမှ အစေခံများအသံ၊ အမတ်ကြီး၏ ဖိနပ်သံပါ ကြားရလေ၏။ ခင်စောဦးမှာ ‘မမရေ အခုထွက်ခဲ့မယ်’ ဟု ပြန်ပြောစဉ် မျိုးညွန့်မှာ ဂါဝန်ကို ဓာက်ထိုးပြောင်းပြန် ဝတ်မိသဖြင့် ဘောင်းဘီတိုကလေးနှင့် ရယ်စရာ ဖြစ်၍နေသည်။

‘ကိုင်း ... မဖြစ်တော့ဘူး၊ အစောရဲ့ လုံချည်ကို ဝတ်စမ်းပါ၊ အင်္ကျီလည်း အစောအင်္ကျီဆိုရင် ... ကိုင်းလေ ... ဘာပဲဖြစ်ဖြစ် မြန်မြန်ဝတ်’ ဟု ပြောပြောဆိုဆို တံခါးကို ဖွင့်မည်အလုပ်တွင် အပြင်ဘက်မှ –

‘အစောရေ ... သမီးရေ ...’ ဟူသော ဖခင်ကြီး၏ အသံကို ကြားရသဖြင့် ‘ရှင် ဘဘဘုရား၊ စာလည်းမပေး သံကြိုးမရိုက်နဲ့’ ဟု တံခါး

ဖွင့်စဉ် မျိုးညွန့်မှာ လုံချည်ဝတ်၍ကား တော်သေး၏။ ခင်စောဦး၏ အင်္ကျီကို ဝတ်ရာ၌ မျောက်ဖိုးစိန်ကဲ့သို့ တိုနန့်နန့် ဖြစ်၍နေသဖြင့် အကြံ ရ ကျပ်လျက် ဂါဝန်ဝတ်ရကောင်းမလား၊ ခုတင်ပေါ်က စောင်ကြီး ခြုံနေရကောင်းမလားဟု စဉ်းစားနေရာက၊ တစ်ဖန် အကယ်၍ မိမိ ပုန်းနေက သာ၍အခြေခက်မည် စိုးသဖြင့် အင်္ကျီဝတ်လျက် ၁၀ စက္ကန့်မျှ ငေးမိလေ၏။ ခင်စောဦးမှာလည်း တံခါးဖွင့်လျက် ဖခင်ကြီးအား ပွေ့ဖက် နှုတ်ဆက်ကာ ပါလာသော ပစ္စည်းများကို အစေခံများနှင့်အတူ နေရာ ချထားလေ၏။

ခင်စောဦးသည် အစေခံနှင့်အတူ ဖခင်ကြီး၏ ပစ္စည်းကို သိမ်းဆည်း နေရသော်လည်း မောင်မျိုးညွန့်အတွက် နောက်ဆံ တတင်းတင်းနှင့် ဖြစ်သဖြင့် အခန်းဆီသို့ မသိမသာ ကြည့်မိလေ၏။ ဖခင် အမတ်ကြီးသည် သမီး၏ အမူအရာကို အကဲခတ်ရင်း အခန်းတွင်းသို့ လှမ်း၍ ကြည့်လိုက် လေ၏။ ရှေ့ခန်းနှင့် အတွင်းခန်းမှာ တိုးလျှိုပေါက် ဖြစ်သဖြင့် မိန်းမ လုံချည်၊ ရောတဘက်ခြုံထားသော မိန်းမလျာတစ်ဦးကို မြင်ရလေ၏။ အမတ်ကြီးသည် ခင်စောဦးအား ပြုံး၍ ကြည့်ကာ –

'အစော ဟိုအခန်းထဲက ဘယ်သူလဲ'

'ဘုရား ကျွန်တော်မ မိတ်ဆွေ ရိုစီဆိုတဲ့ ကပြားမလေးပါ'

'သြော်... သြော်... ကပြားမလေးက ဘာဘကြားဖူးတဲ့ ဘော့ဟဲ ယား ဆံပင်မျိုး မဟုတ်ဘူး၊ ဘိုဆံကို ကျကျနန ခွဲလို့ပါလား' ဟု ဆိုမှ သေချာစွာ ကြည့်မိရာ၊ မောင်မျိုးညွန့်မှာ အစစအရာရာ မိန်းမနှင့်တူအောင် ဆင်ပြင်ထားသော်လည်း ဦးခေါင်းအတွက် သတိမေ့လျက် ကော့စမတစ် ဆံတိုနှင့် ဖြစ်၍ နေသည်ကို တွေ့ရလေလျှင် ခင်စောဦး၏ မျက်နှာမှာ သွေးသားမရှိသကဲ့သို့ ဖြစ်၍ သွားရာလေ၏။

အမတ်ကြီးသည် အခန်းထဲသို့ ဝင်သွားကာ မျိုးညွန့်အား –

'မင်း ဘယ်သူလဲ' ဟု မေးရာ–

'ကျွန်တော် ကျွန်မ မစ္စရိုစီပါ' ဟု အခြေပျက်၍ အမှားမှား အယွင်းယွင်း ပြောဆိုသဖြင့် ရောတဘက်ကို ဆွဲယူလိုက်ရာ၊ မျောက်ဖိုးစိန်ကဲ့သို့ ခင်စောဦး၏အင်္ကျီ ဝတ်ထားသည်ကို တွေ့ရလေ၏။ အမတ်ကြီးသည် ဒေါသဖြင့် အတင်းရိုက်ပုတ် ထိုးကြိတ် လုပ်လိမ့်မည်ဟု အောက်မေ့ရာ ဤသို့မဟုတ်၊ ကရုဏာနှင့်ဒေါသ ရောသော မျက်လုံးဖြင့် သမီးကို ကြည့်လျက် အေးဆေးစွာနှင့်ပင်–

'သမီး... သမီး... ဘဘ သမီး လိမ္မာပြီလို့ ဘဘ ယုံခဲ့တယ်၊ ခုတော့ သမီးလုပ်တာ ကောင်းရဲ့လား၊ ဘဘဟာ သမီးကို ကျောင်းအိပ်ကျောင်းစား အင်းလျားဆောင်ထားတာထက် မြို့ထဲမှာ အစောင့်အရှောက်နဲ့ ထားရတာက သာပြီး စိတ်ချရမယ် ထင်တာ မှားခဲ့ပေါ့၊ ဒါပေမဲ့ ဘဘဟာ သမီးကို အလွတ်မထားဘူး၊ ကျွန်ယုံ တစ်ယောက်ကို အမြဲ ချောင်းမြောင်းစေခဲ့တယ်၊ သူ့ဆီက အတွင်းစာ အရ သမီးဆီ ဘာမှ အကြောင်းမကြားဘဲ အမှတ်တမဲ့ လာတဲ့အခါ လာလျှင်လာချင်း တွေ့ရတာပဲ၊ ဘဘတို့ တိုင်းပြည်မှာ သမီးရဲ့ အဆင့်အတန်း ဘယ်လိုဆိုတာ နားလည်တယ် မဟုတ်လား၊ ဖတ်ကြည့်စမ်း ဒီစာ...' ဟု စာတစ်စောင်ကို ပြလေ၏။

### သခင်ဘုရား

အမိန့်တော်အရ သမီးတော်ကို အမြဲချောင်းမြောင်း စောင့်စားကြည့်ရှုပါသည်။ လိမ္မာ ပိပြားစွာ နေထိုင်သည်ကို တွေ့ရကြောင်း၊ လူထွက် လူဝင်များမှာ ကောလိပ်ကျောင်းမှ သူငယ်မများမှ အပယောကျ်ားပျို တစ်စုံတစ်ဦးကို မတွေ့ရပါ။ လွန်ခဲ့သော တစ်နှစ်ခန့်က ပေါင်းသင်းလာသော ကပြားမလေး တစ်ယောက်နှင့်မူကား

သင်္ကာမကင်းဖွယ်ဖြစ်၍ ကျွန်တော်မျိုး စုံစမ်းရာ ထိုကပြားမလေးမှာ ရိုစီခေါ် ကျောင်းသူကလေးတစ်ဦးဟု အဆိုရှိပါသည်။ ထို ကလေး မကလေး နေသည်ဆိုသော ကျောင်းသို့ သွားရောက် စုံစမ်းသော အခါ နာမည်တူ မရှိကြောင်း သိခဲ့ရပါသည်။ ထိုကလေးမ ဆို သူသည် သမီးတော် ကျောင်းအားသော စနေ၊ တနင်္ဂနွေနေ့များတွင် နှစ်ယောက်ထိုင် ကားကလေးတစ်စင်းနှင့် နေ့တိုင်း လာလေ့ ရှိပါ သည်။ သူ၏ အဆက်အပေါက်မှာ ယောကျ်ားနှင့် များစွာ တူပါ သည်။ ဆက်လက် စုံစမ်းသောအခါ ယောကျ်ားဟုပင် သိရသော် လည်း မည်သူ့သားသမီး ဖြစ်သည်ဟု မသိရသေးပါ သခင်ဘုရား။ စနေ၊ တနင်္ဂနွေ တစ်နေ့နေ့မှာ အမှတ်တမဲ့ လာရောက်တော်မူလျှင် တွေ့ရှိရလိမ့်မည်ဟု ထင်မြင်ပါသည် ဘုရား။

**ကျွန်ယုံကြီး**

'ကိုင်း… သမီး ဘာများ ငြင်းလိုသေးသလဲ'

ခင်စောဦးသည် မငြင်းကွယ်သာတော့ချေ။ ခိုးထုပ်ခိုးထည်နှင့်တကွ မိနေလျက် မခိုးပါဘူးဟု ပြောရန် အထူးခဲယဉ်း၍ နေသဖြင့် "သမီး လွန်မိပြီ၊ သမီး၏ အဖြစ်ကို ချမ်းသာပေးပါ" ဟူသော အမူအရာနှင့် သနားစဖွယ် မျက်ရည်လည်လည်နှင့် အကြောင်သား ကြည့်ရှုနေလေ ၏။

'ဟေ့… သူငယ်၊ မင်း မကွယ်နဲ့တော့၊ မင်း ဘယ်သူလဲ၊ ဘယ်သူ့ သားမြေးလဲ၊ မှန်မှန်ပြောကွယ့်နော်၊ မင်း ယခု ဘယ်အခြေ ရောက်နေ တယ် ဆိုတာ နားလည်ရဲ့ မဟုတ်လား'

'မှန်ပါ၊ ကျွန်တော် သူဌေးဦးအင်းနဲ့ ဒေါ်မာမာတို့ရဲ့သား မျိုးညွန့် ဆိုသူပါ၊ ကျွန်တော်တို့ လူငယ်ချင်း' စကားဆက်ရန် ခဲယဉ်းသဖြင့် တွေဝေ၍ နေစဉ် –

'အေး လူငယ်ချင်း မေတ္တာမျှနေပြီ ဆိုပါတော့၊ ပြောဖို့ မလိုဘူး၊ ဒါပေမဲ့ မိကောင်းဖခင် သားသမီးပီပီ ဆက်ဆံရင် သာလို့ မကောင်းပေဘူးလား၊ အခုမှတော့ လွန်ပြီးဟာ အပြစ်တင်လို့လည်း အလကားပဲ၊ ကိုင်း ငါ့တူ ပြန်ပေရော့ ... ဟုတ်လား' ဟု ညင်သာစွာ ပြောဆိုလိုက်လေ၏။

မောင်မျိုးညွန့်သည် မထူးဘူးဟူသော အနေဖြင့် ယခင်က ခင်စောဦး ထုတ်ပေးသော ယောကျ်ားဝတ် လုံချည်၊ အင်္ကျီများကို လဲလှယ်ဝတ်စားကာ ခေါင်းငိုက်စိုက်နှင့် ထွက်ခဲ့လေ၏။ အမတ်ကြီးလည်း ခင်စောဦး၏ မျက်နှာကို စူးရှသော မျက်လုံးများဖြင့် ကြည့်လျက် –

# အခန်း (၉)

'ကိုင်း... သမီး စဉ်းစားကြည့်စမ်း၊ သမီးတို့ အဖြစ်ဟာက လွန်ကုန်ပြီ၊ အခု ဘဘမှာ မြင်းကမလှုပ် ခုံကလှုပ်၊ ယုန်ကမတိုး ပိုက်ကတိုး ဆိုသလို ကိုယ်ကပဲ စတင်ပြီး သားရေးသမီးရေးအတွက် သမီးရှင်က တောင်းပန် ရတော့မယ်ကွယ်၊ ဘဘတို့ တစ်သက်လုံး သူများအထက်က မြင့်တက် လေသမျှ သည်တစ်ခါ အကျဆိုးတော့တာပဲ' ဟု ညည်းတွားလိုက်ရာ–

ခင်စောဦးမှာ ဖခင်ကြီးကို အထူး သနားရှက်စိတ် မွှန်၍ သွားလေ၏။ မိန်းကလေးများသည် မိဘမသိဘဲ အချစ်ဇာတ် ခင်းခြင်းဖြင့် နောင် ရေး အတွက် မည်မျှ ပူရသည်၊ မိဘဖြစ်သူတို့မှာ မည်ကဲ့သို့ စိတ်ကို ထိခိုက်ရသည်ဟု လက်တွေ့သင်ခန်းစာတစ်ခုကို ရရှိကာ နောင်တရသည့် လက္ခဏာနှင့် နူးညံ့သော ပါးပြင်ပေါ်တွင် မျက်ရည်ကြောင်း အမှတ် အသားဖြင့် သက်သေခံလေ၏။

'ကိုင်း... ကိုင်း...ဖြစ်မိမှဖြင့် မငိုနဲ့တော့ သမီး၊ သမီးကို လော်မာ တယ်လို့ ဘဘ မစွပ်စွဲလိုဘူး၊ ယောကျ်ား ကြံရင် မိန်းမတို့မှာ အမှန် နစ်နာစမြဲပေပဲ။ သီဟိုဠ်ကျွန်းမှာ ဥမ္မာဒစိတ္တာ မင်းသမီးကို သူက မွေးတဲ့ သားဟာ ဦးရီးတော်တွေ အကုန်သတ်ပြီး နန်းရပ်လုယူလိမ့်မယ်လို့ ဗေဒင် ဟောထားတာနဲ့ အစောင့်အရှောက်များစွာနှင့် ထိန်းသိမ်းလျက်နဲ့တောင်

ဒီဂါဝုမင်းသားဟာ ပုစွန်ရုပ် ယန္တရားနဲ့ တံခါးကို တပ်ဆင် ကြံဆောင် သေးတာပဲ။ ခုမှတော့ မထူးဘူး၊ အောက်ကျ နောက်ကျခံပြီး သူ့မိဘကို အကြောင်းပြန်ရမှာပဲ'

ထိုကဲ့သို့ အမတ်ကြီးသည် သာယာညင်းပျောင်းနှင့် အကျိုး အကြောင်း ပြောဆိုလေ၊ ခင်စောဦး စိတ်ကို ထိခိုက်လေ ဖြစ်သဖြင့် ဖခင်၏ ရင်ခွင်ထဲ ခေါင်းမြှုပ်ကာ တရှုပ်ရှုပ် ငိုကြွေးရှာလေသတည်း။ မစောနန်းနှင့် အဒေါ်ဖြစ်သူမှာကား မိမိတို့အပေါ် အပြစ်ကျရောက်မည် စိုးလှသဖြင့် နေစရာမရှိအောင် ဖြစ်၍ နေကြလေ၏။ သို့ရာတွင် အမတ် ကြီးသည် မည်သို့မျှ မြည်တွန် တောက်တီးခြင်း မရှိ။ သမီးကိုသာ 'ကိုင်း… ကိုင်း… မျက်ခုံးမို့လို့ လူမေးရင် အပြောရခက်နေမယ်ကွယ့်' ဟု ချော့မော့လေ၏။

မစောနန်းတို့သည် အမတ်ကြီး သုံးဆောင်ရန်အတွက် လက်ဖက် ရည်၊ ချိုချဉ်ပွဲများကို ပြင်ဆင်ပြီးနောက် သုံးဆောင်ရန် ဖိတ်ခေါ်လေရာ–

'အေး မသောက်အားသေးဘူးကွယ်၊ ဒီကိစ္စက ဒါနဲ့ မပြီးသေးဘူး၊ ကိုယ်ကပဲ မျက်နှာငယ်ခံပြီး ပြောချည်ရဦးမယ်' ဟု လေးကန်သော ခြေလှမ်းများဖြင့် တိုက်အောက်ထပ်သို့ ဆင်း၍ သွားလေ၏။ ခင်စောဦး၊ မစောနန်းနှင့် အဒေါ်ကြီးတို့မှာ တစ်ဦးမျက်နှာကို တစ်ဦးကြည့်လျက် စကားမပြောနိုင်ဘဲ နေကြစဉ် မော်တော်ကား စက်နှိုး၍ ထွက်သွားသော အခါ ခင်စောဦးသည် အိပ်ရာ ခုတင်ပေါ်သို့ သွား၍ ကျုံ့ကျုံ့ပါအောင် ငိုကြွေးရှာလေသတည်း။

အမတ်ကြီး၏ ကားသည်ကား ကုန်သည်လမ်း ဦးအင်း၏ တိုက် ရှေ့သို့ ရပ်လိုက်လျှင် ကားပေါ်မှဆင်း၍ ကတ်စက္ကူကလေး တစ်ခုကို ဒရဝမ်အား ပေးလိုက်၏။ ထိုအချိန်၌ သားအဖသုံးဦး အလုပ်စားပွဲတွင် အလုပ်များ လုပ်ကိုင်နေကြခိုက်ဖြစ်ရာ ကတ်စက္ကူတွင် "စောလုခံ၊ လေး

မြို့စား အမတ်ချုပ်ကြီး” ဟု တွေ့ရသဖြင့် အပေါ်သို့ ဖိတ်ခဲ့ရန် မှာလိုက်လေ၏။ ။

‘ကြွပါခင်ဗျာ ကြွပါ၊ အမတ်မင်း နာမည်သာ ကြားဖူးတာ၊ အခုမှပဲ ကျွန်တော်များ မြင်ဖူးပါတော့တယ်၊ သည်ကနေ့ဟာ ကောင်းမွန်မြင့်မြတ်တဲ့ မင်္ဂလာရှိသော နေ့လို့ ဆိုလိုချင်ပါတယ်’

‘ဟုတ်ကဲ့၊ သူဌေးမင်း နာမည်ကိုလည်း ကြားဖူးရုံမျှသာ ရှိခဲ့ရာ ယခုမှပဲ တွေ့ဆုံရသဖြင့် အထူး ဝမ်းမြောက်မိပါတယ်’ ဟု ပြန်လှန်နှုတ်ဆက်လျက် ရှိကြလေ၏။ အမတ်ကြီးမှာ နှုတ်ဆက်စကား ပြောပြီးနောက် သားရေး သမီးရေး ပြောရမှာ ရှက်စနိုးကာ တုံးတိတိ ဖြစ်နေသဖြင့် ရေနံဈေး၊ သစ်ဈေး၊ သတ္တုဈေးတို့ကိုသာ မေးမြန်း၍ နေလေ၏။

ဦးအင်းတို့မှာ နယ်တစ်နယ်က ဩဇာရှိ၊ ပစ္စည်းချမ်းသာသော လူတို့ကို အမြဲပေါင်းလိုသူ ဖြစ်ရကား၊ အမတ်ကြီးသိလိုသော အချက်များကို ကျနစွာ ပြောဆိုလျက် ရှိလေ၏။

မောင်လူဝနှင့် မောင်ညာလည်း ဖခင်အနီးတွင် ထိုင်၍ နေကြရာမှ၊ ဖခင်ကြီးနှင့် လွတ်လပ်စွာ ပြောဆိုနိုင်ကြရန် အလုပ်စားပွဲသို့ ထ ၍ သွားကြလေ၏။

‘ဒါထက် အမတ်မင်း ဘယ်နေ့က ရန်ကုန် ရောက်လာပါသလဲ’

‘ဒီကနေ့ပဲ ရောက်ပါတယ်’

‘အနို့ ကိစ္စကကော’

‘သမီးကလေးတစ်ယောက် ကျောင်းထားတာ တွေ့ချင်လို့ပါပဲ’

‘သြော်… သြော်… သမီးတစ်ယောက် ကျောင်းထားသကိုး၊ ဘယ်ကျောင်းမှာလဲ အမတ်မင်းရဲ့’

‘တက္ကသိုလ် ကျောင်းမှာပါပဲ ခင်ဗျာ၊ ဒါထက် သူဌေးမင်း သားမောင်မျိုးညွန့် သည်မှာ ရှိသလား’

‘သည်မှာ မရှိဘူး၊ သူ့အမေတိုက်မှာ ရှိပါတယ်၊ အလကား ကလေး

ပါ ခင်ဗျာ၊ သားအရင်းလည်း မဟုတ်ပါဘူး၊ ခုနက ထိုင်နေတဲ့ နှစ်ယောက်မှ သားအရင်းပါ၊ ဒင်းတို့ကို အလုပ်ကလေးများ နားလည်အောင် သင်ဦးလို့ ဆိုတာ မရလို့ ခပ်မှန်မှန် ကြည့်နေတာပဲ'

'အနို့ ပညာကော မတတ်ဘူးလား'

'လွန်ခဲ့တဲ့ စာမေးပွဲက ဘီ–အက်–စီ အောင်ပြီးပေါ့ ခင်ဗျာ၊ နိုင်ငံခြား ပညာသင် လွှတ်တာလည်း မသွားချင်ဘူးတဲ့၊ အစိုးရ အလုပ်လည်း မလုပ်ချင်ဘူး တဲ့၊ မိဘအလုပ် ကူပါဆိုရင်လည်း မကူချင်ဘူး တဲ့'

'ဒါထက် ခင်ဗျားကိုယ်တိုင် ...' အမတ်ကြီးသည် ရှက်သွေးမွှန်လျက် တွေဝေ၍ နေလေ၏။

'အမိန့်ရှိပါဦး ခင်ဗျာ'

'တခြား မဟုတ်ပါဘူး၊ အခု ကျောင်းထားတဲ့ ကျွန်တော့်သမီးနဲ့ သူဌေးမင်း သားဟာ လူငယ်ချင်း ရည်ငံနေကြသတဲ့ ခင်ဗျာ၊ သူတို့ဟာက ခြေခြေမြစ်မြစ် ဖြစ်နေတော့ ဖခင်လုပ်သူမှာ ရှေ့မျက်နှာ နောက်ထားပြီး သူဌေးမင်းနဲ့ တိုင်ပင်မှ ကိစ္စပြီးမယ်လို့ ချက်ချင်း ထွက်ခဲ့ရခြင်း ဖြစ်ပါတယ်'

အမတ်ကြီး စောလုခံသည်ကား ရှမ်းပြည်နယ်တွင် သြဇာ တိက္ကမကြီး၍ ငွေကြေးကြွယ်ဝသူဟု ကြားဖူးသဖြင့်၊ အကယ်၍ မျိုးညွန့်သည် အမတ်ကြီးသမီးနှင့် ပေါင်းမိကာ အင်အားပြည့်တင်းက မိမိတို့အား ပိုမိုရန်ရှာမည်ကို တွေးမိသောကြောင့် ခွဲခွာရေး စကင်း စီမံမှုပဲဟု သဘောပိုက်သည့် လက္ခဏာနှင့် –

'အို ... ဖြစ်မှ ဖြစ်ရလေတယ် အမတ်မင်း၊ ဒီသူငယ်အတွက် ကျွန်တော်တို့ မျက်နှာပျက်ရပြီ၊ ရပ်ရည်ကလေး သနားကမားနှင့် သူတစ်ပါး သားပျို သမီးပျို ဖျက်ဆီးလို့ တိတ်တိတ်ပုန်း ငွေကြေးကုန်

ခဲ့လှပေါ့၊ အခု ခင်ဗျာ ... အမတ်ကြီး သမီးကိုမှ ဒင်း ကြံရက်ပေတယ်၊ တောက် ... တယ်ရိုင်းတဲ့ ကလေး'

'ဖြစ်မိမင့်ဟာ တစ်ယောက်အပေါ်မှာ မတည်ပေမယ့် တစ်ယောက်ပေါ်မှာ တည်တတ်ပါတယ်၊ အကယ်၍ သူဌေးမင်းကသာ ကတိထားပြီး ထိမ်းမြားလက်ထပ်ဖို့ စီမံပေးမယ်ဆိုရင် ကျွန်တော်များ အရှက်ပြေနိုင်စရာ အကြောင်း ရှိပါတယ်'

(အေးလေးစွာ ခေါင်းခါလျက်) 'ကျွန်တော်တို့ မျက်နှာပျက်ခဲ့လှပကော၊ အမတ်မင်းလို ပုဂ္ဂိုလ်အပေါ်မှာ ထပ်မံ ပျက်ရမယ်ဆိုရင် မသင့်လျော်ဘူးလို့ အောက်မေ့ပါတယ်'

'ထိမ်းမြားလက်ထပ်ပြီးမှ သူမတည်လည်း သူတို့ကံပဲ ရှိပါစေတော့၊ လက်ထက်ရုံမျှ စီစဉ်ပေးဖို့ တောင်းပန်ပါရစေ'

ထိုအခါ ဦးအင်းသည် အားနာလေဟန်ဖြင့် 'သူငယ်ရဲ့ သဘောကိုလည်း မေးပါရစေဦး'ဟု တယ်လီဖုန်းဆီသို့ ထ သွားကာ –

'ကိုင်း အမတ်မင်းလည်း အနားက နားထောင်ကြည့်ပါဦး' ဟု ခေါ်ယူခဲ့လေ၏။ ဦးအင်းသည် မျိုးညွန့် ကြံစည် လုပ်ကိုင်သမျှ ဘယ်အခါမျှ ကောင်းကောင်း မပြောဘဲ နေတတ်သဖြင့် တယ်လီဖုန်းကို ကိုင်လိုက်လေ၏။

မျိုးညွန့်ကား အဝတ်အစားများကို လဲကာ တရိုတသေ ခေါက်သိမ်းလျက် နမ်းရှုပ်ပြီးလျှင် ခုတင်ပေါ်၌ မှိုင်တွေချ၍ နေလေ၏။ ကိုနသည်ကား ညီငယ် စိတ်ပြေရန် 'စိတ်မညစ်စမ်းပါနဲ့ ညီလေးရာ၊ ယောကျ်ားပဲ။ သူမှ မိန်းမ မဟုတ်ပါဘူး၊ ပြီးတော့ သူ့အဖေကြီး ဆူပေမယ့် တစ်နေ့နေ့ ကျေနပ်မှာပါ။ သူက သဘောပါတဲ့နောက် အာဇာနည် ယောကျ်ားပဲ၊ ကြံသေးတာပေါ့။ ကိုင်း ... အစ်ကိုကြီး ကမယ်၊ ညီလေး လက်ခုပ်တီး'ဟု ကွေးနေအောင် က ကာ ဖျော်ဖြေသော်လည်း မျိုးညွန့်သည် ပြုံးရုံမျှ ပြုံးလေသည်။

'ဟော ဖုန်းက ဘဲလ် အသံ ထင်တယ်' ဟု မျိုးညွန့် ထ ၍ သွားလေ၏။

'ရှိပါတယ်၊ ကျွန်တော် မျိုးညွန့်ပဲ'

'မင်း ဘာလို့ သူတစ်ပါးသားသမီး စော်ကားရသလဲ၊ မင်းလုပ်တာ များလှပြီ၊ မင်း လူကြီးမျက်နှာကို အလွန် ဖျက်တယ်'

'ဘာ... ဘာ... စော်ကားတယ်၊ ဘာဖြစ်သလဲ။ ခင်ဗျားအပူ တစ်ပြားသားမှ မပါဘူး၊ ခင်ဗျား ဘာမှ ဝင်ရှုပ်စရာ မရှိဘူး'

'ငါ တောင်းရမ်းမပေးရင် မင်း ဘယ့်နှယ်ကြံမလဲ'

'ခင်ဗျားလည်း တောင်းရမ်းမပေးပါနဲ့၊ ကျွန်တော်လည်း ဘာမှ၊ အို... ခင်ဗျား ဘာမှ ဝင်စွက်စရာ မရှိဘူး'

'မင်းအကြောင်းကို မင်းသိတယ် မဟုတ်လား'

'သိတယ်လေ၊ ခင်ဗျား အကြောင်းလည်း ခင်ဗျား သိတာပဲ'

'ဒါ အမတ်ကြီးရဲ့ သမီးကွယ့်၊ တို့ မျက်နှာ မကောင်းဘူး'

'အမတ်ကြီးနဲ့ ခင်ဗျား ဘာတော်သလဲ၊ ခင်ဗျား ဘာမှ ပြောစရာ မလိုဘူး'

ဦးအင်းသည် တယ်လီဖုန်းကို ချ၍ ညှော်ခံစားပွဲသို့ လာခဲ့ကြပြီးလျှင် 'ကိုင်း အမတ်မင်း ကြားတဲ့အတိုင်းပဲ၊ မခက်ဘူးလား၊ သားအရင်း မဟုတ်တော့ ထော်လော်ကန့်လန့်နဲ့၊ မတော်တဆ လက်ထပ်ပွဲ ဆင်တဲ့ အခါ သူ့ရည်းစားဟောင်းတွေ ဘာတွေနဲ့ ရှုပ်ယှက်ခတ် ဖြစ်လာရင် အမတ်ကြီး ဂုဏ်ကိုလည်း ထိခိုက်မှာ စိုးပါတယ်'

အမတ်ကြီးသည် အတော်ကြာ ငေးစိုက်၍ နေပြီးနောက် –

'ကျွန်တော်က မိသားဖသား ပီပီ ဖြစ်နိုင်မလားလို့ တိုင်ပင်ရခြင်း ဖြစ်ပါတယ်၊ ခုလိုဆိုရင် ကျွန်တော့်သမီး ကျွန်တော်ထိန်းဖို့ပါပဲ၊ ဒီကိစ္စ ဟာ သူဌေးမင်းတို့က လွဲလို့ ဘယ်သူမှ မကြား မပေါက်သေးတော့ ကျေးဇူးပြုပြီး ကျွန်တော်တို့ဂုဏ်ကို ထိန်းသိမ်းစေချင်ပါတယ် ခင်ဗျာ'

'ဟာ စိတ်ချပါ၊ ကျွန်တော် မပိုင်နိုင်တဲ့ ကိစ္စမို့သာ ဝန်မခံရတာပါ၊ ဒီလိုနေရာမှာ ကျွန်တော်တို့ စောင့်စည်းတတ်ပါတယ်'

'ကိုင်း ... အချိန်ကလေးလည်း ကြာသွားလို့ ခွင့်ပြုတော်မူပါဦး' ဟု အမတ်ကြီးသည် နှုတ်ဆက် ဆင်းသက်ခဲ့၏။

မစောနန်းသည် ခင်စောဦး ရှိရာသို့ သွားရောက်ပြီးလျှင် –

'ဖြစ်မိတာ ငိုမနေပါနဲ့တော့ ညီမရယ်၊ ခမည်းတော်ဘုရားလည်း ငယ်ရာက ကြီးလာတာဖြစ်တော့ စဉ်းစားတော်မူပါလိမ့်မယ်'

'မဟုတ်ဘူး မမရယ်၊ ဘဘဘုရား ပြုံးတော်မူရင် အလွန်ကြောက်ရပါတယ်'

'အို... ခြေသလုံးဖက်ပြီး တောင်းပန်ရတာပေါ့' ထိုအခိုက် ကားရပ်သံ ကြားရလေ၏။ ခင်စောဦးသည် ပြေကျနေသော ဆံပင်များကို သိမ်းယူပတ်ရစ်ကာ မျက်ရည်တို့ကို သုတ်လေ၏။ မစောနန်းလည်း ညီမအနားက ခွာကာ ကြက်သေသေလျက် အဒေါ်ကြီးနှင့် မှိုင်၍ နေကြလေ၏။ မကြာမီပင် အမတ်ကြီးလည်း တိုက်အပေါ်ထပ်သို့ ရောက်ရှိလာကာ –

'မလုံမယ်၊ မင်း ဒီကိစ္စတွေ မသိဘူးလား၊ စောနန်းကော မသိဘူးလား၊ မင်းတို့ကို အစောင့်အရှောက် ထည့်လိုက်တာဟာ ဘာမှ အသုံးမဝင်တော့ပါဘဲလား'

'ဘုရား ကျွန်မတို့လည်း အထူးစောင့်ရှောက်ပါတယ်၊ သူတို့ ကြံစည်ပုံ စေ့စပ်သေချာတော့ မရိပ်မိအောင်ဘဲ ဖြစ်ပါတယ် ဘုရား'

'အေး ငါတို့ မျက်နှာကိုဖြင့် အစောက အိုးမဲသုတ်ပြီး အမြီးတပ်ပါပကော' ဟု မျက်နှာညိုရာက –

'အစော... သမီးရေ လာပါဦးကွယ့်၊ အပြင် ထွက်ခဲ့ပါဦး' ဟု ခေါ်သဖြင့် ခင်စောဦးသည် ခေါင်းငုံ့ကာ ထွက်ခဲ့လေ၏။

'သမီးကို ဘာဘ အလွန်ယုံကြည် စိတ်ချခဲ့တယ်၊ ဘယ့်နှယ်များ ဖြစ်ရတာတုံး သမီးရယ်၊ ပြောစမ်းပါဦး၊ သမီး ပညာသင်ကြားနေစဉ် ဘာဘ ဘယ်လို မှာလိုက်သလဲ'

'လူငယ်မှု အရှုပ်အရှင်း မရှိစေနဲ့၊ ရှိရင် အစော အသက် မရှည်ရဘူး တဲ့၊ ဘာဘဘုရား အစော အသက်ကို ချမ်းသာပေးတော်မူပါဦး၊ အစော လျှောက်ထားသမျှကို နားဆင်တော်မူပါဦး၊ ဘာဘ အပြစ်ပေးသင့်က ပေးတော်မူပါ ဘုရား' ဟု ခြေသလုံးကို ဖက်ကာ ငိုယိုရှာလေ၏။

'သမီးတို့ အဖြစ်က ရိုင်းလေတယ်၊ ပြောစမ်းပါဦး' ထိုအခါတွင် ခင်စောဦးသည် ကျောင်းသူတစ်ယောက်က ရိုစီခေါ် ကပြားမလေး တစ်ဦးနှင့် မိတ်ဆက်ပုံ၊ မိမိကိုယ်တိုင်ကလည်း အကယ်ပင် မိန်းမထင်၍ ပေါင်းသင်း ဆက်ဆံပုံ၊ ညဥ့်တစ်ညဥ့်၌ကား ကပြားမကလေးသည် ယောကျ်ား ဖြစ်နေပုံ တို့ကိုပါ ပြန်လှန်ပြောဆိုရာ –

'အေး သူ့ပထွေး ပြောတဲ့အတိုင်းဆိုရင် ဒီသူငယ်ဟာ လူလည်ကလေး ဖြစ်ရမပေါ့၊ တကယ်လို့ သမီးကို မေတ္တာရိုး သဘောရိုးဆိုရင် လူကုံထံ မိကောင်းဖခင် သားသမီးတွေကပဲ၊ လူကြီးချင်း စကားမကူးသင့်ဘူးလား၊ တကယ်လို့ တစ်ဖက်မိဘက သဘောမတူမှ ယခုလို ကြံရင် သူ့ကို အပြစ်ဆိုစရာ မရှိဘူး'

ခင်စောဦးသည် မောင်မျိုးညွှန့်အပေါ် မဲတင်း ချစ်ခင်နေသောကြောင့် မောင်မျိုးညွှန့်ဘက်က ရိုးသားပုံ၊ တည်ကြည်ပုံတို့ကို ခုခံပြောလို၏။ သို့ရာတွင် ဤသို့ပြောသည်ကို ဖခင် သဘောမကျက သာ၍ ဒေါပွမည် စိုးသဖြင့် မျက်တောင်ကော့ကလေးကို စင်းကာ ငေး၍သာ နေရရှာလေ၏။

'သူ့ပထွေး ပြောချက်အရ ဒီသူငယ်က သူတစ်ထူး သားပျိုသမီးပျိုတွေ ဖျက်ဆီးခဲ့တာ များပြီတဲ့၊ ဒါကြောင့် သူတို့ တာဝန်ခံပြီး ထိမ်းမြား

လက်ထက်ဖို့ရာ ခဲယဉ်းသတဲ့၊ ဘဘရှေ့တွင်ပဲ တယ်လီဖုန်းနဲ့ မေးတဲ့ အခါမှာလည်း သူ့ပထွေး ပြောတဲ့အတိုင်းပဲ ကလန်ကဆန်နဲ့ ပြောတယ်၊ ဒီတော့ သမီးလွန်တာ လွန်ပစေတော့၊ အခုနေမှာ ဘာမှ မဖြစ်ကြသေးဘူး၊ ရှေ့တိုးရင် ကိုယ်ကျိုးနည်းကြတော့မယ် သမီး'

ခင်စောဦးသည် ဖခင်အား တစ်စုံတစ်ရာ ပြန်၍ မပြောနိုင်ဘဲ မိမိတို့၏ အဖြစ်ကို ဆင်ခြင်သုံးသပ်ကြည့်လေ၏။ ဖခင် ပြောသည့်အတိုင်း မိကောင်းဖခင် သားသမီးမှန်က အကြံဆန်း ကြံဖွယ်မဟုတ်။ တစ်ကြောင်းမှာလည်း မောင်မျိုးညွန့်သည် အခြားရည်းစား၊ မိန်းမ ရှိ မရှိကို မိမိမသိနိုင်။ ဦးအင်း ပြောစကားအရ ဟုတ်မည်ဆိုက ဟုတ်နိုင်၏။ အကယ်၍ တည်တည်ကြံစည်သူ ဖြစ်က မိမိအား ယခင်က ခေတ္တပြတ်စဲရန် ဟူသော စာကို ရေးမည်မဟုတ် စသည်ဖြင့် တွေးမိသောအခါ စိတ်နာလာသလို ဖြစ်လျက် –

'ဘုရား ကျွန်မ ဘဘစကားကို နားထောင်ပါတော့မယ်'

'အေး... အေး ဘဘဟာ လူငယ်တို့ရဲ့ ဖြစ်တတ်တဲ့ သဘာဝနဲ့ စဉ်းစားပြီး သမီးကို မမာန်မဲလိုဘူး၊ နောက်ကိုသာ ထပ်ပြီး မမှားစေနဲ့၊ ဘဘဟာ သူလျှိုစောင့်ရှောက်သူတွေနဲ့ ဘယ်လို စီမံထားတယ် ဆိုတာလည်း သမီးသိတယ် မဟုတ်လား'

'မှန်ပါ၊ သိကြောင်းပါ'

'ကောင်းပြီ၊ ဟိုသူငယ်ဟာ သမီးကို တစ်မျိုးတစ်မည် ယုံကြည်စွဲလမ်းပြီး မျှော်လင့်နေလိမ့်မယ်'

'မှန်ပါ၊ ဒီလို မထင်ရအောင် သမီး အကြောင်းကြားလိုက်ပါ့မယ်' ပြောဆိုမိလေ၏။ စင်စစ်မှာ ခင်စောဦးသည် ချစ်ခင်နေသူ တစ်ဦးအား ရက်ရက်စက်စက် ရေးသားဖို့ရန် များစွာ ခဲယဉ်း၍ နေပြန်လေ၏။

မိမိသည် မောင်မျိုးညွန့်၏ အမူအရာ၊ နောက်နောက်က တွေ့ကြုံပုံနှင့် အချိန်အတော်ကြာ စဉ်းစားလိုသေး၏။ ထိုသို့ စဉ်းစားပြီးမှ ဖြတ်တန် ဖြတ်ဖို့ ချိန်ဆ နေမိရာ အမတ်ကြီးက –

'ကိုင်း... ကိုင်း... ဘဘရှေ့မှာပဲ စာကိုရေးပေတော့၊ ဘဘလည်း ဟိုမှာ တိုင်းပြည်ကိစ္စ၊ ရုံးကိစ္စ စီမံစရာတွေ အများကြီး ရှိသေးတယ်' ဟု ပြောသဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် စာတစ်စောင်ကို ဇွတ်မှိတ် ရေးရလေ၏။

မောင်မျိုးညွန့်ကား တယ်လီဖုန်းနှင့် စကားပြောပြီးနောက် ဒေါပွ၍ နေလေ၏။ လက်သီးကို တင်းကျပ်စွာ ဆုပ်လျက် –

'ကိုကြီးရေ၊ ဒီကိစ္စများ ဝင်ရှုပ်ရင် ဒင်းတို့ သားအဖသုံးဦးကို ဖြောင်သတ်ပြီးမှ ကိုယ့်ကိုယ်ကို သတ်သေမယ် သိလား' ဟု ကြိမ်းဝါး လေ၏။

ပျော်ပျော်ရွှင်ရွှင် ခပ်ပေါ့ပေါ့နေသော မောင်နကား –

'ညီညီ ဒေါသကြီးရင် မှားတတ်တယ်ကွယ်၊ ဒင်းတို့ ရှုပ်ပေမဲ့ ကိုယ့်ဟာက ဟန်ကျနေလျှင် ဘာပူစရာ ရှိသလဲ' ဟု အားပေးလေ၏။

သို့ရာတွင် ခေတ်ပညာတတ် ရှေ့နောက် ဆင်ခြင်တုံတရား ရှိသူ ဖြစ်သဖြင့် မိမိ၏ အဓိက ရည်ရွယ်ချက်နှင့် ထပ်မံ စဉ်းစားပြန်လေ၏။ မိမိသည် ဦးအင်းသားအဖကို ဖြောင်သတ်၍ ဖြောင်အသေခံရုံမျှနှင့် မိမိ အမွေပစ္စည်းများကို ရမည်မဟုတ်။ ဦးအင်း သေလျှင် ဦးအင်းတို့ အဆက် အနွယ်များ သိမ်းပိုက်မည် ဖြစ်၍ မိမိ အကြံပေးခေါင်းဆောင်မှု မပြုလုပ်က မိမိ၏တူများ၊ မိမိ၏ ဖခင်ရင်းလက်ထက်က လုပ်သားများ နည်းလမ်း ကောင်း မတွေ့ကြဘဲ ကလေကချေ နေမည်ကို တွေးမိပြန်လေ၏။ စိတ် မှာ ချီတုံချတုံ ကြိတ်မနိုင် ခဲမရ ဖြစ်စဉ် ဒရဝမ်သည် လူတစ်ယောက်

ကားနှင့် လာပေးသွားသည်ဟု စာတစ်စောင်ကို ပေးလာသဖြင့် ဖွင့်ဖောက်၊ စာခေါက်ကို ဖြန့်၍ ဖတ်ရှုရာ–

**ကိုမျိုးညွန့်ရှင့်**

ကျွန်မသည် ကိုမျိုးညွန့်၏ အကြံဆန်း ဉာဏ်ဆန်းများကြောင့် နောက်သို့ မဆုတ်သာဘဲ ကိုမျိုးညွန့်၏ အလိုသို့ လိုက်ပါမိပါသည်။ ယခုအခါမှာမူ ဘဘဘုရား ရောက်ရှိလာမှ အကျိုးအကြောင်း ရေလည်စွာ သိရှိ၍ ကိုမျိုးညွန့်သည် ကျွန်မအား သဘောရိုး ကြံစည်ခြင်း မဟုတ်ကြောင်းကို သိရှိရပါပြီ။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်မသည် ဘဝအကြောင်း မကောင်းခဲ့၍ ဤမျှဒုက္ခတွေ့ရပါသည်ဟု မိမိကိုယ်တိုင် တရားနှင့် ဖြေပါသည်။ ဤစာရသည့် နေ့ကစ၍ တစ်ဦးနှင့်တစ်ဦး ဆက်ဆံခြင်းမှ ရပ်စဲလိုက်ပြီဟု မှတ်ယူစေလိုကြောင်း။

**ခင်စောဦး**

မောင်မျိုးညွန့်သည် အနည်းငယ် သတိလစ်သကဲ့သို့ ဖြစ်၍သွားလေ၏။ မိမိနေသော တိုက်ခန်းတစ်ခန်းလုံး ချာလပတ်လည်၍ နေသည်ဟု မှတ်ထင်မိလေ၏။ စကားလည်း မပြောနိုင်၊ ရင်ထဲ တစ်ဆို့ကြီးဖြစ်နေရာ မောင်နသည် ညီငယ်၏ထံမှ စာကိုယူ၍ ကြည့်ပြီးနောက်–

'အံမာ ညီလေးရာ၊ မိန်းမတစ်ယောက်က ဖြတ်စာပေးတာနဲ့များ လူအခြေ မပျက်စမ်းပါနဲ့ကွာ၊ သူက မချစ်လို့ ပြစ်ပြစ်ခါခါ ရေးမင့်ဟာ ဘာပူစရာ ရှိသလဲ'

'မဟုတ်ဘူး ကိုကြီး၊ အစော ကျွန်တော့်ကို အလွန်ချစ်တယ်၊ သူ အထင်လွဲလို့၊ ဘာအထင်လွဲမှန်းလဲ မသိရဘူး၊ တကယ်မုန်းလို့ တကယ်

ပြစ်စဲရင် ဘာမှ အရေးမကြီးဘူး၊ သူ့ခများ ဘယ်သူက ကုန်းတိုက်ထားသလဲပဲ၊ ဒါဟာ ကျွန်တော့်စိတ် အထိခိုက်ဆုံးပဲ' ဟု မျက်နှာငယ်၍ သွားလေ၏။

တစ်ဖန် အကယ်၍ ခင်စောဦးသည် မိမိအား နှစ်နှစ်ကာကာ ချစ်ခင်ပါမူ ဤကဲ့သို့ ပြတ်တောက်သော စာများကို ရေးမည် မဟုတ်။ မိမိအား နက်နဲစွာ မချစ်သည့်အတွက် မိမိထံ ဤကဲ့သို့ ရေးနိုင်သည်ဟု စိတ်နာစ ပြုလေ၏။ သို့ရာတွင် မိမိနှင့် ပေါင်းသင်းတွေ့ကြုံရသမျှ ခင်စောဦး၏ အမူအရာမှာ လွန်စွာလေးနက် စွဲလမ်းပုံရသဖြင့် မုန်းစိတ်ကို မမွေးနိုင်ဘဲ ရှေးဟောင်း နှောင်းဖြစ် စားမြုံ့ပြန်ကာ နေမိလေ၏။ ထို့နောက် အကျိုးအကြောင်း ထပ်မံစုံစမ်းဦးမည်ဟု စာတစ်စောင်ကို ရေးပြန်လေ၏။

# အခန်း (၁၀)

ခင်စောဦးကား ဖခင်ကြီး ရှိစဉ်တွင် စိတ်နေရ အလွန်ကျဉ်းကျပ်လျက် ခုတင်ပေါ်တွင် ခွေခွေကလေး အိပ်ကာ ထွေရာလေးပါး စဉ်းစား၍ ဆွေးနေလေ၏။ အမတ်ကြီးလည်း သမီး၏ တစ်သက်လုံးအတွက် နောင်ရေးကို ပူပင်လှသဖြင့် ခေါ်ယူကာ –

'သမီး စိတ်ညစ်သလား၊ သမီးတို့ ငယ်ရွယ်သူတွေဟာ ဒီလို အပူတပြင်း တွေ့ရရင် စိတ်ဒုက္ခ များကြတာပဲ၊ အခု သမီးကိစ္စမှာ ဘဘ သမီးကို အပြစ်မတင်လို၊ တစ်ဖက်က ဉာဏ်များတဲ့ လူမသမာကြောင့် ဒီလို ဖြစ်ရတယ်ဆိုတာ ဘဘ ယုံကြည်ပြီ။ နောင်ကို သတိပြုရန် သမီးလည်း ပညာခံနဲ့မို့ စဉ်းစားနားထောင်ပါ၊ ဘဘ ပြောရမယ့် စကားဟာ မိခင်တို့ ပြောရမယ့် စကားမျိုး ဖြစ်ပေမဲ့ သမီးမိခင်တို့ဟာ ဘဘလို ရေလည်အောင် ပြောနိုင်မည် မဟုတ်ဘူး၊ သမီးမိန်းကလေးတို့ မည်သည်မှာ အချစ်နှင့် အိမ်ထောင်ရေး သဘောကို မိဘ မသိဘဲ လုံးဝ မပြုထိုက်ဘူး၊ လက်မခံထိုက်ဘူး။

'သည်တော့ကာ တစ်စုံတစ်ဦးဟာ မိမိအား လာရောက်စတင်လျှင်၊ ထိုသူအား မိမိသည် မေတ္တာတုံ့လှယ်တဲ့စိတ် ရှိ မရှိ မိမိကိုယ်မိမိ ပထမ မေးမြန်းစုံစမ်းရမယ်၊ မိမိကိုယ်တိုင်က မေတ္တာတုံ့ပြန်လိုစိတ် ပေါ်ပေါက်

တဲ့ အခါ မိမိသဘောနှင့် လက်မခံဘဲ မိဘကို တိုင်ကြားရမယ်၊ လိမ္မာ ရေးခြားရှိတဲ့ မိဘများဟာ သမီးနှင့် တော် မတော်၊ ထိုသူငယ်ဟာ လျော်ကန်သင့်မြတ်တဲ့ အဆင့်အတန်း ရှိ မရှိ ချိန်ထိုးကြည့်ရမယ်။ ဒီလို မဟုတ်ပါဘဲ လူငယ်ဘဝ အရမ်းကာရော အချစ်နာလန်ထပြီး တော်တော် ကြာ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကွဲကွာကြတဲ့အခါ ယောကျ်ား ကလေးမှာ ကိစ္စမရှိဘူး၊ မိန်းကလေးများမှာသာ ဘဝဆုံးတော့တာပဲ။ တချို့ မိန်းကလေးများဟာ အားကိုးရင် ယောကျ်ားကလေး၏ လှည့်စား မှုကြောင့် မကြားဝံ့ မနာသာ မတော်ရာရောက် ဖြစ်ပျက်ခဲ့ကြပြီး၊ သာလို့ အဆိုးဆုံးက အသက် ၁၂ နှစ်၊ ၁၃ နှစ်က ၁၆ နှစ်၊ ၁၇ နှစ် အရွယ်တွေ အထိ မိန်းကလေးတွေပဲ။ ဖြစ်မိ၊ ချစ်မိပြီဆိုရင် ဘိန်းစား၊ အရက်သမား ဘိန်းအရက် စွဲလမ်းသလို တမ်းတမ်းကြီး လိုက်ပါနေကြတော့တာပဲ။ လှည့်စားလိုသူတို့ဟာ သွေးဆောင်လို့ အကောင်းဆုံးပဲ။ ဒါကြောင့် သတင်းစာထဲများမှာ အသက် ၄၀ မယားကြီးနဲ့ လူကို ၁၃ နှစ်ရွယ်က ချစ်ကြိုက်ခိုးရာလိုက်နဲ့ ဖြစ်ပျက်နေကြတာတွေ မကြာခဏ ပါတာ တွေ့မြင်ရတာပေါ့။ ဒီအရွယ်ကလေးတွေဟာ ဘာမှန်း နားမလည်လို့ နားလည်သော် မိမိ သဘောအတိုင်း ဘာမှ မပြုလုပ်ဖို့ သက်ဆိုင်တဲ့ လူကြီးများက အထူး ဆုံးမသင့်တာပဲ။ သမီးမှာတော့ ဒီအရွယ်တွေက လွန်မြောက်၊ ၁၈ နှစ်ထဲ ရောက်လို့ တတ်မြောက်တဲ့ အထက်တန်းပညာ နဲ့ အတော် ချိန်ဆနိုင်မယ်လို့ ဘဘ ယုံကြည်မိတယ်။ လွန်တဲ့ ကိစ္စကို လည်း ဘဘ မပြောလိုဘူး၊ နောက်ထပ် မမှားဖို့တော့ သမီး တာဝန် ယူနိုင်မယ် မဟုတ်လား’

‘ယူနိုင်ပါတယ် ဘဘဘုရား၊ သမီး နောက် မမှားရတော့ပါဘူး’

‘အေး... အေး ဘဘတို့ဂုဏ်၊ သမီးရဲ့ ရုပ်ရည်နဲ့ ဘယ်လို အဆင့် အတန်း ဖြစ်နိုင်တယ် ဆိုတာ သမီး အသိသားပဲ’

‘ဘုရားကျွန်မ ယောကျ်ားဆိုလျှင် စိတ်နာပါပြီ ဘုရား၊ ဘယ်လို

ယောက်ျားမှ မဆက်ဆံလိုတော့ပါ ဘုရား’ ဟု ပြောရင်း မျက်ရည်ပေါက်တို့သည် ပါးပြင်ပေါ်သို့ စီးကျလာလေတော့၏။

‘ဒီလိုလည်း မဆုံးဖြတ်နဲ့ဦး၊ နောင်ရေးဆိုတာ အခုအရေး မဟုတ်ဘူး၊ အခုလို ပူပူပင်ပင် ဆွေးနွေးတဲ့အခါ သွေးအေးမှ ကြံကြိုက်ရမယ့်အရေးကို တင်ကူးပြီး မဆုံးဖြတ်နဲ့ သမီး၊ ဘာပဲဖြစ်ဖြစ် သမီး ပညာကြိုးစားပါ၊ ပညာသင်ကြားမှုဟာ သမီးရဲ့ အဓိကရည်ရွယ်ချက်လို့ တထစ်ချ မှတ်ယူပါ’

‘မှန်လှပါ၊ သဘောပေါက်ပါပြီ ဘုရား’

အမတ်ကြီးသည် ဆေးပြင်းလိပ်ကြီးကို ရှူလျက် စားပွဲပေါ်ရှိ စာအုပ်ကြီးတစ်အုပ်ကို ဆွဲယူကြည့်ရှုနေရာ၊ ခင်စောဦးလည်း ဖခင်ကြီး ဆီမှ ထွက်ခဲ့၍ ခုတင်ပေါ်တွင် ကိုယ်ကို ပစ်လှဲကာ ငိုပွဲဆင်ပြန်လေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ အမတ်ကြီးသည် သမီးအား အစစ မှာကြား၍ အစောင့်အရှောက် ပို၍ ထားမည့်အကြောင်းပါ ပြောဆိုပြီးလျှင် ရှမ်းပြည်နယ်သို့ ပြန်မည်ရှိရာ ဘူတာသို့ ခင်စောဦး၊ မစောနန်း၊ ဒေါ်လုံမယ်တို့ပါ ကားတစ်စင်းနှင့် လိုက်၍ပို့ကြလေ၏။ ရထားထွက်သောအခါ ညှိုးငယ်သော မျက်နှာများဖြင့် ပြန်ခဲ့ကာ ခင်စောဦးမှာ မိမိ၏ ဇာတ်ထုပ်ကို ဖော်ထုတ် စဉ်းစားပြန်လေ၏။

ခင်စောဦးသည် “မောင်မျိုးညွှန့်နှင့် တစ်ခါထပ်၍ မမှားရတော့ပါဘူး” ဟု ဝန်ခံလိုက်လေပြီ။ သို့ရာတွင် ထိုအကြောင်းကို တစ်ခါတည်း ဇာတ်သိမ်းလိုက်နိုင်မည်လော၊ မိမိ၏ ဆင်ခြင်တုံ ပညာတရားသည် အချည်းနှီး ဖြစ်ရမည်လော… ဟု မိမိတို့ အဖြစ်ကို ထပ်မံသုံးသပ် ပြန်လေ၏။ မောင်မျိုးညွှန့်သည် မိမိအား အကြံဆန်းနှင့် ကြံသည်ကား မှန်၏။ အကယ်၍ ထိုနည်းမှ မကြံစည်ဘဲ အခြားနည်း လူငယ်တို့၏ ဘာဝ စာပေးစာယူနှင့် ကြံစည်သော် မိမိသည် အဘယ်နည်းနှင့်မှ လိုက်ပါ

မည် မဟုတ်။ ထိုသို့ မိမိအား သူကြံစည်လျှင် မရနိုင်ကြောင်း တွေးမိ၍ ဇွတ်မှိတ်ကာ ဆန်းဆန်းပြားပြား ကြံစည်ရပါသည်ဟု သူ ဝန်ခံခဲ့ချေပြီ။ မိမိနှင့် တွေ့ဆုံ၍ အကဲခတ်ရသမျှ မောင်မျိုးညွန့်သည် လူလည် ကြမ်းပိုး တို့၏ အပြုအမူမျိုး တစ်ခါမျှ မပါ။ ပြောရာဆိုရာမှ စ၍ သိပ်သည်း ကျစ်လျစ် လှချေရလေ၏။ ၎င်း၏ အတွင်းရေးကိစ္စ ပြောသောအခါ၌လည်း တိုင်ပင်ဖော် တိုင်ပင်ဖက် လူယုံမိတ်ရင်းကဲ့သို့ တိုင်ပင်ဖူး၏။ အကယ်၍ မိမိအား အကြံဉာဏ်နှင့် ကြံစည်ခြင်းဖြစ်ပါမူ သူ၏ အတွင်းရေးများကို မိမိအား ပြောပြမည် မဟုတ်။ မိမိနှင့် ချစ်ခင်ခဲ့သည်မှာ အတော်ကြာပြီ ဖြစ်သော်လည်း ထင်သလောက် ကျူးလွန်ခဲ့သည် မဟုတ်ရကား မိမိ အပေါ်၌ ဘယ်နည်း ကျောလေမည်နည်း စသည်ဖြင့် စိတ်လည်၍ တွေး မိသောအခါ "ဩော်... ငါမှားပြီ၊ ဖခင်ကြီးကို နောက်နောင် မဆက်ဆံ ပါဘူးလို့ ဝန်ခံမယ့်အစား ကိုမျိုးညွန့်သဘော သိအောင် သူ့ကို မေး ကြည့်ပါဦးလို့မှ မပြောလိုက်ရဘူး၊ ဦးအင်းဆိုတဲ့ လူယုတ်မာ သားအဖ တစ်စုကတော့ ကိုကို မကောင်းကြောင်းတွေကို လုပ်ကြံပြောကြမှာပဲ" ဟု မိမိ၏ အဖြစ်ကို ယူကျုံးမရ ဖြစ်ရပြန်လေ၏။

ထိုနေ့ကား ဖခင်ကြီးအား ပို့ခဲ့သည် တစ်ကြောင်း၊ စိတ်လက် မကောင်းသောနေ့ ဖြစ်သည် တစ်ကြောင်းကြောင့် တစ်နေ့လုံးလို စဉ်းစား နေရာ ပူပူနွေးနွေး နောက်ဆုံး မောင်မျိုးညွန့် သီချင်းဆိုပြီး စန္ဒရားတီး ပုံ၊ မိမိနှင့် ပျော်ရွှင်စွာ နေထိုင်ခဲ့ရပုံတို့ကို တဖြည်းဖြည်း အာရုံစူးစိုက် ပေါ်ပေါက်လာသောအခါ "ကိုကိုရေ ... အစောဖြင့် မှားပေါ့၊ အစောရဲ့ စာတွေနဲ့ စိတ်မဆိုးတော် မူပါနဲ့" စသည်ဖြင့် တိုးတိုးကလေး ညည်းတွား ကာ အပူပွားပြန်လေ၏။

ထိုအခိုက် မစောနန်းသည် စာပို့ကုလားတစ်ယောက် လာပို့သွား သော စာတစ်စောင်ကို လာ၍ ပေးသဖြင့် ဖွင့်ဖတ်ကြည့်ရှုလိုက်ရာ–

**အစောရေ...**

ကိုကို့ကို သေအောင် နှိပ်စက်တဲ့နည်းများ ဘယ်နှနည်း တတ်ကျွမ်းပါသလဲ။ ပထမအချက် မသုံးစဖူး ကိုကို၏ နာမည်ကို ဖော်ထုတ်သုံးစွဲခြင်းဖြင့် အစော၏စိတ် မည်မျှ ပြောင်းလဲနေပြီ ဖြစ်ကြောင်း ကိုကို သိရှိရပါပြီ။ ကိုကိုသည် ကိုကို၏ အတွင်းရေး ကြောင့် အစောနှင့် ခေတ္တ ရပ်စဲထားလိုကြောင်း ယခင်က ပြောဖူး ပါ၏။ ယခုမူကား "ကိုမျိုးညွန့်သည် ကျွန်မအား သဘောရိုး ကြံစည် ခြင်း မဟုတ်ကြောင်းကို သိရှိရပါပြီ" ဟု ရေးလိုက်သည့်အတွက် ကိုကို၏ အသည်းကို အပ်ဖျားနှင့် ဆွသကဲ့သို့ နာကြည်း အခံရ ခက် ဖြစ်ပါသည်။

မိမိ၏ စိတ်ကို ပေါ့ပေါ့တန်တန်ထား၍ ရည်းစား ထောင် သောင်း ထားလေ့ ရှိသူတို့အတွက် အစော၏ စာမှာ ဝမ်းနည်းစာ မဟုတ်စေကာမူ၊ ကိုကိုကဲ့သို့ လှိုက်လှဲ နက်နဲစွာ မေတ္တာစာတ် မွေးမြူ၍ အချစ်ဓာတ် ကူးသူများ အပေါ်၌ မည်မျှ စိတ်နှလုံး ထိခိုက်မည်ကို အစောပင် ဆုံးဖြတ်စေချင်ပါသည်။ ကိုကို အစောနဲ့အတူ ရွှေတိဂုံဘုရားမှာ ဆုများတောင်းပြီး သစ္စာဆိုလို့မှ မပြခဲ့ရခြင်းသည် ကိုကို၏အမှား ဖြစ်တော့သည်။ အကယ်၍ အစောသည် ကိုကိုအား အကျောကြံသူဟု အဟုတ်ထင်မှတ်က တစ်ယောက် လက်မောင်းသွေး တစ်ယောက် ဖောက်ကာသောက်၍ သစ္စာဆိုကြရန် အသင့်ရှိပါသည်။ အစော၏ စာပါတို့မှာ အစော၏ အထင်လွဲခြင်းမျှသာ ဖြစ်ပါစေဟုလည်း ကိုကို ဆုတောင်းပါသည်။

ဤသို့ မဟုတ်ဘဲ အစော၏ ဘဘသည် အစောအား နေရာ ချထားရန် ရှမ်းပြည်နယ်တွင် စီစဉ်ပြီး ဖြစ်ပါကလည်း ကိုကို မခံ ချင်အောင် ကိုကို့ကို အပြစ်မဖို့ပါနဲ့တော့။ အတည့်အလင်း ပြောဆို

သင့်ပါတယ်။ အချုပ်မှာ အစောသည် ကိုကို့မေတ္တာပယ်၍ အစော၏ ဘဘဘုရား သဘောတူရာနှင့် စီမံခြင်းကို ခံမည်ဖြစ်က ကိုကိုမသေသေးလျှင် စိတ်ကို အနိုင်ချုပ်တည်းကာ ဝမ်းမြောက်ပါမည်။ ကူညီနိုင်သည့်ဘက်က ကူညီပါမည်။

အစောရယ် ပညာတွေသင်လျက် လူကဲခတ် သည့်လောက်ညံ့ရော့သလား။ ကိုကိုဟာ လူညာ လူလည်လားလို့ မသိတော့ဘူးလား။ ကိုကို့ကို ဘယ်အထိ နှိပ်စက်ဦးမှာလဲ စိမ်းကားသူကလေးရဲ့။ အစော လက်နဲ့သတ်လျှင် အသေခံရန် အသင့်ပါပဲ။

**မျိုးညွန့်**

ခင်စောဦးသည် ပထမကလည်း မောင်မျိုးညွန့်အပေါ် ကရုဏာနှင့် စဉ်းစားထားခိုက် ယခုစာကို ဖတ်ရသောအခါ စိတ်လည်၍ သွားပြန်လေ၏။ သို့ရာတွင် ဖခင်ကြီးထံ ဝန်ခံပြီးလည်း ဖြစ်သောကြောင့် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို ဝေခွဲမရအောင် ဖြစ်နေလေ၏။ အကယ်၍ ဤတစ်ခါ ထပ်မံဆက်မိက ဖခင်ကြီး စိတ်ဆိုးခံရရုံသာ မဟုတ်၊ မည်သို့မည်ပုံ အတိဒုက္ခ ရောက်နိုင်မည်ကို တွေးမိသောအခါ "ဟယ် သူ့ထိုက်နဲ့ သူ့ကံရှိစေတော့"ဟု အောက်မေ့ရာမှ မိမိအား ရိုးသားစွာ ကြံစည်သူဆိုသူက ဘာမျှ မဖောက်ပြားဘဲ မိမိအား စွဲစွဲမြဲမြဲ ချစ်ခင်ပါလျက် မိမိက ပြတ်တောက်ရမည်မှာ များစွာ ခက်ခဲသော အတတ်ဟု စဉ်းစားမိလေ၏။ ထိုကဲ့သို့ ချီတုံချတုံ စဉ်းစားနေခိုက် ဒေါ်လုံမယ်သည် ခင်စောဦး၏ထံသို့ လာ၍–

'အစော၊ ခုတင်က စာဟာ ဘယ်ကစာလဲ'

ခင်စောဦးသည် မျက်လုံးပြူး၍ သွားလေ၏။ မိမိ၏ အဒေါ်သည် မိမိ၏ စာများကို တစ်ခါမျှ တောင်းယူမကြည့်ဖူးသဖြင့် စိတ်ဆိုးသော်လည်း လူကြီးဖြစ်သဖြင့် ချုပ်တည်းကာ–

'အို... အစော မိတ်ဆွေဆီက စာပါ၊ ဘာလုပ်မလို့လဲ'

'ဘယ်မိတ်ဆွေဆီကလဲ၊ အဲဒီစာ ပေးပါဦး'

'ဘယ့်နှယ် ပေးရမှာလဲ၊ ကိုယ့်မိတ်ဆွေဆီက စာပဲဟာ'

'ဩော်... ဒါဖြင့် အစောကို ဘဘဘုရားက ဘာမှ မမှာခဲ့ဘဲကိုး။ အဒေါ်တို့ကို အစောထံ စာလာက သူဖောက်ကြည့်ပေစေ၊ ကြည့်ပြီးရင် ပြီးချင်း တောင်းယူပြီး ဘဘဘုရားထံ ပို့ရမယ်၊ တောင်းမရရင်လည်း မရတဲ့အကြောင်း ချက်ချင်း အကြောင်းကြားရမတဲ့'

ခင်စောဦး အကြံရကျပ်လေပြီ။ စာမှာလည်း တကယ့်စာဖြစ်၍ မည်ကဲ့သို့ ပြောရမည် မသိ ဖြစ်နေရာက မျက်ရည်ဝိုင်းလျက် အဒေါ်ဖြစ်သူ၏ လည်ပင်းကိုဖက်၍ ငိုလေရာ၊ ဒေါ်လုံမယ်မှာ မိန်းမဖြစ်သည့်အလျောက် တူမနှင့်ရောစ၍ ငိုရာက –

'ဘယ်ကစာလဲ၊ ဟို သူငယ့်ဆီကလား'

'ဟုတ်တယ်အဒေါ်ရဲ့၊ သူ့အကြောင်း ရှင်းပြတာပဲ၊ သူ့ဆီကစာကို ဘဘဘုရားထံ ပို့ရင် အစောကို အထင်လွဲတော့မှာပဲ၊ မပို့ဘဲ နေရင်လည်း ဆူတော့မှာပဲ။ အစော ဘယ့်နှယ်လုပ်ရပါ့မလဲ' ဟု ငိုယို မှိုင်တွေချလိုက်ရာ –

'ကိုင်း... ကိုင်း... သူ့ဘာသာ သူ့သဘောအတိုင်း ပေးတဲ့စာကို ဘယ်မှာ တတ်နိုင်ပါ့မလဲ၊ အစောက စာပြန်မပေးရင် ပြီးတာပဲ၊ ဒီတစ်ခါတော့ မသိချင်ယောင် ဆောင်နေရမှာပဲ၊ အစောက သစ္စာဖောက်ရင်တော့ အဒေါ်တို့ ဒုက္ခရောက်ကြတော့မှာပဲ'

'ဒီတစ်ခါ ချမ်းသာပေးပါ အဒေါ်ရဲ့၊ အစော သူ့ဆီကို နောက်နောင် စာမရေးရန် အကျိုးအကြောင်း စာတစ်စောင် ရေးပြီးရင် နောက်ထပ် မရေးတော့ပါဘူး' ဟု ဝန်ခံလေ၏။

ဦးအင်းတို့ သားအဖကား မျိုးညွန့်နှင့် ခင်စောဦး ဆက်သွယ်ပုံ၊

အမတ်ကြီး စောလုခံ၏ ဂုဏ်သတင်းပါ စိတ်ဝင်စားကြပြန်လေ၏။ အကယ်၍ မျိုးညွန့်သည် ခင်စောဦးနှင့် ချစ်ခင်၍ အမတ်ကြီးကလည်း အလိုတူ အလိုပါ ဖြစ်နေလျှင် အားအင်ပြည့်တင်းကာ ရုံးစရိတ် ရွှေဒင်္ဂါး မြောက်မြားစွာ တင်၍သော်လည်း ၎င်းတို့အမွေကို ပြောဆိုရာ၏။ ဤသို့ ပြောဆိုမရသော် တပည့်လက်သားတို့ကို ငွေကြေးထောက်ပံ့ သုံးစွဲခြင်းဖြင့် မိမိတို့အား မည်မျှ အနှောင့်အယှက် ပေးနိုင်သည်ကို တွေးမိကြလေ၏။ ထိုသို့ တွေးမိသည့်အတိုင်း ခင်စောဦးနှင့် မျိုးညွန့်အား ခွဲခွာရေး စီမံလိုက်ရာ အထ မြောက်သွားကြောင်းကို သိရှိရလေ၏။ သားအဖ သုံးဦးသည် စားပွဲတစ်ခုတွင် ထိုင်လျက် မောင်လူဝအား –

'ဘယ့်နှယ် မောင်လူဝ၊ မြင်ခဲ့ပြီ မဟုတ်လား'

'မြင်ခဲ့ပြီ ဘဘရဲ့။ သိပ်ကိုချော၊ သိပ်ကိုလှတာပဲ။ ဣန္ဒြေလည်း အလွန်ရတယ်၊ သူ့တိုက်နားတော့ ဘယ်ယောကျာ်းကလေးမှ မကပ်နိုင်ဘူး'

'ဒါဖြင့် ငါ့သား သဘောကျပြီပေါ့'

မောင်လူဝသည် စကားပြန် မပြောဘဲ ပြုံး၍ နေရာက –

'လူငယ်ချင်းချင်း တွေ့ဖို့တော့ အခက်သားပဲ ဘဘရယ်၊ သူ့နား ဘယ်ယောကျာ်းမှ မကပ်ရပါဘဲဟာ'

'ဒါကတော့ ဘဘတာဝန် ထား၊ ဘဘ သူ့ဖခင်ဆီ စာရေးလိုက်မယ်၊ အရေးကြီးတာက ဒီကလေးမကို ဘဘတို့လက်ထဲ ရောက်မှ၊ နို့မဟုတ်ရင် အကယ်၍ မောင်မျိုးညွန့်နဲ့ ကလေးမနဲ့ အကြောင်းပါပြီး အားပြည့်ရင် အနှောင့်အယှက် ဖြစ်ကုန်ကြမှာ အမှန်ပဲ'

'ဒါဖြင့် ဘဘ သဘောပေါ့' ဟု ညစ်ပတ်နိုင်သမျှ စုတ်ပွဲ့သော အကြံများကို တိုင်ပင်ပြီးလျှင် လူစုခွဲကြလေ၏။

မောင်မျိုးညွန့်ကား အစားအအိပ် ပျက်လျက် မျက်တွင်းများ

ချောင်ကာ စိတ်ဒုက္ခကို ခံစားနေရရှာ၊ အစ်ကို ကိုနမှာ ညီငယ်အတွက် အမျိုးမျိုး ဖျောင်းဖျလျက် မပျော် ပျော်ကြောင်း ဖြေဖျော်နေရှာလေ၏။

ထိုအခိုက် ပို့စမင်းသည် စာတစ်စောင် လာရောက်ပေးသွားရာ၊ မျိုးညွန့်မှာ မျက်လုံးများ ကြည်လင်လျက် ဖတ်ရှုလေတော့၏။

**ကိုကိုရှင့်** ...

...... နေ့ ပေးစာကို ဖတ်ရှုရပါသည်။ ကိုကို့အား နာမည်ထုတ် ရေးသားရခြင်းမှာ ဖခင်ကြီး၏ ရှေ့တွင် ရေးသားရသောကြောင့် ဖြစ်ပါသည်ရှင့်။ ကိုကို့ထံသို့ မည်သည့်အခါမျှ နာမည်ဖော်ထုတ် မရေးဖူးဘဲ ဤတစ်ကြိမ် ရေးမိသဖြင့် ကိုကို စိတ်နာကြည်းမည် ဆိုက နာကြည်းစရာပင် ဖြစ်ပါသည်ရှင့်။ အထူးရေးသားလိုသည်မှာ အစောသည် ကိုကို၏ ပထွေး ဦးအင်း၏ စကားအရ ဖခင်ကြီး ယုံကြည်၍ ကိုကိုသည် သူတစ်ထူး သမီးပျိုများ ဖျက်ဆီးခဲ့လှပြီ ဆိုသောကြောင့် သွေးပူခိုက် အစော ယုံမိပါသည်ရှင့်။ မည်သို့ပင် ယုံကြည်စေကာမူ ရိုးသားသော ကိုကို၏ အမူအရာနှင့် မျက်နှာ ဣန္ဒြေသည် အစော၏ မျက်လုံးအိမ်ထဲက မထွက်ပါရှင့်။ သို့ရာတွင် ဖခင်ကြီးအား ကိုကိုနှင့် နောက်ထပ် မမှားတော့ပါဘူးဟု ဝန်ခံလိုက်ပါသဖြင့် ခါတိုင်းကဲ့သို့ ကြံဖန်တွေ့ဆုံရန်ကား အထူးခဲယဉ်း၍ နေသည့်အပြင် ကိုကို့ထံက စာကို ဖတ်ရှုရန်ပင် မတတ်နိုင်အောင် ဖြစ်၍ နေပါသည်ရှင့်။ အိမ်တွင် ရောက်သမျှ စာများ ဘဘဘုရားဆီ ပို့နေရ၍၊ ကျောင်းတွင်လည်း ကျောင်းသူထဲက အမြဲ စောင့်ကြပ်ထားပါသည်ရှင့်။ အစော၏ သဘောမှာ ကိုကို၏ စာကို တစ်နေ့ တစ်စောင်မက အစောင်တစ်ရာ ဖတ်ချင်ပါသည်ရှင့်။ သည်တော့ကာ ကိုကိုနှင့် ~~အစော~~ ယခုအတွင်း

မှာဖြင့် လူချင်း တွေ့ဆုံ၊ စာချင်း ကူးလူးဆက်ဆံဖို့ အတော် ခဲယဉ်းပါသည်ရှင့်။ အစောဆီက လစ်လျှင် လစ်တိုင်း စာများ ထည့်ပေးမည် ဖြစ်သော်လည်း ကိုကို့ထံက ယောင်လို့မှ စာမထည့် ပါလေနှင့်။ ယခု တစ်နှစ် ပညာသင်ပြီးလျှင် ကျောင်းကထွက်ပြီး နိုင်ငံခြားသို့ စာသင်သွားရပါလိမ့်မည်။ ဘယ်ပညာ သင်ရဦးမည် မသိ။ သည်တော့ကာ ကိုကို၏ အလျှင်စာထဲတွင် ကိုကို၏ ဆန္ဒ ကလည်း လေးငါးနှစ် အချစ်ရပ်စဲထားလိုကြောင်းနှင့် တိုင်ပင်ဖူးရာ၊ ယခုမှာမူ ကိုကို၏ ဆန္ဒအတိုင်း ဖြစ်၍ နေပါသည်ရှင့်။ အစောမှာ တစ်နေ့မျှ ကိုကိုနှင့် မခွဲလိုသော်လည်း နိုင်ငံခြားက ပညာသင်ပြန် လာ၍ ကိုယ်စိုးကိုယ်ပိုင် ဖြစ်မှ ကြံစည်လိုသဖြင့် တောင်းပန်ရခြင်း ဖြစ်ပါသည်ရှင့်။ ကိုကို အစောကို မမုန်းပါနှင့်။ အစော သိရသမျှ ပြောရလျှင် ကိုကိုဟာ သူတော်ကောင်းကလေးပါ။ အစောကို မမေ့ လိုက်ပါနှင့်။ အစော စိတ်ချပါရစေ။

**ငယ်ချစ်ဦး–အစော**

မောင်မျိုးညွန့်သည်ကား စိတ်အတော် သက်သာသွားဟန် ရှိလေ ၏။ သို့ရာတွင် မိမိသည် ယခင်က လေးငါးနှစ် ဆိုင်းရန် စာရေးခဲ့ဖူးရာ ယခု ခင်စောဦး ကိုယ်တိုင်က ဆိုင်းပါဦး ဆိုသောအခါ မဆိုင်းနိုင်၊ မဆိုင်း ချင်သလို စိတ်များ ပေါ်ပေါက်လာသဖြင့် မိမိအတွင်းရေးကို ထပ်မံ စဉ်းစားကာ စိတ်ကို ချုပ်တည်းလိုက်ရလေ၏။

ယခုအခါ၌ မောင်မျိုးညွန့်မှာ ဦးအင်းတို့၏ သားအဖထံမှ မိမိ၏ အဖအရင်း အမွေပစ္စည်းသာ အရကြံမည် မဟုတ်၊ ခင်စောဦးကိုပါ အပြိုင် အဆိုင် ကြံရမည်ကဲ့သို့ ဖြစ်၍ နေလေ၏။ သို့ရာတွင် မောင်မျိုးညွန့် သည် ဦးအင်းတို့ သားအဖနှင့် ခင်စောဦး မည်သို့ ဆက်သွယ် ရှုပ်ထွေး မည်ကို မသိသေးရကား ခပ်အေးအေး နေထိုင်လျက်၊ ခင်စောဦး ကျောင်း

တက်သွားရာ လမ်း၌ မယောင်မလည်နှင့် မျက်နှာဆုံစေခြင်းဖြင့် ကျေနပ်နေလေ၏။

ဦးအင်းတို့ သားအဖကား ပြုံးရွှင်သော မျက်နှာဖြင့် စာတစ်စောင်ကို ဖတ်ရှုနေကြလေ၏။

သူဌေးမင်းဆီက ပေးပို့လိုက်သော အကြောင်းကြားစာကို ဖတ်ရှုရပါသည်။ သူဌေးမင်း၏ ကတိဝန်ခံချက်အတိုင်း သမီး ခင်စောဦးကို မောင်လူဝနှင့် ပေးထိမ်းမြားရန် ကိစ္စမှာ အထူး သင့်လျော်သောကိစ္စ ဖြစ်ပါသည်။ သူဌေးမင်းတို့၏ ကတိစကားနှင့် ဂုဏ်ပုဒ်ကို ယုံကြည်ပြီး ဖြစ်သည့်အလျောက် အကယ်၍ ကျွန်တော်က ငြင်းဆန်မည်ဆိုပါက ကျွန်တော်သာလျှင် အပြစ်တင်ဖွယ် ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ဤကိစ္စသည် လူငယ်ရေးရာကိစ္စ ဖြစ်သဖြင့် လူငယ်ချင်း သဘောမျှကြမှလည်း ကောင်းမွန်မည် ဖြစ်သောကြောင့် မောင်လူဝအား သမီး ခင်စောဦးနှင့် တွေ့ဆုံရန် အခွင့်အလမ်း ဖွင့်၍ ပေးထားပါသည်။ ကျွန်တော်၏သမီး တိုက်သို့ ယောက်ျား တစ်စုံတစ်ဦးမှ မချဉ်းမကပ်ရပါ။ သို့ရာတွင် သူဌေးကြီး၏သား မောင်လူဝမှာ ခင်စောဦးအား စောင့်ရှောက်ရန် ဝင်ထွက်ခွင့် ပြုရမည်ဟု မနေ့ကပင် စာရေး၍ အမိန့် ပေးလိုက်ပါသည်။ လူငယ်ချင်း ကျေနပ်က သင့်လျော်သော အခမ်းအနားကို စီစဉ်ရန်ပင် ဖြစ်ပါသည်။

**စောလုခံ**

ဦးအင်းသည် စာကိုဖတ်ပြီးနောက် လက်သီးလက်မောင်း တန်းလျက် 'ဘာဘကြဲ ခံနိုင်ရိုးလား၊ ကိုင်း... မင့်တာဝန်ပဲ လိုတော့တယ်' ဟု ပြုံး၍ ပြောလေ၏။

'စိတ်သာချပါ၊ လူတစ်ဖက်သား ညာရ၊ နှူးရမယ်ဆိုလျှင် ဘာဘ

သားပဲ၊ မညံ့လှပါဘူး’ ဟု ပြောရာ ဦးအင်းမှာ ပြုံးပြုံးကြီး နားထောင်၍ နေလေ၏။ အမတ်ကြီးထံမှ အခွင့်အရေးရပြီဟု ကြားသည်နှင့် တစ်ပြိုင်နက် ထိုနေ့ညနေတွင် အလည်သွားရန် မောင်လူဝသည် အဝတ်အစား အကောင်းဆုံးများကို လဲလှယ်ဝတ်ဆင်၍ နေလေ၏။

# အခန်း (၁၁)

'ပွေ့ဟန်မှာ လေပြန်လူးလို့၊ နေ့ဦးဆန်းလဝယ်။ ။ခြယ်လေတဲ့ မှိုင်ပင်ကို၊ ဆယ်လှော်စင်ခုံနှင့် ပျိုးလေသို့၊ ဖန်ခိုးညှိုမှုန်ယုနှင့် မိုးပြုခဲ့တယ်။ ။ သိန်းကြငှန်း၊ မိန်ဆန်းသာဖြေနှယ်၊ ဗျာခြယ်တဲ့ အလှိုင်း။ ။ တောင်ထိပ်ကြာ၊ အောင်ဟိတ်ကယ် ဇေယျာနှင့်၊ ရွှေစေနာမယိုင်သေးသူက၊ အတွေးတော် မလွန်သင့်ပါဘု၊ တွေးဉာဏ်ချင့်ပိုင်း။ ။'

ခင်စောဦးသည်ကား အထက်ပါ လေးဆစ်ကို သီဆို၍ မှိုင်တွေချနေခိုက် ဖြစ်လေ၏။ လေသာပြုတင်းမှ မင်းမူသော ရွှေမိုးသည် တဂျိုးဂျိုးတဂျိမ့်ဂျိမ့်ဖြင့် တသိမ့်သိမ့် ဖြစ်အောင် ဗျူဟာကျင်းလျက် ရှိလေရာ၊ ပူဗျာသောက ကြွသည်ထက် ကြွအောင် ဖြစ်၍ နေလေ၏။ ဖခင်ကြီးဆီမှ စာတစ်စောင်ကို လက်ကကိုင်လျက် အတန်ကြာ ငေးမောနေရာမှ တစ်ဖန် ပြန်လှန် ဖတ်ရှုလိုက်ရာ –

**သမီး အစော...**

သမီးသည် လိမ္မာရေးခြား ရှိသူတစ်ဦးဟု ယုံကြည်သည်။ သူဌေးမင်း ဦးအင်းသည် အလွန် ကြွယ်ဝချမ်းသာ၍ သမာဓိရှိသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ၎င်း၏ သားများမှာ ခေတ်ပညာ

တတ်ရုံမျှမက ၎င်းတို့ပိုင်ဆိုင်သော လုပ်ငန်းကြီးများကိုပင် ဦးစီး လုပ်ကိုင်နိုင်သော ဉာဏ်ပညာရှိကြသည်။ ၎င်းတို့အနက် မောင်လှဝ သည် ပို၍ လိမ္မာသောသား ဖြစ်သဖြင့် သမီး ပညာသင်ကြား နေစဉ်အတွင်း ၎င်းအား စောင့်ရှောက်ရန်အတွက် ခွင့်ပြုလိုက် သည်။ ဘဘတို့ လူကြီးချင်း လူကြီးနှင့် ညီအောင် ဆက်ဆံရာ လူငယ်ချင်းမှာလည်း ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေး စေလိုသည်။ သမီးမှာ ဤမျှဖြင့် ဘဘ၏ ဆိုလိုရင်းကို နားလည် လိမ့်မည်ဟု မျှော်လင့်သည်။

ခင်စောဦးကား မောင်မျိုးညွန့် အပေါ်တွင် စိတ်အားထက်သန်နေ ခိုက် ဖြစ်သဖြင့် အဆိုပါစာကို ဖတ်ရှုရသောအခါ သာ၍ပင် စိတ်ဆင်း ရဲ၍ သွားရှာလေ၏။ အကယ်၍ မောင်လှဝအား လက်မခံဘဲ နောက် တစ်ခါ မလာဝံ့အောင် ပြုမူလျှင် ဖခင်၏ အငြိုအငြင်ကို ခံရချေမည်။ သင့်လျော်အောင် လက်ခံကလည်း မောင်လှဝ၏စိတ်တွင် တစ်မျိုးတစ်မည် ထင်မှား၍ အားတက်သွားမည်ကို စိုးရိမ်ရလေ၏။ သို့နှင့် မည်သို့မျှ မကြံတတ်၊ မှိုင်ပုံတော်ချရာက အစ်မနှင့်အဒေါ် ရှိရာသို့ ထ၍ လျှောက်ခဲ့ လေ၏။ ဒေါ်ကြီးသည် တူမ၏ ညှိုးငယ်သော မျက်နှာကို ကြည့်လျက် –

'အစော ဘယ့်နှယ် မျက်နှာ မကောင်းပါဘဲလား၊ ခေါင်းခဲသလား' ဟု မေးသော်လည်း ၎င်းတို့ကိုယ်တိုင်ကား အမတ်ကြီးထံမှ မောင်လှဝ နှင့် ခင်စောဦးအား နားချရန် စာရပြီး ဖြစ်သောကြောင့် သိနှင့်ပြီး ဖြစ် လေ၏။ ခင်စောဦးသည် မျက်ရည်ဝိုင်းလျက် –

'အမယ်လေး… အဒေါ်ရဲ့… အစောကို ပစ်မထားပါနဲ့၊ ဘဘက အစောကို ဟိုသူဌေးသားနဲ့ သဘောတူနေပြီ၊ အစော သူ့ကို မကြိုက် နိုင်ပါဘူး' ဟု ကလေးသဖွယ် ငိုယိုနေလေရာ –

'အေး... အစော ဘာဘကလည်း သမီးကောင်းစားတာ မြင်ချင်လို့ ထင်ပါရဲ့ အစောရယ်၊ အစောလည်း ငယ်တဲ့သူမှ မဟုတ်ပဲ'

'အစော ကောင်းစားတာတော့ မြင်ရမှာ မဟုတ်ဘူး၊ အသက်တို တာသာ တွေ့ကြရလိမ့်မယ်' ဟု လိုက်လှဲစွာ ရှိုက်ငင်ငိုကြွေးရာ၊ အဒေါ် ကြီးမှာ တူမကို ပွေ့လျက် ကျောကိုပွတ်ကာ ချော့မော့လေ၏။ ထိုအခါ မစောနန်းသည် ညီမကို ချစ်သည့်အောနှင့် –

'အံမာ... အစော... အိမ်ထောင်ရေးဆိုတာ ကိုယ်ချစ်မှ ကိုယ်ယူ ရတာ၊ မကြိုက်ရင် မကြိုက်ဘူးပေါ့၊ ဘာပူစရာ ရှိသလဲ' ဟု ဝင်၍ တော လိုက်ရာ အဒေါ်ကြီးသည် မစောနန်းအား မျက်စောင်းပြန်ထိုးလိုက် လေ၏။ မစောနန်းသည်လည်း အဒေါ်ကြီးအား မျက်စောင်းပြန်ထိုးလျက် စကားဆက်တော့မည်ဟု ပါးစပ်ပြင်လိုက်ရာ –

'ညည်း ဘာရှုပ်တာလဲ၊ ညည်းကို ဘယ့်နှယ် မှာလိုက်သလဲ၊ ညည်း အကြောင်း အမတ်မင်း သိရင် ဘယ်လိုဖြစ်သွားမယ် ဆိုတာ နားလည် ရဲ့လား' ဟု မာန်မဲသဖြင့် ငြိမ်၍ သွားလေ၏။

'ကိုင်း... ကိုင်း... တူမရယ်... ဆံပင်များ ထုံးစမ်းပါဦး၊ ညည်းက ဘာပြုလို့ သူဌေးသားကို မုန်းနေရတာလဲ'

'မုန်းလို့ မဟုတ်ပါဘူး၊ မချစ်နိုင်တာပဲ ရှိတယ်'

'ဟိုသူငယ်ကို ညည်းမပြတ်သေးဘူးလား၊ စိတ်မကုန်သေးဘူးလား' ထိုအခါ ခင်စောဦးသည် မျိုးညွန့်အား အချစ်မကုန်ကြောင်း ပြောပြမည် ကြံစည်ပြီးမှ အကျိုးမများသည်ကို မြင်သဖြင့် –

'သူ့ကြောင့်လည်း မဟုတ်ပါဘူး၊ ကျွန်မ ယောကျ်ားဆိုရင် ဘယ် ယောကျ်ားနဲ့မှ မတွေ့ချင်ဘူး' ဟု လိမ်းလွဲပြောလေ၏။

'မောင်လူဝကို တူမ မြင်ဖူးသလား'

'မမြင်ဖူးဘူး၊ ဒါပေမဲ့ မြင်ဖူးတာ မမြင်ဖူးတာနဲ့လည်း မဆိုင်ပါဘူး၊ ကျွန်မ မေတ္တာမရှိတာ မရှိလို့ပဲ'

'အို ဝေ့လည်လည်ကြီး၊ သူလာတော့ စဉ်းစားကြည့်သေးတာပေါ့'

ထိုအခိုက် တိုက်အောက်မှ ကားရပ်သံ ကြားရသဖြင့် သုံးဦးသား တစ်ဦးမျက်နှာ တစ်ဦး ကြည့်ရှုပြီးလျှင် ခင်စောဦးသည် ၎င်း၏ အခန်းဆီသို့ ထ သွားလေ၏။ စန္ဒရားကြီးကို ကြည့်ရှုပြီးလျှင် အနားသို့ ချဉ်းကပ်လေ၏။ မောင်မျိုးညွန့်နှင့် ဂန္ဓမာတောင် ပလ္လင်ရှစ်ခန်း စသည်တို့ သီဆိုတီးမှုတ်ပုံကို သတိရလာသဖြင့် စန္ဒရားကြီးကို အသာနှိပ်လေ၏။ တစ်ဖန် စန္ဒရားကို ရန်သူပမာ ကြည့်ရှုလျက် အိပ်ရာ ခုတင်ပေါ်သို့ တအား ပစ်လှဲလိုက်လေ၏။

ပဝါ ဘီအေပေါင်း၊ ဘန်ကောက်ပုဆိုး၊ သက္ကလတ် ရင်ဖုံး၊ ရွှေကိုင်းမျက်မှန်နှင့် ဖြူဖြူခံ့ခံ့ အသက် ၃၀ လောက် ထင်ရသူ တစ်ဦးသည် တိုက်ပေါ်သို့ ရောက်ရှိလာလေ၏။ မိန်းမကြီးသည် အလွန်ဖော်ရွေသော မျက်နှာအမူအရာဖြင့် –

'သြော်... သူဌေးကလေးပါကလား၊ ကြွပါ ကြွပါ' ဟု ဖိတ်ခေါ်လျက် နေရာချထား ပေးလေ၏။ အစေခံမကလေးများအားလည်း ကွမ်းအစ်၊ ဆေးလိပ် စသည်တို့ကို ယူခဲ့ရန် အမိန့်ပေးရာ မကြာမီ ရောက်ရှိလာလေ၏။ မိန်းမပျိုတို့အား ဆွဲယူလေ့ ရှိသော သူဌေးကလေး မောင်လူဝ၏ မျက်နှာသည် မစောနန်းအား မသိမသာ ကြည့်လိုက်ရာ၊ မစောနန်းနှင့် အကြည့်ချင်း ဆုံသဖြင့် ရှက်သလိုလို ခေါင်းငုံ့ကာ ခြေချင်းပွတ်၍ နေလေ၏။ သူဌေးကလေးကား မည်သူ့မှ မမေးဘဲ –

'ကျွန်တော်တို့မှာလည်း အလုပ်တွေက အလွန် များနေတာပဲ၊ ဒါပေမဲ့ ခမည်းတော်ဘုရားက စောင့်ရှောက်ရန် စေလွှတ်တဲ့အတွက် အားလုံးနှင့် မျက်နှာတန်းမိရန် လာရတာပဲ ဒေါ်ဒေါ်ရဲ့'

'ဟုတ်ကဲ့၊ ဒေါ်ဒေါ်တို့ဆီမှာလည်း အမတ်မင်းက သူဌေးကလေး လာရောက် စောင့်ရှောက်လိမ့်မယ် စာရလို့ မျှော်လင့်နေဆဲပါပဲ'

'ဩော်... အမတ်မင်းဆီက စာရပါသလား' (အံ့သြဟန်နှင့် မေး) အဒေါ်ကြီးသည် ခေါင်းညိတ်လျက် ဟုတ်ကြောင်း အမူအရာပြ၏။ သူဌေးကလေး၏ မျက်လုံးကား များစွာ အငြိမ်မနေ၊ လက်ဆော့ခြေဆော့နိုင်သော ကလေးကဲ့သို့ တစ်စုံတစ်ရာကို ရှာဖွေ၍ နေဟန်တူ၏။ 'ယနေ့ တနင်္ဂနွေနေ့မှ ဟုတ်ပါ့မလား'ဟု ရက်များကို ပြန်လှန်၍ တွက်ချက်ကြည့်ရာ အကင်းပါးသော အမယ်ကြီးသည် –

'အစောရေ လာပါဦးဟေ့၊ ဟောဒီမယ် သူဌေးကလေး ရောက်နေလို့' ဟု လှမ်း၍ ပြောလိုက်မှ ခင်စောဦး ဧကန္တရှိကြောင်း သိသဖြင့် ပြုံးရွှင်လာလေ၏။ ခင်စောဦးကား ထွက်ရ ကောင်းမလား၊ မထွက်ဘဲ နေရ ကောင်းမလားဟု ချီတုံချတုံနေရာက ဖခင်ကြီး၏ အမိန့်သံကို သတိရသဖြင့် ဆံပင်ကို ကပိုကရိုပတ်ကာ ထွက်ခဲ့လေ၏။

နံ့သာရောင် ပိုးလုံချည်၊ အဝါနု ပိုးအင်္ကျီဖြင့် မပြုမပြင်ဘဲ နေလေရာ အင်္ကျီစိန်ကြယ်သီးအရောင်သည် တဖျတ်ဖျတ်နှင့် အရောင်ဟပ်၍ နေလေ၏။ နန္ဒင်းတက်ကဲ့သို့သော အသားမှ အကြောစိမ်းလေးများ ပေါ်လွင်နေသော လည်တံနှင့် မျက်ကွင်းကျယ်၊ နက်မှောင်သော မျက်အိမ်၊ လေးကိုင်း မရှိတရှိ မျက်ခုံး၊ ရှည်လျား၍ အပေါ်သို့ ကော့တက်သော မျက်တောင်၊ နီထွေးသော နှုတ်ခမ်း စသည်တို့သည် ပုထုဇဉ် တစ်ဖက်သား၏ စိတ်နှလုံး ချောက်ချားအောင် ဖြစ်နေလေ၏။ မစောနန်းသည် ညီမဖြစ်သူအား မောင်လူဝ စူးစိုက်ကြည့်ရှုသည်ကို မနာလိုစိတ်ကလေးများ ပေါ်လျက် 'ကိုခေါ်တော့' ဟု တိုးတိုး အသံထွက်ရာ၊ မောင်လူဝမှာ ရှက်ကိုးရှက်ကန်းနှင့် မျက်နှာတစ်မျိုး ပြင်လိုက်လေ၏။ မစောနန်းလည်း မိမိစကား လွန်မှန်း သိသဖြင့် –

'ဒေါ်ဒေါ်ရဲ့၊ ဟိုနေ့က ခေါ်တောကုလားနဲ့ လိုက်သွားတဲ့ ဗမာ

မဟာ အတော် ဒုက္ခရောက်ရှာ ဆိုသကိုး' ဟု သတင်းစာကို ဆွဲယူလျက် စကားဖာလေ၏။ ခင်စောဦးကား အဒေါ်ကြီး၏ အနားတွင် ခေါင်း အောက်ချလျက် ခပ်ကျုံ့ကျုံ့ထိုင်၍ နေလေရာ–

'သူဌေးကလေးနှယ်၊ တူမက စာတွေ သိပ်ကြိုးစားလို့ လူနည်းနည်း ပိန်နေလို့သာ၊ အစက ဒီ့ထက် အဆင်ပြေသေးတယ်'

'အခုလို အနေလည်း အရုပ်မဆိုးပါဘူး၊ လှတဲ့သူများဟာ ဝတော့ လည်း ဝဝတုတ်တုတ်မို့ တစ်မျိုးလှ၊ ပိန်ပြန်တော့လည်း ယဉ်စစနဲ့၊ ခု အစောဟာ ပိန်မှ မပိန်သေးဘဲ၊ အစော ဘယ်အတန်း ရောက်ပြီလဲ'

'ဘီ–အေ စီနီယာ'

'ဩော်... အတော်ရောက်ပါပကော၊ အစောက အတတ်စ်ယူတာကိုး၊ ဒါပြီးရင် ဘာဆက်ဦးမလဲ'

'မပြောတတ်ဘူး'

'မိန်းကလေးဆိုတော့ အတတ်စ်ယူတာပဲ သင့်ပါတယ်၊ ကိုကိုတို့တော့ မိဘအမွေအနှစ် အလုပ်အကိုင်ကြောင့် ဆိုင်းယင့်စ် ယူရတယ်၊ ဒါမှ အီလက်ထရစ်ကယ်လ် အင်ဂျင်နီယာရင်း စတဲ့ အလုပ်တွေအတွက် ဆက်လက် ပညာသင်ကြားဖို့ လွယ်ခဲ့တာကိုး'

ခင်စောဦးသည် စကားပြန်မပြောချေ။ စကားစသည် ပြတ်သွား လေ၏။ သို့ရာတွင် မောင်လူဝသည် ဤမျှ စကားပြန်ပြောဖော် ရသည် ကိုပင် အထူးကျေနပ်လျက် ခင်စောဦးသည် မိမိလက်သို့ ရောက်ရမည် မလွဲဟု တထစ်ချ ယူဆလေ၏။ ထိုအတွင်း ပိုစတန်နှင့် မုန့်များ၊ သစ်သီး များ ရောက်လာသဖြင့် –

'ကိုင်း... ကြွလာတဲ့အခါ သုံးဆောင်ပါဦး' ဟု အဒေါ်ကြီးသည် ပြုံးသော အမူအရာနှင့် ကြည့်ရှုလေ၏။

မောင်လူဝလည်း ပိုစတန်ကို သောက်ရင်း ခင်စောဦး၏ မျက်နှာ

ကလေးကို ကြည့်ရှုနေ၏။ ခင်စောဦးမှာကား ခေါင်းအောက်ချလျက် နေလေရာ အဒေါ်ကြီးသည် မစောနန်းအား မျက်စ ပစ်ကာ–

'ကိုင်း... ကိုင်း... သူဌေးကလေး၊ နှမတော်နှင့် စကားပြောရစ်ကြဦး' ဟု ဆိုကာ တိုက်ခန်းထဲသို့ ထ သွားလေ၏။ ပန်းကန်ထဲမှ ပိုစတန်တို့သည် တစ်စတစ်စနှင့် အေး၍လာရာ–

'ခင်... သုံးဆောင်ပါဦးတော့လားကွယ်၊ အေးကုန်ပါမယ်' ဟု မောင်လှုဝသည် ကရုဏာသက်သည့် မျက်နှာအမူအရာနှင့် ပြောဆိုလေ၏။ ထိုသို့ ပြောဆိုခြင်းသည် ခင်စောဦးအား နှစ်သိမ့်စေမည်လော။

'ကျွန်မ ခပ်စောစောက သောက်ပြီးပြီရှင့်'

'ဒါထက် ခင်တို့ဆီ ကျုပ်လာတဲ့အကြောင်းကို သိပြီး မဟုတ်လား'

'ကျွန်မ ဖခင်ကတော့ ဦးအင်း သားတစ်ယောက် စောင့်ရှောက်ဖို့ လာလိမ့်မယ်လို့ စာပေးလို့ အဲဒါပဲ သိပါတယ်'

'ဟုတ်ပါပြီ၊ ကျုပ်ကလည်း ဒါကို မေးတာပါပဲ၊ ယခု ပညာသင်ကြားခိုက်မှာ ခဏခေတ္တ မပြတ်မလပ် ကြည့်ရှုစောင့်ရှောက်ပြီး၊ ပညာသင်ကြားပြီးတဲ့နောက် အစဉ်အမြဲ စောင့်ရှောက်ဖို့ ဆိုတာလဲ ...'

'ဒါက ရှင့်အလိုနဲ့ ဘဘဘုရားသဘော မဟုတ်လား'

'ဟုတ်ကဲ့၊ ဒါကြောင့် ခင့်သဘော ဘယ်လိုဆိုတာ သိပါရစေလို့ မေးမျှားကြည့်ရင် စိတ်ဆိုးတော် မူမှာလားလို့'

'အို... အို ဒီလို မေးရုံနဲ့ စိတ်ဆိုးစရာ မရှိပါဘူး၊ ကျွန်မ သဘောကလည်း မမေးပေမဲ့ ပြောဆိုဖို့ရာကို တွေးတောထားပြီးပါပဲ'

(အားတက်သော အမူအရာနှင့်) 'ဒါဖြင့်ရင်လည်း ကြားချင်လှပါပြီ ခင်ရယ်၊ သိပါရစေတော့' ဟု ပြောပြောဆိုဆို ကုလားထိုင်ကို ခင်စောဦး၏ အနီးသို့ တိုး၍သွားလေရာ၊ ခင်စောဦးမှာ မောင်လှုဝနှင့်

ဝေးနိုင်သမျှ ဝေးအောင် အခြားကုလားထိုင် တစ်လုံးသို့ ရွှေ့ပြောင်းထိုင်ရင်း –

'လာလာချင်း ဆောက်နဲ့ထွင်း ဆိုသလို ဒီအမူအရာမျိုးကို ဆင်ခြင်ရင် ကောင်းလိမ့်မယ်လို့ သဘောရပါတယ်'

'အို… ကိုယ်ချစ်တဲ့သူနဲ့ နီးနီးကပ်ကပ် နေချင်လို့ တိုးလာတာပေါ့ ခင်ရဲ့၊ ဒီကမေတ္တာ ဘယ်လောက် ရင့်သန်နေတယ် ဆိုတာ ခင် သိရင် ခုလို ရက်စက်မယ် မထင်ပါဘူး'

'ကျွန်မ စိတ်က တစ်မျိုးပဲ၊ ကျွန်မအပေါ် မေတ္တာဓာတ် ရင့်တယ်၊ မရင့်ဘူးဆိုတာ လူမြင်ရင် သိပါတယ်။ အခုဖြင့် အားနာလို့ တစ်မျိုး၊ ဘာဘာညာ အမိန့်ကြောင့် တစ်ဖြာ၊ မလွှဲသာတာ တစ်ကြောင်းကြောင့် အောက်အည်းနေရပါတယ်။ ဘာတစ်ခုမျှ မလေးနက်ဘဲ အလွန် ပျင်းရိငြီးငွေ့စရာ ကောင်းပါတယ်'

'ဒါကတော့ တွေ့စမို့ပါ၊ နောင်တော့ အကြောင်းသိပါလိမ့်မယ်၊ ကိုင်း… ခင့်သဘော ဘယ်လိုဆိုတာ မသိရဘူးလား ခင်ရဲ့'

'ဟောဒါဟာ အခက်ဆုံးပဲရှင့်၊ ရှင်လည်း ပညာရှိတစ်ယောက် လုပ်နေတာပဲ၊ လူတစ်ဦးရဲ့ အမူအရာကြည့်ခြင်းဖြင့် သူ့သဘော ဘယ်လိုဆိုတာ သိထိုက်ပါတယ်၊ သာပြီး ရှင်းလင်းအောင် ဘွင်းဘွင်း ပြောရမှာဖြင့် ရှင်နဲ့ ကျွန်မ တစ်ခါမျှ မတွေ့မမြင်ဖူးပါပဲ ရှင်က မေတ္တာရှိပါတယ် ဆိုလို့လည်း ယုံစရာမရှိ၊ ကျွန်မက မေတ္တာမျှပါတယ် ဆိုရင်လည်း အနှစ်မရှိဘူး'

'အို… ဒါကတော့ ခင်က မသိလို့ပါ၊ ခင့်ကို မြင်ဖူးပါတယ်၊ ခင့်သတင်းကို ကြားဖူးပါတယ်၊ ဒါကြောင့် ဒီက ခင့်အပေါ် မေတ္တာစိတ်ပွားများနေတာ ဘယ်လောက် ကြာပြီလို့ နှစ် လ ရက် နဲ့ ပြောနိုင်ပါတယ်'

'ကျွန်မစိတ်မှာ ကျွန်မနဲ့ အလားတူ မေတ္တာမျိုးမှ မေတ္တာ တုံ့ပြန်

နိုင်စိတ် ရှိပါတယ်။ ငွေကြေး၊ ပညာဂုဏ် တစ်ခုခုကြောင့် မျှရတဲ့ မေတ္တာမျိုးဟာ အဖိုးမတန်ဘူးလို့ ထင်ပါတယ်။ ဒီတော့ကာ ရှင် ဘယ်လိုပြောပြော ရှင်တို့သဘောမှာ ကျွန်မရဲ့ သုံးဆယ်နှစ်ကောင်္ဒွာသကို စွဲမက်တာနဲ့ ဘာဘာဘုရား၏ ခနဂုဏ်ကို ပေါင်းပြီး ကြံစည်တာ ဖြစ်ရမယ်လို့ ယူဆမိပါတယ်'

'ဒီလိုဆိုရင် ခင် လွဲမှာပေါ့'

'မလွဲပါဘူး၊ ကျွန်မ လေးလေးနက်နက် တွေးပြီးမှ ပြောတာပါ'

'အနို့ မျိုးညွန့်က ချစ်တာတော့ မေတ္တာစစ်လို့ ထင်တယ် ဆိုပါတော့'

'အဲ… ကျွန်မကလည်း ဒီစကားလေးကို ရချင်နေတာပဲ၊ ကိုမျိုးညွန့်နဲ့ ကျွန်မ မေတ္တာမျှနေတယ် ဆိုတာ ရှင်တို့ သိနေတာပေါ့၊ သူတစ်ထူး မေတ္တာမျှနေတဲ့ မိန်းကလေးကို ရှင်က တစ်ခါ မေတ္တာမျှချင်တယ်ဆို ဟုတ်နိုင်ပါ့မလားလို့'

'မေတ္တာသဘော ဆိုတာ ပြောဖို့ အပုံ ခဲယဉ်းပါတယ်'

'ကိုင်း… ရှင် သူတစ်ထူးနဲ့ မေတ္တာမျှပြီးတဲ့ မိန်းကလေး တစ်ယောက်ဟာ ဒီ့ပြင် တစ်ယောက်ကို ကူးပြောင်း ချစ်ခင်ရင်ကော မိန်းကလေး ပီပါဦးမလား၊ ဟီရိဩတ္တပ္ပကပ်တဲ့ ဘယ်မိန်းကလေး မဆို တစ်စုံတစ်ဦးအား ချစ်ခင်ရန် ကတိထားပြီးမှ အခြားတစ်ယောက်သို့ ကူးပြောင်းပြီး ချစ်ခင်လေ့ မရှိကြဘူး၊ အသက်အသေခံရင်သာ ခံကြမယ်ရှင့်၊ ကိုယ့်ငယ်ချစ်ကို မစွန့်လွှတ်နိုင်ကြဘူး'

'မျိုးညွန့်ဟာ ဘယ်လိုလူစားလဲ ဆိုတာ ခင် သိလား'

'သိတယ်၊ လူရိုး လူကောင်းရှင့်၊ သူများက မတရား ဉာဏ်ဆင်လို့ ကျွန်မ ဘာဘာဘုရား အထင်လွဲတာကို ခံနေရရှာတာ၊ ကိုမျိုးညွန့်လောက် ရိုးတာ တစ်ယောက်မှ မရှိဘူး'

'အင်း နောက်တော့ သိလိမ့်မပေါ့'

'နောက်သိဖို့ မလိုဘူး၊ အခု သိပြီပဲ၊ ကျွန်မ တစ်ခု အစီရင်ခံလိုတာက ရှင်တို့ဟာ ကျွန်မနဲ့ ကိုမျိုးညွန့် နှစ်ဦး ရင်းနှီးချစ်ခင်ကြောင်း သိပြီးဖြစ်လျက် ကျွန်မကို အရကြံစည်တာဟာ သဘောရိုးလို့ ထင်ရမှာလား၊ ကိုမျိုးညွန့်ကို မုန်းလို့ သူလုပ်သမျှ ပျက်စေတော့လို့ ကြံစည်တာရင်လည်း ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင် ရှင်တို့ဟာ ကိုမျိုးညွန့် မိခင်ပစ္စည်းကို လောဘဇော တိုက်တွန်းယုငင်ပြီး နောက် ရှမ်းပြည်နယ်က ကျွန်မတို့ ပစ္စည်းတွေအပေါ် တွင်ကျယ်ချင်လို့ရင် ဖြစ်ရမယ်၊ အထက်တန်းစာပေသင်ကြားနေတဲ့ မိန်းကလေး တစ်ဦးဟာ ဒါလောက် စဉ်းစားဉာဏ်တော့ ရှိလိမ့်ဦးမယ်လို့ မတွေးတော မိလေရော့သလား ရှင်' ဟု သာသာနှင့် နာနာ ပြောဆိုရာ၊ ကိုယ့်အလိုဆန္ဒမပြည့်ခင် အရှက်အကြောက် အလွန်နည်းပါးသော လူမျိုးဖြစ်သည့်အတိုင်း အောက်ကျ အသနားခံသော အမူအရာဖြင့် –

'ခင် ပြောတာတွေဟာ ခင့် ထင်မြင်ချက်တွေပဲ၊ ဒီကဖြင့် ခင့်ကို မြင်ကတည်းက မစားနိုင်၊ မအိပ်နိုင် ဖြစ်ရလောက်အောင် အချစ်စိတ်ပွားများလွန်းလို့ ဘဘကို ပူဆာလေတော့ ဘဘကလည်း ခင်ရဲ့ ဘဘဘုရားနဲ့ ထွက်ဝင်နိုင်ခွင့် ရှိအောင် တိုင်ပင်ပြီး အခုလို လာရတာပါ။ ဘယ်ဘုရားမှာ သစ္စာဆိုရ ဆိုရ ဆိုရဲပါတယ် ခင်ရယ်'

ခင်စောဦးသည် မယုံကြည်သော အမူအရာနှင့် ခပ်ပြုံးပြုံးကလေးဖြင့် စကားမပြော တုဏှိဘာဝေ နေလေ၏။

'ခင်က ကျုပ်ပြောတာ မယုံဘူး ထင်တယ်၊ ခင် စဉ်းစားကြည့်ပါ၊ ခင့်လို ချောမောလှပ လိမ္မာတဲ့ မိန်းကလေးတစ်ဦးကို ယောကျ်ားပေါင်း ထောင်သောင်းက ဝန်းဝိုင်း ချစ်ကြိုက်နိုင်ပါတယ်။ ခင်ဟာ မျိုးညွန့်နဲ့

သမီးရည်းစား ဖြစ်ရုံမျှ ရှိပါသေးတယ်။ ရှေးက တစ်ခုလပ် လင်ရင်း ပေါက်သောက် သူကို ယူမိတဲ့ ဘုရင်၊ မိဖုရား စောဘို့မယ်ကို မင်းငါးဆက်ထိ တင်မြှောက်ကြတာများ စဉ်းစားရင် ကျုပ်ဟာ ခင် တွေးသလို မဟုတ်ဘူးလို့ ယူဆထိုက်ပါတယ်'

'ရှေးက ဘုရင်တွေတော့ ဘာမျှ မပြောလိုပါဘူး၊ ဒါပေမဲ့ ခုခေတ်မယ် ရှင့်လို သူဌေးသားတစ်ဦးက ရည်းစားဟောင်း ရှိတဲ့ မိန်းကလေးတစ်ဦးမှ ကြံစည်နေတယ်ဆိုတာတော့ ကျွန်မ စဉ်းစားသလို မဖြစ်နိုင်ဘူးလားရှင့်၊ အကယ်၍ ရှင်ဟာ တကယ် မေတ္တာမျှတယ် ထားစေပါဦး၊ ကျွန်မလို မသန့်ရှင်းတဲ့ မိန်းကလေးမှ ချစ်ခင်လိုတဲ့ သူများဟာ အလွန်ညံ့ဖျင်းတဲ့ ယောက်ျားပဲလို့ ဆိုရပါမယ်၊ ကျွန်မလည်း ညံ့တဲ့ ယောက်ျားများတော့ စိတ်ထဲမှာ အတော် စက်ဆုပ်တတ်တယ်ရှင့်'

'ခင်တို့က စကားပြောပွဲတွေ ခေတ်ထနေတော့ စကားပြော အလွန်ပိုင်တာကိုး။ ကိုင်း... ဥပမာတစ်ခု ပြောစမ်းပါရစေ၊ ဘန်ကောက်လုံကွင်းကတော့ တစ်ပတ်ရစ်သာသာ၊ သူများ ဝတ်ပြီး ဆိုစေကာမူ အရောင်ပြောင်လက်တုန်း ဆိုပါတော့၊ အဲဒီ ဘန်ကောက် လုံကွင်းနဲ့ ဖဲပိုး လုံကွင်းအသစ်ကျပ်ချွတ်နှစ်ခု ယှဉ်ပေးရင် ဖဲပိုးဟာ ဘယ်မှ မဝတ်ရသေးတဲ့ အသစ်ကျပ်ချွတ် ဖြစ်ပေမဲ့ ရေရှည်ကျတော့ နွမ်းစုတ်ပြတ်လွယ်မယ် မဟုတ်လား၊ ဘန်ကောက် တစ်ပတ်ရစ်ကတော့ ရေချခံ၊ ပင်းမင်းပေးခံ၊ ဖဲပိုးထက် အဆပေါင်း များစွာ တာရှည်ခံမယ် မဟုတ်လား။ အဲဒီလိုပဲ ကညာပျိုအစစ် ဖဲပိုးနဲ့တူတဲ့ သူတွေထက်တော့ ဘန်ကောက်တစ်ပတ်ရစ်နဲ့ တူတဲ့ ခင်က ပိုပြီး မကောင်းပေဘူးလား ခင်ရယ်'

'ရှင့်ဟာက ဘန်ကောက်နဲ့ ဖဲပိုးကို နှိုင်းယှဉ်တာကိုး၊ ဘန်ကောက်အစစ်နဲ့ ဘန်ကောက် တစ်ပတ်ရစ်၊ ဖဲပိုးအသစ်နဲ့ ဖဲပိုးတစ်ပတ်ရစ်ကို နှိုင်းယှဉ်မှ အချိုးအစား တူတော့မပေါ့။ မြန်မာပြည်မှာ ကျွန်မ အဆင့်

အတန်းမျိုး မိန်းကလေးတွေလည်း ကျွန်မတစ်ယောက်တည်း ရှိတာမှ မဟုတ်ဘဲ။ ကုန်ကုန်ပြောပါရစေ၊ ကျွန်မဟာ ရှင့်ကို အချိန် သည့်လောက်ကြာအောင် ပြောနေတာဟာ တခြားကြောင့် မဟုတ်ဘူး၊ ရှင်ဟာ ပညာရှိပဲ။ ကျွန်မဆိုလိုတဲ့ အဓိပ္ပာယ်ကို နားလည်ပြီး နောက်ဆုတ်တန်ကောင်းရဲ့လို့ ပြောနေတာရှင့်။ ခုလိုသာ ဇွတ်တိုးမယ်ဆိုရင် ကျွန်မ လက်သင့်ခံစကားမပြောတဲ့အတွက် ကျွန်မ အပြစ်ရှိမယ် မဟုတ်ပါဘူး’ ဟု နေရာမှထ လိုက်ရာ မောင်လူဝသည် လျှင်မြန်သော ခြေလှမ်း၊ လျှင်မြန်သော လက်ဖြင့် ခင်စောဦး၏ လက်ကလေးကို ဆွဲငင်ထားလိုက်လေ၏။ ခင်စောဦးကား ရှက်သွေးလျှမ်းသော မျက်နှာဖြင့် –

‘ရှင် ဘယ့်နှယ်လဲ၊ ရှင့်ဇာတိ ပြပြီလား၊ လွှတ်နော်… လွှတ်’

(ပြုံးဖြဲဖြဲ အမူအရာဖြင့်) ‘စကားကလေး တစ်ခွန်းလောက်’

‘ရှင့်လိုလူနဲ့ လေကုန်ခံပြီး မပြောလိုဘူး… လွှတ်’ ဟု ရန်သော်လည်း မရဘဲ ‘မဟုတ်ပါဘူး ခင်ရယ်၊ မေတ္တာရှိလွန်းလို့ပါ၊ ကိုင်း… မေတ္တာရှိကြောင်း ပြပါရစေ’ ဟု အတင်းပွေ့ဖက်ရာ၊ ခင်စောဦးမှာ အတင်းရုန်းကန်သဖြင့် ကုလားထိုင်များ လဲပြိုလျက် စားပွဲကြီးပင် နေရာက ရွေ့လေ၏။ သို့ရာတွင် လောဘဇောတိုက်တွန်းသော မောင်လူဝကား နောက်မဆုတ်တမ်း စိတ်ဖြင့် အတင်းချုပ်ကိုင်လျက် ရှိရာ ခင်စောဦးမှာ ပါးစပ်က ‘ဟဲ့ အယုတ်မာကောင်၊ ခွေးမျိုး’ ဟု ရေရွတ်ရင်း ငါးရံ့မြေလူး ဖြစ်နေရှာလေ၏။

မစောနန်းကား အပြင်ဘက်ခန်းက ဗြုန်းဗြုန်းဒိုင်းဒိုင်း အသံကြားသဖြင့် ညီမကို သနားသော စိတ်နှင့် ထွက်မည်အလုပ် အဒေါ်ကြီးက ‘နေပစေ’ ဟု တားမြစ်ထားရာက မနေနိုင်သဖြင့် အတင်း ထွက်ခဲ့ရာ –

# အခန်း (၁၂)

အားချင်း မမျှသော ခင်စောဦးမှာ မောင်လူဝ၏ လက်တွင်းသို့ ပျော့ခွေလျက်နေစဉ် ရောက်ရှိသွားလေ၏။ မောင်လူဝကား အချစ် လောဘဇောနှင့် ခင်စောဦး၏ ချောမွေ့သော ပါးပြင်ကလေးပေါ်သို့ နှာခေါင်းစက်တော်ရာ ချမည်အလုပ် မစောနန်းသည် မောင်လူဝ၏ လည်ကုပ်ကိုဖျစ်ညှစ်ဆွဲပြီးနောက် –

'ရှင် မိကောင်းဖခင် သားသမီးဆိုပြီး ဒီလို သရမ်း ရသလား၊ အားနွဲ့တဲ့ မိန်းမတစ်ဦးကို ဒီလိုပဲ ကြံရသလား၊ ရှင့်နှမကို ဒီလို ကြံရင်ခံချင်မလား' ဟု ခွက်ခွက်လန်အောင် ရန်တွေ့လေရာ၊ ခင်စောဦးမှာ အခန်းတွင်းသို့ ဝင်သွားလျက် ရှက်စိတ်ဖြင့် ငိုကြွေးလေ၏။ ထိုအခိုက် အဒေါ်ကြီးလည်း အပြင်ဘက်သို့ ထွက်လာကာ မစောနန်းအား –

'ညည်းက တယ်ပြီး မိန်းမလူစွမ်းကောင်း လုပ်တယ်၊ သွား' ဟု ငေါက်လိုက်သဖြင့် မစောနန်းသည် အခန်းထဲသို့ ဝင်သွားလေ၏။

'စိတ်မရှိပါနဲ့ သူဌေးကလေး၊ ငယ်ရွယ်သူတွေဆိုတော့ ဒီလိုပဲ ရှန်းရင်းဆန်ခတ် ဖြစ်တတ်ပါတယ်'

(ကုလားထိုင်ပေါ်ကနေ ထဆိုကျီမှ ဆွဲဆန့်ရင်း)'ဟာ ကိစ္စ မရှိပါဘူး၊ ကျွန်တော်က စကားကလေး တစ်ခွန်း ပြောမယ်လို့ ဆွဲထားတာ အတင်း ရှန်းကန်လို့ ဒီလို ဖြစ်ရတာပါ'

'လူငယ်ဆိုတာ တဖြည်းဖြည်း နားချရင် ပါစမြဲမို့ ဒီအတွက် စိတ်ချနေပါ၊ ကလေးမ ငယ်ငယ်ကတည်းက သူ့စိတ်နဲ့ မမှျရင် အတင်း လုပ်လို့ မရဘူး၊ အလွန် စိတ်ထက်တယ်၊ သူ့ ဘဘဘုရားတောင် လက်လျှော့ထားရတာကလား'

'အခုတော့ဖြင့် အလွန် တင်းနေတာပဲ ဒေါ်ဒေါ်ရဲ့'

'နောက်တော့ ပျော့လိမ့်မပေါ့'

'ခုပုံဖြင့် ဒေါ်ဒေါ့်ကို အားကိုးပါရစေ၊ ကျွန်တော်လည်း သဘောရိုး မေတ္တာစစ်နဲ့ ကြံစည်တာ အမှန်ပါခင်ဗျာ၊ ကိုင်း ကျွန်တော့်ကို ခွင့်ပြုပါ ဦး' ဟု နှုတ်ဆက် ဆင်းသက်သွားလေ၏။ အဒေါ်ကြီးလည်း လဲကျနေ သော ကုလားထိုင်၊ ယိုင်၍နေသော စားပွဲ စသည်တို့ကို ထူထောင် ဆွဲတည့်ကာ ပြင်ဆင်ရင်း တွေဝေစဉ်းစားနေလေ၏။

မစောနန်းကား ခုတင်ပေါ်တွင် ခွေခွေကလေး မျက်ရည်ဝဲလျက် ရှိသော ညီမချစ်ကို ချော့မော့၍ နေလေ၏။

'ကိုင်းပါ ညီမရယ် လွန်ပါစေ၊ နောက်ကို မမ ပစ်ပြီး မထားပါဘူး၊ ခုဟာလည်း ဒေါ်ဒေါ်က တိုက်တွန်းလို့ပါ'

'ဒီလို အပြုအမူမျိုး ဆိုတာ ကျွဲ၊ နွား၊ တိရစ္ဆာန်မှ ဘာဖြစ်ဖြစ် ငွေရပြီးရောဆိုတဲ့ သဘောနဲ့ လုပ်ရတာပါ မမရဲ့၊ လူရင့်မကြီးကို ကာ ယကံရှင် မိန်းကလေးက သဘောတူ မတူ ပဓာန မထားဘဲ ခုလို အစော်ကားခံရတာ ကျွန်မ ရှက်လှချေရဲ့' ဟု ငိုကြွေးပြန်သဖြင့် 'အို... အို... ညီမ အစော၊ တိတ်ပါအေ... မမ တောင်းပန်ပါပကော၊ ဒီတစ်ခါ လွန်ပါစေလို့'

'ပြီးတော့ ဒီလို အကြံအစည်မျိုး ဘဘဘုရား စိတ်ကူးရတော်မူ တာလည်း ဝမ်းနည်းလို့ မဆုံးဘူး။ ၁၄၊ ၁၅၊ ၁၆ နှစ် အရွယ်လည်း မဟုတ်၊ ရှေ့နောက်ချိန်ဆပြီး အထက်တန်းပညာ သင်ကြားနေတဲ့ သမီး

တစ်ယောက်လုံးကို အသုံးမကျ ထားရာက နေရမယ့် အဖြစ်မျိုးနဲ့ ချီးမြှင့်တော် မူတာများ’

‘ဘဘဘုရားကလည်း ဒီလို အတင်းအကျပ် မဟုတ်ပါဘူး၊ သမီးသဘောကို စုံစမ်းတာပါ၊ သမီး သဘောကျမှ ဖြစ်နိုင်တယ်လို့ စာရေးပြီးသားပါ’ ထိုအခိုက် အဒေါ်ကြီး ဝင်လာသဖြင့် ခင်စောဦးသည် အဒေါ်ကြီး၏ ခြေသလုံးကို ဖက်ကာ–

‘ကိုင်း ဒေါ်ဒေါ်လုပ်ပုံ ကောင်းကြသေးရဲ့လား ဒေါ်ဒေါ်ရဲ့’ ဟု ဆံပင်ဖားလျားနှင့် ငိုကြွေးပြန်ရာ အဒေါ်ကြီးမှာ တူမအား ပွေ့ဖက်လျက် တကယ် ကရုဏာသက်သည့် အမူအရာနှင့်–

‘အို… ဒေါ်ဒေါ်ကလည်း မိသားဖသား ပီပီ ပြုမူပြောဆိုမလားလို့ လွတ်လွတ်လပ်လပ် ပြောကြပါစေလို့ မျက်နှာလွှဲခဲ့တာပါ၊ ဒီလို ရမ်းကားရင် ဘယ်မှာ လွှဲခဲ့ပါမလဲ၊ နောက် ဒေါ်ဒေါ် မလွှဲပါဘူး အစောရယ်၊ အစော သဘောမကျဘဲ ဘာမှ အတင်း မလုပ်ပါဘူး’

‘ခုဆိုရင် ဘယ်လောက် ရှက်စရာ ကောင်းသလဲ၊ အစေခံမလေးတွေများ မြင်တွေ့သွားမယ်ဆိုရင် သေဖို့သာ ကောင်းတော့တယ်’

‘မမြင်ပါဘူး၊ အားလုံး အောက်ထပ်မှာ နေစေပါတယ်၊ ကိုင်း တူမ၊ ဒီလို အပူရုပ်ဖြစ်နေတာနဲ့ လူရိပ်မိတော့မယ်၊ ထပါ၊ ဖြီးဖြီးလိမ်းလိမ်း နေစမ်းပါ’ ဟု ချော့မော့ ပြောဆိုပြန်လေ၏။ ခင်စောဦးလည်း ဆံပင်ကို ကပိုကရိုပတ်ကာ ညှော့ခန်းတွင် ကျရစ်သော စိန်ဆံထိုးတစ်ခုကို ထွက်ယူရာ၊ မစောနန်းနှင့် အဒေါ်ကြီးလည်း အောက်ထပ်သို့ ဆင်း၍ သွားလေ၏။

ခင်စောဦးသည် စိန်ဆံထိုးကို တွေ့ရှိကောက်ယူရာမှ တစ်နေရာတွင် စာရွက်ခေါက် တစ်ခုကို မြင်လေလျှင် ကောက်၍ ဖတ်ရှုပြန်လေတော့၏။

သူဌေးကလေး ခင်ဗျား… ဖခင်ကြီးကိုသာ စပတ်လမ်း တိုက်ကြီးက တံခါးဖွင့် စောင့်စားနေနှင့်ရန်၊ ညသန်းခေါင်ကျော် တစ်နာရီတွင် ကျွန်တော် ဆက်ဆက် ရောက်မည့် အကြောင်းပါ ပြောထားစေချင်ပါတယ်။ အဆုံး စီရင်ပြီးနောက် အလောင်းကိုပါ ဖျောက်ဖျက်ပေးပါမည်။ သာ၍ စိတ်ချရအောင် ကိစ္စ မစီမံခင် ငွေ ၅၀၀ ကျပ် တင်ကူး ပေးထားဖို့လည်း မမေ့ပါနှင့်။

ခင်စောဦးမှာ အခိပ္ပာယ်ကို အတန်ကြာ တွေးတော၍ နေလေ၏။ ထိုသို့ တွေးတောရာမှ "ဤကိစ္စဟာ အခြားမဟုတ်၊ ယနေ့ညတွင် စပတ်လမ်းရှိ မောင်မျိုးညွန့်အား လူဆိုးများနှင့် ဖျောက်ဖျက်ရန် ကြံစည်ခြင်း ဖြစ်မည်"ဟု ထင်မြင်မိသည်နှင့် တစ်ပြိုင်နက် ရင်ကလေးများဖိုလျက် အမောဆိုက်သကဲ့သို့ ဖြစ်ရှာလေ၏။ လူငယ်တို့ဘာဝ တကယ် ချစ်သည်၊ မချစ်သည်ကို ဤနေရာ၌ သိသာနိုင်လေ၏။ မောင်မျိုးညွန့်သည် ယနေ့ အဖို့ ပေါ့ပေါ့ဆဆနှင့် အိပ်ပျော်နေပါလျှင် ရန်သူ၏ လက်နက်ဖြင့် အသက်ဆုံးရတော့မည် တကားဟု တွေးတောမိသောအခါ ဘယ်သူ့တားတား မနေ၊ မိမိအသက်ပဲ သေသေ သွားရောက် ပြောဆို ကွယ်ကာပေးမည် ဟူသော အမူအရာနှင့် အခန်းထဲသို့ သွားရောက် အဝတ်အစား လဲလှယ်လေ၏။ တစ်ဖန် အကယ်၍ မိမိကိုယ်တိုင် သွားရောက် ပြောဆိုက မိမိဖခင်ကြီး၏ သူလျှိုများ တွေ့ရှိလျှင် အချည်းနှီး ဖြစ်မည်ကို တွေးမိသောအခါ အကြံအိုက်၍ နေလေ၏။ ထိုနောက်မှ အကြံတစ်ခု ပေါ်လာပြန်သဖြင့် အဝတ်နွမ်းများကို ပြန်လှန် လဲလှယ်ကာ လက်ကိုင်ပဝါ တစ်ထည်ကို ခေါင်းတွင်ပတ်လျက် အောက်ထပ်သို့ ဆင်းခဲ့လေ၏။ အောက်ထပ်ရှိ အစေခံမကလေးထဲမှ အရိုးဆုံး တစ်ယောက်အား –

'ဟော့ အပေါ်ကို လာခဲ့စမ်းအေ၊ မမ ခေါင်းခဲလွန်းလို့၊ ပြီးတော့ ညည်းကို အဝယ်ခိုင်းစရာ တစ်ခုလည်း ရှိလို့' ဟု ပြောဆို ခေါ်ခဲ့လေ

၏။ ဒေါ်လုံမယ်နှင့် မစောနန်းတို့လည်း 'အေး လိုက်သွားလိုက်ပါဟဲ့' ဟု ကူညီပြောဆိုရင်း ခင်စောဦးအား မောင်လူဝဘက်သို့ ပါရန် မည်သို့ စီမံလျှင် ကောင်းမည် စသည်ဖြင့် တိုင်ပင်ရစ်ကြလေ၏။ ခင်စောဦးကား အစေခံမကလေးကို ၎င်း၏အခန်းထဲသို့ ခေါ်လျက် ခုတင်ပေါ်တွင် ထိုင်ကာ ဇက်ကြောများကို အဆွဲခိုင်း၍ နေလေ၏။ ထိုအစေခံမအား မည်သို့ ခိုင်းစေရလျှင် သင့်လျော်လေမည်နည်း စသည်တို့ကိုလည်း လေးလေးနက်နက် ချိန်ဆ နေလေ၏။

'ညည်း မမ ခိုင်းတာကို လုပ်မလား'

'ကိုမျိုးညွှန့်ဆီ ခိုင်းတာက လွဲရင် ဘာမဆို လုပ်ပေးမယ်'

'ကိုမျိုးညွှန့်ဆီတော့ ဘာပြုလို့တုံးအေ့'

'အံမယ်လေး မလုပ်ပါနဲ့ မမရယ်၊ ဘဘဘုရားကြီးက လူကိုလည်း မလှုမပနေအောင် ရိုက်ဦးမယ်၊ အိမ်က ပစ္စည်းခိုးမှုဆင်ပြီး ထောင်ချဦးမှာတဲ့၊ မသွားဝံ့ပါဘူး'

'အလကား ညည်းကို စုံစမ်းတာပါအေရယ်၊ ကိုမျိုးညွှန့်နဲ့ မမ ဘာမှ မဖြစ်တော့ပါဘူး၊ လူချင်းပြတ်ကြပါပြီ၊ ဒါပေမဲ့ သူက စိတ်မကုန်လို့ စာပေးနေလို့ နောက်ကို စာမပေးအောင် တားမြစ်ပေးပါလို့ သူ့အမေကို တိုင်ချင်လို့ပါ'

'အနို့ ကျွန်မက ဘယ့်နှယ် လုပ်ရမှာလဲ'

'အေး... မမ ပေးလိုက်တဲ့ တိုင်စာကို သူ့အမေရဲ့လက်ထဲ အရောက် ပို့ပေးဖို့ပဲ'

'ကိုမျိုးညွှန့်ဆီ စာသွားပေးတယ်လို့ ထင်နေပါဦးမယ်'

'မထင်ပါဘူး၊ သိမ်ကြီးဈေးကို ပန်းထိုးချည် အဝယ်ခိုင်းလို့ ဆိုပြီး သွားတာပေါ့၊ မမခိုင်းတာ သွားရင် ဟောဒါ ညည်းကို ဆုချမယ်' ဟု သုံးလုံးတန်း စိန်လက်စွပ်ကလေး တစ်ကွင်းကို လက်သူကြွယ်က ဖြုတ်၍

အစေခံမကလေး၏ လက်ကို ဝတ်ဆင်ပေးလေ၏။ အစေခံမကလေး လည်း လက်စွပ်ကို ကြည့်ရှုကာ အထူး ကျေနပ်သွားပုံ ရလေ၏။

'ညည်းသွားရင် သိမ်ကြီးဈေးကို လန်ချားခေါ်သွားနော်၊ တော်တဲ့ နေရာကမှ စပတ်လမ်းကို အပြေးခိုင်း။ သူတို့တိုက်မှာ လူရိပ်လူခြည် ကြည့်ပြီး သူ့အမေရဲ့ လက်ထဲ ထည့်ခဲ့နော်' ဟု ယခင် မောင်လူဝ ကျ ခဲ့သော စာရွက်အပြင် –

**ကိုကိုရှင့်...**

ပူးတွဲပါစာသည် လူဝ ကျန်ရစ်သော စာရွက်ကလေး ဖြစ် ပါသည်။ သူတို့သည် လူဆိုးများအား ကိုကို့ အသက် ရန်ရှာရန် တိုင်ပင်ပြီးကြပြီ။ ယနေ့ည သန်းခေါင်ကျော်လျှင် သတိနှင့် နေရန် ဖြစ်ပါသည်။ အကျပ်အတည်း ဘေးဒုက္ခတို့မှ လွတ်မြောက်ပါစေ ဟု အစော ဆုတောင်းပေးလျက်ပါပဲ ကိုကို...။

ဟု ရေးသားပြီးလျှင် စာအိတ်ကို ပိတ်ကာ အစေခံကလေး၏ လက်ထဲသို့ ထည့်လိုက်လေ၏။ ထိုနောက် 'ညည်းရဲ့လက်က မကိုင်နဲ့၊ ချွေးခံအင်္ကျီအိတ် ပါတယ် မဟုတ်လား၊ အဲဒီအိတ်ထဲ ...'

'ချွေးခံမဟုတ်ဘူး၊ ရှဉ့်မြီးနဲ့ ကြိုးအင်္ကျီ ဝတ်ထားတာ မမရဲ့'

'ဒါဖြင့်ရင် မမ သားရေအိတ်ကလေး ယူသွား၊ အဲဒီထဲထည့်၊ ဒေါ်ဒေါ် တို့ မေးရင် သိမ်ကြီးဈေး သွားမယ်လို့ ပြော၊ ဟုတ်လား' ဟု မှာထားပြီး လျှင် လွှတ်လိုက်လေ၏။

မိမိ မတရားသဖြင့် ရယူထားသော ပစ္စည်းများအတွက် အနှောင့် အယှက် တွေ့ကြုံနေရသော သူဌေး ဦးအင်းမှာ အနှောင့်အယှက် ပေးသူ

မှန်သမျှအား ဖျောက်ဖျက်ရမည့် ဝတ္တုရား ရှိသည့်အတိုင်း စပတ်လမ်းရှိ ဒေါ်မာမာ၏ တိုက်သို့ လာရောက်လေ၏။

'ရှင်မာရေ ... တို့တိုက်မှာ လူများ မကပ်ဘူးလား'

'ရန်ကုန်မြို့လယ်ကောင်မှာ ဘယ်သူလာပြီး ကြံစည်မှာလဲ'

'ကျုပ်တို့ တိုက်တောင် သေနတ်နဲ့ ပစ်သွားသေးတာ၊ ဒီမှာလည်း မကြံစည်ဘူးလို့ မဆိုနိုင်ဘူး၊ တိုက်တွင်းက ပစ္စည်းတွေ စိုးရိမ်ရတယ်'

'တိုက် အလုံကြီးပဲဟာ၊ ဘာစိုးရိမ်စရာ ရှိသလဲ'

'လူကြံရင် ဘာမဆို ဖြစ်နိုင်တာပဲ၊ မျိုးညွန့်နဲ့ မောင်နကော'

'သူတို့ ရွှေတိဂုံဘုရား သွားကြတယ် ထင်ပါရဲ့'

'ဩော် ... ဒါထက် စမ်းချောင်းက မြေးများဆီ သွားပါဦးလား ကွယ်။ ဝေးနေလို့ မလာဘူး၊ မလာဘူးနဲ့ အပြစ်တင်ကြတော့မယ်' ဟု ဆိုရာ ဒေါ်မာမာမှာ သားရင်း မြေးရင်းများနှင့် အခါခပ်သိမ်း တွေ့ဆုံခွင့် မရသောကြောင့် ဝမ်းမြောက်လျက် –

'ဟုတ်တယ်၊ သွားရဦးမယ်' ဟု ပြောဆိုကာ အဝတ်အစားလဲလှယ်လျက် ကားတစ်စီးနှင့် ထွက်ခွာသွားလေ၏။

ဦးအင်းကား ကျေနပ်ပြုံးရွှင်သော အမူအရာနှင့် ဆိုဖာပေါ်တွင် ထိုင်လျက်၊ ဆေးပြင်းလိပ်ကြီးကို ရှူဖွာလျက် နေလေ၏။ ထို့နောက် တိုက်ခန်း အခြေအနေများကို လိုက်လံ ကြည့်ရှုပြီးလျှင် မျိုးညွန့်၏ အခန်းဆီသို့ သွားလေ၏။ အပြင်က သော့ခလောက် ခတ်ထားခဲ့သည်ကို သော့တူနှင့် ဖွင့်ပြီးနောက် စောင်၊ ခေါင်းအုံး၊ ဗီရို၊ သေတ္တာ စသည်တို့ကို တစ်စုံတစ်ရာ တွေ့ရှိနိုးနှင့် ရှာဖွေရာ ဘာတစ်ခုမျှ မတွေ့ရသဖြင့် အံ့အားသင့်၍ နေလေ၏။ ခေါင်းအုံးအောက်က စာတစ်အုပ်ကို လှန်လှော ကြည့်ရှုရာ ခင်စောဦး၏ ဓာတ်ပုံကလေး ထွက်၍ လာလေ၏။ ဓာတ်ပုံ ကိုင်လျက် "အင်း... ဒင်းတို့ ချစ်ခြင်းတော့ ခွဲမှ ဖြစ်မယ်၊ အစွဲ အတော်

သန်နေကြပြီ” ဟု တွေးတောရင်း ခတ်ပုံနှင့် စာအုပ်ကို နေရာတကျ ပြန်ထားလျက် ခဏမျှ တွေဝေစဉ်းစားကာ နေလေ၏။

ဦးအင်း၏ စိတ်၌ မျိုးညွန့်သည် ဦးအင်းတို့ ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်နေခြင်း ဖြစ်လေရာ၊ မည်သူနှင့် ဆက်သွယ်၍ မည်သို့ ကြံကြဦးမည်ကို အစအန တစ်စုံတစ်ရာ တွေ့လေမလားဟု တွေးမိသောကြောင့် ရှာဖွေနေမိခြင်း ဖြစ်လေ၏။ ထို့ပြင် ထိုနေ့ညဥ့်ကား မျိုးညွန့်၏ အသက်ကို ရန်ရှာရန်အတွက် ချိန်းဆိုပြီး ဖြစ်သဖြင့် လူဆိုးသည် အပြင်မှ အလွယ်တကူ ဝင်နိုင်ရန် မည်သို့ ပြုလုပ်ရမည်ကိုလည်း စဉ်းစားနေခြင်း ဖြစ်လေ၏။

လူဆိုးကား အပြင်ဘက်မှ ဝင်ရမည် ဖြစ်ရာ တိုက်မှာ သံတိုင်နှင့် သစ်သားတံခါး နှစ်ထပ် ပြတင်းများနှင့် စီမံထားသောကြောင့် အပြင်က ဝင်ရန် ခဲယဉ်းလျက် ရှိလေ၏။ ထိုအကြောင်းကို သိပြီး ဖြစ်သည့်အတိုင်း သံစားခတ်ဆေးနှင့် သံတိုက် ဒိုင်းလွှကလေးများကို ထုတ်ကာ ပြတင်း သံတိုင်တွေကို တိုက်ဖြတ်လျက် ရှိလေ၏။ သံတိုင်များမှာ အကုန်လုံး ပြတ်သွားက ရိပ်မိမည် စိုးသဖြင့် အထိအခိုက် ခံရုံ နှစ်ချောင်းခန့်ကို တဲတဲကလေး ချန်၍ထားလေ၏။ တစ်ဖန် အသားတံခါး မင်းတုပ်များကို အလွယ်တကူ ဖြုတ်နိုင်ရန် တံခါးသစ်သားကို မင်းတုပ် လက်နှိုက်သာအောင် ကွက်၍ ဖောက်လေ၏။ ဖောက်ပြီးမှ လက်နှိုက် စမ်းသပ်ပြီးသောအခါ ပေါက်နေသော သစ်သားဝိုင်းကို နဂိုအတိုင်း သွင်းထားလျက် ချိပ်နီနှင့် ဆွဲကပ်ထားလေ၏။

ထို့နောက် သံမှုန့်၊ သစ်သားမှုန့်တို့ကို တစ်စမကျန် ကောက်ယူလျက် မူလ အနေအထားအတိုင်းဖြစ်အောင် အစခပ်သိမ်း ကြည့်ရှုပြင်ဆင်လေ၏။ ထိုပြတင်းကား မောင်မျိုးညွန့်၏ ခေါင်းရင်းနားက ပြတင်းပေါက်ဖြစ်ရာ၊ ပြတင်းက ဆင်းပြီးလျှင် ငါးတောင်ခန့် လျှောက်လာမှ ခုတင်နှင့်

တွေ့နိုင်မည် ဖြစ်လေ၏။ မောင်န ခုတင်မှာ မောင်မျိုးညွန့် ခုတင်နှင့် ယှဉ်လျက် ခြောက်တောင်ခန့် အကွာတွင် ရှိလေ၏။ လူဆိုးသည် မောင်မျိုးညွန့် အိပ်ပျော်စဉ် ဓားနှင့် တအားစိုက်လျက် ထိုးသတ်ပြီးနောက် မောင်နကို ချည်တုပ်၊ ပါးစပ် အဝတ်ဆို့ထားခဲ့ရန် ဖြစ်ပေ၏။ မောင်နကို မသတ်ခြင်းမှာ မျိုးညွန့်အား သတ်သူသည် တိုက်ပြတင်းမှ ဝင်လျက် အိပ်ပျော်စဉ် ထိုးသတ်ကြောင်းကို သက်သေခံ ရရန်အတွက် ဖြစ်လေ၏။ ခုတင်နှင့် ပြတင်း အကွာအဝေး၊ ပြတင်းနှင့် အောက်ကြမ်းပြင် အကွာအဝေး၊ တိုက်ခန်း၏ အခြေအနေကို လူဆိုးများ သိရှိရန် သေချာစွာ မှတ်သားလျက် သည်တစ်ခါ အကြံအောင်လိမ့်မည် ဟူသော မျက်နှာထားဖြင့် ပြုံးပြုံးကြီး ကြည့်၍နေလေ၏။

ထိုအခိုက် တိုက်ဧည့်ခန်းကြီးဆီမှ လူသံလိုလို ကြားရသဖြင့် ဦးအင်းမှာ ခေါင်းနားပန်းများကြီးလျက် မျက်လုံးပြူး၍ သွားလေ၏။ မိမိ ပစ္စည်းများကို မယူသေးဘဲ တိုက်ခန်းလိုက်ကာက ချောင်းကြည့်လိုက်ရာ ဒရဝမ်သည် မိမိသခင်တစ်ဦးဦးအား ရှာဖွေနေသည့် လက္ခဏာကို တွေ့ရသဖြင့် အခြေမပျက် အခန်းထဲက ထွက်ခဲ့ကာ–

'ဟေး ... ဘာလဲ၊ ဘာလုပ်ဖို့ လာတာလဲ'

'ကောင်မကလေးတစ်ယောက် မာမာကို တွေ့ချင်တယ်တဲ့ ဆပ်'

'ဘာလို့ တွေ့ချင်တာလဲ၊ ဘာကိစ္စလဲ'

'မသိဘူး ဆပ်'

'သွား၊ ငါလာမယ်' ဟု ဆိုပြီးနောက် မျိုးညွန့် အခန်းထဲသို့ ကပျာကယာဝင်ကာ သံစားဆေး၊ ဒိုင်းလွှ၊ သံတိုသံစ စသည်တို့ကို သိမ်းဆည်းပြီးလျှင် အခန်းတံခါး သော့ခလောက်ကို အပြင်မှ နေသားတကျ ခတ်ခဲ့လေ၏။ တိုက်တံခါးမကြီးဆီသို့ လျှောက်လာကာ လမ်းဘက်သို့ ကြည့်ရှုရာ လန်ချားတစ်စီးမှာ အသင့်စောင့်လျက် အသက် ၁၅ နှစ်ခန့် မိန်းကလေး တစ်ယောက်မှာ တစ်စုံတစ်ဦးကို မျှော်သည့် လက္ခဏာနှင့် စောင့်စား

နေသည်ကို မြင်ရလေ၏။ ဦးအင်းသည် မိန်းကလေးအား မိမိဆီသို့ ခေါ်ယူလျက် –

'ဘာကိစ္စလဲကွယ့် သူငယ်မရဲ့'

'ဘာကိစ္စထူး မရှိပါဘူးရှင်၊ ဒေါ်မာမာကို တွေ့ချင်လို့ပါပဲ'

'မင်းက ဘယ်ကလဲ'

'ကျွန်မ ဈေးသစ်ကြီးကပါ'

'မယ်မာနဲ့ မင်းနဲ့ အရင်က သိဖူးသလား'

မိန်းကလေးသည် အဖြေကို ရုတ်တရက် မပေးနိုင်ဘဲ တွေဝေနေရာ၊ ဦးအင်းသည် ပါးနပ်သူ ဖြစ်သည့်အတိုင်း အကယ်၍ ကျကျနနကြီး စစ်ကြောမေးမြန်းက ထွက်ပြေးမည် စိုးသောကြောင့် နောက်ထပ် မမေးတော့ဘဲ –

'ဪ... သိပြီ... သိပြီ... မယ်မာကို ဟိုက ပေးလိုက်တယ် မဟုတ်လား၊ သူ အခု လာမှာပဲ သူငယ်မ၊ ဦးကြီး ပေးလိုက်မယ်လေ၊ ဟုတ်လား ... ပေးခဲ့ပါလားကွယ့်' ဟု ဖြီးလိုက်လေ၏။

မိန်းကလေးလည်း တုန်ယင်သောလက်များဖြင့် သားရေအိတ်ထဲက စာကလေးတစ်စောင်ကို ထုတ်ကာ 'ဒေါ်မာမာရဲ့ လက်ထဲကို ဆက်ဆက် ပေးပါနော်၊ စိတ်ချပါရစေ' ဟု ပြောဆိုပြီးလျှင် လာခဲ့သော လန်ချားနှင့် ပြန်သွားလေရာ၊ ဦးအင်းသည် ပြုံးရွှင်ကျေနပ်သော လက္ခဏာနှင့် စာအိတ်ကို ကိုင်လျက် ကျန်ရစ်ခဲ့လေ၏။

ဖရေဇာလမ်းမှ အနောက်သို့ ဆွဲသွားသော လန်ချားတစ်စီးပေါ်၌ အစေခံမကလေးသည် မိမိစာပေးခဲ့ခြင်းနှင့် စိတ်မချတချဖြင့် တွေးတောလိုက်ပါလာဟန် ရှိလေ၏။ ထိုသို့ တွေးတောရာက ခင်စောဦး ပေးထားသော လက်စွပ်ကို ကြည့်ကာ ကျေနပ် ပြုံးရွှင်၍ နေလေ၏။ ၂၉ လမ်း

ထောင့်ချိုးသို့ ရောက်သောအခါ 'ဘားယား... ဘားယား' ဟု ကုလားအား ပြောလျက် တိုက်ရှေ့သို့ ရောက်လျှင် လန်ချားပေါ်က ဆင်းလေ၏။ ပန်းထိုးချည်လုံးများ၊ ပန်းစည်းများကို ပွေ့ကိုင်လျက် တိုက်ပေါ်သို့ အပြေးကလေး တက်သွားလေ၏။ ခင်စောဦးလည်း သိလိုဇောဖြင့် 'ပန်းထိုးချည် ရခဲ့ရဲ့လား၊ နံပါတ် ၁၂ ပါသလား'နှင့် စကားဖောကာ မိမိအခန်းသို့ ခေါ်သွားလေ၏။ အစေခံမကလေးအား လေသံဖြင့် –

'ညည်း ဒေါ်မာမာနဲ့ တွေ့ခဲ့ရဲ့လား'

ထိုအခါ၌ သူငယ်မသည် အကယ်၍ မိမိသည် လူကြီးတစ်ယောက်ကို ပေးခဲ့သည် ဆိုက ခင်စောဦး မကျေနပ်ဘဲ လက်စွပ်ကို ပြန်တောင်းမည် စိုးသောကြောင့် –

'ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ်'

'သူ ဘာပြောလိုက်သေးလဲ'

'ဘာမှ မပြောဘူး၊ "ငါ့သားဆီ ပေးဖို့ ထင်ပါရဲ့" လို့သာ ပြောပြီး ပြန်လွှတ်လိုက်တယ်'

ခင်စောဦးကား ရင်တုန်သမျှ စိတ်အေးသည့် လက္ခဏာနှင့် –

'အေး... အေရဲ့၊ ဘဘဘုရားက သဘောမတူဘူး၊ မတူတော့ သူ့ကို မချစ်တာဘဲ ကောင်းတယ်၊ ညည်း သူ့ကို မြင်ခဲ့လား'

'နှုတ်ခမ်းမွေးကြီးနဲ့လား' ဟု မိမိ မြင်ခဲ့ရသော ဦးအင်းကို စွဲလမ်းကာ ပြောမိရာ၊ ကျောကို အသာထုလျက် –

'ဟဲ့ ... အသက်မှ ၂၀ ကျော် ရှိသေး၊ ဘယ်က နှုတ်ခမ်းမွေး ရှိရမှာလဲ' ဆိုသဖြင့် အစေခံမကလေးသည် ခေါင်းငုံ့ကာ ပြုံး၍နေလေ၏။

'ကိုင်း... ကိုင်း... သွားတော့၊ မမ ဒီလိုခိုင်းတာကို ဘယ်သူမှ မသိစေနဲ့ နော်၊ ပြောရင် လက်စွပ်ကို ပြန်တောင်းရလိမ့်မယ်' ဟု ဆိုကာ

လွှတ်လိုက်လေ၏။ မိမိကိုယ်တိုင်လည်း အစေခံမကလေးအား ပန်းထိုးချည် အဝယ်ခိုင်းလိုက်သော အခိပ္ပာယ်နှင့် ညီအောင် ပိတ်စတစ်စကို ထုတ်ကာ ပန်းများ ထိုးရန် ပြင်လေ၏။

သို့ရာတွင် စိတ်သည် ပန်းထိုးရာသို့ မဝင်စားဘဲ ပန်းထိုးရန် ကားကြက်ထားသော ပိတ်စပေါ်၌ မောင်မျိုးညွန့်၏ မျက်နှာသည် ပြုံးချိုစွာ ပေါ်ပေါက်လာသဖြင့် ပန်းထိုးခွေကို မ ယူလျက် နှာခေါင်းဖောက် ပြန်ပြီးမှ ရှက်ကိုးရှက်ကန်း ဖြစ်၍ နေရှာလေ၏။

# အခန်း (၁၃)

ဦးအင်းသည် ဆိုဖာပေါ်တွင် အစေခံကလေး ပေးခဲ့သော စာအိတ်ကို ဖွင့်ဖောက်လိုက်ရာ မျက်လုံးပြူး၍ သွားလေ၏။ ကံကြီးလို့သာ မိမိ လက်ဝယ် ရရှိသည်။ ဒေါ်မာမာ ရရှိက မိမိတို့ အကြံအစည် ပျက်မည် မလွဲဟု တွေးတောဟန်နှင့် လက်သီးဆုပ်ဖြင့် လက်ဖဝါးတစ်ဖက်ကို ထုကာ တွေဝေ၍ နေလေ၏။ ထို့နောက် ပြုံးရယ်ကာ မတ်တတ်ရပ်လျက် ဟိုသည် လျှောက်ရာမှ ဒေါ်မာမာ ပြန်ရောက်လာသဖြင့် စားပွဲတွင် ထိုင်လေ၏။

'သူတို့ တကယ် ဆင်းရဲနေကြပါပကော ကိုအင်းရဲ့'

'အိုကွယ် သူတို့ မိုက်လို့ သူတို့ ဆင်းရဲတာပဲ၊ စားလောက် သောက် လောက်အောင် အလုပ်ပေးပေမဲ့ ရတဲ့ငွေကို အရမ်း သုံးကြ ဖြုန်းကြ တော့ ဒီလို တွေ့ရမှာပေါ့'

ဒေါ်မာမာသည် အတိုက်အခံ မပြောချေ။ ဆင်းဆင်းရဲရဲ အသက် မွေး နေထိုင်ရသည်ကို မြင်လေ၊ စိတ်ဆင်းရဲလေ တွေ့ကြုံနေရတော့ သဖြင့် ထွက်မည့်မျက်ရည်ကို မနည်း ဟန်တင်းလျက် ငေးစိုက်ကာ နေလေ၏။ ဦးအင်းလည်း တိုက်၌ အလုပ်ရှိသေးသည်ဟု ထွက်၍ သွား လေ၏။

ဒေါ်မာမာကား သားများအတွက် စိတ်မအေးဘဲ၊ ထိုအခါကျမှ လွတ်လပ်စွာ ပူဆွေး ငိုကြွေး၍ နေလေ၏။ ထိုအတွင်း ညီအစ်ကို နှစ်ယောက်၏ ကားဆိုက်သံ ကြားသဖြင့် ဒေါ်မာမာသည် မျက်ရည်ကို ခြောက်အောင် သုတ်လိုက်လေ၏။ ကိုနကား လေချွန်လျက် ချာလီ ခြေလှမ်းမျိုးနှင့် ဝင်ရောက်လာရာ၊ မျိုးညွန့်ကား မိခင်ကြီးကိုသာ စူးစိုက် ကြည့်ရှုလာလေ၏။

'မင်းတို့ ဘယ်ရောက်ခဲ့ကြသလဲ'

'ဘုရားကိုပေါ့ မေမေရဲ့၊ ဒီကနေ့ ကျွန်တော်တို့ အသင်းက ရင်ပြင် တော်မှာ ရေဆေးကြတယ်'

'အေး... အေး... သာဓု... သာဓု ဘုန်းကြီးမယ့် သားများပဲ'

'မေမေ ဒီကနေ့ ဘယ်သူ လာသလဲ'

'ကိုအင်း လာတယ်ကွယ့်'

'ဘာလုပ်ဖို့ လာတာလဲ'

'ဘာမှ မလုပ်ပါဘူး၊ တိုက်ကို စိတ်မချလို့ ဆိုပြီး လာတာပဲ'

မျိုးညွန့်လည်း မိမိ ထင်မြင်ချက်ကို မိခင်အား ပြောပြက မိခင် စိတ်မကောင်းမည် စိုးသဖြင့် ဖွင့်ဟ မပြောတော့ဘဲ အခန်းဆီသို့ ထ ၍ သွားလေ၏။ ကိုနလည်း ညီငယ်၏နောက်မှ ဘုရားတွင် ပျော်ခဲ့ပုံတွေ ကို တွေးကာ လိုက်ပါသွားလေ၏။

ညနေ နေဝင်စကတည်းက ကား၊ လန်ချားတို့ အထူး ရှုပ်ပွေလျက် နေကြရာ လက်ဖက်ရည်ဆိုင်၊ ဟိုတယ်ဆိုင်နှင့် ပျော်ပွဲစားရုံများ၌ လူများ ပြည့်ကျပ်ကာ နေလေ၏။ လူတို့မှာကား မိမိတို့ ကြိုက်နှစ်သက်ရာ ပျော်ရွှင်မှု တစ်ခုခုကြောင့် အချိန်ကုန်မှန်း မသိသော်လည်း အချိန်ကား ခြေလှမ်းမှန်မှန်နှင့် ရပ်နား မရှိ၊ ပြောင်းလဲခဲ့သဖြင့် ၁၀ နာရီကျော်၍ ၁၁ နာရီ နီးပါးခန့်သို့ တိုင်ခဲ့လေ၏။ ကြည့်မြင်တိုင်ဘက်သို့ သွားသော

ရာပြည့်စာအုပ်တိုက်

ကားများလည်း ရိုးရိုး အခန္တန်းထက် နှစ်ဆပို၍ တောင်းကြပေပြီ။ ရုပ်ရှင်ကြည့်ရုံ၊ မုန့်စားရုံ၊ လမ်းလျှောက်ရုံမျှ ထွက်ကြသူတို့မှာ ထိုအချိန်၌ မရှိတော့ချေ။ ထိုအချိန်ကား ဟိုတယ်တွင် ပျော်ပါးသူများ၊ ကြမ်းပိုးအကြီးစားများ၏ အချိန်သာ ဖြစ်သဖြင့် လူစည်ကားခြင်းလည်း နည်းပါး၍ လာလေ၏။ လက်ဖက်ရည်ဆိုင်များမှ ဖွင့်လျက်ရှိသော ဓာတ်စက်သံများသည် ပို၍ ကျယ်လောင်ခဲ့လေ၏။ ထိုအချိန်၌ လူကောင်း သူကောင်းများ အိပ်ချိန်ဟု ဆိုရသော်လည်း ၂၉ လမ်းရှိ ကျွန်ုပ်တို့၏ ဓာတ်လိုက်သည်ကား အိပ်မပျော်သေးချေ။ အိပ်ရာ ခုတင်ပေါ်၌ လူးလွန့်လျက် တစ်ဖန် မျက်စိကြောင်သဖြင့် ထ ၍ ထိုင်၏။ ကောင်းကင်တစ်ခုလုံး လရောင်မရှိ၊ ကြယ်တွေသာ ပြည့်လျက်ရှိရာ ကြယ်ထု မြောက်မြားစွာသည်ကား အာရှအီးတီ စက်ရုံကြီးနှင့် လျှပ်စစ်ကူးလျက် ရန်ကုန် မြေပြင်တစ်ခုလုံး ထိန်လင်း ဝင်းတောက်လျက် ရှိ၏။ ပြတင်းမှာ ထိုင်နေသော မိုးနတ်သူဇာကလေးကိုလည်း ဓာတ်မီးရောင်ဖြင့် မြင်နိုင်လေ၏။

အချစ်သဘောသည်ကား သာမန် နေထိုင်ကြစဉ်၌ မည်မျှ လေးနက်သည်ဟု မသိ။ တစ်စုံတစ်ဦးအား ဘေးဒုက္ခတွေ့စဉ် သို့မဟုတ် ဘေးဒုက္ခတွေ့တော့မည်ဟု သိနေစဉ် အခါ၌ မည်မျှ လေးနက်သည်ဟု သိသာနိုင်လေသည်။ ခင်စောဦးသည် ထိုညက အိပ်မပျော်ခြင်းမှာ ဖော်ပြခဲ့သည့်အတိုင်း မောင်မျိုးညွှန့်အား သတ်ဖြတ်မည့်အကြောင်းကို သိနှင့်သောကြောင့် ဖြစ်ပေ၏။

သို့ရာတွင် ထိုကဲ့သို့ ကြံစည်ကြောင်း မောင်မျိုးညွှန့် တင်ကူးသိရှိပါကလည်း ယခု ဘေးဒုက္ခမှ လွတ်မြောက်လိမ့်မည်ဟု စိတ်ကို သက်သာစေသော်လည်း မိမိစာသည် မျိုးညွှန့် လက်ထဲ မရောက်ခဲ့သော် အမှန်သေဆုံးရတော့မည်ဟု အစိုးရိမ်ကြီး စိုးရိမ်လျက် မအိပ်နိုင်အောင် ဖြစ်

ပျက်နေရလေ၏။ ထိုအခါကျမှ မိမိသည် မောင်မျိုးညွန့် အပေါ်၌ မည်မျှ လောက် မေတ္တာတရား အားကြီးနေသည်ကိုလည်း ချိန်ဆ မိလေ၏။

ခင်စောဦးသည် ပြတင်းပေါက်မှ တစ်ဖန် အိပ်ရာ ခုတင်၊ အိပ်ရာ ခုတင်မှ တစ်ဖန် ဘုရားညောင်ရေအိုးစင်သို့ သွားလျက် ဘုရားရှိခိုး၊ ဆီမီးပူဇော်ပြီးလျှင် မိမိ၏ ချစ်သူ ဘေးရန်မှ လွတ်ကင်းရန် ဆုတောင်း လေ၏။ ထိုသို့ ဆုတောင်းပြီးနောက် ခုတင်ပေါ်တွင် ပြန်၍ ထိုင်ရာ လူဆိုးတို့သည် မောင်မျိုးညွန့် အိပ်ရာနေရာသို့ တက်ရောက်၍ ဓားနှင့် ထိုးပုံများကို ထင်မြင်လာသဖြင့် သာ၍စိတ်ပူကာ ထိုင်ချည်ထချည် ဖြစ်၍ နေလေ၏။ တစ်ဖန် တစ်စုံတစ်ရာကို အကြံရပြန်သဖြင့် ရှောတဘက် ကလေးကို ဆွဲခြုံလျက် ဒေါ်မာမာကို အတင်းနှိုးပြီး ထပ်မံ ပြောဆိုရန် သွားမည်ဟု တံခါးကို ဖွင့်လေ၏။ မိမိ တံခါးဖွင့်ပြီးနောက် အောက်ထပ် ဆင်းရန် တံခါးမကြီးကို ဖွင့်ရာ တံခါးမကြီးမှာ အတွင်းဘက်က သော့ ခတ်ထားသဖြင့် အကြံအိုက်လျက် အခန်းဆီသို့ ပြန်လာလေ၏။ စပတ် လမ်းနှင့် ၂၉ လမ်း မနီးလှသော်လည်း ခရာသံ၊ လူသံများကိုသာ နားစွင့် ၍ နေရှာလေ၏။

၁၂ နာရီထိုးသော အချိန်၌ ဟိုတယ်ကြမ်းပိုးများပင် ရန်ကုန်မြို့ပေါ်၌ မရှိကြတော့ချေ။ တစ်ခါတစ်ရံ ပြေးလွှားနေသော ကားသံများမှ အပ ရန်ကုန်မြို့ တစ်မြို့လုံး ဆိတ်ငြိမ်သကဲ့သို့ ဖြစ်၍ နေလေ၏။ ဟိုတယ် စားပွဲထိုးမကလေးတွေနှင့် ချိတ်ဆက်လုပ်ထားသူများ၊ နတ်ထိန်းများနှင့် အသိဖွဲ့ကာ နတ်သမီးများကို ခေါ်ဆောင်သူများသာလျှင် နေရာကောင်း ရွေးချယ်သွားလာနေကြသောကြောင့် အဆိုပါ ကားသံများကို ကြားရခြင်း ဖြစ်လေ၏။ ရန်ကုန်မြို့လယ်ကောင်တွင်ကား ဓာတ်မီးထိန်လျက် ဆိုင် အလုပ်တိုက်ဘေးတွင် အိပ်စင်၊ ခုတင်၊ အုတ်ခုံများပေါ်တွင် အတုံးအရုံး အိပ်ပျော်၍ နေကြလေ၏။ တစ်ခါ တစ်ညအိပ်လျှင် နှစ်ပြားတစ်ပဲကျ

ပေး၍ အိပ်ရသော ဂေါ်ရင်ဂျီ တစ်သိုက် ၃၀၊ ၄၀ စုတို့မှာလည်း တိုက်အချို့၏ တံစက်မြိတ်တွင် စိတ်ချလက်ချ အသက်ရှူပြင်းပြင်းနှင့် ဘဝင်ပြောင်း၍ နေကြလေ၏။ လူအလွန်စည်ကားသော ဒါလဟိုဇီညစျေးတန်း၊ ဆူးလေဘုရားလမ်း ဂလုပ် ရုပ်ရှင်ရုံနှင့် မောင်ဂိုမာရီလမ်း ထောင့်ချိုးတို့သည်လည်း ကား၊ လန်ချား အသံတိတ်လျက် လမ်းလယ်ကောင်လူသွားလမ်း ပြင်ကျယ်တွင် မြန်မာပြည်အား သာလာယံဇရပ် ထင်မှတ်ကာ လာရောက်ကြသော အိန္ဒိယသားတစ်သိုက် နှစ်ခြိုက်စွာပင် အိုးအိမ်သဖွယ် အမိုးအကာ မရှိ အိပ်ပျော်၍ နေကြလေ၏။ မည်သည့်နေရာမျှ အစုလိုက် အအုံလိုက် လှုပ်ရှားခြင်း မရှိသော ညအချိန်တွင် –

ရုပ်ဖျက်ထားသော လူဆိုးအချို့ ပါသည့် ကားတစ်စင်းသည် ဖရေဇာလမ်းမှ အရှေ့သို့ ချိုးလျက် အတွင်းဝန်များရုံး ထောင့်ချိုးသို့ ရောက်သောအခါ မြောက်ဘက်သို့ ကွေ့သွားလေ၏။ မကြာမီပင် တိုက်ကြီးတစ်တိုက်၏ ဘေးသို့ ရောက်ရှိကြလေ၏။ ရန်ကုန်မြို့တွင် ည၁၂နက်သန်းခေါင် တိုင်သော်လည်း ရန်ကုန်မြို့မ ပုလိပ်တို့ လှုံ့လကြောင့် လူဆိုးသူခိုးများ မြို့လယ်ကောင်တွင် မကျက်စားဝံ့ကြချေ။ ထိုနေ့ကား ပုလိပ်တို့သည် ဦးအင်းထံမှ ငွေကြေး လာဘ်စား၍ သော်လည်းကောင်း၊ အိပ်ပျော်နေ၍ သော်လည်းကောင်း တိုက်တစ်တိုက်လုံး ဖောက်ရန် ကြံစည်သူတို့ကို မမြင် မတွေ့ကြချေ။

အဆိုပါ တိုက်ဘေးသို့ ရောက်သောအခါ လှေကားတစ်ခု ထောင်လျက် စားမြောင် ခါးထိုးထားသော လူတစ်ယောက်သည် ပြတင်းတစ်ခုဆီသို့ မှန်းလျက် အေးအေးဆေးဆေး တက်၍ လာလေ၏။ အောက်က အဖော်နှစ်ယောက်မှာ လှေကားကို ထိန်းကိုင်ရင်း မော့၍ ကြည့်ရှုလျက် နေကြလေ၏။ ကားပေါ်၌ကား ထင်းရှူးသေတ္တာကြီး တစ်လုံး

ပါလေ၏။ အပေါ်က ရန်သူကို သတ်ပြီးနောက် ထင်းရှူးသေတ္တာထဲသို့ ထည့်ကာ ရန်ကုန်မြစ်တွင်း၌ ဖျောက်ဖျက်ကြရန် ကြံစည်ဟန် တူလေ၏။

ထိုလူဆိုးများကား ဦးအင်း စေခိုင်းသော လူဆိုးများတည်းဟု အထူး ရေးဖွယ် မလို။ သံတိုင်နှင့် ပြတင်းပင် အခန့်သင့် ဖွင့်နိုင်ရန် စီမံခဲ့ပြီး ဖြစ်ပေ၏။ ထိုတွင်မှုမက ပြတင်းနှင့် အိပ်သောသူများ အကွာအဝေး ကိုပါ တိုင်းထွာ ပြသထားသဖြင့် လူဆိုးတို့သည် ပြတင်းပေါက်က ဝင် လျှင် အိပ်ပျော်သူများ မနိုးအောင် ပထမ မှိုင်းတိုက် အိပ်ငွေ့ချဖို့၊ ထိုနောက် ဓားနှင့် ထိုးသတ်ကာ အလောင်းကို အောက်သို့ချဖို့ ဆောင်ရွက်ရမည် ဖြစ်ပေ၏။ ထိုနေ့ ညနေက တစ်ခေါက် အခန်း၏ အခြေအနေကို ဦးအင်း အကဲခတ်၍ ကြည့်ရှုပြီး ဖြစ်ရာ မောင်မျိုးညွန့်မှာ ဘာတစ်ခုမျှ ရိပ်မိပုံ မရ။ ပြတင်းတံခါးများလည်း အခြေမပျက်သောကြောင့် သာ၍ ဟန်ကျ လေ၏။ လူဆိုးတို့သည်ကား ကားပေါ်မှ ထောင်ထားသော လှေကားဖြင့် ရေနံသုတ်သမားပမာ အေးဆေးစွာ တက်ရောက်သွားလေရာ မကြာခင် ပင် ပြတင်းတံခါးကို စမ်းမိလေ၏။ တစ်နေရာ၌ လက်နှင့်ကုတ်လိုက်ရာ ပျဉ်ပြားပွဲသည် လက်ထဲသို့ ပါလာ၍ ထိုအပေါက်ဖြင့် အတွင်းမင်းတုပ် ကို ဖြုတ်လေ၏။ အထက် မင်းတုပ်ကိုလည်း ဤနည်းအတိုင်း ဖြုတ်ပြီး ဖြစ်လေ၏။

မင်းတုပ်များ ပြုတ်၍ ပြတင်းပွင့်ပြီးနောက် တဲတဲမျှ ကျန်ရစ်သော သံတိုင်နှစ်ချောင်းကို အသာအယာ တိုက်ချိုးလေ၏။ တိုက်ချိုးပြီးနောက် ဟိုသည် နှဲ့လျက် လှုပ်လိုက်ရာ သံတိုင်အားလုံး ပါလာသဖြင့် တိုက်ဘေး အောက်သို့ ပစ်ချလိုက်လေ၏။ လူကား အပြင်ဘက်မှ အတွင်းသို့ အကဲ ခတ်လျက် ရှိလေ၏။ အတွင်းမှ ဘာသံမျှ မကြားသောအခါ အတွင်းသို့ ခုန်ချပြီးလျှင် အိပ်ငွေ့မှိုင်းများ လွှတ်၍ ခဏမျှ ဆိုင်းငံ့နေလေ၏။

ထို့နောက် လူဆိုးသည် စာရ ခြေလှမ်းမျိုးဖြင့် ခုတင် ရှိရာသို့ တရွေ့ရွေ့ သွားလေ၏။ ခုတင်နားသို့ ရောက်လျှင် အသာအယာ လက်နှင့် စမ်းသောအခါ စောင်ခြုံအိပ်နေသူကို တွေ့ရသဖြင့် ရင်ညွန့်ဆီသို့ မှန်းကာ ဓားမြှောင်နှင့် တအားစိုက်လိုက်လေ၏။ ထိုအခိုက် သန်မာသော လက်နှစ်ဖက်သည် လူဆိုးအား နောက်ကနေ၍ ချုပ်ကိုင်ပြီး ဖြစ်လေ၏။ ဓာတ်မီးခလုတ် ချက်ခနဲ အသံကြားသည်နှင့် တစ်ပြိုင်နက် မီးရောင်လင်း၍ လာရာ လူဆိုးနှင့် မျိုးညွန့်မှာ လုံးထွေးနေကြတုန်းပင် ဖြစ်ပေ၏။ အပေါ်တိုက်ခန်း ပြတင်းမှ အလင်းရောင်မြင်သဖြင့် မိမိတို့အဖော် တစ်စုံတစ်ခု ဖြစ်ပြီဟု တွေးတောမိသော အောက်စောင့်သူများမှာ ထောင်ထားရင်း လှေကားမှ တက်ခဲ့လေသည်။ အသင့်ဖြစ်သော ကိုနသည်လည်း ပြတင်းနားသို့ သွားကာ စောင့်စား၍ အောက်ကို ကြည့်မည်အလုပ် တက်လာသူနှင့် နီးကပ်လှသဖြင့် လှေကားရော လူပါ တွန်းလှဲလိုက်လေ၏။ မျိုးညွန့်နှင့် လုံးနေသော လူဆိုး၏လက်မှ ဓားမြှောင် လွတ်ကျစဉ် ကိုနသည် တယ်လီဖုန်းရှိရာသို့ သွား၍ ပုလိပ်ကို အကြောင်းကြားလေ၏။ မကြာမီပင် လူဆိုးအား တုပ်နှောင်ပြီး ဖြစ်လေရာ၊ အောက်စောင့် မော်တော်ကားလည်း လက်လွတ် ထွက်ပြေး၍ သွားလေ၏။

၁၀ မိနစ်အတွင်း ပုလိပ်အရာရှိများလည်း ရောက်လာ၍ တိုက်တံခါး ဖွင့်ပေးပြီးလျှင် အကျိုးအကြောင်း တိုင်ကြားလျက် ရှိကြရာ၊ သားအတွက် အိပ်မပျော်သော ဒေါ်မာမာကလည်း 'လူကလေး ဘယ်ခိုက်မိသလဲ၊ ဘာဖြစ်တာလဲ' စသည်ဖြင့် မေးမြန်းနေလေ၏။

'ကျွန်တော်တို့ ကနေ့ညနေ တစ်စုံတစ်ခု ဖြစ်လိမ့်မယ်လို့ တွေးမိပြီး တစ်ယောက်မှ မအိပ်ကြစတမ်းလို့ တိုင်ပင်ထားကြပါတယ်၊ နောက်အိပ်ရာခုတင်ပေါ်မှာ လူနှင့်တူအောင် အဝတ်တွေ အလျားလိုက် လုံး၍ စောင်ခြုံပြီး စောင့်နေကြစဉ် တစ်နာရီလောက်မှာ လူဆိုး ပြတင်းပေါက်က

က ဝင်လာတာပဲ' ဟု မိမိတို့ အဖြစ်အပျက်ကို ပြန်လှန်ပြောရာ၊ ပုလိပ် အရာရှိများလည်း တိုင်ချက်ကို အသေအချာ ရေးမှတ်လျက် တရားခံအား ခေါ်ဆောင်သွားသဖြင့် သားအမိ သုံးဦးသားတို့မှာ ကျန်ရစ်ကြလေ၏။

'အမယ်လေး... အမေ့သားများ ကံကောင်းလို့ အသက်မသေကြ တာ ပါလားကွယ်၊ ရက်စက်ကြပါရဲ့၊ ဘယ်လို ရန်သူများက ငါ့သားတွေ ကို မကောင်းကြံရသလဲကွယ်၊ ဩော်... သူတို့အကြံပဲ ထင်ပါရဲ့'

'ကိုင်း... မေမေ အိပ်ပျက်နေတော့မယ်၊ အိပ်ချေပါတော့။ ဒီလိုပါ မေမေ၊ သူ့ပစ္စည်း မတရားဉာဏ်နှင့် အတင်းယူ၊ သူတို့ မတရားမှန်း သိလို့ ဆူတဲ့ လူတွေကို အမျိုးမျိုး နှိပ်စက်၊ သတ်ဖြတ်လုပ်ကြတာဟာ လူယုတ်မာတွေရဲ့ ဓမ္မတာပေါ့ မေမေရဲ့။ မေမေ သတိပေးလို့သာ၊ နို့မို့ရင် လွယ်လင့်တကူနဲ့ သေကြရမှာ'

'အေး တိုက်မှာ ရန်သူ စိုးရိမ်ရတယ်ဆိုတော့ တစ်သက်လုံးက ဘယ်ရန်သူမှ မရှိခဲ့ပါပဲဟာကွယ်'

'ကျွန်တော်လည်း ဒါကြောင့် ဒီငနဲကြီးလာတာ ထူးဆန်းပါတယ် လို့ ကျွန်တော့်အခန်းကို သေသေချာချာ ကြည့်တယ်၊ ဘာတစ်ခုမှ နေရာ မယွင်းဘူး၊ ဒါပေမဲ့ ခြေထောက်မှာ ဆူးစူးသလို တစ်စုံတစ်ရာ စူးလို့ ကြည့်တဲ့အခါ တံစဉ်းစာ သံတိုသေးသေးကလေး ဖြစ်နေတာ တွေ့ရ တယ်၊ ဒါနဲ့ သေသေချာချာ လိုက်ရှာတော့ ပြတင်းနား ထောင့်ကြား မှာ သစ်သားမှုန့်နဲ့ သံမှုန့်တွေ တွေ့တာပါပဲ၊ အပေါ်ယံက ကြည့်ရင် ဘယ်မှာ မြင်နိုင်မလဲ၊ ဒီနောက်တော့ ပြတင်းတံခါးနဲ့ သံတိုင်ပါ ချိုးဖြတ် ထားတာ တွေ့တာပါပဲ'

'ဩော်... ကိုအင်း... ကိုအင်း...ဉာဏ်များပါပေရဲ့၊ မေမေ့ကို တောင် မြေးများဆီ အလည်သွားပါဦးလားနဲ့ လွှတ်လိုက်သေးတယ်'

'ကျွန်တော်များ ရှုးနေရင်တော့ မပြောတတ်ဘူး၊ နို့မဟုတ်ဘဲ လူ

ကောင်းပကတိ ဆိုရင် သတိမလစ်ရပါဘူး၊ ဩော် ဒါကြောင့် ရေးတုန်းက တိုင်းပြည်တစ်ပြည်မှာ လူမျိုးခြား အုပ်စိုးခြင်းမှ လွတ်မြောက်အောင် ကြိုးစားတော့ ခေါင်းဆောင်ဖြစ်တဲ့ လူတွေဟာ အုပ်စိုးတဲ့ လူများရဲ့ ဆေးရုံမှာ ဘာရောဂါနဲ့မှ မတက်ဝံ့ဘဲ ကိုယ့်ဆရာဝန်နဲ့ ကိုယ် ကုကြသတဲ့။ ဟုတ်မှာပဲ၊ သူတို့ အနှောင့်အယှက်ပေးတဲ့ သူတွေကို လစ်ရင် အချောင်သတ်ပစ်မှာ။ ကျွန်တော်တို့ကိုလည်း ဒီလူယုတ်မာကြီးဟာ သတ်ဖို့ ကြံနေမှာပဲ မေမေရဲ့'

'ဘေးရန်တော့ များကြပြီ လူကလေး၊ ဒါပေမဲ့ လူကလေးတို့ နောင်ရေးအတွက် လက်လျှော့ပါလို့ မေမေ မပြောလိုဘူး'

'မလျှော့ပါဘူး မေမေ၊ မေမေသာ ကျွန်တော်တို့အတွက် စိတ်ချမ်းသာအောင်သာ နေပါ၊ ငနဲကြီး နက်ဖြန်လာရင် သူ့အကြံကို ကျွန်တော်တို့ အရိပ်အငွေ့မှ မသိလေဟန် ပြောပါနော်၊ ကိုင်း မေမေ အိပ်ပျက်တော့မယ်' ဟု သားအမိသုံးဦး အိပ်ခန်းသို့ ဝင်ကြကာ ဆက်လက် အိပ်ကြပြန်လေ၏။

ညသန်းခေါင် လေးနာရီခန့်မှ အိပ်ပျော်သော ခင်စောဦးသည် နံနက် ခုနစ်နာရီခန့်မှ ထလျက် ရေမိုးချိုး၊ ကော်ဖီသောက်ပြီးလျှင် မှန်တင်ခုံ ရှေ့၌ ဆံထုံးထုံးကာ နေလေ၏။ မိမိသည် ငယ်ချစ်ဦးအတွက် စိုးရိမ်စိတ်နှင့် တစ်ညလုံးကို မအိပ်ရသည့်အတွက် မျက်တွင်း ချောင်ကာ ရပ်ရည်နွမ်းလျက် ရှိသည်ကို တွေ့ရလေ၏။ စိတ်သည်ကား မအေးသေးချေ။ မောင်မျိုးညွန့်သည် ရန်သူ၏ လက်နက်ဖြင့် အသက်ပျောက်ရှာလေပြီလား၊ မည်သို့ ဖြစ်လေပြီနည်းဟု ပူပင်အားကြီးသဖြင့် မောင်မျိုးညွန့်၏ တိုက်သို့ အပြေးသွားချင်စိတ်များ ပေါ်ပေါက်လာလေ၏။ တစ်ဖန် အစေခံမကလေးသည် စာကို ပေးစဉ်က ဒေါ်မာမာနှင့် မောင်မျိုးညွန့်

လက်ထဲမှ ရောက်ပါလေစဟု သံသယ ဖြစ်လာပြန်သဖြင့် ခေါ်လျက် ထပ်မံ စုံစမ်းရာ–

'ဟုတ်ပါတယ် မမရဲ့၊ ဒေါ်မာမာဆိုတဲ့ မိန်းမကြီး လက်ထဲကို ထည့်ခဲ့ပါတယ်'

'နို့အေ စာရတဲ့ သူက ဒေါ်မာမာ မဟုတ်ပါဘူး ဆိုရင်ကော' ဟု အစ်၍ မျက်နှာကို အကဲခတ်ရာ သူငယ်မသည် မျက်နှာပျက်လျက်–

'အမှန်ပါ၊ ဒေါ်မာမာကို ပေးခဲ့ပါတယ်'

'မဟုတ်ဘူး၊ ညည်း မှန်မှန်ပြော၊ မပြောရင် လက်စွပ်ပြန်ပေးရမယ်၊ အလုပ်ကလည်း ထုတ်ပစ်လိုက်မယ်'

ထိုအခါ၌ သူငယ်မသည် မလိမ်ဝံ့သဖြင့် ခေါင်းငုံ့လျက်–

'လူကြီးတစ်ယောက်က သူပေးလိုက်မယ်ဆိုပြီး ဆွဲယူလိုက်တယ် မမရဲ့' ဟု ဖြောင့်ချက်ပေးလေ၏။

'အေး... အေး... ဒါဖြင့် ဒီလူကြီးက သူ ဒေါ်မာမာကို ပေးမှာပါ အေ့၊ မမက ဒါကို သိချင်လို့ ခေါ်မေးတာပဲ၊ ကဲကဲ သွားတော့' ဟု ဆို၍ လွှတ်လိုက်လေ၏။ သူငယ်မ ထွက်သွားလျှင် ခင်စောဦး၏ တစ်ကိုယ်လုံးရှိ သွေးကြောတို့သည် ရပ်တန့်သွားသည်ဟု ထင်မှတ်ရလေ၏။ "ယူသော လူကြီးကား ဦးအင်း ဖြစ်ရမည်၊ ဤသို့ဆိုလျှင် ကိုကိုသည် ဤဘေးရန်မှ မုချ လွတ်မည်မဟုတ်၊ အမယ်လေး ရက်ရက်စက်စက် သူများ လက်နက်နဲ့ အသက်ဆုံးရှာလေပြီ။ ဒီသတင်းကို အရင်သိအောင် ဘယ့်နှယ် လုပ်ရပါ့မလဲ"ဟု အမျိုးမျိုး အကြံထုတ်ရာမှ ဆေးရုံက လေနာ ဆေးသည် မိမိနှင့် သင့်လျော်သည့်အတွက် သွားရောက် တောင်းလို ကြောင်း အဒေါ်ဖြစ်သူအား ပြောဆိုကာ ကားကို အပြင်ခိုင်းလေ၏။ အစ်မ မစောနန်းအားလည်း အဖော်အဖြစ်နှင့် ခေါ်လျက် ၂၉ လမ်းမှ ဆေးရုံဆီသို့ အမောင်းခိုင်းရာ ကားပေါ်တွင် ရင်တခုန်ခုန် ဖြစ်၍ နေရှာလေ၏။

ဆေးရုံကြီး ဆေးပေးရုံသို့ ရောက်လျှင် မစောနန်း မရိပ်မိရန် လေနာပျောက်ဆေးကို တောင်းယူရသော်လည်း မျက်လုံးများမှာ လူနာခန်း အသီးသီးရှိရာ ဆေးရုံ အဆောက်အအုံကြီးဆီသို့ ကစားလျက် ရှိလေ၏။ နောက်တစ်ဖန် မိတ်ဆွေ ဆရာမတစ်ယောက်ကို တွေ့အောင်ရှာပြီးလျှင် –

'ဘယ့်နှယ် ကနေ့ ဘယ်လို လူနာများ ရောက်သေးသလဲ၊ ကျွန်မတို့တော့ သတင်းစာထဲက ဆေးရုံသတင်းသာ ဖတ်နေရတာ၊ ကနေ့တော့ သတင်းစာ အရင် သိရအောင် မေးသွားရမှာပဲ'

'သုံးလေးဦးတော့ ရောက်ပြီ၊ တစ်ယောက်က ကားတိုက်ခံရတဲ့ ကုလား၊ တစ်ယောက်က သုံးဆင့်တိုက်ပေါ်က လိမ့်ကျတာ၊ တစ်ယောက်က အဆိပ်သောက်မိတဲ့ မိန်းကလေး၊ ယောကျ်ားတစ်ယောက်ကတော့ ညက ဓားထိုးခံရတဲ့ လူငယ်'

ခင်စောဦးသည် မျက်နှာမပျက်ရန် အထူးသတိထားလျက် –

'ဓားထိုးခံရတဲ့ သူက ဘယ်ကလဲ ရှင့်'

'ကြည့်မြင်တိုင်ဘက်ကပါ၊ ထီးပြင်တဲ့ လူပါ'

ထိုအခါမှ စိတ်အေးသည့် လက္ခဏာနှင့် မျက်နှာကြည်လျက် –

'ကိုင်း... ကနေ့တော့ သတင်းစာထက် အလျင် ဦးအောင် ကျွန်မသိရပြီ' ဟု အခြား စကားများ အနည်းငယ်ပြောဆိုကာ နှုတ်ဆက်၍ထွက်ခဲ့လေ၏။ ဆေးရုံကအထွက် အသိ ကောလိပ်ကျောင်း အိုင်–အေတန်းက ထွက်သွားသူ သတင်းထောက်တစ်ယောက်နှင့် တွေ့ပြန်သဖြင့် အကျိုးအကြောင်း မေးမြန်းမည်လုပ်ပြီးမှ မမြင်ယောင်ဆောင်ကာ ကားပေါ်တွင် ထိုင်ရင် လိုက်ပါလာလေ၏။

'ဟော... မမ ကျွန်မ စာအုပ်တစ်အုပ် တစ်ခါတည်း ဝယ်ခဲ့ချင်တယ်' ဟု စပတ်လမ်းရှိ စာအုပ်တိုက်ကြီး တစ်တိုက်သို့ မောင်းရန် ပြော

လေ၏။ ၎င်း၏ အကြံမှာ အဆိုပါ စာအုပ်တိုက်သို့သွားလျှင် မောင်မျိုးညွန့်တို့ တိုက်ရှေ့က သွားရမည်ဖြစ်သဖြင့် အကယ်၍ တိုက်၌ ထူးခြားကတစ်စုံတစ်ရာကို တွေ့ရမည်ဟု တွေးမိသောကြောင့် ရုတ်ချင်း ဉာဏ်ဆင်မိခြင်း ဖြစ်လေ၏။ မောင်မျိုးညွန့်၏ တိုက်ရှေ့သို့ ရောက်သောအချိန်မှာ ကိုးနာရီခန့် ရှိပြီဖြစ်ရာ၊ တိုက်အပြင်ဘက်တွင် ကားတစ်စင်းရပ်ထား၍ တိုက်ထဲ၌ ပုလိပ်များနှင့် အခြားလူများကို မြင်ရရာ ရင်ဖို၍ သွားလေ၏။ ကားကိုရပ်၍ ဆင်းပြီး မေးမည် လုပ်ပြီးမှ မစောနန်း ပါလာသည်ကို သတိရသဖြင့် အနိုင်နိုင် မျိုသိပ်လျက် ချီတုံချတုံ ဖြစ်စဉ် မျိုးညွန့်နှင့် ကိုနသည် တိုက်ပေါက်မှ ပုလိပ်အရာရှိများနှင့် ထွက်လာသည်ကို မြင်ရသဖြင့် စိတ်အေးသွားလျက် ကားကို စာအုပ်တိုက်တွင် ရပ်ပြီး စာအုပ်ဝယ်ကာ ပြန်သွားကြလေ၏။

# အခန်း(၁၄)

ဦးအင်းတို့ သားအဖကား ကုန်သည်လမ်းရှိ တိုက်ပေါ်တွင် ခေါင်းချင်းရိုက်၍ နေကြပြန်လေ၏။

'ဒီကောင်ရဲ့ကံက တော်တော် ကောင်နေသေးတယ် ဘဘရဲ့'

'အေး ကံကောင်းလို့ပေါ့ကွယ်၊ အဘ အလွန် စေ့စေ့စပ်စပ် ကြံခဲ့တာပဲ'

'ပြတင်းတံခါး ဖွင့်ထားတာ သူ ရိပ်မိသလား'

'မရိပ်မိပါဘူး၊ ပုလိပ် လာစစ်လို့ သူပြန်ပြောတော့ ဘဘလည်း ရှိပါတယ်၊ သူ့မိတ်ဆွေတစ်ဦးက ကနေ့ သတိနဲ့နေပါ ဆိုလို့ တစ်ညလုံး မအိပ်ဘဲ စောင့်နေတာတဲ့ကွ'

'ဟင်... ဘယ်မိတ်ဆွေပါလိမ့်'

'ဟို ကလေးမပေါ့ကွယ်၊ ဘာပြုလို့လဲဆိုတော့ အစေခံမကလေး စာလာပေးတော့ ဘဘက ယူလိုက်တယ်၊ ဒီလို ဘဘ ယူတာ သိလို့ နောက်ထပ် ကြံဖန်ပြီး အကြောင်းကြားထားတာ ဖြစ်ရမပေါ့'

'အဖမ်းခံနေရတဲ့အကောင် အတွက်ကကော ဘယ့်နှယ်လုပ်မလဲ'

'ဘဘ စီမံပြီးပါပြီ၊ ထောင်ကျရင် ထောင်ထဲ ချောင်ချောင်ချိချိ နေဖို့၊ သူ့မယားကို ထောက်ပံ့ဖို့ သူ့ရှေ့တွင် သူ့မိန်းမလက်ထဲ ငွေ ၅၀၀ ကျပ် ပေးခဲ့ပြီကွယ့်'

'ဒီလိုသာ သူတို့ကို ကြံတိုင်း မအောင်မြင်ရင် ခက်တော့တာပဲ'

'ငါ့သားကြီးကလည်း ဟိုသူငယ်မကိုမှ ရအောင် မလည်နိုင်ဘဲ ကိုးကွယ့်၊ ခု ဒီသူငယ်မကြောင့် ဘဘတို့အကြံ ပျက်စီးခဲ့တာပဲ'

'သူကလည်း မျိုးညွန့်ကို ခုထက်ထိ စွဲလမ်းတုန်းမို့ ကျွန်တော် ဘယ်လောက် အပြောကောင်းကောင်း ကျွန်တော့်စကား မတိုးနိုင်ဘူး'

'ဒါဖြင့်ရင် မျိုးညွန့်အပေါ် မေတ္တာပျက်အောင် ဘဘ ကြံစည်ပေးရမှာပေါ့ကွယ်'

'ဘယ့်နှယ်ကြံမလဲ၊ မုန်းပါဆိုလို့ ဘယ်မှာ မုန်းပါ့မလဲ'

'ဟယ် လူမိုက်၊ ဒီလို တိုက်ရိုက်ကြံလို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်မင်းလည်း လူတစ်လုံးသူတစ်လုံး လုပ်နေဦးမှာ၊ မသေမချင်း မှတ်ထား။ မိန်းကလေးများဟာ သူတို့ ချစ်တဲ့သူကို မချစ်နဲ့ဆိုလို့လည်း မရဘူး၊ သတ်ပစ်တောင် လက်လျှော့မှာ မဟုတ်ဘူး၊ သည်တော့ သူတို့ ချစ်နေတဲ့ ယောက်ျားကလေးဟာ အခြားမိန်းကလေးတစ်ဦးနဲ့ ချစ်ကြိုက်နေကြောင်းကို ယုတ္တိယုတ္တာနဲ့ ပြောပြလို့ သိရှိရင် မေတ္တာဟာ တစ်စတစ်စ ပျက်လာတတ်တာပဲကွယ့်'

'နို့ မျိုးညွန့်ဟာ ဘယ်သူနဲ့ ချစ်ခဲ့တယ်လို့ ကျွန်တော်တို့ လက်ဆုပ်လက်ကိုင်မှ မပြနိုင်ဘဲ၊ ဟုတ်နိုင်ပါ့မလား ဘဘရဲ့'

'အဲဒါကြောင့် မင်းတို့မှာ ကာလသား ဆိုပြီး ကာလဉာဏ် မမီသေးဘူးလို့ ဘဘ ပြောနေတာ၊ နားထောင်ကွယ့် ဘဘအကြံ ပြောပြမယ်။ အခု တို့ရန်ကုန်မှာ ပုံတူရေးတဲ့ ပန်းချီကျော်တွေ ဘာလုပ်ဖို့ ထားတာလဲ၊ အဲ... သူတို့ကို ငွေများများ ပေးခိုင်းရင် ဘဘတို့အကြံ အောင်ရော မဟုတ်လား'

'ဘယ်လို ကြံမှာလဲ ဘဘရဲ့'

'အဲဒီ ပန်းချီဆရာကို မျိုးညွန့်ရဲ့ ဓာတ်ပုံပေး၊ ဒီပြင် မိန်းမချော

လေးရဲ့ ပုံကတော့ ပန်းချီဆရာရဲ့ စိတ်ကူးနဲ့ဆွဲရော၊ အဲသလို မျိုးညွှန့်နဲ့ မိန်းကလေးတွဲပြီး ဆွဲထားတဲ့ပုံကို တစ်ခါ ဓာတ်ပုံရိုက်ပြီး ပြန်ကူးတော့ တကယ့်လူအစစ်ကို ဓာတ်ပုံရိုက်ထားသလို ဖြစ်မနေပေဘူးလား'

'ဟုတ်ပြီ... ဟုတ်ပြီ... ဘဘက သိပ် ဉာဏ်သွားတာကိုး၊ ဒါကြောင့်လည်း သူများပစ္စည်း မတရား...'

'ဟဲ့... ခွေးမသား... လူကြီးကို ပမာမခန့်နဲ့'

ထိုနောက် သားအဖသုံးဦး ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်၍ နေကြလေ၏။

ရှမ်းပြည်နယ် အမတ်ကြီး စောလုခံကား ၎င်း၏ နယ်ပယ်တွင် အခွန်တော်နှင့် ပတ်သက်၍ ဆူဆူပူပူ ဖြစ်မည်ကို အထူး အုပ်ထိန်းရမည့် အခါမျိုးနှင့် ကြုံကြိုက်၍ နေလေ၏။ အကြောင်းမူကား ရှမ်းပြည်နယ်ပယ်ရှိ လိမ္မော်ခြံနှင့် သနပ်ဖက်ထွက်သော ဒေသများတွင် ရှေးအခါက သင့်လျော်သလို ကောက်ခံခဲ့ရာ၊ တွဲဖက် အရာရှိတစ်ဦးနှင့် နှီးနှောတိုင်ပင်သောအခါ လိမ္မော်တစ်ပင်လျှင် ခြောက်ပဲနှုန်း၊ သနပ်တစ်ပင်လျှင် လေးပဲနှုန်း စသည်ဖြင့် အတွင်းကျိတ် အကြံပေးလေ၏။ အကြမ်းတွက်ချက် ကြည့်သောအခါ အခွန်တော် တစ်သိန်းကျော်ကျော် တိုးတက်ရရှိမည်ကို တွေးတောမိလေ၏။ ရှမ်းနယ်သူ နယ်သားတို့ကား မဟာရာဇာစော်ဘွားကြီးနှင့် အမတ်ကြီး၏ ဩဇာကို အထူးကြောက်ရွံ့ ရိုသေကြသူများ ဖြစ်သည့်အတိုင်း စည်းကြပ်သော အခွန်တော်ကို ပေးကြလေ၏။ သို့ရာတွင် တွဲဖက် ရုံးအရာရှိ၏ လက်အောက်ခံ အချို့သည် ရှမ်း လိမ္မော်ခြံရှင်များကို မြှောက်ပင့်ပေးပြန်သဖြင့် အစည်းအဝေးများ ခေါ်လျက် လိမ္မော်တစ်ပင်လျှင် ခြောက်ပဲနှုန်းမျှ ကောက်ခံခြင်းသည် မိမိတို့အဖို့ အလွန်နစ်နာကြောင်း၊ သို့အတွက် အခွန်များ လျှော့ပေါ့ပါမည့် အကြောင်းနှင့် အကျယ်တဝင့် ရေးသားကာ စာတင်ကြလေ၏။ ထိုအခါ တွဲဖက်ရုံး

အရာရှိ၏ အကြံပေးချက်အရဟု လိမ္မော်တစ်ပင်လျှင် တစ်ပဲနှုန်း၊ သနပ်ဖက် အချိန်တစ်ရာလျှင် နှစ်ပဲနှုန်း ကောက်ခံမည်ဟု ကြော်ငြာရလေ၏။ ကုန်သည်များလည်း ထိုအခါကျမှ စိတ်ကျေနပ်လျက် တွဲဖက်ရုံးအရာရှိကို အထူးကြည်ညိုစိတ်များ ပေါ်ပေါက်လာကြလေတော့၏။

စော်ဘွားကြီးသည် အမတ်ကြီးနှင့် အမျိုးမျိုး နှီးနှော တိုင်ပင်လျက်ရှိလေ၏။ အမတ်ကြီးမှာ လုံ့လ ဝီရိယ ကောင်း၍ ဉာဏ်သွားသူ ဖြစ်သည့်အတိုင်း မိမိအုပ်ချုပ်ရာ နယ်ပယ်တွင် တိုင်းသူပြည်သားတို့၏ ထင်မြင်ချက်ကို လူယုံ သူလျှိုများနှင့် သတင်းယူလေ့ရှိရကား စော်ဘွာကြီး ရွှေနားတော်ကြား မဟုတ်ဘဲ တိုးတိုးတိတ်တိတ်ဖြင့် –

'အလကားပါကွာ… ကိုယ့်အမျိုးသား စော်ဘွား အုပ်ချုပ်တော့ ကြည့်စမ်း … ကောက်လိုက်တဲ့ အခွန်တော်၊ တွဲဖက်ရုံးအရာရှိသာ မကယ်ရင် တို့တစ်တွေ အကျပ်ပေါ့၊ စော်ဘွားမအုပ်ချုပ်ဘဲ တွဲဖက်ရုံးချည်းအုပ်ချုပ်လျှင် သာပြီး ကောင်းမှာပဲ' ဟူသော အသံများ ကြားသိရလေ၏။ ဤကိစ္စကို အထက်တန်းစား အမြော်အမြင်ကြီးသူများမှအပ မည်သူမျှ ချိန်ဆနိုင်ခြင်း မရှိ။ မိမိတို့ လက်ငင်းချမ်းသာသည်ကို အခြေတည်၍ ပြောဆိုခြင်း ဖြစ်ရကား၊ မိမိနယ်သူနယ်သားတို့သည် ဤထက် အကြည်ညိုပျက်သော် အုပ်ချုပ်ရေး ပျက်လိမ့်မည်ဟု အပူတပြင်း တွေးတောနေကြရခြင်း ဖြစ်လေ၏။

အမတ်ကြီးကား မြန်မာပြည်အစိုးရသို့ စာရေးသားရန် တွေးတောနေရာမှ အကြမ်းခြစ်၍နေလေ၏။ ၎င်း၏စာများမှ လိုရင်းအချက်ကား–

ကျွန်ုပ်တို့နယ်၌ ရှေးက အေးအေးသက်သာ ဆင်းရဲသားများ ကျေနပ်စွာ အခွန်ကောက်ခဲ့ကြောင်း၊ တွဲဖက်ရုံး အရာရှိ၏ အကြံပေးချက်အရ အခွန်များ ပိုမို ကောက်ခဲ့ကြောင်း၊ ထိုသို့ အခွန်ကောက်ရာ၌ တွဲဖက်ရုံးအရာရှိ၏ အကြံပေးချက်ကို ကျွန်ုပ်တို့

ဖော်မပြခဲ့သည်မှာ ရှမ်းလူမျိုးတို့သည် တွဲဖက်အရာရှိအား မှန်းထားမည် စိုးသောကြောင့် ဖြစ်ကြောင်း၊ သို့ရာတွင် အခွန်အတွက် နယ်သူနယ်သားများ ဆူပူသောအခါ တွဲဖက်အရာရှိနှင့် တိုင်ပင်၍ အခွန်တော်များကို လျှော့ချရကြောင်း၊ ထိုအခါ၌မူ တွဲဖက်အရာရှိသည် သူ၏ အကြံပေးချက်အရ အခွန်လျှော့သည်ဟု ကြော်ငြာထုတ်ကြောင်း၊ ထိုသို့ ပြုမူသည့်အတွက် အရင်းခံဖြစ်သော ကျွန်ုပ်တို့အား နယ်သူနယ်သားတို့သည် အကြည်ညိုပျက်၍ တွဲဖက်အရာရှိအား ချစ်ခင်နှစ်သက်လာကြကြောင်း။

တွဲဖက် အရာရှိသည် ပရိယာယ် မသုံးဘဲ သဘောရိုးဖြစ်က ကျွန်ုပ်တို့သည် အခွန်ပို၍ ကောက်စဉ်က တွဲဖက်အရာရှိ၏ အကြံပေးချက်ဟု မဖော်ပြခဲ့သဖြင့် အခွန်လျှော့သော အခါ၌လည်း တွဲဖက် အရာရှိ၏ အသားယူခြင်းကို စွန့်လွှတ်သင့်သည်ဟု သဘောရကြောင်း၊ ဤသို့ မစွန့်လွှတ်သောကြောင့် ကျွန်ုပ်တို့ အစိုးရသည် အဖြစ်အပျက် အမှန်အကန်ကို ကြော်ငြာထုတ်ဝေရပြီ ဖြစ်ရာ ထိုသို့ ထုတ်ဝေခြင်းသည် ကျွန်ုပ်တို့၏ ပြုမူထိုက်သော ဝတ္တရားဟု ယူဆကြောင်း၊ တွဲဖက်အရာရှိ၏ ပြုမူချက်သည်လည်း မြန်မာပြည် အစိုးရ၏ ပယောဂမကင်းဟု အများ တွေးထင်စေဖို့ရာ အကြောင်းမရှိရန်မှာ ဤသို့ ရှင်းလင်း ချေပခြင်းသာလျှင် နည်းလမ်းကောင်းတစ်ခု ဖြစ်သည်ဟု ယူဆကြပါကြောင်း၊ တစ်ကြောင်းမှာလည်း ကျွန်ုပ်တို့ ဤကဲ့သို့ မလွဲမရှောင်သာအောင် ပြုမူခြင်း၏ ဥဏ်မြော်မြင်ချက် အဓိကကား အကယ်၍ ရှမ်းလူမျိုးတို့သည် ကျွန်ုပ်တို့ အစိုးရအဖွဲ့အား ညွှတ်တိမ်းသောစိတ် မရှိဘဲ နေခဲ့အံ့။ မြန်မာနိုင်ငံတွင်း၌ မကျေနပ်သူ တစ်စုတို့သည် ကျွန်ုပ်တို့ နယ်ပယ်သို့ ဝင်ရောက်ခိုအောင်းကာ၊ ထိုမကျေနပ်သူ ကျွန်ုပ်တို့ နယ်သားများနှင့်

ပူးပေါင်းကြံစည်က နှိပ်ကွပ်ရန် ခဲယဉ်းမည်ဟု တွေးတောမိသောကြောင့် မြန်မာပြည်အစိုးရအား သူပုန်ထလိုသူများအတွက် ဖိနှိပ်ရန် စီမံရခြင်းဖြစ်သည်ကို မြန်မာပြည်အစိုးရတို့ နှစ်ခြိုက်တော်မူလိမ့်မည်ဟု ယုံကြည်ပါသည်။ သို့အတွက် တွဲဖက်ရုံး အရာရှိကို နောင်အခါ ဤကဲ့သို့ မပြုမူရန် သတိပေးပါမည့်အကြောင်း လျှို့ဝှက်သော ဤစာကို တင်ဆက်ရပါသည်။

အမတ်ကြီးသည် စာကို သေချာစွာ ဖတ်ရှုပြီးနောက် စာသွားစာလာ ပြင်တန်သမျှ ပြင်ဆင်ပြီးလျှင် အတွင်းဝန်များကိုပင် မခိုင်းစေတော့ဘဲ ကိုယ်တိုင် လက်နှိပ်စက်နှင့် တချက်ချက် ရိုက်၍ နေလေ၏။ စာများပြီးသောအခါ အချိန်မဲ့ စော်ဘွားကြီးဆီသို့သွား၍ နှစ်ဦးတည်း တီးတိုးနှီးနှောတိုင်ပင်ကာ အချိန်အတန်ကြာလျှင် ပြန်ခဲ့လေ၏။

အမတ်ကြီးကား ထိုကိစ္စနှင့်ပင် ဦးနှောက်ရှုပ်ကာ အလုပ်အလွန်များလျက် နေလေရာ အိပ်ချိန်၊ စားချိန်များပင် မမှန်အောင် ဖြစ်၍ နေလေ၏။ မိမိတို့၏ မြင့်မားစောက်မတ်သော ကျွန်းပင်ကြီးများ၊ မိမိ ကြံစည်ထားသည့် ဘော်တွင်းများ၊ လိမ္မော်၊ ကော်ဖီ၊ လက်ဖက် စသည်တို့ ကျယ်ပြန့်သော ဆင်ခြေလျှောတွင် စိုက်ပျိုးနိုင်သည့် မြေကွက်များကို နယ်နိမိတ်နှင့် တကွ ပေါ်လွင်အောင် စဉ်းစားမိလေ၏။ သောက်ရေ၊ သုံးရေအိုးတို့ကို သွန်၍ ချလိုက်သည့်အလား မိုးသား တိမ်တိုက်တို့ တဂျုံးဂျုံး တရှောင်းရှောင်း မြည်ဟည်းရာက ပြင်းထန်စွာ ရွာသွန်းချလိုက်လေ၏။ အချိန်ကား သန်းခေါင်ကျော် သုံးနာရီခန့် ရှိသဖြင့် သမီးကလေးကို ထင်ယောင် မြင်ယောင်ရင်း အိပ်ပျော်ခြင်းသို့ ရောက်ရာလေ၏။

*

ကိုထိုင်း၊ ကိုရိုး၊ ကိုန၊ ကိုဉာဏ်ကြီး၊ မောင်မျိုးညွှန့် ညီအစ်ကို ငါးဦးတို့သည် စမ်းချောင်းရပ်ရှိ အိမ်တစ်အိမ်တွင် တွေ့ဆုံ တိုင်ပင်၍ နေ

ကြလေ၏။ ကိုထိုင်းမှာ ညီအစ်ကိုအရင်း ဖြစ်စေကာမူ များစွာ စိတ်မချရ။ အတွင်းရေး စကားများကို ဦးအင်းတို့အား ပြန်ပြောလေ့ ရှိသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကိုဉာဏ်ကြီးက –

'ဟော့... ကိုထိုင်း၊ မင်းကို ဦးအင်းက တွေ့ချင်တယ် ဆိုတာ ဘာတဲ့လဲ'

'ဟင်... ငါ ဘာမှ မသိပါလားကွယ့်'

'အို မညာပါနဲ့၊ ဦးအင်းက ငါ့ကို ပြောလိုက်တယ်၊ မင်းကိုလည်း မှာပြီးပြီတဲ့၊ မင်း နားကြားလွဲလို့ မသိတာပေါ့' ဟု ပြောရာ ဦးအင်းနှင့် ရင်းနှီးတွေ့ဆုံရခြင်းပင် အလွန်ဝမ်းသာခြင်း ရှိတတ်သဖြင့် –

'ဒါဖြင့်ကွယ် သွားလိုက်ဦးမယ်' ဟု ထွက်၍ သွားလေ၏။ ထို အခါကျမှ ကျန်ညီအစ်ကို လေးဦးတို့ စိတ်ချစွာ ဆွေးနွေးရလေ၏။ အငယ်ဆုံး မောင်မျိုးညွန့်က စ လျက် –

'ကိုကြီးတို့ ဘယ့်နှယ် ကြံကြမလဲ၊ ဒီလမ်း ဒီစခန်းအတိုင်းပဲ သွားကြတော့မှာလား' ဟု မေးလိုက်ရာ မောင်ဉာဏ်ကြီးက –

'အခုဖြင့် ဒီအတိုင်း သွားရမှာပဲကွယ့်၊ ဒီပြင်လမ်းကို မတွေ့သေးဘူး'

'ဟာ... လမ်းဆိုတာ ရှာမှ တွေ့တော့မပေါ့၊ မရှာဘဲ ဘယ်မှာ တွေ့ပါ့မလဲ၊ ကိုကိုတို့ သွားတဲ့လမ်းဟာ နီးလျက်နဲ့ဝေးတဲ့ ဝင်္ကပါလမ်း ပဲ၊ ကျွန်တော်တို့ လမ်းဖြောင့်ရှာကြစို့။ အခု ကိုကြီးတို့ လုပ်နေတာဟာ ဦးအင်းရဲ့ ပရိယာယ်ဆင်တဲ့အထဲ အတင်း တိုးနေကြတာနဲ့ တူတယ်။ မင်းတို့ မအုပ်ချုပ်တတ်ဘူး။ ဒီစက်ရုံ၊ ဒီရေနံတွင်း၊ သတ္တုတွင်း၊ သစ်တော လုပ်ငန်း ဆိုတာ မလွယ်ဘူးနဲ့ ပြောတယ် မဟုတ်လား။ မလွယ်တာတော့ အမှန်ပဲ။ လွယ်တယ်၊ အုပ်ချုပ်တတ်တယ် ဆိုတော့ ဒီအမွေတွေ ခွဲပေးမှာ လား'

'ရှောရှောရှူရှူတော့ ဘယ်ပေးမလဲကွယ်၊ ကိုကိုတို့ ဘယ်အလုပ်ဖြင့် တတ်ပြီ၊ ပေးပါလို့ တောင်းရမှာပေါ့။ တကယ်လို့ တတ်လျက်နဲ့ တောင်းလို့ မပေးတော့ သူတို့ အပြစ်ပေါ့၊ မတတ်ဘဲနဲ့ တောင်းတော့ ကိုကြီးတို့ အပြစ်ပေါ့၊ ဒီစကား လိုချင်လို့ ကိုကြီးတို့ တမင် ဝင်ရောက်လုပ်ကိုင်နေတာ'

'ဒါဖြင့် ငွေစာရင်း ကိုင်ရမလား၊ အချိန် ကြာလှပြီနော်၊ ရေနံအလုပ် ဦးစီးပါရစေလို့ ပြောရင်ကော ရပါ့မလား'

'ဟာ... ဘာရဦးမလဲကွယ်၊ ခုတော့ ဒီလောက် ပေးထားတာတောင် သူ့သားများက ကျေနပ်ပုံ မရဘူးကွယ့်'

'အဲဒါကြောင့် ကိုကြီးတို့ အယူအဆကို ရှေးက မှန်တယ် ထင်ပေမဲ့ ခုဖြင့် ပြဒါးနဲ့သံလို တစ်လမ်းစီ ဖြစ်နေပြီဗျ'

'ဆိုစမ်းပါဦးကွယ်၊ မင်းက ဘယ်လိုများ သဘောရနေလို့လဲ'

'ပထမ ရှေးဦးစွာ ကျွန်တော်တို့ မိခင်ကြီးရဲ့ ကြွယ်ဝ ချမ်းသာတဲ့ အဆီအနှစ်ကို သိမ်းပိုက်ချင်လို့ မတရား ဉာဏ်ဆင်ပြီး ယူခဲ့တယ်ဆိုတာ အထူး ပြောစရာ မလိုဘူးနော်၊ ဒီနောက် ကျွန်တော်တို့ကို အမိုက်သင်၊ ကျွန်တော်တို့က မျက်စိကျယ်လို့ အခွင့်အရေး ဆိုမြည်လာတဲ့အခါ ဒီအကောင်တွေ ဘယ်ဘက်ကမှ မလှုပ်နိုင်အောင်ဆိုပြီး အမျိုးမျိုး ဖိနှိပ်ခဲ့တယ် မဟုတ်လား၊ ကျွန်တော် အခံရဆုံးမို့ အသိဆုံးပါ၊ ကျွန်တော်တို့ကို သူတို့ညာမယ်၊ သူတို့ကို မကျေနပ်တဲ့ ကောင်လေးတွေကို မြွေပွေးခါးပိုက်လို့ ထင်မှတ်နေတာ။ ပြီးတော့ ကိုကြီးတို့ အဖြစ်ကို ကြည့်ဦး၊ ဆန့်စက်မန်နေဂျာ အလုပ်ကလေးကို လခဖန့်ဖန့်ကလေး ပေးထားတော့ စက်ပိုင်ယောင်ယောင် ဘာယောင်ယောင်နဲ့ နည်းနည်း ဟန်ကျသပေါ့၊ ကိုကြီးတို့ သားမယားတော့ ဝတာပေါ့၊ ကြည့်စမ်း ... ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ ထောင်သောင်းမက လုပ်သားတွေဟာ ဝတ်မွတ် ခေါင်းပါး

လုမတတ် ဖြစ်နေကြတယ်၊ ကိုကြီးတို့ကို အပိုပေးဖို့ လုပ်သားတွေ အပေါ်က အချိုးကျ အခကြေးငွေ လျှော့ပေးပြီး အဲဒီက ငွေတွေကို လှည့်ပေးတာပဲလို့ စုံစမ်းသိရတယ်။ ဒီတော့ ကိုကြီးတို့ ခံစားမှုဟာ သူများ ဆင်းရဲဒုက္ခ ရောက်စေပြီးမှ ရရှိတဲ့အတွက် ဘယ်နည်းနဲ့မှ မကောင်းဘူး'

'နို့ ညီလေးက ဘယ့်နှယ်များ ကြံချင်သေးသလဲ'

'ကိုကြီးတို့ ပူးပူးကပ်ကပ် နေကြတဲ့ လူတစ်စုက ကျုပ်တို့ ဒါနဲ့ မကျေနပ်ဘူး၊ ရေနံတွင်းလည်း အုပ်ချုပ်မယ်၊ သတ္တုတွင်းလည်း အုပ်ချုပ်မယ်လို့ ညီညီညွတ်ညွတ် တစ်သံတည်း မြည်ကြပါလား'

'မြည်လို့ မရတော့ကော ...'

'မရရင် သူ့လခစား မလုပ်နဲ့၊ အားလုံး ထွက်ခဲ့ကြ'

'ထွက်ပြီး ဘာလုပ်ရမှာလဲ၊ တို့ အငတ်ခံရမှာလား'

'ယောက်ျားပါ၊ မငတ်နိုင်ပါဘူး၊ မဖြစ်စလောက်နဲ့ ဘာလို့ သူများ နို့သက်ခံပြီး နေချင်တာလဲ။ ကိုကြီးတို့ သား၊ မြေး၊ မြစ် လက်ထက်မှာ နာမည် မအိုရစ်ပါစေနဲ့'

'မင်းက ထွက်ခဲ့သာ ဆိုတယ်၊ အလုပ်တော့ မပြောဘဲကိုးကွယ့်'

'အို... မတရား ယူထားတဲ့ အိမ်ထောင်ပစ္စည်းကို ကိုယ်က သူတော်ကောင်းလုပ်ပြီး တရားတဲ့ နည်းလမ်းနဲ့ ပြန်ရတယ်လို့ ဘယ် ဘဝက ကြားဖူးသလဲ၊ သံကို ကြွက်စားတော့ သူ့သားကို စွန်ချီလိုက်တာပေါ့၊ ကိုကြီးတို့ လိုက်နာမယ်ဆိုရင် ပြောမယ်၊ ခုတော့ မပြောသေးဘူး၊ ကြပ်ကြပ် စဉ်းစားကြပါ' ဟု ပြောဆိုကာ မျိုးညွန့်နှင့် ကိုနသည် ထိုင်ရာမှ ထ ကြလေ၏။

အမတ်ကြီးသည် နောက်တစ်နေ့ စက်ရာက ထ သောအခါ အခိုင်းအစေများ ပြုမူလုပ်ဆောင်သမျှ စစ်ဆေးကြည့်ရှုပြီးလျှင် ဟော်နန်းသို့ ထွက်ခွာသွားလေ၏။ ဟော်နန်းတွင် မဟာရာဇာ စော်ဘွားကြီးနှင့်

တိုင်ပင်တန်သမျှ တိုင်ပင်ပြီးနောက် ယခင် စာအိတ်ကို ချိတ်တံဆိပ် ရိုက်နှိပ်ကာ မြန်မာပြည်အစိုးရဆီသို့ တင်ပို့လေ၏။ နံနက် ၁၀ နာရီခန့်တွင် နေအိမ်သို့ ပြန်ရောက်လာရာ၊ အတွင်းဝန်ကိုယ်တိုင် ရီဂျစ်စတာနှင့် စာတစ်စောင်ကို ယူဆောင်လာသဖြင့် လက်မှတ်ထိုး၍ ယူလိုက်လေ၏။ အတွင်းဝန်လည်း အရိုအသေပေး၍ ထွက်ခွာသွားသောအခါ စာအိတ်ကို ဖွင့်၍ အတွင်းက အရာများကို ထုတ်ယူလိုက်ရာ၊ စာတစ်စောင်နှင့် မိန်းမပျို ယောကျ်ားပျို နှစ်ဦး တွဲလျက် ရိုက်ထားသော ခြောက်လက်မ ဓာတ်ပုံ တစ်ပုံကိုပါ တွေ့ရလေ၏။ စာတွင် –

**ဦးအင်းနှင့် သားများ**
**ရေနံတွင်း၊ သတ္တုတွင်း၊ သစ်တောများ ပိုင်ရှင်**
**ရန်ကုန်မြို့မှ**

၄ မြို့စား အမတ်ကြီးမင်းသို့ . . .

ကြားရောက် အစီရင်ခံပါသည်။ လူကြီးချင်း တိုင်ပင် နှီးနှော ကြဖူးသည့်အတိုင်း သားမောင်လူဝကို အရိပ်အကဲ ခတ်စေပါသည်။ မောင်လူဝသည် ကျွန်တော်၏ သားမို့ ချီးမြှောက် ရေးသားသည်ဟု ဆိုလျှင် ခံရပါတော့မည်။ အလွန်ရိုး၍ နှုတ်အလွန် နည်းပါသည်။ မိန်းကလေး မြင်လျှင် သူက အလျင် ထွက်ပြေးမည့်သူ ဖြစ်ပါသည်။ တစ်နေ့သောအခါ သူ့အကဲသိရန် သမီးတော်၏ ထံသို့ စေလွှတ်ပါသည်။ သမီးတော်သည် အဖက်မတန်၊ မချေမငံ ပြောဆို လွှတ် လိုက်ကြောင်းကို သိရပါသည်။

ထိုတွင်မျှမက မျိုးညွန့်နှင့် သူသည် ဘယ်အခါမျှ ပြတ်စဲမည် မဟုတ်ကြောင်း အတိအလင်း ပြောဆိုလိုက်သည်ဟုလည်း သား ထံမှ သိရပါသည်။ ကျွန်တော်၏ သားအား သူငယ်မ မေတ္တာ မျှ

မမျှကိုကား သူ၏ သဘောအတိုင်း ဖြစ်၍ တစ်စုံတစ်ရာ မနှောင့်ယှက်လိုပါ။ သို့ရာတွင် မျိုးညွန့်၏ အကြောင်းကို သူငယ်မ မသိသည်မှာ အထူး ဝမ်းနည်း နှမြောဖွယ်ကောင်းပါသည်။ ကျွန်တော်တို့လည်း အမတ်မင်းနှင့် မိတ်ဖြစ်ဆွေဖြစ်၊ အမတ်မင်း၏ အကျိုးကိုလိုလားသည့်အတိုင်း မျိုးညွန့်အကြောင်း ထပ်မံ စုံစမ်းကာ အခြားမိန်းမကလေးတစ်ဦးနှင့် ချစ်တင်းနှီးနှောခိုက် ဓာတ်ပုံရိုက်၍ ယူခဲ့ပါသည်။ ပူးတွဲပါ ဓာတ်ပုံမှာ မျိုးညွန့်နှင့် အခြား သူငယ်မတစ်ဦး၏ ပုံဖြစ်ရာ သမီးတော်ကလေးကို ထိုဓာတ်ပုံ မမြင်စေဘဲ အခြားနည်းနှင့် သတိပေးလျှင် သင့်လျော်လိမ့်မည်ဟု ထင်ပါသည်။

**မောင်အင်း**

အမတ်ကြီးလည်း စာကိုဖတ်ပြီးနောက် အမတ်ကြီးကတော်နှင့် တိုင်ပင်မည် စိတ်ကူးရာမှ အကျိုးထူးမည် မဟုတ်ဟု တွေးမိပြန်သဖြင့်၊ မိမိဘာသာ ဦးအင်းထံသို့ စာတစ်စောင် ရေးလေ၏။

သူဌေးမင်း၏ စာနှင့် ဓာတ်ပုံကို ရ၍ အထူး ကျေးဇူးတင်ပါသည်။ သမီးတော်သည် ဆင်ကန်းတောတိုး ပြုမူတတ်သော စိတ် မရှိပါ။ သူသည် ဟိုသူငယ်၏ တစ်စုံတစ်ရာ လှည့်ပတ်ဖြားယောင်းခြင်းအတွက် နားဝေ့ကာ စွဲလမ်းမည် ထင်ရသော်လည်း အကြောင်းစုံကို သိရှိက တိုးတက် မိုက်မှားမည် မဟုတ်ပါ။ ထိုအခါ သူဌေးမင်း၏ သားနှင့် နီးစပ်ဖို့ရာ တံခါးတစ်ဖက် ပွင့်မည်ဟု ယုံကြည်ပါသည်။

ထိုသို့ ရေးပြီးနောက် ခင်စောဦးထံသို့ စာတစ်စောင် ရေးပြန်လေ၏။

**ဘဘ စာရေးလိုက်သည် သမီးအစော…**

သမီးသည် အထက်တန်း ပညာများကို သင်ကြားနေသူ ဖြစ်သဖြင့် အတော်ပင် အမြော်အမြင် ဉာဏ်နှင့် ပြည့်စုံလိမ့်မည်ဟု ထင်ခဲ့သည်။ သမီးသည် ဘဘအပေါ်၌ ကတိထားခဲ့ပြီးနောက် ထိုကတိအတိုင်း မတည်ကြည်ဟု ကြားသိရသည်။ ထိုသို့ ကြားသိရသော သတင်းသည် မမှန်သတင်း ဖြစ်ပါစေဟု ဘဘ ဆုတောင်းသည်။ မိန်းကလေးတို့ မည်သည်မှာ တစ်စုံတစ်ဦးနှင့် မေတ္တာကူးစက်ပြီးနောက် လွဲပြောင်း ပြုမူအပ်သည် မဟုတ်ကြောင်းကို ဘဘလည်း အယူရှိသည်။ သို့ရာတွင် မိမိအား အချစ်ကူးသူသည် မိမိတစ်ဦးတည်း မဟုတ်ဘဲ ထင်ရာ တွေ့ရာ လိုက်စား၍၊ မိမိကိုလည်း နောင်ရေးအတွက် စိတ်မချရခဲ့သော် ထိုလုလင်မျိုးကို စွဲလမ်းနေသော မိန်းကလေး တစ်ဦးတစ်ယောက်အတွက် သနားဖွယ် ဖြစ်သည်မှအပ ချီးမွမ်းရန် လုံး၀ မရှိချေ။ ယခုအခါ၌ ဘဘမှာ သမီးအပေါ်မှာသာ မဟုတ်၊ ဟိုသူငယ်၏ အပေါ်တွင်လည်း အပြုအမူ အသွားအလာ အစစပ်သိမ်း သူလျှိုထား၍ စုံစမ်းခဲ့ရာ ခုအခါ စာနှင့်အတူ ပါလာသောပုံကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။ ထိုပုံသည် ထိုသူငယ်၏ပုံ မဟုတ်ဘူးဟု ငြင်းဆိုနိုင်က ဘဘ ယခုရေးသားသောစာကို ပြန်လည်စဉ်းစားရန် အသင့်ရှိသည်။ သမီး၏ စိတ်ကို မည်သို့ဆုံးဖြတ်စေဟု ဘဘက ညွှန်ကြားသည်ထက် သမီး အလိုအလျောက် သဘောပေါက်အောင် နက်နဲစွာ ဆုံးဖြတ်ကသာ၍ သင့်လျော်မည်။ သမီးသည် ဘဘ၏ ရင်ခွင်ပေါ်မှာ ကြီးပြင်းလာသူ ဖြစ်သဖြင့် ဘဘ ရေးသမျှ ဘဘ၏ အတွင်းသဘော နားလည်လိမ့်မည်ဟု ယုံကြည်သည်။

*

ည တစ်ညတွင်ကား စပတ်လမ်းတွင်ရှိ ဦးအင်း၏တိုက်ကို လမ်း ခာတ်မီးရောင်တွင် မားမားမတ်မတ်ကြီး တည်နေသည်ကို မြင်နိုင်လေ၏။ သန်းခေါင်ကျော်အချိန် ဖြစ်သဖြင့် တိုက်သူတိုက်သားများ အားလုံး အိပ်ပျော်နေကြလေ၏။ ဦးအင်းသည်ကား အကြံနှင့် ဖြစ်သဖြင့် အိပ်ပျော်ချင်ယောင် ဆောင်ရာမှ အသာအယာ ထ ၍ လာလေ၏။ ထို့နောက် မီးခံသေတ္တာထားရာ အခန်းဆီသို့ လာပြီးလျှင် မီးခံသေတ္တာကို မိမိတွင်ပါသော သော့နှင့် ဖွင့်လေ၏။ ငွေစက္ကူများကို အသာစမ်းလျက် ၅၀၀၀ဝိဖိုးခန့် နုတ်ယူပြီးလျှင် သေတ္တာကို သော့ပြန်မပိတ်ဘဲ စေ့ရုံသာ စေ့လျက် မိမိ ကြံဖန် ယူငင်ထားသော မျိုးညွှန့်၏ လက်ကိုင်ပဝါ တစ်ထည်ကို မီးခံသေတ္တာအနီးတွင် ချထားခဲ့လေ၏။ ထို့နောက်မှုကား အခြေမပျက် အိပ်ရာတွင် ဝင်၍ နေလေ၏။ ဤကဲ့သို့ ကြံစည်ခြင်းမှာ အခြားကြောင့်မဟုတ်၊ မျိုးညွှန့်သည် မိမိတိုက်တွင်ရှိက မိမိအား သေကြောင်း ကြံစည်မည်ကို တွေးရွံ့သည် တစ်ကြောင်း၊ တစ်ဖန် မိမိတို့က မျိုးညွှန့်အား သေကြောင်းကြံသော် မိမိတိုက်ကြီး လုံခြုံ၍ ကြံစည်ရန် ခဲယဉ်းသည် တစ်ကြောင်းများကြောင့် ဤတိုက်က နှင်ထုတ်ရန် နည်းလမ်း ရှာဖွေခြင်း ဖြစ်၏။

နောက်တစ်နေ့ နံနက်လင်းသောအခါ မျက်နှာများ သစ်ပြီးနောက် ဦးအင်းသည် မီးခံသေတ္တာ ရှိရာသို့ သွား၍ ပျာပျာသလဲ အမူအရာနှင့် ပြန်ထွက်လာလေ၏။

'ဟေ့… မယ်မာ… မယ်မာ… မနေ့က မီးခံသေတ္တာ ဖွင့်သေးသလား'

'သော့မှ ကျွန်မလက်ထဲ မထားတာ ဘယ့်နှယ်လုပ် ဖွင့်ရမှာလဲ'

'ဟိုက် တစ်ခါဖြင့် ခက်ကပြီ၊ ဘယ်လို သူခိုးများ ကြံစည်တာပါလိမ့်' ဟု ဖုန်းရှိရာသို့ သွားလျက် ပုလိပ်ကို တိုင်လေ၏။

၁၀ မိနစ်အတွင်း ပုလိပ်ဘက်က လူများ ရောက်လာသောအခါ မီးခံသေတ္တာ ဖွင့်၍ ငွေ ၅၀၀၀ဝိ ဖိုး ငွေစက္ကူများ ပျောက်ဆုံးကြောင်းနှင့် တိုင်ကြားလျက် ရှိလေ၏။

'တိုက်တံခါးတွေကော မပွင့်ဘူးလား ခင်ဗျာ၊ ဒီလောက် ကြီးကြီး ကျယ်ကျယ် ခိုးတဲ့ သူခိုးဟာ တိုက်တံခါးတွေ ဖွင့်ရမပေါ့'

'တိုက်တံခါးတော့ မပွင့်ဘူး၊ ဒါကြောင့် အစဉ်းစားရ ကျပ်နေတာ ပေါ့'

'အနို့ မီးခံသေတ္တာအနီးမှာ ခြေရာ အစအနကော မတွေ့ဘူးလား'

'ခြေရာ အစအနလည်း မတွေ့ဘူး၊ ဟောဒီ လက်ကိုင်ပဝါ တစ်ထည် မီးခံသေတ္တာနားက တွေ့တာပဲ' ဟု ထုတ်ပြရာ–

'ဟာ... လက်ကိုင်ပဝါမှာ ပင်းမင်းနံပါတ်နဲ့ပဲ၊ ဒီအစအနကို အလွယ်တကူ တွေ့ပါလိမ့်မယ်၊ ၁၀ နာရီမှာ ကျွန်တော်တို့ အကြောင်း ပြန်ကြားပါ့မယ်' ဟု ဆို၍ ထွက်ခွာသွားကြလေ၏။

မျိုးညွန့်နှင့် မောင်နကား အိပ်ရာထ၊ မျက်နှာသစ် ၊ ကော်ဖီသောက် ပြီးလျှင် တစ်ယောက်က သတင်းစာများ ဖတ်လျက်နေ၍ ကိုနကား သီချင်း တအေးအေးနှင့် နေလေ၏။ ကိုးနာရီခန့် တိုင်၍ ရေမိုးချိုးပြီး ကြသောအခါ အပြင်ဘက်မှ အသံကြားသဖြင့် ညီအစ်ကို နှစ်ယောက် စလုံး ထွက်ခဲ့ကြလေ၏။ ပုလိပ်အရာရှိသည် ဦးအင်းအား ကြည့်လျက်–

'လက်ကိုင်ပဝါရှင်က မောင်မျိုးညွန့် ဖြစ်ပါတယ်၊ ဒီတော့ သူ့ကို ယခု ဝတ္တရားအတိုင်း ဖမ်းဆီးမှပဲ' ဟု မတ်တတ်ရပ်လိုက်ရာ ဦးအင်းသည် လက်ကာ၍ ထားလျက် –

'အို... ကျုပ် အထင်မှားလေခြင်း၊ ကျုပ်ဟာ သူငယ်ငယ်က သုတ်သင် ကျွေးမွေး လာတာမို့' စကား မဆုံးခင်၊ မျိုးညွန့်ကား အံ့အားသင့်သော မျက်နှာနှင့် 'ဘာဖြစ်တာတုံး၊ ဘယ့်နှာလဲ' ဟု ပျာပျာသလဲ ကြားဖြတ်မေးမြန်းရာ –

'ညက မီးခံသေတ္တာ လူဖွင့်ပြီး ငွေ ၅၀၀၀ ဖိုး ခိုးယူသွားသတဲ့ လူကလေးရေ့၊ ခု မီးခံသေတ္တာနားက တွေ့တဲ့ လက်ကိုင်ပဝါကလည်း မင်း လက်ကိုင်ပဝါ ဖြစ်နေတယ်'

'အသာနေစမ်းပါဦး မယ်မာရယ်၊ မင်း မစွက်စမ်းပါနဲ့၊ တိုက်တံခါး လည်း မပွင့်၊ မီးခံသေတ္တာသာ ပွင့်ပြီး ငွေပျောက်တော့ ဆန်းပါတယ်လို့ အောက်မေ့နေတာ။ ဒီမယ် မိတ်ဆွေ၊ သားဆိုတော့ မကောင်းပါဘူး၊ ဒီတော့ ပုလိပ်တိုင်လား၊ ဘာလား မလုပ်ပါရစေနဲ့။ မိတ်ဆွေ ဆောင်ရွက်တဲ့ အတွက် ဒါကလေး ကျေးဇူး' ဟု ရာတန်တစ်ချပ်ကို လက်ဆောင်ပေး လျက် ပုလိပ်အရာရှိကို လွှတ်လိုက်လေ၏။ မျိုးညွန့်ကား အံကြိတ်ကာ လက်သီးဆုပ်မိလျက် ရှက်သွေးဖြာသော မျက်နှာဖြင့် –

'ဒါ ခင်ဗျား ဉာဏ်ပေါ့၊ ခင်ဗျား ကျွန်တော့်ကို စွပ်စွဲမလို့'

'စွပ်စွဲစရာ မလိုဘူး၊ လက်ဆုပ်လက်ကိုင် မိနေမင့်ဟာ'

'တယ်လေ၊ ကျုပ် ခင်ဗျားကို ခုချက်ချင်း ကိုင်ပေါက်ပစ်ဝံ့တယ် သိရဲ့လား' ဟု ပြောပြောဆိုဆို လည်စေ့ကို ထ၍ ညှစ်ရာ ဒေါ်မာမာသည် ပျာပျာသလဲ 'ဟဲ့... ဟဲ့... လူကလေးမောင် ... မတော်ဘူး' ဟု အတင်း ထ၍ ဆွဲလေ၏။ ကိုနကား ခပ်လှမ်းလှမ်းက ဆိုဖာကြီးတစ်ခုကို မနိုင့် တနိုင်နှင့် ထမ်း၍ လာကာ ဦးအင်းအား ပေါက်မည်လုပ်ရာ၊ ဒေါ်မာမာ သည် အပြေးကလေး သွားလျက် 'ဟဲ့... မောင်န မေမေ့ကို နှိပ်စက်တာ လား' ဟု ဆွဲငင်ထားသဖြင့် ကိုနမှာ ဆိုဖာနှင့်လူပါ ရော၍ လဲလေ၏။

'နေစမ်းပါဦးကွယ်၊ အကျိုးအကြောင်း ရှင်းကြဦးမှပေါ့'

'ဘာရှင်းစရာ လိုသလဲ၊ ကျွန်တော်တို့ တစ်သက်လုံး သူများ ပစ္စည်း ဆိုရင် အပ်တစ်ချောင်းမှ မယူဘူး'

'ကိုအင်းကလည်း ရှင့်ပစ္စည်းကို အထားအသို လွဲနေသလားမှ မသိရတာ'

'ဟော့... ငါ ဘာမှ မလွဲဘူး၊ ကြည့်စမ်း၊ ငါ့ကိုလည်း ကိုင်ပေါက် ညှစ်သတ်မယ် လုပ်သေးတယ်၊ ငါ့ပစ္စည်းလည်း ယူသေးတယ်၊ ဒီတော့ မင်းတို့ ဘယ်လောက် တရားလွန်သလဲ၊ ငါ မင်းတို့ကို ဒီတိုက်မှာ တာရှည်ထားဖို့ မလိုဘူး'

'ကျွန်တော်တို့ကလည်း မနေချင်ပါဘူး၊ သွားမယ်၊ ခုသွားမယ်' ဟု ထ ကြကာ အဝတ်ထုပ်ကလေးများကို ပြင်ကြရာ ဒေါ်မာမာသည် ပျာယာခတ်လျက် 'အို သားကြီးများ ဘာလို့ သွားရမလဲ၊ မင်းတို့ မသွားရဘူး' ဟု ဆိုမြည်လျက် သားများ အခန်းသို့ သွားမည် အလုပ် ဦးအင်းသည် ဒေါ်မာမာ၏ လက်တစ်ဖက်ကို ဆောင့်ဆွဲလျက် လက်သီး ဆုပ်ပြသဖြင့် ရှေ့သို့ မတိုးဝံ့ ဖြစ်၍ နေရှာလေ၏။

'အေး... သွားကြ... ငါလည်း မင်းတို့ကို ဘယ်အထိ ညှဉ်းဆဲနိုင် တယ် ဆိုတာ မင်းတို့ သိမယ်၊ လူကဲ့ရဲ့မှာစိုးလို့၊ သွား ... သွား ခု ထွက်သွား'

မျိုးညွန့်သည် အထုပ်အပိုး ပြင်နေရာက –

'လုပ်ပါ၊ ခင်ဗျား တတ်နိုင်တဲ့တစ်နေ့ ကျွန်တော်တို့ အဖေ့ တိုက် ကြီးက အပြင်ထုတ်နိုင်တယ်၊ ထောင်ချနိုင်တယ်၊ မတရား သတ်နိုင်တယ်၊ ဘာမဆို ခင်ဗျား လုပ်နိုင်တယ်။ နို့ပေမဲ့ သခ်ါရ သဘောအတိုင်းဆိုရင် ခင်ဗျားတို့ကို ကျွန်တော်တို့ကရင်လည်း ပြန်နိုင်ရမယ်၊ ဒို့ပြင် ရန်သူ တစ်ဦးဦးကရင်လည်း ခင်ဗျားတို့ တစ်မျိုးလုံးကို ဖြုတ်တဲ့သူ ပေါ်မယ်။ ကိုင်း... အထုပ်များ ကြည့်ဦး၊ စောင်တစ်ထည် နှစ်ထည်နှင့် အဝတ် သုံးလေးထည်ပဲ ပါတယ်၊ ကဲ... မေမေ သားကြီးများ သွားတော့မယ်' ဟု အထုပ်ကလေးတွေ ချလျက် ကန်တော့ကြရာ ဒေါ်မာမာမှာ မျက်ရည် တွေတွေ စီးဆင်းလျက် –

'ငါ့သားများ ဘေးမထိ ရန်မငြိဘဲ သွားလေရာမှာ မျက်နှာပွင့်လန်း

ချမ်းသာကြပါစေ။ သားကြီးတို့ရေ... မေမေ ဒါ့ထက် မတတ်နိုင်သေးဘူး ကွယ့်၊ မေမေလည်း မကြာခင် မင်းတို့စိတ်နဲ့ သေရလိမ့်မယ်ကွယ့်' ဟု လှိုက်လှဲစွာ ငိုကြွေးလိုက်ရာ၊ အလွန်စိတ်ခိုင်သော မျိုးညွန့်ပင် မျက်ရည် ဝိုင်းလျက် နေမိလေ၏။ ကိုနမှာမူ နှပ်တရှုပ်ရှုပ် ဖြစ်လျက် ညီအစ်ကို နှစ်ယောက် တိုက်ပေါ်က ထွက်ခဲ့ကြလေ၏။

'ကိုအင်း... ရှင် မရက်စက်ဘူးလား၊ ဒင်းတို့ကို နှင်ထုတ်ဦးတော့။ စားဖို့ သောက်ဖို့၊ နေဖို့ ထိုင်ဖို့အတွက် ငွေကြေးပေးဖို့ ကောင်းပါတယ်။ ခုတော့ ...'

'အံမာ မင်းက မင့်သားများ ထိလို့ နာသလား၊ ဒီအကောင်တွေဟာ တို့ကို ဒုက္ခပေးနေတဲ့ အကောင်တွေ၊ သူတို့ကို ပြန်ပြီး ဒုက္ခ မပေးချင်လို့ နှင်ထုတ်လိုက်တာ သိရဲ့လား'

'ဒါတော့ မတရားဘူး ကိုအင်း'

'ဘာ ဘာ ဘာ မတရားတာလဲ၊ ကိုင်း မတရားဦး' ဟု ဒေါ်မာမာ၏ နားသယ်ကို ဘယ်ပြန် ညာပြန် တွန်းထိုးလိုက်ရာ မိန်းမသား ဒေါ်မာမာမှာ ပျော့ခွေလျက် လဲကျသွားရှာလေ၏။ 'အံမယ်လေး ကိုပေါ်ရေ၊ ကိုယ့်သားတွေနဲ့ မာမာရဲ့ အဖြစ်ကို ကြည့်လှည့်ပါဦး' ဟု အသံထွက် အောင်ပင် ငိုကြွေးပြန်လေရာ –

'အံမာ နင့်လင် လူအပတုံးကို တ ရသေးသလား' ဟု ရှူးဖိနပ် စီးထားသော ခြေဖြင့် လိမ့်ကန်ပြန်ရာ ဒေါ်မာမာမှာ နာကျင်လှသဖြင့် တွန့်လိမ်၍ ခံရရှာလေ၏။ ဦးအင်းကား 'လောကမှာ ကိုယ့်သားသမီး အရင်းကလွဲရင် ဘယ်သူမှ မယုံရဘူး၊ ကိုယ့်မယားလည်း မယုံရဘူး' ဟု မြည်တွန်တောက်တီးကာ ထွက်ခွာသွားလေ၏။

ထိုအခါများမှ အနားသို့ ချဉ်းကပ်ဝံ့သော အစေခံမကလေးတို့ သည် ဒေါ်မာမာအား ပွေ့ယူလျက် အိပ်ရာပေါ်သို့ တင်ကြလေ၏။

နှာပုလင်း၊ သွေးဆေးပုလင်းများဖြင့် ပျာယာခတ် ပြုစုနေကြရာ ဒေါ်မာမာမှာ မျက်ရည်တွေတွေ စီးလျက် –

'အို လူကလေးတို့ရဲ့၊ သားကြီးတို့ရဲ့၊ ကိုပေါ် မရှိတဲ့အခါ မင်းတို့မျက်နှာနဲ့ မေမေ့စိတ်ကို ဖြေရတယ်၊ မေမေဟာ ဒီပထွေးဆိုးနဲ့ အကြောင်းပါရလို့ မေ့မေ့သားများ ကသီလင်တ နေကြရရှာတယ် ဆိုတာ မေမေသိသကွယ့်။ အံမလေး ... ခုတော့ မေမေ ဘာမှ မတတ်နိုင်ပါဘဲကလား။ မေမေ့သားများ ယောကျ်ားကောင်းပီပီ ညီညီညွတ်ညွတ် ကြိုးစားမှ သက်သာခွင့် ရကြမှာပါလားကွယ် လူကလေးတို့ရယ်။ သြော် ... ငါ့သားကလေးတွေ ဘာအလုပ်အကိုင်မှ မရှိ၊ ဘယ်သူက ထမင်းကျွေးလို့ ဘယ်သူက အဝတ်အစား ပေးကြမှာလဲ၊ မေမေလည်း သော့ကိုင်မဟုတ်။ အို ... ရှုပ်လှတဲ့ လောကကြီး သူတော်ပီလို့ တရားစောင့်ပေမယ့် တရားက လူကို မစောင့်ပါလားနော်' ဟု ဝမ်းတွင်း မချိသမျှ ဖွင့်ဟ ညည်းတွားနေရာ 'မာမာ ... သတိထားပါဦး မာမာ' ဟု အစေခံမကလေးများက သတိပေးမှ အသံတိတ်၍ သွားလေ၏။ ထိုအခါ ဦးခေါင်း၊ နားထင်က နှာ၊ ပေါင်သားများမှာ ဖူးရောင် ညိုမည်းလျက် ရှိသည်ကို တွေ့ရှိရသော အခါ လင်ဆိုးမယား တဖားဖား ဟူသကဲ့သို့ အိမ်ထောင်ကြီးချင်း လက်ဆက်၍ ကိုယ့်သား သူ့သား ဘက်လုကြသော ဇနီး ခင်ပွန်းတို့ တွေ့ကြုံတတ်သည့် ဓမ္မတာကား ဤဟာမျိုးပေပဲဟု စိတ်စွဲ သံဝေဂယူမိနေပြန်လေ၏။ အစေခံမကလေးများလည်း မျက်စိမျက်နှာ မကောင်းဖြစ်၍ နေကြရာ ဒေါ်မာမာသည် တစ်စုံတစ်ရာကို တွေး၍ ငေးမောနေရှာလေသတည်း။

*

ခင်စောဦးကား မောင်မျိုးညွန့်၌ ဘေးရန် တစ်စုံတစ်ရာ မထိဟု သိရကတည်းက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ခြေလှမ်းများ သွက်လျက် ပေါ့ပါး လျင်မြန်၍ နေလေ၏။ ကျောင်းသို့ သွားရန်အတွက် ဆံထုံး၊

အဝတ်အစား ခါတိုင်းထက် လှပစွာဝတ်၍ ကားပေါ်တက်ပြီး မစောနန်းနှင့် အတူ ထွက်ခွာသွားလေ၏။ ကျောင်းဆင်းသော အချိန်၌လည်း ထမင်းမြိန်လျက် သတင်းစာများ၊ မဂ္ဂဇင်းများကို မိမိအခန်းထဲ၌ တစ်ယောက်တည်း ဖတ်ရှုနေလေ၏။ ထိုကမှ တစ်ဖန် မောင်မျိုးညွန့်၏ ဓာတ်ပုံကို ထုတ်ယူကာ အားရပါးရ ဝဝကြီး စူးစိုက်ကြည့်ရှုနေလေ၏။ ထိုကဲ့သို့ နေရာက မောင်မျိုးညွန့် တကယ်ပေါ်လာပြီးလျှင် အနားက ပြီတီတီ ခရာတာတာ ပြုလုပ်နေသဖြင့် လက်နှင့် အသာပုတ်လိုက်ရာ ခုတင်တိုင်ကို ပုတ်မိရာမှ သတိရ၍ ပြုံးမိလေ၏။ ထိုညသည်ကား ခင်စောဦး၏ အပျော်ဆုံးည ဖြစ်၍ နေလေ၏။

စိတ်ကူးနှင့် မြူးလျက် နောက်တစ်နေ့ မိုးလင်းခဲ့လေ၏။ ကျောင်းမသွားခင်တွင် စာတစ်စောင် ရရှိသဖြင့် ဖွင့်ဖောက် ဖတ်ရှုရာ ခမည်းတော်ကြီးဆီက စာဖြစ်၍ နေလေ၏။

စာကို ဖတ်ရှုရသဖြင့် စိတ်နှလုံး လေးလံလျက် ဖြစ်နေစဉ် မောင်မျိုးညွန့်နှင့် မိန်းကလေးတစ်ဦး တွဲလျက် ဓာတ်ပုံကို မြင်ရသောအခါ သတိလစ်မည်ကဲ့သို့ ဖြစ်သဖြင့် စိတ်ကို အတော်တင်း၍ ထားရလေ၏။ လေးလံ နေးကန်သော ခြေလှမ်းများဖြင့် အိပ်ခန်းခုတင်ကြီးသို့ လျှောက်လာပြီးလျှင် အညိုးကြီးနှင့် ပြုလုပ်သကဲ့သို့ ကိုယ်ကို မွေ့ရာပေါ်သို့ အတင်း ပစ်လှဲလိုက်လေ၏။ မျက်ရည်တို့ကား မဆည်နိုင်ရှာတော့ချေ။ စိတ်ရှိသမျှ ခေါင်းအုံးတွင် ခေါင်းမြှုပ်၍ ငိုကြွေးနေရှာလေသည်။

"ရက်စက်ပါပေ့ ကိုကိုရဲ့၊ ခိုးထုပ်ခိုးထည်နဲ့ မိနေတဲ့ သူခိုးလို လက်ဆုပ်လက်ကိုင် မိနေပါပကော၊ အစောဟာ ဘာမဆို ကိုကို့ကို ယုံခဲ့တယ်၊ ဗျိုင်းကို အနက်ပြောတောင် နက်တယ် လုပ်လိုက်တယ်၊ နောက် နောက်က ဦးအင်းတို့ ပြောသမျှလည်း ကိုကို့ကို မနာလိုလို့

ပြောကြတာပဲလို့ ထင်ခဲ့တယ်၊ ခုတော့ အစောကို မည္ဘာမတာ ပြုပုံတွေ ဘွားဘွားကြီး ပေါ်နေပါပကော။ ကိုကို့ကို အစက ဒီစိတ်မျိုး၊ ဒီဉာဏ်မျိုး မရှိဘူးလို့ အောက်မေ့မိတယ်။ လူပလီကြီးရယ် အကြံကြီးပါပေရဲ့၊ အကြံ ရက်စက်ပါပေရဲ့၊ အစောကို ပြောင်ပြောင် ပြောပါတော့လား၊ အစော ပြင်က လွဲလို့ ဘယ်သူနဲ့မှ မတွေ့ဖူးပါဘူးဆို" စသည်ဖြင့် အရူးမကလေး ပမာ ထင်ရာကို ကြိတ်၊ တိုးတိုးတိတ်တိတ် ဆိုမြည်လျက် အပူပွားနေစဉ် အဒေါ်ကြီးနှင့် မစောနန်းတို့ ဝင်ရောက်လာကြသဖြင့် စာနှင့် ဓာတ်ပုံကို အသာအယာချ၍ တွေဝေကာ နေလေတော့၏။

'ဒေါ်ဒေါ်က တူမကြီး စိတ်ကွက်မှာ စိုးလို့ မပြောတာ၊ ရုပ်ချော ပညာတတ်ဆိုတာ အလွန်ခက်တာ၊ ယုံရဖို့ ခဲယဉ်းတယ်၊ ဉာဏ်ရှိတော့ အစောရှေ့မှာ အစွန်းအစ မထွက်ဘဲ လူရိုးလို နေမှာပေါ့'

'တော်ပြီ ဒေါ်ဒေါ်... ဒါတွေ နားမထောင်ပါရစေနဲ့၊ ကျွန်မကို ကနေ့ကစပြီး ဘယ်ယောကျ်ားအကြောင်းမှ မပြောပါနဲ့တော့။ ပြောရင် အစော အသက်နဲ့ကိုယ် မြဲမယ် မဟုတ်ဘူး' ဟု တင်းမာသော အမူအရာ နှင့် ပြောကာ 'ကိုင်း... အစော ကျောင်းသွားတော့မယ်၊ ကားထုတ်' ဟု စိတ်မသက်သာသည့်ဟန်နှင့် အဝတ်အစား လဲလှယ်၍ နေလေ၏။

ခင်စောဦး၏ စိတ်၌ မောင်မျိုးညွန့်နှင့် နှစ်ကိုယ်ချင်း တွေ့ကာ အားရပါးရ ရန်တွေ့ချင်စိတ်၊ အကျိုးအကြောင်း ပြောချင်စိတ်များ ပေါ်ပေါက်နေလေ၏။ မောင်မျိုးညွန့် အပေါ်၌ စိတ်နာစရာ ရှိလျက် စိတ်လည်း မနာနိုင်၊ မုန်းလည်း မမုန်းနိုင် ဖြစ်ပေါ်နေသောအခါ မိမိ စိတ်ကို မိမိ အပြစ်တင်လျက် သာ၍ ယူကျုံးမရ ဖြစ်၍နေလေ၏။

အင်းယားဆောင်တွင် နေကြသော ရှမ်းပြည်နယ်က ကျောင်းသူ နှစ်ဦးသည် ခင်စောဦးအား အမြဲ အကဲခတ် စောင့်ရှောက်လျက် ရှိကြ လေ၏။ ခင်စောဦးကား သင်ခန်းစာပြောင်းတိုင်း အခန်းပြောင်း သင်ကြား ရသော်လည်း စာတွင် စိတ်မဝင်စားနိုင်ဘဲ မစောမြကိုသာ ကြည့်ရှု

နေလေ၏။ အင်္ဂလိပ်စာ သင်ကြားချိန်၌ကား မစောမြအား လက်နှစ်သစ်လောက် စာကလေးနှင့် "အစော တိုင်ပင်ချင်လို့ အပြင် ခဏထွက်ခဲ့ပါ" ဟု ဆိုပြီးလျှင် ၎င်းက အလျင် ထွက်ခဲ့လေ၏။ မစောမြလည်း ခင်စောဦးနှင့် စကားမပြောရသည်မှာ အတော်ကြာသဖြင့် အမှတ်တမဲ့ ထွက်လိုက်သွားပြီးလျှင် ကျီးကန်းမျက်စိကဲ့သို့ ဟိုသည် ကြည့်ရင်း –

'ဘာလဲ အစော၊ အို… မျက်ရည်တွေ စိုလို့ပါလား' ဟု ဆိုလိုက်ရာ သာ၍ လှုံ့ဆော်ပေးသကဲ့သို့ ဖြစ်ပြီးလျှင် ရှိုက်၍ လာလေ၏။ ၎င်း၏ လက်ထဲက ဗလာစာအုပ်ကြားတွင် ညှပ်ထားသော မောင်မျိုးညွှန့်တို့ စုံတွဲပုံကို ပြရာ –

'အို… သူ ဒီလို မဟုတ်ပါဘူး၊ မြမြ သူ့အကြောင်း သိပါတယ်၊ ဒီလိုအစား မဟုတ်ပါဘူး'

'နို့ သက်သေခံကြီးက ထင်ရှား…' ထိုအခိုက် သင်ခန်းစာ အချိန်စေ့၍ ကျောင်းသား ကျောင်းသူများ ထွက်လာကြသဖြင့်၊ ခင်စောဦးသည် ဗလာစာအုပ်ကို လျင်မြန်စွာ ပိတ်ကာ ၎င်း၏ မှတ်စု စာအုပ်များကို ဝင်၍ ယူငင်ရလေ၏။

*

အတင်း ပြေးလွှားလျက် ရှိသော လန်ချား တစ်စီးပေါ်၌ အထုပ်ငယ်တစ်ထုပ်ကို ရှေ့ကချလျက် လိုက်ပါလာကြသော ကိုနနှင့် မောင်မျိုးညွှန့် ညီအစ်ကို နှစ်ဦးကို တွေ့မြင်နိုင်လေ၏။ ရန်ကုန်မြို့ တစ်ခုသောအပိုင်း အတော်ကလေး ခံ့ညားသော အိမ်တစ်အိမ်ရှေ့သို့ ရောက်သောအခါ ညီအစ်ကို နှစ်ယောက်သည် မျက်နှာညှိုးငယ်စွာနှင့် 'ကိုကြီးထိုင်းရေ… ဟေ… ကိုကြီးထိုင်း…'ဟု ခေါ်လျက် အိမ်ပေါ်သို့ တက်မည်အလုပ် ဒိုင်း … ဒိုင်းနှင့် ပြေးဆင်းလာသော ကိုထိုင်းကို တွေ့ရလေ၏။

'ညီလေး… ညီလေး အိမ်ပေါ် မတက်နဲ့ဦး၊ ကိုကြီး ပြောမယ်၊ မင်းတို့ကို ဘဘက နှင်ထုတ်လိုက်တယ်ဆို၊ ဘဘနဲ့ ကလန်ကဆန်

ဖြစ်တယ်လို့ ကြားရတယ်၊ ဒီတော့ ကိုကြီးမှာလည်း ဘာဘရဲ့ ထောက်ပံ့ငွေ စားနေရတော့ ညီလေးရယ်… ကိုကြီး လက်မခံဝံ့ဘူး'

'တစ်မအေ တစ်ဖအေတည်းက မွေးတဲ့ တစ်အူထုံ့ဆင်း ညီအစ်ကိုရင်းပါ ကိုကြီးရယ်၊ ခုလို အတိဒုက္ခရောက်တဲ့အခါ ကိုကြီးမို့လို့ ရက်စက်လေတယ်၊ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှလည်း မတရား မလုပ်ဘူး'

'အို… ညီညီတို့ လုပ်တာက သူ့ပစ္စည်းကို အတင်းယူမယ်ဆိုတော့ သူကလည်း ပုထုဇဉ်ကွယ့်'

'ကျွန်တော် အံ့သြလို့ မဆုံးဘူး၊ ကျွန်တော်တို့ ကြံစည်တာဟာ ကျွန်တော်တို့ချည်း ကောင်းစားဖို့ မဟုတ်ဘူး၊ ကိုကြီးတို့လည်း ကောင်းစားဖို့ပါပဲ၊ ကျွန်တော်တို့ အကြံဉာဏ် အရာရောက်မှန်းသိလို့ မတရားညှဉ်းဆဲတာပါ ကိုကြီးရယ်'

'အေး… ချမ်းသာမှာက နောက်၊ ခု ကိုကြီးတို့ကိုလည်း ညီညီတို့လို နှင်ထုတ်ခံရရင် သားတွေ မယားတွေနဲ့၊ အမယ်လေး … ညီညီကိုကြီးဆီ ဝင်တာတောင် သူတို့ အထင်လွဲလေမလား'

'ကိုကြီးကို ဘယ်ပုဒ်မနဲ့များ တားထားလို့ ကိုယ့်အမွေပြန်ရအောင် ကြိုးစားတဲ့ ညီငယ်နဲ့ မဆက်ဆံဝံ့တာလဲ'

'ဩော်… ခက်တယ်… ခက်တယ်၊ ကိုင်း… ညီညီ ကိုကြီးချစ်ရင်ဖြင့် တစ်ဆိတ်ကွယ် သွားကြပါဦး' ဟု ပြောရာ၊ ကိုနက 'ကိုင်း… လက်မခံချင်နေ၊ ငွေကလေးများ တတ်နိုင်ရင်'

(ခေါင်းခါ၊ လက်ခါ ဖြစ်လျက်) 'အမယ်လေး အဲဒါမှ သာပြီးဆိုးတယ်၊ ကိုကြီး နှမြောလို့ မဟုတ်ပါဘူး' ဟု ပြောစဉ် မျိုးညွန့်က 'ဟော့… ကိုန မျက်နှငယ်ခံပြီး ဘယ်သူ့ ခယရမှာလဲ၊ တစ်လမ်းသွားတွေ သွားကြပေစေ၊ တို့လည်း လူပဲ၊ ယောက်ျားပဲ၊ လာ သွားမယ်' ဟု ထွက်ခွာ

လာခဲ့ကြရာ ကိုထိုင်းမှာ ထိုအခါကျမှ စိတ်အေးသည့် လက္ခဏာနှင့် ကျန်ရစ်လေ၏။ ညီအစ်ကို နှစ်ယောက်သား ကြည့်မြင်တိုင်ဘက်ဆီသို့ သွားသော ကားတစ်စင်းကို စောင့်၍ စီးကြလေ၏။ ဘတ်စ်ကားမှ စမ်းချောင်းသို့ ဝင်ကြလျက် ကိုရိုးဆီသို့ ဝင်ပြန်ရာ၊ ကိုထိုင်းကဲ့သို့ မဟုတ်သော်လည်း လက်ခံဝံ့ခြင်းကား မရှိတော့ချေ။ တစ်ဖန် ကိုဉာဏ်ကြီးထံသို့ ဝင်ပြန်သောအခါ အိမ်ပေါ်သို့ နေရာထိုင်ခင်းပေးလျက် လေးနက်သော အမူအရာနှင့် –

'ညီညီတို့ကို နှင်ချလိုက်ပြီ မဟုတ်လား၊ ကိုထိုင်းနဲ့ ကိုရိုးကလည်း လက်မခံဝံ့ကြဘူး မဟုတ်လား'

'ဟုတ်တယ် ကိုကြီးရဲ့၊ သိပ် အံ့သြတော့တာပဲ'

'မအံ့သြနဲ့၊ ဦးအင်းက ကိုကိုတို့ သုံးဦးစလုံးကို ခေါ်ပြီး မျိုးညွန့်ဟာ အိမ်ကငွေ ခိုးတယ်၊ သူတို့စည်းစိမ် ပြုတ်အောင် ကြံစည်ချင်တယ်၊ ဒါကြောင့် ကျိုးနွံသွားအောင် နှင်ထုတ်လိုက်တာ၊ အစ်ကို တစ်ဦးဦးက လက်ခံရင် ကမ်းတက်မှာပဲ တဲ့'

'ကျွန်တော် ဘာမှ မခိုးရပါကလား'

'အေးလေ ကိုကြီးကတော့ ညီညီအကြောင်း သိသားပေါ့၊ သူတို့က အပြစ်ရှာတဲ့ လူမို့ သူတို့ပါးစပ်က ထွက်တဲ့ စကားဟာ ကြက်ပေါင်စေးလို ဆွဲတိုင်း ရတာပေါ့၊ အပြစ်ပေးချင်လည်း ဖြစ်၊ လွှတ်ချင်လည်း ဖြစ်၊ ညီချစ်လို ဉာဏ်အမြော်အမြင်နဲ့ လူငယ်ကို သာပြီး ကြောက်တော့ အသက်သေအောင်၊ ဒုက္ခရောက်အောင် ကြံစည်မှာပေါ့။ ကိုကိုတို့ကို ပြောတာကြည့်၊ တိုက်ရိုက် မဟုတ်ပေမဲ့ တခြား နည်းနဲ့ လက်မခံဝံ့အောင် ပြောနေတာပဲ'

'ကိုကြီးကတော့ လက်ခံဝံ့မလား'

'ဒါကို ရှင်းပြပါဦးမယ်၊ လက်မခံဝံ့စရာ မရှိပါဘူး၊ လက်ခံရင် ကိုကိုတို့ ကြံတာ လွဲမယ်၊ ဒီတော့ ညီညီ အဆင်းရဲခံပြီး နေပါ၊ စားဖို့ သောက်ဖို့ ကိုကြီး ထောက်ပံ့ပါမယ်'

'ဒါဖြင့် ကိုကြီးလည်း သူတို့နဲ့ ဘာမှ အကြောင်းမထူးပါဘူး၊ ညီညွတ်နဲ့ ညီညီ ရှိပါစေတော့၊ လာ ကိုန' ဟု ထွက်ခွာသွားကြပြန်၏။

'ဩော်... တယ်လည်း ခက်တာကိုး' ဟု ကိုဉာဏ်ကြီးသည် ညည်းတွားရင်း ကျန်ရစ်ခဲ့လေ၏။

ကိုနနှင့် မောင်မျိုးညွန့်ကား နေရာ လိုက်၍ရှာရာ နောက်ဆုံးတွင် ကြည့်မြင်တိုင် ကျောင်းကြီးတိုက်အရှေ့၌ တဲသာသာ အိမ်ငယ်တစ်ခုကို တစ်လ သုံးကျပ်ပေး၍ နေကြလေ၏။ ညီအစ်ကို နှစ်ယောက်ကား အဝတ်အစားကလေးများ ဖြန့်ခင်းလျက် တစ်ဦးကို တစ်ဦး ကြည့်ရှုနေလေရာ ရှေးအခါက တိုက်ပေါ်တွင် နေ၍ မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် သွားလာရသော အဖြစ်နှင့် နှိုင်းစာကာ မောင်နမှာ ညီငယ်ကဲ့သို့ စိတ်မတင်းနိုင်သဖြင့် ကျိတ်၍ ငိုကြွေးရာလေ၏။

'ကိုကြီးန... ကိုကြီး ဘာဖြစ်တာလဲ၊ မငိုစမ်းပါနဲ့ဗျာ၊ ညီညီနဲ့ သေအတူ ရှင်အမျှဆို၊ ခု သေကြတာမှ မဟုတ်ဘဲ၊ ညီညီတို့ မွေးစတုန်းက ခါးမှာ အဝတ်တစ်ခုမှ မပါဘူး၊ ပညာလည်း မရှိဘူး၊ ခု ခါးမှာ အဝတ်ကပ်နေကြရပြီ၊ ပညာလည်း ရှိပြီ၊ ဘာပူစရာရှိသလဲ။ ကိုယ့် မိဘပစ္စည်းကို မတရားတဲ့ လူတစ်စု လက်ဝါးကြီးအုပ်ခံရပြီး ကျွန်တော်တို့မှာ ကျွဲလို နွားလို နေရတာထက် သေရတာက မြတ်ပါသေးတယ်၊ ဘာလို့ အားလျှော့ရမှာလဲ' ဟု စိတ်ကို အတင်းခိုင်းလေ၏။ တစ်ဖန် ဆက်၍–

'အခု ကျွန်တော်တို့ အရေးကြီးတာက ဘယ်လို စားသောက် နေထိုင်ရမှာလဲဆိုတာ စဉ်းစားဖို့ပဲ၊ ကျောင်းက ပညာသင်လာကတည်းကလည်း လခစား ကျွန်အလုပ် မဟုတ်ရင် မီးခြစ်တစ်ဘူး၊ ဆပ်ပြာတစ်ပုံးမှ မလုပ်တတ်တော့ ခက်တာပဲ'

'စားဖို့တော့ မပူပါဘူးကွယ်၊ ကိုကြီးတို့မှာ ငွေနှစ်ဆယ် အစိတ် ရှိသေးတာပဲ၊ ကိုကြီး ကွမ်းယာ လည်ရောင်းမယ်၊ ဘာရှက်စရာ ရှိသလဲ၊ ကြည့်မြင်တိုင်ဘက် ရောင်းတဲ့အခါရောင်း၊ ရန်ကုန်ထဲ သွားရောင်းတဲ့ အခါ ရောင်းလို့ တစ်နေကုန်ရင် သုံးမတ်၊ တစ်ကျပ် စီရမပေါ့'

မောင်မျိုးညွန့်ကား ဘာမှ ပြန်မပြောဘဲ စဉ်းစား၍ နေလေ၏။ ခင်စောဦးသည် မိမိ အတိဒုက္ခရောက်လျှင် ကြည့်နေမည် မဟုတ်ဘဲ သူ့ကို တွေ့အောင် ကြံစည်မည်ဟု တွေ့ရန် နည်းလမ်းကို ရှာဖွေလေ၏။ နောက်ဆုံး၌ ကျောင်ပြန်ချိန်တွင် လမ်းက စောင့်မည်ဟု ချည်လုံချည် အနွမ်း၊ ရှပ်အင်္ကျီ အစုတ်များ လဲလှယ်ကာ 'ကိုကြီးရေ ဟိုနား ခဏ သွားဦးမယ်' ဟု ထွက်ခဲ့လေ၏။

အချိန်ကား ညနေ လေးနာရီခန့် ဖြစ်လေ၏။ အဝတ်နွမ်းနှင့် လက်ဆွဲခြင်းတစ်ခုကို ဆွဲကိုင်လျက် လာသော လူရွယ်တစ်ယောက်သည် ကော်မီရှင်နာလမ်းတစ်လျှောက် အရှေ့မှ အနောက်သို့ ခပ်ဖြည်းဖြည်း လျှောက်၍ လာသည်ကို မြင်ရလေ၏။ ပြေးလွှားနေသော ဘတ်စ်ကား စပယ်ယာတို့သည် အလွန် ဆူညံစွာ အော်ဟစ် ခေါ်ယူလေ့ရှိလျက် ဤလူဆင်းရဲကို အသိမလုပ်၊ မခေါ်ငင်ကြတော့ချေ။ မကြာမီအတွင်း သပ်ရပ်ခံ့ညားသော ကားကြီးတစ်စင်းသည် အနောက်မှ အရှေ့သို့ မောင်းနှင်သွားလေ၏။ ကားထဲမှ သနားကမား မိန်းမပျိုနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲ ငေးစိုက် လိုက်ပါလာရာ၊ ရှေ့က လူရွယ်ကို မြင်လျှင် စူးစိုက်ကြည့်ရှုပြီးလျှင် အထူး အံ့အားသင့်၍ နေလေ၏။ "ဩော်... ကိုကို... ကိုကို... ဘာများ ဖြစ်နေရှာသလဲ၊ သူမှ ဟုတ်ရဲ့လား၊ အို... ဟုတ်ပါတယ်၊ သူ့အိမ်က နှင်ချလိုက်သလား" စသည်ဖြင့် သနားစိတ်များ ပေါ်ရာက မိမိအပေါ် ရက်စက်ပုံကို တွေးမိ ပြန်သောအခါ မျက်နှာတစ်မျိုးတင်းလျက် ကရဏာ ဒေါသော အတော မသတ်နိုင်အောင် ဖြစ်၍နေစဉ် –

ခပ်လှမ်းလှမ်းက တူရူမောင်းလာသော ကားပေါ်၌ ခင်စောဦးနှင့် မစောနန်း ပါ၍ လာသည်ကို သိရှိပြီး ဖြစ်လေ၏။ ကားပေါ်ကလည်း မိမိအား မြင်မှန်း သိ၏။ သို့ဖြစ်လျက် ကား၏ အရှိန်ကို မလျှော့၊ ခင်စောဦး၏ မျက်နှာမှာ ထူးခြားသည့် အသွင်ကို မဆောင်သဖြင့် ကားနှင့် ဝါးနှစ်ရိုက်ခန့် အကွာတွင် ကားကိုမရှောင်ဘဲ တည့်တည့်ကြီး လျှောက်၍လာလေ၏။ ကားသမားသည် ဟွန်းကို အထပ်ထပ် နှိပ်လျက် ရှိရာ ဘယ်ဘက်လမ်းမှ ဘတ်စ်ကားများလည်း မကြာခဏ ရင်ဆိုင် ပြေးလာလေ့ရှိသဖြင့် သတိထား၍ ကြည့်ရှုစဉ် ခင်စောဦးသည် မျက်လုံး ကလေးများ ကျွတ်ထွက်လုမတတ် ပြူးလျက် 'ကြည့်မောင်း... ကြည့် မောင်း' ဟု ပြောပြောဆိုဆို ကားဘရိတ်ကို ရုတ်ကနည်း အုပ်လိုက်ရာ ရှေ့သို့ ထိုးလဲသွားသဖြင့် အတော်ဟန်၍ နေလိုက်ရလေ၏။ ကားရှေ့ ဘီးနှင့် အတင်းဝင်လှဲလိုက်သော မောင်မျိုးညွန့်၏ ကိုယ်မှာ တစ်တောင် သာသာခန့် သီသီကလေး လွတ်၍ သွားရာ၊ ကားကို လျင်မြန်စွာ နောက် သို့ ဆုတ်စဉ် မျိုးညွန့်သည် လူးလဲထလျက် 'အစော... အစော... နေပါဦး၊ စကားမပြောရဘူးလား' ဟု အတင်း ပြေးလိုက်ရာ ခင်စောဦးမှာ စိတ်နာတာကလည်း ရှိ၊ မစောနန်းကလည်း ပါလာသောကြောင့် 'မောင်း မောင်း... လွတ်အောင် ရှောင်မောင်း...' ဟု အမိန့်ပေးလျက် အတင်း မောင်းပြေးလေ၏။

မောင်မျိုးညွန့်ကား ကိုယ်ကို ဟိုသည် ယိမ်းနွဲ့လျက် –

'အမယ်လေး... အစောရဲ့... ရက်စက်ပါပေရဲ့၊ ကိုကို့ ဒုက္ခကို အသက်နဲ့လဲပြီး စောင့်ရှောက်ပါ့မယ်ဆို၊ ခုတော့ ကိုကို့ကို မင်း ဘာ ဂရုစိုက်မှာလဲ၊ တစ်မျက်နှာ တစ်ကောင်ကြွက် ပစ္စည်းမရှိ ဒုက္ခိတဆိုတော့ အစော မုန်းမယ်ဆိုက မုန်းနိုင်တယ်၊ ဒီလို မုန်းတမ်းဆိုရင် အစက ကိုကို ဘယ်အဖြစ် ရောက်ရောက် အချစ် မပြယ်ပါဘူး၊ မစွန့်ပစ်ပါဘူး လို့

အစောက ကတိထားတာတွေ အလကား ဖြစ်တာပေါ့နော်။ ဩော် ... အစောရေ့ မင်းတို့ မိန်းကလေးများ သဘောကို ကျော့ချမှ စားပြမှန်း သိပေါ့၊ မိန်းမများစကားကို ယုံတဲ့လူဟာ အရူးလို့ ရှေးပညာရှိတွေက ဆိုတာ တကယ် အမှန်ပေါ့' ဟု ညည်းတွားရင်း အနောက်သို့ လာခဲ့ရာ၊ မြင်တွေ့သမျှ လူများမှာ အရူးကလေးတစ်ယောက်ဟု မှတ်ထင်ကြဟန် ရှိလေ၏။

ကိုနကား မြေအိုး မြေခွက်၊ သံပန်းကန်ပြားများနှင့် ထမင်း ချက်ပြုတ် ရူးခပ်ကာ ညီငယ်ကို စောင့်၍ နေလေ၏။ အာလူးချက်၊ ချဥ်ပေါင်းဟင်း၊ ငါးပိရည်ဖျော် စသော ဟင်းများကို အနည်းငယ် ခပ်ရူးလျက် ကျေနပ်သည့် လက္ခဏာနှင့် "မြိန်ရာဟင်းကောင်း" ဟူသော အမိပ္ပာယ်ကို စဉ်းစားနေဟန် ရှိလေ၏။

မောင်မျိုးညွန့်သည် ဒယိမ်းဒယိုင်နှင့် တဲပေါက်သို့ ဝင်လာရာ –

'လာဟေ့... ညီလေး... ထမင်းစားရအောင်၊ ရူးထားတယ်' ဟု ဆီး၍ ခေါ်လေသည်။

'ကျွန်တော် ထမင်းမစားချင်ဘူး ကိုကြီး'

'အို... ဘာဖြစ်လို့လဲ၊ ထမင်း နည်းနည်းဖြစ်ဖြစ် စားဦးမှပေါ့ကွ'

'စောစောက ဆာတာနဲ့ မုန့်ဝယ်စားထားလို့ပါ'

'ဒါဖြင့် ညကျမှ စားနော်၊ ကိုကြီး ချန်ထားမယ်' ဟု ပြောကာ တစ်ယောက်တည်း မြိန်ရေရှက်ရေ စားသောက်နေလေ၏။ မောင်မျိုးညွန့်ကား ပိုးလုံချည်တစ်ပတ်နွမ်း၊ နစ်ထပ် ရှပ်အင်္ကျီများကို လဲလျက် –

'ကိုကြီး၊ ကောလိပ်ကျောင်းကို ခဏ သွားလိုက်ဦးမယ်နော်၊ မကြာ စေရပါဘူး' ဟု ပြောကာ ထွက်ခဲ့ပြန်လေ၏။ ခုံးတံတားနားမှ ရန်ကုန်သို့ ပြေးသော ဘတ်စ်ကားတစ်စင်းကို စီးလျက် မြေနီကုန်းတွင် ဆင်းကာ ရန်ကုန်မှ ကောလိပ်သို့ ပြေးသော ဘတ်စ်ကားကို စောင့်၍ စီးလေ၏။

ဘတ်စ်ကားသည် အတော်မြန်မြန် ပြေးလျက်ရှိရာ မကြာခင် ကောလိပ် အနီးသို့ ရောက်ရှိ၍ အင်းယားဆောင်သို့ ခပ်သုတ်သုတ် သွားလေ၏။ မိန်းကလေးများနှင့် တွေ့ဆုံရာ အခန်းမှ စောင့်စားနေရာ၊ မကြာမီပင် မစောမြ ဆင်းလာလျက် –

'အလိုလေး ဘယ့်နှယ် ဖြစ်ရတာလဲ၊ ရှင့်စာကလေးကို မြင်ကတည်းက အတော် အံ့အားသင့်နေတာ'

'မြမြ တစ်နှစ်ရှုံးပြီး ဒီနှစ် ဆက်လိုက်တာဟာ ဒီကိစ္စ အစသတ်ပေးဖို့နဲ့ တူတာပဲ'

'ပြောစမ်းပါဦး မြမြရဲ့၊ ဘယ့်နှယ် ဖြစ်ကြတာတုံး'

'ကျောင်းမှာ အစော လွတ်လွတ်လပ်လပ် မနေရရှာဘူး၊ သူ့ဘဘဆီက သူလျှိုတွေလည်း ရှိတယ်၊ ကျွန်မနဲ့တောင် စကားမပြောဝံ့ရှာဘူး။ ဒါနဲ့ တစ်နေ့ကတော့ နောက်က စာကလေး တစ်ကြောင်း နှစ်ကြောင်း ခြစ်ပြီး အပြင်ထွက်ခဲ့ပါဆိုလို့ ထွက်ပြီး နှစ်ယောက်သား တွေ့ကြတယ်၊ သူ့ဗလာစာအုပ်ကြားထဲမှာ ကိုမျိုးညွန့် မိန်းကလေးတစ်ယောက်နဲ့ တွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံပြပြီး ငိုနေတာပဲ'

'ဟိုက် ... ဘယ့်နှာလဲ၊ ရွှေတိဂုံဘုရားကြီး မျှပြီး ပြောဝံ့ပါတယ်၊ ဘယ်သူနဲ့မှ အဆက်အသွယ် မရှိပါဘူး'

'ကျွန်မလည်း ယုံပါတယ်၊ သူကတော့ မဟုတ်ဘဲ ဓာတ်ပုံ ဘယ်က ရသလဲဆိုပြီး ငိုနေတာပဲ၊ နောက် ကျောင်းသားတွေ ထွက်လာတာနဲ့ စကား ဆက်မပြောရဘူး၊ သူကတော့ ဒါနဲ့ပဲ အတော် စိတ်နာနေပုံရတယ်'

'ကိုင်း... ကိုင်း... ဒါကို သိရတာ အများကြီး ကျေးဇူးတင်ပါတယ် မြမြ၊ ကျွန်တော့် ကံပေါ့၊ တစ်နေ့နေ့ အမှန်အတိုင်း ဖြစ်ရမပေါ့၊ ပေါင်းထိုက်တဲ့ ကံပါရင်လည်း ပေါင်းရမပေါ့၊ ကျွန်တော်ကတော့ မဟုတ်

ပါဘူး ဆိုရုံထက် ပိုပြီး မပြောနိုင်ဘူး၊ ဒီလိုပြောသွားတဲ့ အကြောင်းသာ တွေ့ရင် ပြောလိုက်ပါတော့’ ဟု နှုတ်ဆက်ကာ ထွက်ခဲ့လေ၏။

မောင်မျိုးညွန့်မှာ မြေကြီးကို ခြေချရမှန်း မသိ၊ ထူပူလျက် လမ်းလျှောက်လာခဲ့ရာ အချို့ ဟိုစတယ်များမှ သိဟောင်းကျွမ်းဟောင်းတို့သည် အပြင်ထွက်ကာ နှုတ်ဆက်ကြသော်လည်း စိတ်မပါတပါနှင့်သာ ပြန်လှန် ပြောဆိုရလေ၏။ ညနေခြောက်နာရီခန့်တွင် မိမိတဲသို့ ရောက်ရှိလေရာ အိပ်ရာပေါ်တွင် ကိုယ်ကို ပစ်လှဲလျက် ယောကျ်ားပင် ဖြစ်စေကာမူ မျက်ရည်ကျအောင် ပူဆွေးရှာလေ၏။

‘ညီလေး ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား၊ ညောင်းရင် ကိုကြီးနင်းပေးမယ်၊ မျက်နှာက သာသာယာယာ နေစမ်းပါကွယ်’

‘ဘာမှ မဖြစ်ပါဘူး၊ ညောင်းလည်း မညောင်းပါဘူး’

‘ဆင်းရဲလို့လား၊ မင်းက ကိုကြီးကို တရားချပြီးတော့ကွယ်’

‘ဒါကြောင့်လည်း မဟုတ်ပါဘူး၊ သူတို့ကို မကျေနပ်လို့ ဘယ်လိုကြံရမလဲလို့ စဉ်းစားနေတာပါ’ ဟု လီးလွှဲပြောဆိုလိုက်လေ၏။

ယခုအခါ၌ မောင်မျိုးညွန့်မှာ အချစ်စိတ်၏ ညှဉ်းပန်းချက်ကြောင့် မိမိတို့ အမွေပစ္စည်း ရရှိရေးအတွက်လည်း အကြံမထုတ်နိုင်၊ စီးပွားရေးအတွက်လည်း မကြိုးစားတတ် ဖြစ်ကာ နေ့စဉ်နှင့်အမျှ ကြည့်မြင်တိုင်ဈေးအနီး ခနိရည်ဆိုင်မှ ခနိရည်များ သောက်စားကာ ဖြစ်ချင်သလိုဖြစ်၍နေလေ၏။ ကျိုက်လတ်လမ်း၊ အင်းစိန်လမ်းမှ လူရွယ်များမှာ ၎င်းနှင့် မိတ်ဆွေဖြစ်၍ နေလေ၏။ ကိုနကား ကွမ်းယာ၊ ဆေးလိပ်၊ မီးခြစ်ဘူးများကို လည်ပင်းတွင် လွယ်လျက် လှည့်လည် ရောင်းချနေရာ၊ ရသမျှအမြတ်ကို ညီငယ်အား ပေးအပ်လေ၏။ မောင်မျိုးညွန့်ကားအိမ်တွင် ချက်ပြုတ် လုပ်ကိုင်ထားနှင့်ခြင်းလည်း မရှိသဖြင့် ကိုနမှာဈေးရောင်းပြန်မှ ၎င်းကိုယ်တိုင် ချက်ပြုတ်ရလေ၏။ ညီငယ်မှာ စိတ်လက်မကောင်း ၍ လုပ်ချင်ရာ လုပ်နေခြင်းကို မတားမြစ်ဘဲ နေလေ၏။

တစ်နေ့သဌ်ကား ဓနိရည်ဆိုင်မှ လူငယ်အချို့နှင့် စကားများခဲ့လေ၏။ ကာယဗလ တောင့်တင်းသူ ဖြစ်သည့်အတိုင်း သုံးလေးယောက်ကို တစ်ယောက်တည်း ထိုးနှက် ကန်ကျောက်ရာမှ အချို့က တုတ်နှင့် ဝိုင်းဝန်းရိုက်နှက်သဖြင့် ထိပ်မပေါက်သော်လည်း အညိုအမည်းများဖြစ်၍ နေလေ၏။ သို့ရာတွင် နောက်မဆုတ်တမ်း သတ္တိရှိသူ ဖြစ်သဖြင့် ထိုရန်ပွဲ ပြီးငြိမ်းသည့်နောက် လူဆိုးကလေးတစ်ယောက်ကဲ့သို့ ဖြစ်၍ နေကြလေ၏။ အလစ်သုတ်၊ ကတ်ကြေးကိုက်၊ လူပြတ်လျှင် ဓားမြှောင်ပြလုတတ်သော လူငယ်အချို့မှာလည်း မောင်မျိုးညွန့်နှင့် အပေါင်းအသင်းဖြစ်သဖြင့် ပုလိပ်ဌာနာသို့ပင် ၎င်း၏သတင်းများ ရောက်ရှိနေလေ၏။

ကြည့်မြင်တိုင် ကျောင်းကြီးလမ်း အရှေ့ထိပ် ထောင့်ချိုးမှ သပ်ရပ်ခမ်းနားသော လူတစ်ယောက်သည် အနောက်သို့ လျှောက်လာကာ ကျောင်းတိုက်အရှေ့ဘက်ရှိ တဲငယ်တစ်ခုသို့ ဝင်သွားပြီးနောက် အသံများကို ကြားရလေ၏။

'ကိုကြီးဟာ ညီလေးကို အမြော်အမြင် ဉာဏ်အကြီးဆုံးလို့ အောက်မေ့တာ၊ ခုတော့ တက်တက်စင် လွဲကုန်ပါပကောလား'

'အစ်ကိုတွေကလည်း ဥပေက္ခာရှု၊ ကိုယ်ရည်ရွယ်တာကလည်း အထ မမြောက်တော့ ရောက်ချင်ရာရောက် ဖြစ်နေတာပေါ့'

'အဲ... တစ်နေ့က ကိုကြီး စကားပြောမယ်လုပ်တုန်း ညီညီက ဒေါ်နဲ့မာန်နဲ့ ထွက်သွားတာကိုးကွယ့်၊ ကိုကြီး ဘယ့်နှယ်လုပ် ပြောနိုင်မလဲ၊ ညီညီက ညီညီလို မလုပ်နိုင်တဲ့ လူတွေကို သိပ်အထင်သေးတာကိုး၊ မိဘ အမွေပစ္စည်းရလျှင် ခံစားခွင့်ရတဲ့ လူတွေထဲမှာ ကိုကြီးတို့ အပါအဝင် ဆိုတာ မသိဘဲ ရှိပါ့မလား'

'နို့ ဘာဖြစ်လို့ မျှော်လင့်ချက် မရှိတဲ့ နေရာမှာ ကပ်ရပ် နေရတာလဲ'

'အေးလေ... အခါအခွင့် မသင့်သေးတဲ့အခါ ဒီလို နေရသေးတာပေါ့၊ ဩဇာအာဏာ တစ်စတစ်စ ရောက်လာရင် ရောက်လာသလို စီမံရမှာပေါ့'

'ဟုတ်တယ်၊ ဟိုက လူအ တွေမို့ ကိုကြီးလက်ထဲ အရေးရောက်တဲ့ ဩဇာတွေ ပေးတော့မှာလား၊ တစ်သက် မပေးဘူး၊ ဒီလို လိမ်ယူလာတဲ့ ပစ္စည်းရှင်တွေ ဘယ်လောက်များခဲ့သလဲ'

'ကိုင်း... ကိုင်း ဒါတွေ အပထား၊ ညီညီ အကြောင်း ပြောဦးမယ်၊ သွေးသားစပ်တဲ့ အစ်ကိုကြီးအဖြစ်နဲ့ပဲ နားထောင်သည် ဖြစ်စေ၊ မိတ်ဆွေသဘောနဲ့ နားထောင်သည် ဖြစ်စေ ဟုတ် မဟုတ် စဉ်းစားဖို့ ညီလေးသဘောတူနိုင်ပါ့မလား'

'အဲဒါလည်း ကိုကြီး အထင်လွဲတာ တစ်မျိုးပဲ၊ တစ်မိတည်း ခေါင်းနင်းဆင်း မဆိုထားနဲ့၊ လူစိမ်းတောင် အကြံကောင်းရင် နာခံချင်တဲ့ ညီညီပါ'

'ခု ညီညီ ရည်ရွယ်တာက မိဘ အမွေကို ပြန်ရအောင် ကြိုးစားဖို့ မဟုတ်လား၊ ဒီတော့ အရေးကြီးတဲ့ ကိစ္စတွေ စွန့်လွှတ်ပြီး ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်...'

'ဘာ... ဘာရယ်... ကိုကြီး၊ ဘာကို ဘာမဟုတ်တဲ့ မိန်းမ...'

ပြုံးလျက် 'ဆုံးအောင် နားထောင်ပါဦးကွယ့်၊ မိဘအမွေ ကြံစည်ရေးကိစ္စနဲ့ မိန်းမတစ်ယောက် အရယူတဲ့ကိစ္စ၊ ဒီနှစ်ခုမှာ ဘယ်သူက အရေးကြီးသလဲ၊ အမွေရဖို့က အရေးကြီးတယ်လို့ ညီညီ ဝန်ခံရမှာပဲနော်။ အဲဒါနဲ့ နှိုင်းယှဉ်ရင် မိန်းမအရေးက ဘာဟုတ်သေးသလဲ၊ အဲဒီလို ဘာမှ အရေးမကြီးတဲ့ မိန်းကလေးတစ်ဦးနဲ့ ပတ်သက်ပြီး ညီညီရဲ့ အဖိုးတန်တဲ့ စိတ်ကို စွန့်လွှတ်ရမှာ ယူကျုံးမရ ဖြစ်လွန်းလို့ ပြောနေရတာ။ ကိုကြီး အကုန် သိပြီးပြီကွယ့်'

'သူကလည်း ကျွန်တော်တို့ ကြံစည်ရေးကို အထောက်အပံ့ ရနိုင်သေးတာကိုး'

'အခု မရဘူး မဟုတ်လား၊ အခု ညီညီကို သူမုန်းပြီး လုံးလုံးစွန့်ပစ်သွားပြီ မဟုတ်လား၊ အဲဒီလို စွန့်ပစ်တဲ့ မိန်းကလေးတစ်ဦးအတွက် ညီညီ ဖြစ်ချင်တိုင်း ဖြစ်၊ ပျက်ချင်တိုင်း ပျက် နေတာကို စဉ်းစား၊ ညီညီဟာ ကိုယ့်စိတ်ကို ကိုယ် မနိုင်ကြောင်း ဝန်ခံရမယ်။

'စိတ်… စိတ်… စိတ်…။

'ညီညီကို ပြောလက်စနဲ့ ပြောရဦးမယ်၊ ကိုကြီး ဒါတွေ ပြောချင်လွန်းလို့ လာခဲ့တာ၊ နက်နက်နဲနဲ စဉ်းစား နားထောင်ပါ၊ ဘာမဆို စိတ်ကြောင့် ဖြစ်ရတယ်ဆို မဟုတ်လား၊ လောကဓံတရား ရှစ်ပါးနဲ့ တွေ့ကြုံရင် ဘုရား ရဟန္တာသာ တုန်လှုပ်ချောက်ချားခြင်း မရှိဘူးလို့ ဆိုပေမဲ့ ပုထုဇဉ် အထက်တန်းစိတ်ရှိတဲ့ လူတွေမှာလည်း ခိုင်မြဲနိုင်သလောက် ခိုင်မြဲတဲ့စိတ် ရှိကြတယ်၊ ဒီလို ခိုင်မြဲဖို့ဟာလည်း ကိုယ့်စိတ်ကိုယ် ကိုယ်တိုင် ပြုပြင်မှ ဖြစ်တယ် ညီညီရဲ့။

'ကမ္ဘာလောကကြီးမှာ ပညာရှိများ၊ လူ့အဆင့်အတန်း အစားစားဘယ်လောက် များသလဲ၊ ဒါပေမဲ့ ပညာရှိတွေဟာ ကိုယ့်စိတ်ကို ကိုယ်တိုင် မလေ့လာလို့ ရာဇဝတ်မှု ကျူးလွန်သူတွေ၊ ကိုယ့်ကိုယ်ကို သတ်သေသူတွေ၊ ရူးသွပ်သွားသူတွေ မရေမတွက်နိုင်အောင် ဖြစ်ခဲ့ကြပြီ မဟုတ်လား။ ပုထုဇဉ်တို့ ထိန်းနိုင်တဲ့ အကြီးဆုံး ဒုက္ခသုခကို ကိုယ့်စိတ်နိုင်တဲ့ လူတွေဟာ တုန်လှုပ်ချောက်ချားခြင်း မရှိအောင် ထိန်းသိမ်းနိုင်ကြတယ်။

'စိတ်ဟာ နိဗ္ဗာန်အထိ ပို့ဆောင်နိုင်တော့ ဘာမဟုတ်တဲ့ ကိစ္စကလေးတွေမှ မနိုင်ဘူးဆိုရင် အလွန် ရှက်စရာ ကောင်းတယ်။ ဒီတော့ စိတ်ဟာ ဘာမဆို ဖြစ်နိုင်တယ်လို့ သဘောမထားဘဲ ဖြစ်နိုင်တဲ့အရာ ဘာမဆို ဖြစ်ရမယ်လို့ တင်းတင်းမာမာ မရမနေ ကြိုးစားရမယ်။

'ဥပမာ အထိုင်နှင့် အထ တစ်ချိန်တည်းဖြစ်အောင်၊ အလင်းနှင့် အမှောင် တစ်ချိန်တည်း ဖြစ်အောင်၊ မီးခိုးဟူသမျှ အောက်ဘက်သို့ ထွက်အောင်၊ လေးထောင့်နှင့် စရွေး အံကျအောင် မဖြစ်မနေ ကြိုးစားပေမဲ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်လို့ အချည်းနှီးပဲ။ သို့ပေမဲ့ အခြား လူသား သတ္တဝါတွေ လုပ်ကိုင်ဖြစ်မြောက်တဲ့ ကိစ္စမျိုးတွေတော့ တို့လည်း ဖြစ်မှ ဖြစ်ပါ့မလား ဆိုရင် အလွန် ပျော့တဲ့စိတ်ပဲ ဖြစ်ရမယ်။ သူလည်း လူ၊ ငါလည်း လူ၊ သူ၌ စိတ်တစ်စိတ်တည်းနှင့် ကြံ၏။ ဝိညာဉ်တစ်ခုတည်းနှင့် ကြံခဲ့၏။ ခန္ဓာကိုယ် တစ်ခုတည်းနှင့် လုပ်ခဲ့၏။ ငါလည်း ဒီလိုလုပ်ရင် ဖြစ်ရမယ်လို့ အဲသလို စိတ်မျိုးကိုသာ မွေးမြူရမယ်။ အခု ညီညီ လုပ်နေတာက မခံချင်စိတ် တစ်ခုတည်း ထားပြီး လုပ်နေတော့ ခရီး ရောက်သလောက် မရောက်သေးဘူး၊ စိတ်တွင် ဆန္ဒဓာတ်ဟာ အလွန် ခေါင်းပါးနေသေးတယ် ညီညီရဲ့။

'ဆန္ဒဓာတ်နဲ့ ပတ်သတ်ပြီး ညီညီ့ကို ပြောရဦးမယ်၊ ညီညီဟာ ကာယဗလနဲ့ ပတ်သက်ပြီး "ဝိလ်ပါဝါ" ကို လေ့ကျင့်ဖူးတော့ ကိုကြီး ပြောတာနဲ့ စပ်လိုက်ရင် သာပြီး ကောင်းမှာပဲ၊ ကြိုးစားရင် ဖြစ်နိုင်တယ်၊ တချို့ လူတွေဟာ သူ့မြင်ရရင် လူများ အထင်သေးတယ်၊ သူပြောသမျှ စကားတွေဟာလည်း ဘယ်လောက် ကောင်းကောင်း နားထောင်ရတဲ့ သူတွေမှာ အဆီအနှစ် မရှိဘူး၊ ဒီလူတွေဟာ စိတ်ဓာတ်ပျော့တဲ့ လူစားတွေပဲ၊ စိတ်ဓာတ်နိုင်တဲ့ လူတွေကတော့ သူ့မြင်ရုံနဲ့ ဒီပြင် လူတွေဟာ အလိုလို ကြည်ညို ချစ်ခင်စိတ် ပေါ်လာတယ်၊ သူပြောတဲ့ စကားဟာ သာမည သူလိုကိုယ်လို ပြောတဲ့ စကားပဲ၊ ဒါပေမဲ့ ကြားရတဲ့ သူတွေမှာ ပိုပြီး လေးနက်တယ်။

'ပြီးတော့ စိတ်ဓာတ်လျော့တဲ့ လူတွေဟာ စကားလည်း သိပ်များ ဘယ်၊ ဘယ်သူက ဘယ်သူ့ကို ဘယ့်နှယ် ပြောတာလဲ၊ ဒါပေမဲ့ သူက ဂရုမစိုက်ပါဘူးလို့ ပြောလိုပြော၊ လောကခံနှင့် တွေ့လျှင် ချူသံပါအောင်

ညည်းလား ညည်းရဲ့၊ ဘယ်သူကမှ ဒီလို လူမျိုးကို မလေးစားဘူး။ စိတ်ခေတ်ခိုင်တဲ့ သူက သူမမေးဘဲ ကိုယ့်အပြစ် သူ့အပြစ် တစ်ခွန်း တစ်ပါဒမှ ပြောလေ့ မရှိဘူး၊ ဒုက္ခနှင့် သုခတွေ့ ကြိတ်ခံပြီး မနိုင် နိုင်အောင် ကြိုးစားတယ်၊ ကြည့်စမ်း ... လူ့အဆင့်အတန်းချင်း ဘယ်လောက် ကွာသလဲလို့၊ ဒီတော့ ညီညီကို ဆန္ဒခေတ် ချုပ်နှိမ်ပြီး ကျင့်စမ်းပါ။

'ဥပမာ ညီညီ လက်ဖက်ရည် သောက်ချင်တယ် ဆိုပါတော့၊ ဒီကတည်းက ဟော ခြေလှမ်းသွက်သွက်နဲ့ လက်ဖက်ရည်ဆိုင် သွားတော့မယ်။ သွားပြီး လက်ဖက်ရည် သောက်တော့မယ် မဟုတ်လား။ အဲဒီ ဆန္ဒကို ချုပ်နိုင်ရမယ်၊ ငါလက်ဖက်ရည် သောက်ချင်တယ်၊ မသောက်တော့ ဘာဖြစ်သွားမှာလဲ၊ ငါ မသေဘူး၊ မနာပါဘူး၊ ငါနိုင်တယ်၊ ငါ့စိတ် ငါနိုင်တယ်၊ မသောက်ဘူးလို့ တင်းတင်းမာမာ ဆုံးဖြတ်ရင် အဲဒီ လက်ဖက်ရည် သောက်ချင်တဲ့ ဆန္ဒကို ကိုယ်က လက်ဝါးစီး အုပ်မိတာပဲ။ နောက်ရုပ်ရှင် သွားချင်တယ်၊ ငါ မသွားဘဲ နေနိုင်တယ်လို့ ခုနင်ကလို စိတ်ကို ချုပ်ရင် ရနိုင်တာပဲ။ အဲသလို ကိုယ့်ဆန္ဒကို တစ်စတစ်စ ချုပ်တည်းစုဆောင်းလာရင် စိတ်ထဲမှာ အစိုင်အခဲ စွဲမြဲ တင်းမာပြီး နောင် ကိုယ်လုပ်တာ ဘာမဆို အလွယ်တကူနဲ့ အောင်မြင်နိုင်တာပဲ။ ဒါက ဆန္ဒခေတ်ကို ချုပ်တည်းတဲ့နည်းနော်။

'ကာယဗလ ကျန်းမာရေးအတွက် ညီညီ သိပြီးမို့ ပြောဖို့ မလိုဘူး၊ သူမမေးဘဲ အချည်းနှီး စကားပြောခြင်း၊ ကိုယ် လက် အပိုလှုပ်ခြင်း၊ ဥပမာ ဒူးနဲ့ ပေါင်နဲ့ လက်ချောင်းကလေးတွေ တဒေါက်ဒေါက်နဲ့ စားပွဲကုလားထိုင် ပုတ် ဆိုတာမျိုး။ ဒါဟာ ခန္ဓာကိုယ်ကို စိတ်က ထိန်းထားတော့အထိန်းလွတ်နေတဲ့ လက္ခဏာ၊ ဆန္ဒခေတ်မှာလည်း ပျော့သွားတာပဲ၊

ညီညီ စဉ်းစားကြည့်စမ်း၊ ဒူးနှန့် ပေါင်နှန့် သမားတွေဟာ နက်နဲ ခိုင်မြဲတဲ့ စိတ် မရှိတတ်ကြဘူး။

'စကားနည်းဖို့ ဆိုရာမှာလည်း လူကြီးလို နေဖို့ မဟုတ်ဘူး၊ သူက မေးရင် အချက်ကျကျ အာရုံစူးစိုက် ဖြေဆိုရမယ်၊ အပို မပါရပေဘူး။ ဥပမာ… ညီညီ ဒီက ရန်ကုန်သွားတယ်ဆိုပါတော့၊ မိတ်ဆွေတစ်ဦးက ဘယ်သွားမလဲ မေးရင် "ရန်ကုန် သွားမယ်" ဒါပဲ ဖြေဆိုဖို့ ရှိတယ်။ လျှာရှည်တဲ့ လူများကျတော့ ရန်ကုန်သွားပြီး ဘောပွဲကြည့်မလို့၊ ဘောပွဲ က ပြီးရင် ရုပ်ရှင်ကြည့်မလို့၊ ခင်ဗျားကော ဘယ်တုံး၊ ကြည့်စမ်း … ဘယ်လောက် လေကုန်သလဲ၊ ကိုကြီး ဆိုလိုတာက သူသိလိုတဲ့ အချက်ကို ချန်မထားဘဲ အတိအကျ ဖြေဖို့၊ ကိုယ်က ပြောတဲ့အခါလည်း စိတ်ပါ လက်ပါ ပြောဖို့။ ပေ့ါပြက်ပြက် ပြော၊ ပေ့ါပြက်ပြက် နေ၊ ပေ့ါပြက်ပြက် လုပ်၊ ရယ်သွမ်းသွေးတဲ့ အလေ့အကျင့်ဟာ ကမ္ဘာရဲ့ ကောင်းကျိုးဆိုးကျိုး ဘာတစ်ခုမှ မဖြစ်နိုင်ဘူး၊ လေးနက်သော ကိစ္စတွေကို မဆောင်ရွက်နိုင် ဘူး။

'ဒီတော့ ခုနင်က ပြောသလို ပေါ်လာတဲ့ ဆန္ဒကို ချုပ်ပါ၊ ချုပ်မိတိုင်း ငါ ဒါတွေ နိုင်နင်းပြီ၊ ငါ့မှာ စိတ်ဓာတ် အများကြီး ခိုင်မာလာပြီ၊ ငါသည် ကမ္ဘာကို ပြုပြင်နိုင်ရမယ်လို့ အဲသလို တင်းယူပါ။ ညအိပ်ရာ သန့်သန့် ပြန့်ပြန့် ပေါ်မှာ ပက်လက်လှန်အိပ်၊ ဘယ်လက်ညှိုးနဲ့ ဘယ်ဘက်နား ပိတ်၊ ဘယ်လက်မနဲ့ ဘယ်နှာခေါင်းပိတ်၊ ညာဘက်လည်း ဒီအတိုင်း အသင့်ပြင်ထားပြီ၊ ဘယ်လက်ညှိုးနဲ့လက်မ ဖွင့်စဉ် အသက်ကို ဖြည်း ဖြည်းနှင့် နေအောင် ရှူပါ၊ အသက်ရှူခိုက် ကောင်းသော စိတ်ဓာတ်၊ ကောင်းသော ညို့ဓာတ်၊ ခိုင်မာသော စိတ်ဓာတ် ငါ့ကိုယ်တွင်းသို့ ဝင်ရမည်၊ ဝင်ပြီဟု စိတ်စွဲအောက်မေ့ပါ။ ပါးစပ် အဖွင့်နဲ့ တစ်ဖန် အဲဒီ ဘယ်ဘက်လက်ညှိုးနဲ့ လက်မက ဘယ်နှာခေါင်းပေါက် ပိတ်ထားပြီး

ညာနှာခေါင်း၊ ညာနားကို ဖွင့်ကာ လေကို တဖြည်းဖြည်း ထုတ်ပါ၊ ထုတ်တဲ့အခါမှာ ဒီလေထဲ မကောင်းသောဆန္ဒ ပါသွားပြီဟု မှတ်ပါ။ နောက်တစ်ခါ ညာနှာခေါင်းက အသက်ပြန်ရှူပါ၊ အခုနက ပြောတဲ့ အတိုင်း စိတ်ထဲက အောက်မေ့၊ ညတိုင်း နာရီဝက် တစ်နာရီ ကျင့်ခဲ့ရင် ညီလေးရဲ့ စိတ်ဓာတ်ဟာ သိသိသာသာကြီး ထူးခြားလာမယ်။

'ဒီလိုကျင့်လို့ စိတ်ဓာတ်ခိုင်မြဲ အဆင့်အတန်း တိုးရမယ်လို့လည်း ယုံကြည်စိတ် ရှေးဦးစွာ ရှိရမယ်၊ အထက်တန်းစိတ်ဓာတ်မျိုး ရတဲ့ လူ တွေဟာ စေတလုံးရတဲ့ သူတွေလို လူပေါင်း သိန်းသန်းကို နောက်လိုက် အဖြစ်နဲ့ အသုံးပြုနေကြပြီ။ ဒီတော့ ညီညီတို့၊ ကိုကြီးတို့ ကြံရမယ့် အလုပ်က လုပ်သားတွေ မပါရင် မပြီးလို့ ညီညီရဲ့စိတ်ဓာတ် ကိုကြီး ပြောသလို ကျင့်ပါ၊ အစာစားတိုင်းလည်း စားနေစဉ်မှာ ကောင်းတဲ့စိတ်၊ ကောင်းတဲ့ဓာတ် ပါတယ်လို့ တွေးပြီးစားပါ။ စိတ်မြဲမြဲ ယုံယုံကြည်ကြည်နဲ့ ကြိုးစားရင် မုချ ဖြစ်ရမယ် ညီညီ။

'ဒီလို စိတ်ဓာတ်ကို နိုင်တဲ့အခါ ဘယ်သူ့ကိုမှ မနာလို မစ္ဆရိယစိတ်၊ မုန်းထားစိတ် မရှိဘူး။ ဒီစိတ်ညံ့တွေဟာ သူများကို မထိခိုက်ဘဲ ကိုယ့် စိတ်ကို ရှေးဦးစွာ ထိခိုက်ပြီး ကိုယ်သာ အကျိုးယုတ်တတ်တယ်၊ ခု ဦးအင်းတို့ဟာ ကိုကြီးတို့ ဖခင်သတ်၊ မိခင်ယူ၊ ရှိသမျှ အမွေပစ္စည်းကို ယူငင်ကြတယ် မဟုတ်လား။ လောကီသား စိတ်နဲ့တွေးရင် သတ်ပစ်ချင် စရာပေါ့၊ အဲဒီလို စိတ်မျိုး မထားနဲ့'

'ဟာ... ကိုကြီးဟာက ဘုရားလောင်း စိတ်မျိုးလား၊ မဖြစ်နိုင် ပါဘူး'

'နားထောင်ပါဦးကွယ့်၊ သူတို့အုပ်စီးလို့ ကိုကြီးတို့ သားညွှန့် မြေး ညွှန့်တွေ နားလန် မထူနိုင်ဘူး၊ ကိုကြီးတို့ မိဘရဲ့ လုပ်သားတွေလည်း ကျဉ်းကျပ်ကြတယ် မဟုတ်လား'

‘ဟုတ်တယ်’

‘ဒီလိုဆိုရင် အမွေပြန်ရအောင်၊ ဒီလို လုပ်သားတွေ ချောင်လည်အောင် လုပ်ရင် သူတို့ ဒုက္ခ မရောက်ကြပေဘူးလား။

‘ဒီလို ရောက်တာတော့ သူ့ထိုက်နဲ့ သူ့ကံပေါ့ကွယ့်၊ သူတို့ကို မုန်းထားတဲ့ စိတ်မရှိဘဲ ငါတို့ ခုလို ပြုမူတာဟာ ငါ့ အမျိုးတွေ ကောင်းဖို့၊ ငါတို့ လုပ်သားတွေ ကောင်းဖို့ ဆိုတဲ့စိတ် ထားတတ်ဖို့ကို ဆိုတာပါ။ ဥပမာ ဒီခြင်ကောင်တွေ သေပေစေဆိုတဲ့ စိတ်နဲ့ ခြင်ထောင်ထောင်တာရယ်၊ ဒီခြင်ထောင် ထောင်ရင် ခြင်ကိုက် သက်သာသည်၊ သူတို့ သေတာ မသေတာ မစဉ်းစားဘူး ဆိုတာရယ်၊ ဒါကို တွေးကြည့်စမ်းပါ။ ခြင်ထောင် ထောင်ခြင်းတော့ အတူတူပေါ့ကွယ့်၊ စိတ်ထားကောင်းရင် အကုသိုလ် မဖြစ်တာပေါ့။ ဥပမာ ဦးအင်းကို ဒီအကောင်ကြီး သတ်ပစ်မှ အေးမယ် ဆိုတဲ့ စိတ်နဲ့ သတ်တာရယ်၊ ဦးအင်း သေတာ မသေတာ အရေးမကြီး၊ ငါ့အမျိုး ကောင်းစားဖို့ အရေးကြီးတယ် ဆိုတဲ့ စိတ်နဲ့ မတော်တဆ သူ့ဘာသာ ဦးအင်း သေတာရယ်၊ ခရီးရောက်တာချင်း အတူတူပဲ မဟုတ်လား။ စိတ်ထားကို ပြောတာနော်၊ မတရား ကြံတဲ့လူကို တရားတဲ့ နည်းနဲ့ ဘုရားလောင်းလို လုပ်လို့ မရဘူးဆိုတာ ကိုကြီး သိပါတယ်၊ ဘုရားလောင်းလည်း နုစဉ်အခါက သူများတိုင်းပြည်ကို သိမ်းဖူးတာပဲ၊ သူများ ကွဲပြဲအောင် လက်ဇော့လည်း သတ်ဖူးတယ်၊ အကျင့်နဲ့ မိန်းမ တောင် ထန်းရည်အိုး အရွက်ခိုင်းခဲ့ဖူးသေးတာပဲ။ အချုပ်ကတော့ ညီညီ တစ်ယောက် ခေတ်ပညာတတ်၊ လုပ်သားတွေကလည်း ညီညီကို အားကိုးတော့ တို့မေမေ စိတ်ချမ်းသာအောင်၊ တို့မေမေရဲ့ အဆီအနှစ် ပစ္စည်းတွေ ပြန်ရအောင် ငါ ကြိုးစားရမယ်၊ ငါ့လုပ်သားတွေ ညီညွတ် ပွင့်လင်းအောင် ငါဆောင်ရွက်မယ်၊ ငါသည် စိတ်ခိုင်၏၊ အမြော်အမြင် ရှိ၏၊ ငါလုပ်ရင် အောင်ရမယ်ဆိုတဲ့ စိတ်ဓာတ်ကို မွေးပြီး ဆောင်ရွက်ပါ။

'မတ္တံဇာနေယျ ပဏ္ဍိတော၊ အတိုင်းအရှည်ကို သိတဲ့လူဟာ ပညာရှိတဲ့။ အခိပ္ပာယ်ကျယ်ကျယ်နဲ့ နက်နက်နဲနဲ စဉ်းစားရင် အကုန်လုံး ခြုံနေတာပဲ၊ ညီညီလည်း ခေတ်ပညာတတ် တစ်ယောက်ပဲ။ ကြားဖူးမှာပေါ့၊ အင်္ဂလိပ်ပညာရှိကြီး တစ်ဦးက "The wisdom of many expressed by the wit of one - John Dryden"။ ပညာရှိတစ်ယောက်ရဲ့ မြော်မြင်ဉာဏ်ကြောင့် လူအများ အလိမ္မာဉာဏ် ရရှိတယ်ဆိုတာလို ကိုယ့်မြော်မြင်ဉာဏ်နဲ့ ခရီးရောက်အောင် ဆွဲယူစမ်းပါ။ ဘာမဟုတ်တာတွေကို မေ့ပစ်လိုက်ပါ၊ မကောင်းတဲ့ အပေါင်းအသင်း အလေ့အကျင့်တွေကို ဖျောက်လိုက်ပါ၊ ကိုကြီး ဒါတွေ ပြောချင်လို့ လာတာပဲ။ ရော့ ... ညီလေးတို့ ကျပ်တည်းရင် စားဖို့ ငွေ' ဟု တစ်ဆယ်တန် ၁၀ ချပ်ကို ထုတ်၍ ပေးရာ –

'ကိုကြီးပြောတာ နားထောင်ရင်း ကျွန်တော် စဉ်းစားမိပါတယ်၊ စားဖို့အတွက် ကျွန်တော်တို့ တတ်နိုင်ပါလိမ့်မယ်။ မယူပါရစေနဲ့'

'အို... ကိုကြီး ခုနကပြောတဲ့ စိတ်သဘောဟာ ကိုကြီး ထောက်ပံ့ရမှာစိုးလို့ ပြောသလို ဖြစ်နေမှာပေါ့၊ ဒါတော့ ယူကောင်းပါတယ်'

'မဟုတ်ပါဘူး၊ ကျေးဇူးတင်ပါတယ်၊ ကိုကြီးကို အထင်လွဲမိတာ တောင်းပန်ပါတယ်၊ ညီရဲ့စိတ်ဓာတ် မပျက်အောင် တစ်ဆိတ် ပြန်ယူသွားပါ' ဟု အတင်း ပြန်ပေးသဖြင့် 'အေး... အေး... အစခပ်သိမ်း သတိ ဝီရိယနဲ့ နေပါ' ဟု ပြောဆိုပြီးလျှင် ထွက်ခွာသွားလေ၏။

# အခန်း ( ၁၅ )

ကိုဉာဏ်ကြီး ထွက်ခွာသွားလျှင် မောင်မျိုးညွန့်မှာ မိမိအဖြစ်အပျက်ကို စဉ်းစားကာ များစွာ နောင်တရရှိလေ၏။ မိမိသည် အလွန်ကြီးလေးသော အမျိုးအဆွေ ကောင်းစားမှုအတွက် အသက်စွန့်၍ ဆောင်ရွက်ရန် ဝတ္တရားရှိရာ မိန်းကလေးတစ်ဦး၏ အထင်မှားခြင်း၊ မုန်းထားခြင်းကို တုန်လှုပ်ချောက်ချားနေရကား ထိုထက် ကြီးလေးသော ကိစ္စကို အဘယ်မှာလျှင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်အံ့နည်း။ "ငါတော်ပြီ၊ သူ မချစ်တာကို ဖွတ်နှစ်လို့ မကြဲတော့ပါဘူး" ဟု အောက်မေ့ရာက နှစ်ဦးသား ပျော်ရွှင်ပုံ၊ တစ်ဦးကို တစ်ဦး ယုံယုံကြည်ကြည် ချစ်ခင်ပုံ၊ ဘာမဆို မိမိက အနိုင်ကျင့်လျက် ပြုမူသည်ကို ချိုပြုံးစွာ သည်းခံပုံတို့ကို ပေါ်ပေါက်အောင် တွေးတောမိသောအခါ "အို သူ့ ရှင်းပြမယ်၊ ရှင်းပြရရင် တော်ပြီ၊ နောက် သူကျေနပ်လို့ သဘောကျရင် ဒီဇာတ်လမ်းကို ပြည်ဖုံးကားချပြီး အရေးကြီးတဲ့ ကိစ္စကို ဆောင်ရွက်မယ်" ဟု စဉ်းစားနေစဉ် 'ညီလေးရေ၊ ကိုကြီးသွားလိုက်ဦးမယ်' ဟု ကွမ်းယာဗန်းကို လွယ်လျက် ထွက်ခွာသွားသော ကိုနကို ဝမ်းနည်းစွာ ကြည့်ရှုရင်း ကျန်ရစ်ခဲ့လေ၏။

မောင်မျိုးညွန့်ကား ခင်စောဦး၏ အထင်အမြင် လွဲခြင်းကို ရှင်းလင်းရန် အမျိုးမျိုး စဉ်းစားလေ၏။ နောက်ဆုံးတွင် ခေတ်ဉာဏ်မီသူ တစ်ဦး

ဖြစ်သည့်အတိုင်း ကိုန ကွမ်းယာရောင်းရာသို့ လိုက်သွား၍ ဈေးကြီးနား တွင် တွေ့လျှင် –

'ကိုကြီးရေ… မေမေ့တိုက်ကို မယောင်မလည်နဲ့ ဝင်သွားပါ၊ ပြီး တော့ လူဝရဲ့ ဓာတ်ပုံတစ်ခု ဖြုတ်ယူခဲ့ပါ' ဟု ခိုင်းလိုက်လေ၏။ ၎င်းကား အမှတ်မဲ့နဲ့ စာအုပ်ဟောင်းဆိုင် တစ်ဆိုင်တွင် မဂ္ဂဇင်းစာအုပ်များကို လှန်လှော ကြည့်ရှုနေရာ နာရီဝက်ခန့် ကြာလျှင် ကိုန၏ ဆေးလိပ်၊ မီးခြစ်၊ ကွမ်းယာဟု ဟစ်သော အသံကို ကြားရသဖြင့် စာအုပ်ဆိုင်ထဲမှ ထွက်လာကာ –

'ရရဲ့လား' ဟု မေးလေ၏။ ကိုနသည် ခေါင်းညိတ်လျက် 'ရခဲ့ တယ်… မေမေ တယ်ပြီး နေမကောင်းဘူး၊ အစေခံမကလေးတွေနဲ့ တွေ့လို့ ကိုကြီး မြင်ရင် သာပြီး ဝေဒနာတိုးမှာကြောင့် ငါ့အဖြစ်ကို မပြောနဲ့လို့ နှုတ်ပိတ်ပြီး ခွေးမသား ဓာတ်ပုံကို ယူခဲ့တယ်' ဟု ပြောလေ ၏။

'ကိုင်း… ကိုကြီး သွားတော့' ဟု လွှတ်လိုက်ပြီးလျှင် မိခင်ကြီး နေမကောင်းသည့်အတွက် အထူး စိတ်လေးသွားလေ၏။ သို့ရာတွင် "မိခင်ကြီးအား ဆေးဝါး တစ်စုံတစ်ရာနှင့် ကုသခြင်းထက် မိမိတို့ ညီ အစ်ကိုတစ်သိုက် ချမ်းချမ်းသာသာ နေထိုင်ရသည်ကို မြင်ရခြင်းက ပိုမို သက်သာဖွယ် ရှိသည်"ဟု တွေးတောကာ မိမိကိစ္စကိုသာ အလျင်စီမံရန် မိတ်ဆွေ ပန်းချီဆရာ တစ်ယောက်နှင့် ဓာတ်ပုံဆရာ တစ်ယောက်ဆီသို့ ထွက်ခွာသွားလေ၏။ မိမိ စီမံသော ဓာတ်ပုံကို ညပိုင်းတွင် ရအောင် ပြုလုပ်ပေးဖို့ မှာထားခဲ့ပြီးနောက် ခင်စောဦးဆီသို့ စာတစ်စောင်ကို ရေးသားနေလေ၏။

အချိန်မှာ ညနေပိုင်းသို့ ရောက်ရှိလာပြီဖြစ်ရာ ကိုနသည် ဈေး ရောင်းရာက ပြန်လာ၊ ပြန်လာ၍ ထမင်း ဟင်း ချက်ပြုတ်နေလေ၏။

ခဏကြာ၍ ထမင်းများ စားသောက်ပြီးလျှင် မောင်မျိုးညွန့်သည် ဓာတ်ပုံဆိုင်သို့ ဓာတ်ပုံ သွားရောက်ယူငင်ကာ များစွာသဘောကျသည့် လက္ခဏာနှင့် ပြုံးလေ၏။ ထို့နောက် မိတ်ဆွေများအား နှုတ်ဆက်ကာ သွက်လက်သော ခြေလှမ်းများဖြင့် ထွက်ခဲ့လေ၏။

'ဟေ့… ညီလေး၊ မနက်က ဉာဏ်ကြီး ပြောသွားတာ သတိမရသေးဘူးလား၊ ဘယ်သွားတာလဲကွာ'

'အို… ကိုကြီး မသိပါဘူး' ဟု မိမိ အကြံအစည်ကို ဓာတ်ပုံနှင့်တကွ ပြောပြရာ ကိုနသည် ဓာတ်ပုံကို ကြည့်သောအခါ ခင်စောဦးနှင့် လူဝတွဲလျက် နေသည်ကို မြင်ရသဖြင့် –

'အေး… ဒါဟာ အကောင်ဆုံး လက်စားချေနည်းပဲ' ဟု ပြုံးရွှင်ပြောဆိုကြကာ အိပ်ရာသို့ ဝင်ကြလေ၏။

ခင်စောဦးကား ကျောင်းမသွားခင်အချိန် မရွှင်ပျသော မျက်နှာအမူအရာဖြင့် ကျောင်းမဂ္ဂဇင်း တစ်အုပ်ကို ဖတ်ရှုနေလေ၏။ ကျောင်းသားတစ်ဦးက မောင်မျိုးညွန့် ကျောင်းနေစဉ်က အကြောင်း ပြန်လှန် ရေးသားချက်ကို တွေ့ရသဖြင့် ငေးစိုက် ဖတ်ရှုနေမိလေ၏။

ကျွန်တော်တို့ မမေ့နိုင်သော ကျောင်းသားထဲမှ ကိုမျိုးညွန့်သိပ္ပံဘွဲ့ရကို ချန်ထားခြင်းမှာ မသင့်။ ကိုမျိုးညွန့်သည် ကာယဗလတွင် ရှေ့ဆောင်လမ်းပြ၍ ဂျူဗလီတွင် ကျောင်း၏ အသရေကို ဆောင်ခဲ့၏။ ဘောလုံးပွဲတွင်ကား ကိုမျိုးညွန့် နာမည်မပါလျှင် မပြီးချေ။ သမဂ္ဂတွင် လူစွာတစ်ယောက်ဖြစ်၍ ဆရာကြီး၏ အကြိမ်းအဝါးကို မကြာခဏခံရသူ ဖြစ်၏။ သို့ရာတွင် ရှေ့က ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ရဲသည်ကိုကား ကျွန်တော်တို့ မမေ့နိုင်။ ကျွန်တော် ကျောင်းကထွက်လျှင် ကိုယ့်ထူးကိုယ်ချွန် ကြိုးစားမည်ဆိုသည့်အတိုင်း၊ အဘ သူဌေးက ပညာတော်သင် လွှတ်သည်ကို

ငြင်းပယ်ခဲ့သူ ဖြစ်သဖြင့် အပြောနှင့်အဟော ညီညွတ်သည်ဟု ဆိုရပေမည်။ ကိုမျိုးညွန့်မှာ အင်းလျားဆောင်ကို များစွာ ဂရုမစိုက်၊ ဤဘက်က အလွန်တည်ကြည်သူတစ်ယောက်ဖြစ်၍ အင်းလျားသူများ၏ လေးစားခြင်းကို ခံရ၏။ အရပ်ထဲတွင်လည်း ကြမ်းပိုး ထိုးလေ့ မရှိခဲ့ချေ။ ရပ်ချော ပညာတတ်တစ်ယောက်၌ မ ဘက်က တည်ကြည်ခြင်းသည် ဒုလ္လဘ ငါးပါးအနက် တစ်ပါးတိုးဖြည့်ဖို့ ရာကဲ့သို့ ဖြစ်နေပေ၏။

အခါ တစ်ပါးသော် ကိုမျိုးညွန့်သည် ကိစ္စတစ်ခုနှင့် အင်းလျားဆောင်သို့ သွား၏။ ခတ်မသိသော ကျောင်းသားတစ်ဦးက ရိသဲ့သဲ့ ပြောရာ ကျုပ်ကို ဒီလိုအစား မှတ်သလားဟု ထိုးမလို ကြိတ်မလို လုပ်သဖြင့် အခြား ကျောင်းသားများက ဆွဲငင်ထားရ၏။ အပြစ်တင်ဖွယ် မဟုတ်၊ မဟုတ်မခံချင်သူတို့၏ ပြုမြဲသဘောပင်။ ယခုအခါသော် ဖခင်သူဌေးကြီးသည် ၎င်းအား အိမ်က နှင်ချလိုက်လေပြီ၊ ဆင်းဆင်းရဲရဲ နေထိုင်ရသည်ဟု ကြားရ၏။ မိတ်ဆွေတို့သည် မမေ့သင့်။ ကိုမျိုးညွန့်၏ အခြား ဂုဏ်များလည်း ရှိသေး၏။ ၎င်းတို့ကား...

ခင်စောဦးသည် စာဖတ်ရင်း မျက်ရည်ဝဲ၍ လာရတော့၏။ မောင်မျိုးညွန့်၏ တည်ကြည်သော ဟန်အမူအရာသည် တစ်ခုပြီး တစ်ခု ပေါ်ပေါက်၍ လာလေ၏။ ရှေးက ချစ်ဟောင်းခင်ဟောင်း အချစ်နာ မျိုးစေ့သည် တဖွားဖွား မြင့်တက်ကား ပင်စည် အကိုင်း အခက်များ ပေါ်ထွက်လာလေ၏။ ထိုအခိုက် အောက်ထပ်က ‘မမ ကားပြင်ပြီးပြီ’ ဟု ပြောလာသဖြင့် စာအုပ်များကို ယူကာ ဆင်းခဲ့လေ၏။ အစ်မ မစောနန်းမှာ ညီမ၏ မျက်နှာကို အကဲခတ်လျက် –

‘ဘာလို့ မဖြီးမလိမ်းတာလဲ ညီမရယ်’

'မထူးပါဘူး၊ နေ့တိုင်း ဖြီးလိမ်းနေရတော့ ပျင်းလာပြီ'

စကားကား ရှေ့သို့မဆက်ကြချေ။ ဘေးဘက်ဆီသို့သာ ကြည့်ရှုရင်း လိုက်ပါသွားကြရာ မကြာမီ ကောလိပ်ကျောင်းကားများ ရပ်ထားသော ရုံနားသို့ ရောက်ရှိသွားသဖြင့်၊ ခင်စောဦးမှာ ကားပေါ်က ဆင်းနေရစ်၍ မစောနန်းမှာ ထိုကားနှင့်ပင် လှည့်၍ ပြန်ခဲ့လေ၏။ ထိုနေ့၌ ခင်စောဦး သည် ပညာသင်ကြားချင်စိတ် မရှိ၊ စာပို့ချဆရာတို့ ပြောပြသည်ကိုလည်း နားမဝင်နိုင်အောင် ဖြစ်၍ နေလေ၏။ မစောမြကို အကျိုးအကြောင်း မေးမြန်းချင်သဖြင့် မကြာခဏ ကြည့်မိရာ၊ မစောမြမှာလည်း ထူးခြားသည့် လက္ခဏာနှင့် ပြန်လှန် ကြည့်ရှုသည်ကို တွေ့ရလေ၏။ သင်ခန်းစာ တစ်ဘာသာ ပြီးသောအခါ အသီးသီး အခန်းပြောင်းရန် ထွက်ကြရာ ရှမ်းပြည်နယ်က မိန်းကလေးနှစ်ဦး အလစ် မစောမြက –

'ရော့... ရော့... အစောဆီက ငှားထားတဲ့ စာအုပ်' ဟု လှမ်းပေး လိုက်သဖြင့် 'ဪ... ဟုတ်လား' ဟု အခြေမပျက် ယူလိုက်လေ၏။ စာသင်ခန်းအတွင်းသို့ ရောက်ပြန်သောအခါ ယခင် ဗလာစာအုပ်ကို အသာလှန်လျက် ကြည့်ရှုရာ –

'အစော ယနေ့ နံနက်စောစော ကိုမျိုးညွန့်လာပြီး အဲဒီ ညှပ်ထား တဲ့ စာအိတ်ကြီးကို အစောလက် အရောက်ပေးပါဆိုပြီး ထားခဲ့တယ်။ သူ့ကြည့်ရတာ အလွန် ဆင်းရဲပုံရတယ်၊ လူလည်း ကျန်းမာပုံ မရဘူး၊ သူ့ဆီက ဘာတွေ ရေးတယ်ဆိုတာ အချိန်ရှိရင် သိပါရစေ မြမြ'

ခင်စောဦး၏ လက်မှာ တုန်၍ နေလေ၏။ နှလုံးသားများလည်း ခုန်လျက် စာအိတ်ကြီးကို ဖွင့်ဖတ်မည် လုပ်ပြီးမှ မတော်တဆ သူများ မြင်တွေ့သွားမည် စိုးသဖြင့် ဗလာစာအုပ်ကို အသာ ပိတ်လျက် အိမ်သို့ ပြန်ယူမည့် စာအုပ်များနှင့် ရောနှောထားလိုက်လေ၏။ ထိုနေ့ကား ကျောင်းတက်ရချိန်သည် ခါတိုင်းထက် ပို၍ကြာသည်ဟု ထင်မှတ်

လေ၏။ ကျောင်းဆင်းသည်နှင့် တစ်ပြိုင်နက် မြင်းဇောင်းက လွှတ်လိုက်သော မြင်းမကလေးကဲ့သို့ ပြေးချင်စိတ် ပေါ်ပေါက်နေရာက မစောနန်း၏ ကား ရောက်လာသဖြင့် ကားပေါ်တွင် လျင်မြန်စွာ တက်လိုက်လေ၏။ ၂၉ လမ်းတိုက်သို့ ရောက်သောအခါလည်း လျင်မြန်သော ခြေလှမ်းဖြင့် မိမိ အခန်းတွင်းသို့ ဝင်ကာ စာအိတ်ကြီးကို ဖွင့်လိုက်ရာ၊ မိမိနှင့် မောင်လှဝ တွဲရိုက်ထားသော ဓာတ်ပုံ မြင်သည်နှင့် တစ်ပြိုင်နက် မျက်လုံးကလေး ပြူးပြီးလျှင် အသားများ ဆတ်ဆတ်တုန်၍ နေရှာလေ၏။ မျက်လုံးမှ မျက်ရည်ပေါက်တို့သည် တစ်ပေါက်ပြီး တစ်ပေါက် ကျဆင်းခြင်းဖြင့် မည်မျှ ထိခိုက်ရှာသည်ကို သိနိုင်လေ၏။ မိမိထံသို့ မောင်မျိုးညွန့်နှင့် အခြား မိန်းကလေးတစ်ဦး တွဲရိုက်ထားသော ပုံကို အမှန်ဟု ယူဆခဲ့ရာ၊ မိမိမှာ အလားတူပုံမျိုး တွေ့ကြုံရသောအခါ ယခင် ဆုံးဖြတ်ချက်အတွက် ထပ်မံစဉ်းစားဖို့ရာ ဖြစ်၍ နေလေ၏။ စာကို ဆက်လက်ဖတ်ရှုရာ –

**မိတ်ဆွေ အစော**...(ဤသို့ မိတ်ဆွေဟု စ လိုက်သော စာလုံးကလေးများကပင် ခင်စောဦး၏ ဟဒယကို ပြုတ်တူနှင့် ညှပ်သကဲ့သို့ ဖြစ်၍ သွားလေ၏။)

ကိုကိုဟာ အထက်ပါအတိုင်း မိတ်ဆွေဟု ခေါင်းတပ်ခြင်းဖြင့် အစောကို မမုန်းနိုင်။ ယုတ်စွအဆုံး မိတ်ဆွေ အဖြစ်နှင့်ပင် ချစ်ခင်ပါသေးသည်ဟု ဆိုလိုပါ၏။ ဆင်းရဲ နွမ်းစုတ်စွာ အစော၏ ကားနှင့် ကော်မရှင်နာလမ်းတွင် တွေ့တုန်းက အစော၏ ပြောင်းလဲသော အမူအရာကို ကိုကို နားမလည်။ အစ်မ မစောနန်းပါ ပါလာ၍ ဟန်လုပ်သည် ထင်မိ၏။ သေချာစွာ စုံစမ်းမှ အစော၏ ဓာတ်စုံခင်းပုံ အလုံးစုံကို သိရှိရပေတော့သည်။ ပညာတတ် တစ်ယောက်ဖြစ်လျက် ပြောင်ပြောင်ကြီး လမ်းဖြောင့်ဖြောင့် သွားပါလေတော့

အစောရယ်။ ခုတော့ကာ ကိုကိုကပဲ အပြစ်ရှိလေဟန် ဒေါမာန်ပါပါ အရာရာ ဂရုမစိုက်တဲ့ အမူအရာနဲ့ ငြူစူတော်မူတာများ သင့်လျော်တယ်လို့ ထင်ပါသလား။ ကိုကို၏ စိတ်၌ ကိုကိုသည် နုန့်စုတ်ဆင်းရဲ၏။ သူဌေးသား ကိုလူဝသည် ချမ်းသာ၏။ မိဘ သဘောတူ၏။ သို့ဖြစ်၍ ကိုကို့ကို အချစ်ရပ်စဲသည်ဆိုက ကိုကို မကန့်ကွက်လိုပါဘူး။ အစော သဘောပြောင်း၍ ပြုမူချင်တဲ့ အချက်ကလေးတစ်ခုကြောင့် ကိုကို့ကို ယခုလို အပြစ်ရှာခြင်းကိုကား ဝမ်းနည်း၍ မဆုံးတော့ပါ။ ကိုကို သဘောထား မသေးကြောင်း အစောကို ထင်ရှား မပြလိုက်သည်မှာလည်း ဝမ်းနည်း၍ မဆုံးပါ။ ကိုကိုသည် အစောကို လက်ဝယ်ရလိုသည်မှာ မှန်၏။ သို့ရာတွင် ကိုကို၏ ဆိုးရွားသော ဘဝနှင့် ယခုကဲ့သို့ ခံရသည်ကို ရေးဝိပါက်နှင့် ချေကာ ကျေနပ်ပါ၏။ အစော ကောင်းမွန် ချမ်းသာသည့်အတွက်လည်း ဝမ်းမြောက်ပါ၏။ အကယ်၍ အစောအတွက် စိတ်စက်မကောင်း အလွမ်းကြောင်းတွင် အနာဟောင်း အချစ်စိတ်က နှိပ်ကွပ် မရအောင် ပူဆွေး လောင်ကျွမ်းခဲ့ပါလျှင် အစော မသိစေရပါဘူး။ ကိုကို တစ်ယောက်ဖြင့် အစောအတွက် အသက်ပဲ စွန့်လွှတ်သွားရှာလေပြီဟု အမှုအတန်းသာ ဝေပါတော့။ သို့ရာတွင် ကိုကိုသည် လူကဲခတ် အတော် ကောင်းသည်ဟု မိမိကိုယ်ကို မိမိ အထင်ကြီးခဲ့ခြင်းကိုကား ထိပ်ချမှ သိသကဲ့သို့ လက်တွေ့ရှိမှ သိတော့သဖြင့် များစွာ ယူကျုံးမရ ဖြစ်ရပါသည်။ အကယ်၍ ကိုကိုသည် အသက်နှင့် တည်နေပါက မလိုမုန်းထားစိတ် မရှိ၊ မိတ်ဆွေ သဘောမျိုးဖြင့် ဘယ်ဘက်ကမဆို ကူညီရန် အသင့်ဖြစ်ပါသည်။ သို့ကြောင့် မိတ်ဆွေဟု စာခေါင်း တပ်သည်ကိုလည်း ကျေနပ်လိမ့်မည်ဟု

မျှော်လင့်ပါ၏။ ဤဘဝဖြင့် ဤမျှနှင့် ဘဝကတ္တား အခြားကြီး ခြားခဲ့ပေ့ါ။ သြော်... အစော... အစော... နောက် နောက်က အစော ကတိထားခဲ့သည်ကိုလည်း ကိုကိုက ဖျောက်နိုင်အောင် ကြိုးစားပါမည်။ ဒါထက် အပိုရေးလျှင် အမှားပါမည် စိုး၍ ဤမျှ နှင့် ရပ်ပါရစေတော့။

**ကံဆိုးသူတစ်ဦး**

မောင်မျိုးညွန့်၏ ပြန်လှန်၍ စွပ်စွဲခြင်းသည် မိမိ လူရိုးလူကောင်း ပါဟု ရှင်းလင်း ဖော်ပြသည်ထက် ပိုမို ခရီးရောက်လေပြီ။ ခင်စောဦးသည် စာဆုံးသည်နှင့် တစ်ပြိုင်နက် ခေါင်းငိုက်စိုက် ကျလျက် အားပါးတရ ငိုကြွေး၍သာ နေရှာလေတော့၏။ မိမိအား မဟုတ်မတရား အထင်မှား ခံရသဖြင့်လည်း ရှက်ဒေါသဖြစ်ကာ မောင်လူဝတို့အား သာ၍ပင် မုန်းတီး သွားလေ၏။ တစ်ဖန် ပြန်လှန် စဉ်းစားပြန်သောအခါ မလိုသူ တစ်ဦး သည် မောင်မျိုးညွန့်နှင့် အခြား မိန်းကလေးတစ်ဦး ယှဉ်တွဲနေဟန် ကြံဖန် လုပ်ကိုင်ထားသည်ကို ထင်မြင်၍ လာလေ၏။ မိမိနှင့် မောင်လူဝသည် ကျေနပ် ယှဉ်တွဲသော အနေမျိုး တစ်စုံတစ်ရာ မရှိရဘဲ ဓာတ်ပုံတွင် ယှဉ်တွဲလျက် ရှိသည်ကို တွေ့ရသောအခါ၊ မောင်မျိုးညွန့်အားလည်း ဤသို့ အထင်အမြင် လွဲရန် ဖန်တီးခြင်းဖြစ်ကြောင်းကို ပိုမို သိသာခဲ့လေ ၏။ အရိုးအမှတ် အူတစ်စင်းတည်း ဖွဲ့မြဲ ချစ်ခင်ထားသူတို့တွင် အခြား တစ်ဦးနှင့် အထင်မှားခံရခြင်းထက် ရှက်ကြောက် စိတ်ဆင်းရဲစေသော အရာ မရှိတော့ချေ။ ဤကိစ္စကို အလုံးစုံခြုံ၍ စဉ်းစားသောအခါ ဦးအင်းတို့ သားအဖပေါ်တွင် သတ္တုကျ၍ နေလေတော့၏။ ထိုအခါ မိမိ ဖခင်ကြီး၏ သာသာနှင့်နာနာ ရေးလိုက်သော စာကို ပြန်လှန်ချေပရန် စိတ်ကူး ပေါ် ပေါက်လာလေ၏။ ခေတ်ပညာတတ်သူကလေး ဖြစ်သဖြင့် မိမိစိတ်နှင့်

မိမိကိုယ်ကို မိမိ သဘောအလျောက် လွတ်လွတ်လပ်လပ် ဖန်တီးပြုပြင်လိုရင်း ရှိရကား ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကတည်းက ချုပ်တည်း နှိပ်ကွပ်ခြင်းခံရသော အောက်ကျနောက်ကျ စိတ်များသည် အလိုလို လျှောဆင်း၍ သွားတော့လေ၏။ မျက်လုံးအိမ်၌ မျက်ရည်တို့သည် ခြောက်သွေ့၍ လာကာ ဖခင်ကြီးထံ အချက်ကျကျ ရေးသားရန် အကောင်းဆုံး စာသားကို စိတ်ကူးလျက် စာရေးစားပွဲဆီသို့ ထ ၍ သွားလေ၏။

သမီး အစော ရှိသေ လေးမြတ်စွာ ရှိခိုး အစီရင်တော်ခံပါသည်။

ဘဘဘုရား၏ ညွှန်ကြား ဆုံးမတော်မူသော စာကို ဖတ်ရသည့် နေ့ကစ၍ သမီးတော်မှာ တစ်နေ့မျှ မပျော်၊ သေမင်းခေါ်သေသည်ကို အမြဲလိုလားလျက် စိတ်အား လူအား များစွာ နွမ်းလျကာ နေထိုင်ခဲ့ရပါသည်။ သမီးတော်၏ မှားယွင်းသော အပြုအမူအတွက်လည်း အထူး နောင်တရလျက် ဘဘဘုရား စိမံတော်မူရာကို နာခံတော့မည်ဟု စိတ်ကူးရောက်ခဲ့မိပါသည်။ ယခုအခါမူ ဘဘဘုရား၏ စုံစမ်းတော်မူချက်သည် လျှို့ဝှက်သော လူယုံများထံမှ မဟုတ်ဘဲ မလိုသူတို့ထံမှ ဘဘဘုရား အထင်မှားရန် ညွှန်ကြား သတင်းလွှင့်ကြောင်း ယုံကြည်လောက်သည့် အထောက်အထားကို ပူးတွဲဓာတ်ပုံဖြင့် ဘဘဘုရား ချင့်ချိန်တော်မူမည်ဟု အစွဲအမြဲ ယုံကြည်ပါသည်။

သမီးတော်မှာ ပူးတွဲပါ ဓာတ်ပုံအတိုင်း မည်သည့်အခါမျှ ရောနှော ဆက်ဆံခြင်း မရှိခဲ့ပါ။ ဘဘဘုရား၏ မိန့်မှာချက် အာဏာတော်ကို မဖီဆန်ဝံ့၍ တစ်ကြိမ်မျှ တွေ့ဆုံ စကားလက်ခံပြောမိသော်လည်း နှစ်ကိုယ်ယှဉ်တွဲ ပျော်ပွဲဆင်သည့် အနေမျိုးနှင့်

ဘယ်အခါကာလမျှ မကြုံကြိုက်စေခဲ့ပါ။ ယခုပုံမှာ ကိုမျိုးညွန့်ဆီသို့ ရောက်ရှိ၍ သူ့ထံမှ ရရှိခြင်း ဖြစ်သဖြင့် ကိုမျိုးညွန့်နှင့် အခြားမိန်းကလေးတစ်ဦး ယှဉ်နွဲ့ နေထိုင်ပုံမှာ စဉ်းစားစရာ မလိုအောင် ပေါ်လွင်ထင်ရှား၍ လာပါသည်။ သမီးမှာ အသက် ၁၆ နှစ်ကျော်၍ အထက်တန်း ပညာရပ်များ လိုက်စား သင်ကြားခဲ့ဖူးသူဖြစ်သဖြင့် အချို့သော သမီး၏ ကိုယ်ရေးကိစ္စကို သမီးကိုယ်တိုင်ပင် ဆုံးဖြတ်ပြုမူဖို့ အခွင့်ပြုတော် မူသင့်ပြီဟု သဘောရသည်ဘုရား။ အသက်ဆံဖျား ကြောက်ရွံ့စွာ နေထိုင်ပါလျက် လူတစ်ဦးစီ၏ လွတ်လပ်ခွင့်ကို အရဲစွန့် ရေးသားခြင်းဖြင့် ဘဘဘုရား၏ ယူဆတော်မူချက်တွင် လေးနက်တော် မူလိမ့်မည်ဟု မျှော်လင့်ပါသည် ဘုရား။

ခင်စောဦးသည် စာကို ပြန်၍ ဖတ်လေ၏။ ဖတ်ပြီးနောက် "ဘုန်းကြီးစာချ မိချောင်းမင်း ရေကင်းပြသလို ဖြစ်နေမှာလား၊ ဘဘဘုရား စိတ်ဆိုးတော် မူလေမလား။ ဟယ် ... စိတ်ဆိုးလည်း မတတ်နိုင်တော့ပါဘူး။ ကိုယ့်မှာ အပြစ်မရှိရင် ပြီးတာပဲ" တစ်သက်နှင့် တစ်ကိုယ်ဘယ်အခါမျှ မတင်းဘူးသော စိတ်ကို ဇွတ်တင်းကာ ဓာတ်ပုံနှင့် တကွစာအိတ်ထူထူတွင် ထည့်သွင်း၍ နောက်တစ်နေ့ ပို့လိုက်ရန် သိမ်းဆည်းထားလိုက်လေ၏။ ထိုကိစ္စသည် ဤမျှနှင့် မအေးသေးချေ။ မခံချင်ခြင်း၊ ခက်ထန်ခြင်း စသော ထကြွသည့် စိတ်ကလေးများ ပေါ်ပေါက်လာသဖြင့် တိုက်အောက်ထပ်သို့ ဆင်းကာ ကား အပြင်ခိုင်းလေ၏။ ဒေါ်လုံမယ်နှင့် မစောနန်းတို့သည် ခင်စောဦး၏ တင်းမာသော အမူအရာကို အကဲခတ်ကာ အံ့အားသင့်နေကြရင်း –

'အို… အစော ဘယ်သွားမလို့လဲ…' ဟု ဝိုင်းဝန်း မေးမြန်းကြလေ၏။

'ကျွန်မ ဟိုနား သွားမလို့၊ အရေးကိစ္စ ရှိလို့'

'ဒီလိုဆိုရင် မစောနန်းလည်း ခေါ်သွားမှပေါ့'

'မလိုဘူး၊ ဒရိုင်ဘာတောင် မလိုဘူး၊ ကျွန်မဘာသာ မောင်းသွားမယ်၊ ကျွန်မ ကိစ္စကို ဘယ်သူ သိဖို့မှ မလိုဘူး'

'အို… အို… အစော ဘယ့်နှယ် ပြောတာလဲ၊ ဒေါ်ဒေါ်တို့ အကုန် ဒုက္ခရောက်ကုန်အောင် လုပ်တာလား'

'ဘယ်သူ့မှ ဒုက္ခ မရောက်စေဘူး၊ ဘဘဘုရားဆီ ကြေးနန်းရိုက် အကြောင်းကြားလိုက်၊ အစော ဘယ်သူ့ စကားမှ နားမထောင်ဘူး၊ ထင်ရာ သွားနေတယ်လို့။ အေးရော မဟုတ်လား' ကားပေါ်သို့ တက်ကာ တစ်ယောက်တည်း မောင်းနှင် ထွက်ခွာသွားလေ၏။

ခင်စောဦး၏ စိတ်ကို ဂုဏ်ပြိုင်သည့် အလား မော်တော်ကား ကလေး၏ အပြုအမူသည် ဆူပူ အောင့်အည်းလျက် အတင်း ရုန်းထွက် ပြေးနေလေရာ မိုင်မီတာတွင် တစ်ခါတစ်ခါ ၃၀ ကျော်၍ နေလေ၏။ ကားကလေးသည် ထောင်ကြီးနားမှ အနောက်သို့ အတင်းစိုင်းနှင်လျက် ရှိသည်ကို အချို့ ဘတ်စ်ကား၊ ဓာတ်ရထားများပေါ်မှ လှမ်း၍ ကြည့်ရှု လိုက်ကြ၏။

မောင်မျိုးညွန့်နှင့် ကိုနတို့ကား ညနေစာ စားသောက်လျက် နေကြစဉ် –

'ဘယ့်နှယ်ညီလေး၊ ကနေ့ တယ်ပြီး ကြိတ်လိုက်ပါလား'

'ဆာတော့ ဝင်တာပေါ့ ကိုကြီး၊ အစားအစာ မကောင်းဘူးရယ်လို့ မစားနိုင်တဲ့လူဟာ အစာရဲ့ အပြစ်မဟုတ်၊ ပါးစပ်ရဲ့ အပြစ်ပဲ။ တကယ် ဆာရင် ဘာပဲ စားရစားရ အများကြီး ဝင်တာပေါ့' ဟု ငရုတ်သီးစိမ်း

တောင့်ကို တစ်ဝက်ကိုက်လျက် ချဉ်ပေါင်ဟင်း ဆမ်းထားသော ထမင်းလုတ်ကို အားရပါးရ လွေး၍ နေလေ၏။

'ညီညီ ဒီလို စားတယ်ဆိုတော့ ကိုကြီး သိပ် ဝမ်းသာတာပဲ၊ ခု ကိုကြီး ဈေးရောင်းတာဟာ သုံးမတ်၊ တစ်ကျပ် စီတယ်။ ဒီအချိုးအတိုင်း စားရင် ညီအစ်ကိုနှစ်ယောက်မှ သုံးမူးလောက် ကုန်တော့ တစ်နေ့ ငါးမူးလောက် စုနိုင်သေးတယ်။ အင်း... ကုလားများ မြန်မာပြည် ၁၀ နှစ်၊ ၁၅ နှစ် ကြာတဲ့အခါ သူဌေးဖြစ်တယ် ဆိုတာ ဟုတ်မှာပဲနော်' ဟု ထမင်းတစ်လုတ်ကို ပါးစပ်တွင် သွင်းပြန်လေ၏။ မောင်မျိုးညွန့်သည် နားစိုက်သော အမူအရာနှင့် ကိုနအား လက်ကာပြနေစဉ် –

'ကိုကို... ကိုကို...' ဟု ခေါ်သော ခင်စောဦး၏ အသံ၊ စက်မရပ်သေးသော မော်တော်ကား၏ အသံကို ကြားရသဖြင့် တဲကုပ်သာသာ အိမ်ငယ်က လှေကားမရှိ အမြင့်မှ ဆင်းလျက် အံ့သြသော အမူအရာနှင့် –

'ဟင်... အစော ဘယ့်နှယ်တစ်ယောက်တည်း' ဟု ဝမ်းနည်း ဝမ်းသာ အမူအရာနှင့် မေးမြန်းနှုတ်ဆက်ရာ မောင်မျိုးညွန့်သည် ချည်လုံချည်အနွမ်း၊ ရှပ်လက်တို ပခုံးပြဲ လက်ပြတ်၊ ရင်ဘတ်က အပေါက်နှင့် ဆင်းရဲနေသည်ကို တွေ့မြင်ရလေရာ၊ အလွန် ကရုဏာသက်သော အမူအရာနှင့် မျက်ရည်လည်ရာ မထွက်အောင် မနည်းကြိုးစားလျက် 'ကိုကို ဘာလုပ်နေသလဲ' ဟု ပြောရင်း ကားပေါ်က ဆင်းလေ၏။ "နေဦး အစောရဲ့၊ ဒီတဲစုတ်ထဲ မဝင်ပါလေနဲ့၊ မောင်လူဝများ သိရင် ခင့်ကို မုန်းသွားလိမ့်မယ်" ဟု ကျီစယ်မည် လုပ်ပြီးမှ ဤသို့ ကျီစယ်သော် စိတ်နှလုံးကို အလွန် ထိခိုက်သွားလေမည်ဟု တွေးမိကာ –

'ထိုင်စကားပြောနေကြတာပါ အစောရယ်၊ ဘာမှ လုပ်မနေကြပါဘူး' ဟု ဆိုလိုက်လေ၏။

သို့ရာတွင် ခင်စောဦးသည် တဲထဲသို့ အတင်းဝင်ကာ ကြည့်ရှုလေရာ၊ မောင်မျိုးညွှန့် မျက်ရိပ်ပြ၍ ကပျာကယာ သိမ်းဆည်းနေသော ကိုနနှင့် ထမင်းပွဲကို တွေ့ရလေ၏။ ကိုနကား သိမ်းရမည့် ဟင်းများကို ရေဇလုံတွင် နှစ်ချလျက်၊ ရေဆေးမည့် ထမင်းပန်းကန်ပြားကိုမူ သေချာစွာ သိမ်းဆည်းလျက် နေရာက ညီငယ်ဖို့ဟင်း ရေထဲရောက်သွားသည်နှင့် မျက်လုံးပြူး ပါးစပ်ဟကြည့်ရင်း 'ညီလေးရေ ဝက်သားဟင်းကို မနက်ဖို့ ချန်ထားဦးမလား' ဟု ဟန်လုပ်ကာ လှမ်းမေးလိုက်လေ၏။ ခင်စောဦးကား ချဉ်ပေါင်ဟင်း၊ ငရုတ်သီးထောင်း၊ အာလူးချက် စသော ကာကဝလ္လိယတို့ အစာကိုမြင်ပြီး ဖြစ်သဖြင့် မျက်နှာကလေးငယ်လျက် တဲထဲက ပြန်ထွက်ကာ –

'ကိုကို အဝတ်အစား လဲစရာ ရှိသေးသလား'

'ရှိပါတယ်၊ တမင် ခေါက်သိမ်းထားပါတယ်၊ ဘာလုပ်မလို့လဲ'

'အစောနဲ့ အခု လိုက်ခဲ့ရမယ်၊ အစော ခေါ်ရာကို ကိုကို လိုက်မယ် မဟုတ်လား၊ ကိုင်း... ကိုင်း မြန်မြန်ဝတ်၊ ငါးနာရီ ထိုးပြီ'

'အို... အစော...(အံ့အားသင့်သော အမူအရာနှင့်) အစော ဘာဖြစ်တာလဲ၊ ဘယ့်နှယ်လဲ၊ ကိုကို့မှာ တင့်တောင့်တင့်တယ် မဆောင်ရွက်နိုင်သေးတဲ့ အချိန်မှာ အစောရဲ့ဂုဏ်နဲ့ ဘဘဘုရား ဂုဏ်ကို ငဲ့ပါဦး'

'အံမာ အစောသိတယ်၊ ကိုကို့ကို ခိုးမလို့ ခေါ်တာ မဟုတ်ဘူး၊ စကားပြောရအောင် ဟိုနားတွင် ခဏခေါ်တာ။ ပြီးတော့ ကိုကို ဘာသာပြန်သွားရမှာ၊ အံမာလေးဟဲ့ ကိုကို၊ အစောများ ...'

'ဩော်... ဩော်... ဒီလိုလား...' ဟု တရိတသေ သိမ်းဆည်းထားသော ရုပ်အင်္ကျီ၊ ဘန်ကောက်လုံချည်တို့ကို ထုတ်ဝတ်လျက် ဆံတိုကို ရေနှင့် လိမ်းကာ ဝါးဘီးနှင့် ကပျာကယာ ခွဲပြီး ကားပေါ်သို့ လွှားခနဲ တက်လိုက်လေ၏။

'ကိုင်း... လာလေ အစော၊ ကိုကို ဒရိုင်ဘာလုပ်ရမှာလား၊ ကိုကို့ဘေးက အစော ထိုင်ရမယ် ဟုတ်လား'

'ဟင့်အင်း... ကိုကို့ကို တွေ့ချင်လွန်းလို့သာ အရဲစွန့်လာတာ၊ ယှဉ်ထိုင်လောက်အောင် သတ္တိ မရှိပါဘူး၊ နောက်က ထိုင်လိုက် လိုက်မယ်'

'ကိုင်း... ကြာတယ် အစော၊ ထိုင်ချင်တဲ့ဆီကထိုင်' ဟု ကားကို ဂီယာပြောင်းလျက် ထွက်စပြုရာ 'ကိုကြီးရေ...' 'ညီလေးရေ...' ဟု နှစ်ယောက်သား သံပြိုင်မြည်ကြရာက အနည်းငယ် ဆိုင်းပြီး 'ညီလေးရေ...မြန်မြန်ပြန်ခဲ့' ဟူသော အသံ၊ 'ကိုကြီးရေ ကိစ္စပြီးရင် ပြန်ခဲ့မယ်၊ ၁၀ နာရီထက် နောက်မကျရဘူး' ဟူသော အသံများကို ကြားရပြီးနောက် ကားကလေးမှာ ရှေ့သို့ ငြိမ့်ခနဲ ဆွဲကာ ခပ်မြန်မြန် သုတ်ထွက်သွားလေ၏။

# အခန်း (၁၆)

နှစ်ယောက်သားမှာ အံ့အားသင့်ခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် မွှန်ထူလျက် ရှိသောကြောင့် စကားမပြောနိုင်ကြဘဲ ကားမှာ ဓာတ်ရထားလမ်း ဘယ်ဘက်ဘေးက ဗားကရားလမ်းဆီသို့ ပြေးလျက်ရှိ၏။ အချို့ လမ်းဘေးက လူများမှာ ကွမ်းယာသည်၏ ညီတစ်ယောက်သည် မိန်းမချော တစ်ယောက်ကို ခေါ်ဆောင်သွားသဖြင့် အံ့အားသင့်သည့်အနေဖြင့် ပြုံးရင်း ကြည့်ရှုနေကြလေ၏။

'အစေ... ဘယ်ကို သွားရမှာလဲ၊ ကန်တော်ကြီးလား'

'ဟာ... ကန်တော်ကြီးဆိုတော့ မတော် အသိတွေနဲ့ တွေ့မှဖြင့်၊ ကမ်းနားလမ်းဟိုတယ်ကို မောင်းပါ'

'အင်း... အင်း' ဟု ပြောရင်း ခပ်သုတ်သုတ် နှင်လေရာ မကြာမီ ဟိုတယ်တစ်ခု၏ ရှေ့သို့ ရပ်မိလေ၏။ ခင်စောဦးသည် တိုးတိုးကလေး 'သီးသန့်အခန်းတစ်ခုထဲ ဝင်ပါ'ဟု ပြောသဖြင့် ချောင်ကျ၍ အကာရှိသော အခန်းတစ်ခန်းတွင် ဝင်ရောက် ထိုင်ကြလေ၏။ ဟိုတယ်မှ အခိုင်းအစေ တစ်ဦးသည် ဘာများ သုံးဆောင်မလဲဟု မေးရာ၊ မောင်မျိုးညွန့် မမှာခင် ခင်စောဦးက စားလိုသော အစားအသောက်နှင့် ဘီယာနှစ်လုံးကို မှာသဖြင့် မောင်မျိုးညွန့်မှာ အထူး အံ့အားသင့်ကာ ခင်စောဦးသည် စိတ်

ဖောက်ပြန်လေပြီလော၊ သို့မဟုတ် ဗိုလ်ဆန်သော ကျောင်းသူအချို့ နှင့် ပေါင်းမိ၍ ဘီယာ သောက်တတ်လေပြီလောဟု ဝေခွဲမရ ဖြစ်နေစဉ် ပုလဲအဆင်းကဲ့သို့ သွားကလေးများ ပေါ်အောင် ပြုံးလျက် –

'ထင်… ထင်… ကိုကို ထင်ချင်သလို ထင်၊ ပြီးတော့ သိမယ်' ဟု ပြန်လှန် ပြောနေစဉ် စားဖွယ်သောက်ဖွယ်များ ရောက်ရှိလာလေ၏။ ခင်စောဦးသည် အခိုင်းအစေ၏ ရှေ့တွင် ဘီယာပုလင်းကို ဖွင့်လျက် ဖန်ခွက်နှစ်လုံးတွင် တစ်ဝက်သာသာစီ မျှထည့်ထားလေ၏။ အစေခံ ထွက်သွားလျှင် ထိုဘီယာ ဖန်ခွက် နှစ်ခွက်စလုံးကို ယူ၍ အညစ်အကြေး သွန်သော ခွက်ကြီးထဲသို့ သွန်ပစ်ပြီးလျှင် ဖန်ခွက်များကို စားပွဲပေါ်တွင် တင်ထားလေ၏။

'ကိုင်း… နားလည်ပလား၊ သူတို့ကတော့ စုံတွဲလာပြီး ပျော်ပါးတယ် ထင်မှာပဲ၊ အစောကို အချောင် ထင်မလားက မသိဘူး၊ ဒါပေမဲ့ အစော တို့ ပြောချင်တာတော့ ပြောရပြီ။ ပြောတော့မယ်နော်။

'ကိုကို အစောကို ဘာလို့ နှိပ်စက်ရတာတုံး'

'အလို ငပြုံးက ပြဲပြီး ငမည်းက ဖြူဆိုတာလို ဘယ်သူက ရက်စက် ပြီး ဒုက္ခပေးရတာတုံး၊ အစော စဉ်းစားကြည့်စမ်းပါ၊ ကိုကိုရဲ့ အခြေ အနေကို မြင်ခဲ့ရပြီ မဟုတ်လား၊ ဒီတော့ အစော ကိုယ့်အကြောင်းကို လူသိမှာစိုးလို့ ကိုကို့ကို အရင် အပြစ်တင်တာလားဟင်။ ပြောစမ်းပါဦး'

ခင်စောဦးသည် စကားပြန်မပြောဘဲ စားပွဲကို ငေးစိုက် ကြည့်ရှု နေရာက မျက်ရည်ပေါက်တို့သည် ပါးပေါ်သို့ စီးကျလာလေ၏။ ထို ကဲ့သို့သော အမူအရာသည် စကားခွန်းပေါင်း ထောင်သောင်း ပြောဆို သည်ထက် အဓိပ္ပာယ် လေးနက်လှသဖြင့် မောင်မျိုးညွန့်သည် ခင်စောဦး ၏ ကုလားထိုင်နှင့် မိမိကုလားထိုင် ထိကပ်နေအောင် တိုးလျက်

ခင်စောဦး၏ ကိုယ်ကလေးကို ညာလက်ဖြင့် သိမ်းကျုံး ဖက်ယူရင်း မျက်နှာနှစ်ခု အနီးဆုံး ချဉ်းကပ်ကာ –

'ဘာလို့ ငိုရတာလဲ အစောရဲ့၊ ပြောပါဦး၊ အစောဆီကို ရေးလိုက်တာ ဘာလွန်လို့လဲ၊ ကိုကို မှားသလား'

'မှားတယ်၊ သိပ်မှားတယ်၊ ကိုကို့ စိတ်ထဲမှာ တကယ် မထင်ဘဲ အစောစိတ်ကို မခံချင်အောင် ရေးတာပဲ၊ အစောစိတ်ကို ကိုကို သိပြီးလို့ သိကြားမင်းက လှည့်စားလာတောင် ကိုကို ယုံမယ်လို့ မထင်မိဘူး။ တကယ်လို့ ကိုကိုကသာ အဟုတ် စွပ်စွဲ၊ အဟုတ် ယုံကြည်မယ်ဆိုရင် အစော လူ့ပြည်မှာ မနေတော့ဘူး၊ အစောဟာ မိန်းကလေးရယ်လို့ ဖြစ်ပြီး အပျိုဖော် ဝင်ကတည်းက ကိုယ့်ကိုယ်ကိုယ် အထူး စောင့်ရှောက်တယ်၊ အစောရဲ့ အပြစ်အနာအဆာ ကင်းပြီး သန့်ရှင်းတဲ့ အဖြစ်ကို ကိုကို ကျူးကျော် ဖောက်ပြားခဲ့တယ်၊ ဒီအခါလည်း ဖြစ်မိတာ နောက်မဆုတ်ဘူးလို့ ကိုကို့ကို အားကိုး ယုံကြည်ခဲ့တယ်၊ ခုတော့ လူယုတ်မာနဲ့' ဟု စကားမဆက်နိုင် နင့်သီးနေသဖြင့် –

'မဟုတ်ရင်လည်း ပြီးရောပေါ့ အစောရယ်'

'အို… ကိုကိုကတော့ ပေါ့ပေါ့ ပြောနိုင်မှာပေါ့၊ ဒါဟာ အစောရဲ့ ဂုဏ်ကို အလွန် ထိခိုက်တယ်၊ ဘာဘုရားကိုလည်း တိုင်ပြီးပြီ၊ ဟို လူယုတ်မာတွေရဲ့ဉာဏ် နေမှာပဲ၊ တရားစွဲမှ ဖြစ်မယ်'

'အို… ရုံးရောက်၊ ရှက်စရာကြီး'

'ရှက်လို့ ငုံ့ခံရင် သာပြီး ခက်မှာပေါ့၊ နောက် ဒီ့ထက် စော်ကားမှာပေါ့'

'အို… ကိုယ်မဟုတ်ရင် ပြီးတာပဲ အစောရယ်၊ ကိုကို ယုံပါတယ်၊ ဒီပုံ ကိုကို့ လက်ထဲ ရောက်ကတည်းက တမင် လှည့်စားတာလို့ တွေးပြီး ပါပြီ၊ အစောကသာ ကိုကို့အပေါ် …'

'ကိုကို့ကို အထင်လွဲမိတာ မကျေနပ်လို့ အစောင့်အကြပ်တွေထဲက ဖွတ်တရွတ် အရွဲ့တိုက် ထွက်လာတာပေါ့'

'ဒါဖြင့် ဒီလို အစောနဲ့ ဟိုအကောင် တွဲထားတဲ့ပုံဟာ အစောရဲ့ ရုပ်ထွေးတဲ့အချက်ကို ရှင်းလင်းစေတာပေါ့'

'ဟုတ်တယ်၊ ဒီပုံ ရတော့ အကွင်းသား ပေါ်နေတာပေါ့'

'ဒါဖြင့် ဒီပုံကပဲ ကိုကိုတို့ အထင်လွဲ အမြင်လွဲကို စေ့စပ်ပေးသဖြင့် ကျေးဇူးတင်ဖို့ ကောင်းတာပေါ့'

'အို… ဒီလိုလည်း ကျေးဇူးမတင်နိုင်ပါဘူး၊ အစော ဘယ်လောက် စိတ်ဒုက္ခ ရောက်သလဲ'

'ကိုင်း အခုတော့ အစောရဲ့ စိတ်မှာ သံသယရှင်းပြီ မဟုတ်လား'

'အထူးပြောဖို့ မလိုပါဘူး၊ ကိုကိုကော အစောကို …'

'ယုံပါတယ်၊ အစော သန့်ရှင်းပါတယ်၊ ဒါကြောင့်ပေါ့ အစောရယ်၊ ဒီလို မညှဉ်းဆဲရတာ ကြာလှပြီနော်' ဟု လူငယ်ဘာဝ ပြုမူနေထိုင်လေရာ၊ ခင်စောဦးမှာလည်း အလိုလိုက်ကာ အကြိုက်ကို သည်းခံရရှာလေ၏။

'ကိုကိုရဲ့၊ ဒီလိုနဲ့ ကိစ္စ မပြီးသေးဘူးနော်'

'အစော ဘယ်လို သဘောရသလဲ၊ ကိုကို့ အခြေတော့ သိပြီ မဟုတ်လား'

'အစော သိပါတယ်၊ ဒီတော့ ဘဘဘုရားကို အစော ပြောမယ်၊ ဘဘဘုရားဟာ ငွေကြေးတတ်နိုင်သားပဲ'

'ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ဦးက ကိုကို့လို လူနဲ့ တကယ် သဘောတူချင်ဦး၊ သူ့ဂုဏ်ငဲ့ပြီး တူပါ့မလား အစောရဲ့'

'မတူ တူအောင် ပြောမှာပေါ့'

'သူ့မှာ ခိုင်လုံတဲ့အခြေရှိရင် တူမယ်၊ လူနဲ့ သူနဲ့ တူအောင် မကြံနိုင်ရင် သဘောမမျှနိုင်ဘူး ဆိုရင်ကော …'

'ဒီတော့ အစောဟာ ကိုယ်စိုးကိုယ်ပိုင် ပြုနိုင်တဲ့အရွယ်ရောက်လို့ အေးအတူ ပူအမျှ ကိုကိုနဲ့ လိုက်ပြီး အတူနေလိုက်မှာပေါ့'

'အဟုတ်လား အစောရယ်၊ သိပ် အားရစရာ ကောင်းတာပဲ'

'အို… ကိုကိုက အစောကို သူငယ်နှပ်စား မှတ်နေသလား'

'မမှတ်ပါဘူးဗျာ၊ တော်တော်ကြာသာ ဘဘဘုရားကလည်း သဘောမတူ၊ ကိုယ်စိုးကိုယ်ပိုင်လည်း မပြုရက်နှင့် ဟောဒီက ငမွဲမှာသာ ရင်ကွဲသေမှာ စိုးရိမ်ရပါတယ်'

'ကိုင်း… အခု ပြောနေတာ အပိုပဲ၊ နောက်တော့ ကိုကို သိမယ်' ဟု ပြောစဉ် မောင်မျိုးညွန့်သည် ဝမ်းထဲက ဟာလာသဖြင့် ဝမ်းဘဲပေါင်းတွေကို အားရပါးရ စားသောက်နေရာ၊ ခင်စောဦးသည် ချစ်သူ၏ မျက်နှာကိုသာ ကြည့်ရှုနေလေ၏။

'ဒီလို အစားမျိုး မစားရတာ အတော်ကြာပြီ အစောရဲ့'

'ထပ်မှာဦးမလား'

'အစော စားဦးမှာလား'

'ကျွန်မတော့ တော်ပြီ၊ မဆာပါဘူး၊ အလိုလို ဝမ်းပြည့်နေတယ်'

'ကိုကိုတော့ အစောနဲ့ တွေ့လို့ ဝမ်းလည်း သာတယ်၊ ဆာလည်း ဆာတယ်၊ ဟောဒီလို စားလိုက်… ဟောဒီလို…'

'အို… အို… အားပဲ မရသေးဘူးလား' ဟု နှစ်ဦးသား အထူးကြည်နူး ပျော်ရွှင်ကြခိုက် ခင်စောဦး၏ ကားမှ ဟွန်းသံကို ဆက်ကာ ဆက်ကာ ကြားရလေရာ၊ မျက်လုံးကလေး ပြူး၍ သွားရှာလေ၏။

'ဘယ့်နှယ် ကျွန်မကားက ဟွန်းသံပဲ'

'ဟင် ဟုတ်လား' ဟု မောင်မျိုးညွန့်သည် ထိုင်ရာမှ ကပျာကယာ ထ ကာ ထွက်၍ ကြည့်လေ၏။ ကားနားတွင် မည်သူ တစ်ယောက်မျှ မတွေ့သဖြင့် ဟိုတယ်ပိုင်ရှင်အား စုံစမ်းရာ 'လူတစ်ယောက် ကားနား

ကပ်ပြီး ဟွန်းကို နှိပ်သွားတယ်၊ လက်ဆော့သွားတာပါ၊ အရေးမကြီးပါဘူး’ ဟု ပြောသဖြင့် ပြန်၍ ဝင်လာကာ မိမိတို့ အခန်းတွင်းသို့ တစ်ဖန်အဝင်လိုက် ခင်စောဦးမှာ ကုလားထိုင်တွင် မရှိတော့သဖြင့် ခေါင်းများကြီးလျက် ထူပူ ထိုင်းမှိုင်းသွားပြီးလျှင် ‘ဟင် …အစော… အစော… ဘယ်ရောက် သွားပါလိမ့်’ ဟု ပျာပျာသလဲ ဖြစ်၍နေစဉ် ‘တူတူရေ… ဝါး…’ ဟု အခန်းထောင့် တစ်ခုက ပန်းကို ပုတ်လိုက်မှ စိတ်အေးကာ ခင်စောဦး၏ ကိုယ်ကလေးကို ပွေ့ယူလျက် ကုလားထိုင်တွင် ထိုင်ရင်း ‘ကိုင်း… စိတ်ပူအောင် လုပ်ဦး… လုပ်ဦး… မှတ်ပလား…’ ဟု ဘာတွေလုပ်နေသည်ကို မသိ၊ ခင်စောဦးကား ‘နောက် မလုပ်ပါဘူး၊ လွှတ်ပါတော့ ကိုကိုရဲ့၊ အစေခံတွေ ဝင်လာမှဖြင့် ရှက်စရာကြီး’ ဆိုမှ ဘေးကုလားထိုင်ပေါ်တွင် အသာချကာ ဘဲပေါင်းကို အစသတ် စားပြီးနောက် ခင်စောဦးက အစေခံတစ်ယောက်ကို ခေါ်လိုက်လေ၏။ အစေခံအား ကျသင့်သောအဖိုးနှုန်းများကို ဆယ်တန်စက္ကူတစ်ချပ် ထုတ်၍ ပေးလျက် ဘီယာပုလင်းထဲက အကျန်များကိုလည်း အကုန် သွန်လိုက်လေ၏။

‘တစ်စက်မှ မသောက်ကြဘဲနဲ့နော်၊ နှမြောစရာကြီး’

‘ဒီပုလင်း ပါတော့ ကိုကိုနဲ့အစော အချိန်ဆွဲနေတဲ့အတွက် ဟိုတယ်က လူတွေ အထွေအထူး မထင်ကြပေဘူး မဟုတ်လား ၊ သြော် ဒါထက် မေ့နေလိုက်တာ၊ ရော့… ရော့ အစ်ကို၊ ဟောဒါ ထုခွဲသုံး၊ ငွေကတော့ ဒါလောက်ပဲ ရှိတယ်’ ဟု စိန်လည်တုန်တစ်ခုနှင့် ရာတန် စက္ကူ ဆယ်ချပ်ကို ထုတ်၍ ပေးလေ၏။

‘များလှချည်လား အစောရယ်၊ နည်းနည်းပဲ တော်ပါပြီ’

‘အို… မဟုတ်ဘူး၊ ကိုကို့မှာ ဆောင်ရွက်စရာ ကိစ္စတွေက အများကြီးပဲ၊ ဒါမှ ကိုယ့်ခရီးကိုယ် ရောက်နိုင်တော့မပေါ့’

‘အင်း… ဒီကိစ္စကလည်း အစအဆုံး ကြံရဦးမယ်၊ ကိုင်း ခွဲကြဦး

စို့ အစောရယ်၊ ဒီလို နေရတာ ပျော်ပါရဲ့၊ အို… တစ်ခါတည်း အတူ နေကြပါစို့’ လက်ကလေးကို ဆွဲခေါ်ရာ–

(ငိုမဲ့မဲ့ မျက်နှာနှင့်)‘အစောလည်း နေချင်တာပေါ့၊ ဒီလို အရမ်း ကာရော ဆိုတော့ အစော လွန်ရာကျမှာပေါ့၊ မနေလို့ ခွဲရပြန်တော့လည်း ရင်ထဲက၊ စိတ်ထဲက ဘာလိုလိုနဲ့ မနေတတ်မထိုင်တတ် ဖြစ်တော့မှာပဲ’ ဟု မျက်ရည်ကလေးများ ဥ၍ လာတော့သဖြင့် –

‘အို… အစော ခွဲခါနီး နိမိတ် မကောင်းဘူးကွယ်’

‘အစော စိတ်တင်းပေမယ့် မရဘူး’ ဟု ပြန်ပြောစဉ် နှစ်ယောက်သား အခန်းထဲမှ ထွက်ခဲ့ကြလေ၏။ ကားပေါ်သို့ တက်မိကြလျှင် –

‘ရှစ်နာရီတောင် ရှိသွားပြီနော်၊ ဒီအချိန်တော့ အစော ထိုင်ရဲပါတယ်’ ဟု မောင်မျိုးညွန့်၏ဘေးတွင် ယှဉ်၍ထိုင်ကာ လိုက်ပါသွားလေ၏။

‘ဒါထက် ကနေ့ည တစ်ညလောက် အစောတို့ တိုက်မှာ မတည်း ရဘူးလား’

‘ဟင် ဘယ်တော်လိမ့်မလဲ ကိုကို၊ လူကဲ့ရဲ့စရာကြီး၊ ကားတောင် လမ်းထောင့်ချိုး ရောက်ရင် အစောဘာသာ မောင်းသွားမယ်၊ ကိုကို ဆင်းပြီး နေရစ်တော့။ ဟုတ်လား’

‘အစော သဘောပေါ့’ ပြောစဉ် တောင်ဘက်မှ ကားတစ်စင်းသည် ‘အစော… အစော’ ဟု ခေါ်လျက် ရပ်လိုက်သဖြင့် မောင်မျိုးညွန့်က ရပ်မည်အလုပ် ‘မရပ်နဲ့၊ မောင်းသာမောင်း’ ဟု ဆိုသောကြောင့် ခပ်မြန် မြန် မောင်းလေ၏။ ၂၉ လမ်းထောင့်သို့ ရောက်လျှင် ‘ကိုင်း… ကိုကို ပြန်တော့နော်’ ဟု မျက်နှာငယ်ကလေးနှင့် ကပ်နိုင်သမျှ ကပ်လျက် ‘အစော အစစ စိတ်ချပါရစေ’ ဟု တစ်စုံတစ်ခု ပြုမည်အလုပ် ‘အို… ဓာတ်မီးရောင်နဲ့ လူတွေနဲ့၊ ကဲပါနော် … ကိုကို့လက်ထဲရောက်မှ သွန်လို သွန်၊ မှောက်လို မှောက်’ ဟု ပြောသဖြင့် မောင်မျိုးညွန့်သည် အောက်သို့

ဆင်းလိုက်လေ၏။ ခင်စောဦးလည်း ကားစတီရာကို ဟိုကိုင် သည်လှည့်နှင့် ရှေ့သို့ ဝါးနှစ်ရိုက်ခန့် သွားပြီးလျှင် ကားကို ရပ်၍ တိုက်ပေါ်သို့ တက်ရောက်သွားလေ၏။ အစေခံမကလေးများလည်း အံ့အားသင့်လျက် ကြည့်ရှုနေရာ တစ်ယောက်ကို ခေါ်ယူလျက် 'ဒေါ်ဒေါ်တို့ ဘယ်သွားကြသလဲ'

'မမကို သွားရှာကြတာ။ လူကြီးတစ်ယောက် လာတယ်၊ မမတို့ ဘယ်ဟိုတယ်ဆိုလား ကားဟွန်းတောင် သူ နှိပ်ပစ်ခဲ့သေးသတဲ့' ဟု ပြောစဉ် ကားတစ်စင်းရပ်သံ ကြားသဖြင့် 'ကိုင်း... သွားတော့' ဟု လွှတ်လိုက်လေ၏။ ဒေါ်လုံးမယ်နှင့် မစောနန်းသည် စိုးရိမ်ပူပန်သော မျက်နှာဖြင့် ဝင်ရောက်လာကြကာ –

'အစော ဘယ့်နှယ် လုပ်တာတုံး၊ ဒေါ်ဒေါ်တို့ အကုန် ဓားစာဖြစ်ကုန်တော့မှာပဲ' ဟု ငိုယိုကြရာ –

'အို... ဒေါ်ဒေါ်တို့ ဘာမှ မဖြစ်စေရဘူး၊ နက်ဖြန် ကြေးနန်းရိုက်လိုက်၊ အစောဟာ ပြောစကား ဆိုစကား နားမထောင်ဘူး၊ ကိုမျိုးညွန့်နှင့် ပြန်ပြီး ဆက်သွယ်နေတယ် လို့'

'ဒီလိုဆိုရင် အစော နစ်နာမှာပေါ့၊ အကြောင်းမကြားဘဲ နေရင်လည်း ဒေါ်ဒေါ်တို့ အပြစ်ကင်းကြမှာ မဟုတ်ဘူး'

'ကြားသာ ကြားလိုက်ပါ၊ ကိုင်း ဒါပါပဲ၊ ကျွန်မ အိပ်ချင်ပြီ' ဟု ခုတင်ပေါ် တက်လိုက်သဖြင့် ဒေါ်လုံမယ်တို့လည်း ထွက်ခွာသွားကြလေ၏။

ခင်စောဦးကား အိပ်ရာပေါ်တွင် တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ချစ်သူနှင့် စကားပြောခဲ့ရပုံ၊ နှစ်ဦး ကျီစယ်ပုံတို့ကို ပေါ်ပေါက်ကာ၊ စိတ်ကူးယဉ်လျက် အာတော်ညဉ့်နက်မှ အိပ်ပျော်သွားလေသည်။

မောင်မျိုးညွန့်ကား အစ်ကို ကိုနအား ဒါလဟိုဇီလမ်း၌ အခန်း

ငယ်တစ်ခုကို ငှား၍ မြန်မာလက်ဖက်ရည်ဆိုင် ဖွင့်နှင့်ရန်၊ လူယုံတပည့် နှစ်ယောက်ကို ငှားဖို့ရန် အစခပ်သိမ်း မှာထားလျက် မိမိမှာ ခရီးသင့်သလို ထွက်ခွာဦးမည့် အကြောင်းပါ ပြောဆိုထားလေ၏။ နောက်တစ်နေ့ မိုးလင်းသောအခါ 'ကိုင်း… ကိုကြီးန သတိမမေ့နဲ့နော်၊ ကိုကြီးဉာဏ်တို့ လာမေးရင်လည်း မသိဘူးလို့သာ ပြော' ဟု ထွက်ခွာခဲ့လေ၏။

ရန်ကုန်ဘူတာကြီး၌ တတိယတန်းတွဲတွင် ထိုင်၍ နေသော မောင်မျိုးညွှန့်အား အသိမိတ်ဆွေအချို့ လာရောက်မေးမြန်းရာ မန္တလေးသို့ ဘုရားဖူးသွားမည့် အကြောင်းလောက်သာ ပြောဆိုလိုက်လေသည်။ ၎င်း၏အကြံမှာ ချောက်ဘက်က လှည့်၍ ရေနံချောင်းသို့ အမြန် ရောက်အောင် သွားရောက်ခြင်း ဖြစ်၏။ ရေနံချောင်းသို့ ရောက်လျှင် မိမိတို့ သွင်း၍ထားသော ကိုယ်စားလှယ်၊ မန်နေဂျာများကိုခေါ်၍ အိမ်တစ်အိမ်တွင် တိတ်တိတ်ပုန်း စိုင်းပြင်းလျက် ရှိကြလေ၏။ ထိုအစည်းအဝေးပွဲ၌ကား လုပ်သားခေါင်းဆောင် ၁၀ ဦးခန့်သာ ရောက်ရှိသဖြင့် ခေါင်းချင်းရိုက်လျက် –

'ဘယ့်နှယ်လဲ၊ ခင်ဗျားတို့ အခြေအနေ ပြောစမ်းပါဦး၊ အရင်က ကျွန်တော် စီစဉ်တဲ့အတိုင်း ဟန်ကျကြရဲ့လား'

'မကျတော့ပါဘူး၊ ဖြစ်ချင်တိုင်းလည်း ဖြစ်၊ ပျက်ချင်တိုင်းလည်း ပျက်နေတော့တာပဲ၊ တစ်ယောက်သြဇာ တစ်ယောက်မခံ၊ ဦးအင်းတို့ဆီ မျက်နှာလို မျက်နှာရ လုပ်ချင်တဲ့လူတွေကများ၊ ဟိုကလည်း မယ်ဇလီနေရာနဲ့ တန်တဲ့လူ၊ ဂိုဒေါင်စာရေးကြီးနဲ့ တန်တဲ့လူ၊ ဆုငွေနဲ့ တန်တဲ့လူ၊ တံဆိပ်နဲ့တန်တဲ့ လူကို အဲသလို အမျိုးမျိုး မြှောက်ပင့်ပေးတော့ သူတို့က တစ်ထောင့်၊ အနှောင့်အယှက် ဖြစ်နေတာပဲ။ ပြီးတော့ လုပ်သားထဲမှာပါတဲ့ ကုလား၊ တရုတ်တွေကဆို သိပ်လူဝါးဝတာပဲ။ သူတို့က အလုပ်လုပ်၊ သားမယားတွေက ဆိုင်ဖွင့်၊ ဦးအင်းကလည်း မျက်နှာသာပေးတော့ ကြဲချင်တိုင်း ကြဲနေကြတာပဲ'

'တော်ပြီ… တော်ပြီ၊ ဒီလောက်ပြောရင် ကျွန်တော် နားလည်ပါပြီ၊ ယခုကိစ္စဟာ ကျွန်တော်တို့ အမွေကိစ္စ ဆိုပေမယ့် ခင်ဗျားတို့ သက်သာချောင်ချိမှုနဲ့လည်း မကင်းဘူး၊ ကျွန်တော်တို့ အကျိုးရှိရင် ခင်ဗျားတို့လည်း အကျိုးရှိကြမှာ မလွဲဘူး၊ အခု လာကြတဲ့ လူထဲမှာလည်း အတော်သြဇာကိုက်တဲ့ လူကြီးတွေဆိုတော့ သေသေချာချာ စဉ်းစားပြီး နားထောင်ကြစေချင်တယ်။

'ပထမ ခင်ဗျားတို့ ညီညွတ်အောင် ကြိုးစားရလိမ့်မယ်၊ ဒီကိစ္စဟာ ပေါ့ပေါ့ စဉ်းစားလို့ မဖြစ်ဘူး၊ ဦးအင်းတို့ သားအဖက ဝံသာနုတွေ ဘာတွေ နားလည်တာ မဟုတ်ဘူး၊ ဘာဖြစ်ဖြစ် သူတို့အကျိုးဖြစ် လုပ်မှာပဲ၊ ဒီတော့ကာ အခု ဦးအင်း အခွင့်အရေး ပေးထားတဲ့ လူတွေရောကျန်တဲ့လူတွေပါ မြန်မာမှန်သမျှ ဒုက္ခတွေ့ကြမယ်၊ သူတို့အကြံက ခင်ဗျားတို့ဟာ ကျွန်တော့် ဖခင်လက်ထက်က လူတွေဖြစ်တော့ တစ်စတစ်စနဲ့ ကုလား၊ တရုတ်ကပြား လူမျိုးခြားတွေ သွင်းပြီး ခင်ဗျားတို့ကို မျိုးပြုတ်အောင် လုပ်လိမ့်မယ်၊ ကျွန်တော်တို့ ဆောင်ရွက်သမျှမှာလည်း ခင်ဗျားတို့ မကူညီရင် မဖြစ်ဘူး၊ ဒီတော့ အခု ရေနံမြေမှာ လုပ်သား ၂၀၀၀ ကျော် ရှိတယ် မဟုတ်လား၊ အလုပ်လုပ်တဲ့ အခါမှာ ၂၀၀၀ စလုံး အစည်းအဝေး ခေါ်သလား၊ ဘာလား မလုပ်နဲ့။ ၁၀ ယောက်မှာ လူကြီးတစ်ယောက်၊ အဲဒီ လူကြီးမျိုး ၁၀ ယောက်မှာ တစ်ခါ အထက်က သူကြီးတစ်ယောက်။ အဲဒီလို ဆင့်ကဲ ဆင့်ကဲ ဖွဲ့၊ ဒီတော့ အလုပ်လုပ်တဲ့ အခါ အကြီးဆုံး ၁၀ ယောက်ထဲ စည်းဝေးပြီး ကိုယ့်လက်အောက် လူတွေ အကြောင်းကြားရင် မညီညွတ်နိုင်စရာ မရှိဘူး၊ ကလေးတွေနဲ့ မိန်းမတွေ ပညာတတ်အောင်လည်း ကြိုးစားပါ၊ ဒို့ပြင် ခပ်ညံ့ညံ့ လုပ်သားတွေကိုလည်း မျက်စိပွင့်အောင် ကြိုးစားပါ၊ ခု နောက်ဆုံး ကျွန်တော် ပြောရမယ့်အခြေ၊ ကျွန်တော်တို့ဟာ အမွေကို တောင်းလို့ ဘယ်နည်းနဲ့မှ ရမှာ

မဟုတ်ဘူး၊ နေ့ရက်ဆွဲပြီး ကျွန်တော်တို့ကို ဆင်းရဲအောင်လုပ်မှာ အမှန်ပဲ။ သူတို့ မပေးရင် မနေနိုင်တဲ့နည်း လုပ်ဖို့ရှိတယ်၊ ဒါဟာလည်း မလွယ်ဘူး၊ ခင်ဗျားတို့ ကြံရာစည်ရာမှာကို တစ်ဖက်က သူလျှိုလုပ်တတ်တဲ့ လူတွေ ပါလိမ့်မယ်။

'အဲဒီလူတွေကို လက်တွေ့ ဒဏ္ဍပေးလိုက်၊ ခင်ဗျားတို့ ညီရင်ကုလား၊ တရုတ်ကတော့ လူနည်းနည်းကလေး၊ ပြားပြားဝပ်ရမပေါ့။ မဝပ်လည်း ထိုက်သလို စီရင်ရတာပေါ့၊ အဖြစ်အပျက်ကို လက်ကုတ်တရား နာနာဟောပြီး နောက်ဆုံးမှာ ခင်ဗျားတို့က ဒါဟာ ဦးပေါ်ရဲ့ သားများ အမွေပစ္စည်း ဖြစ်တယ်လို့၊ သားများကို ပေးသင့်တယ်လို့ တစ်သံတည်း မြည်ရမယ်၊ တောင်းဆိုရမယ်။ ခင်ဗျားတို့ တစ်သွေးတည်း တစ်စိတ်တည်း ဖြစ်မှန်းသိရင် သူတို့ မျက်လုံးပြူးမယ်၊ ဒါပေမဲ့ နှိပ်စက်နိုင်သလောက် နှိပ်စက်၊ ခြောက်နိုင်သလောက် ခြောက်ကြမှာ အမှန်ပဲ'

'ဒီလို ဆူပူ တောင်းယူလို့ မရရင်ကော ဘယ့်နှယ်လုပ်မှာလဲ'

'လွယ်ပါတယ်၊ ရေနံတွင်း တစ်တွင်းလောက် မီးရှို့ပြလိုက်တာပေါ့၊ လက်ပစ်ဗုံးတွေ ဘာလုပ်ဖို့လဲ၊ ဒီဝါဒကို သတ္တုတွင်းနဲ့ ကျောက်မီးတွင်း၊ လယ်ယာ၊ ကိုင်းကျွန်းလုပ်တဲ့ ဦးအင်းနဲ့ ပတ်သက်သမျှ လူများ သိရှိအောင် အခု ခင်ဗျားတို့ ပြောခဲ့တဲ့နည်းအတိုင်း လှည့်လည် အလုပ်လုပ်ဖို့ ကျွန်တော့်တာဝန် ထား၊ နောင် ဆူပူတဲ့အခါ တစ်ချိန်တည်းဖြစ်အောင် ကျွန်တော် ကြိုးစားမယ်၊ ကျွန်တော် ဝိုင်ယာလက် ပညာကို ဆင်းပူး လက်စရှိပြီးမို့ အိန္ဒိယကို သွားပြီး တစ်လလောက် လက်တွေ့ သင်ဦးမယ်၊ ဟုတ်ပလား ... သဘောကျပလား။ လောကမှာ အလုပ်သဘောတူ လူတစ်မျိုးလုံး ကြားက ရေပက်မဝင်အောင် ညီညွတ်မယ်၊ တစ်ဦးနဲ့ တစ်ဦး မနာလို ငြူစူစိတ်မရှိဘဲ ချစ်ချစ်ခင်ခင် ရှိကြမယ်၊ သူခေါင်းဆောင်တာ၊ ငါဘာလို့ လိုက်ရမှာလဲ၊ ငါလည်း ဆောင်နိုင်သားဆိုတဲ့ စိတ်ယုတ်

တွေကို ဖျောက်ကြမယ်ဆိုရင် ကျွန်တော်တို့ ရည်ရွယ်တာ အထမြောက် ရမပေါ့ဗျာ။ လောကကြီးမှာ ကိုယ်တို့ နစ်နာတာတွေဟာ မညီလို့၊ သတ္တိ မရှိလို့၊ တစ်ဦးနဲ့တစ်ဦး ပုတ်ခတ်နေကြလို့ ဖြစ်ရတယ်ဆိုတာ နားလည် ရင် လမ်းမှန်ဖြစ်အောင် ကြိုးစားကြမှပေါ့။ အရင်တလောက ကျွန်တော် လာပြီး ရေနံတွင်း မီးရှို့၊ ညီညီညွတ်ညွတ် ဆူဆူပူပူလုပ်တော့ လုပ်အား အခ တိုးတယ်၊ ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ် ရခဲ့ကြတယ် မဟုတ်လား။ ကျွန်တော်တို့လည်း ဘာတစ်ခုမှ မစားရဘူး၊ သူတို့သာ ဒီအဆီအနှစ်တွေ စားနေရတယ်ဆိုရင် ဦးအင်းနဲ့ သူ့လူယုံတွေက နည်းနည်းလေး၊ ကျွန်တော် တို့ လူတွေ အများကြီးပဲဟာ။ သစ်တောတွေ မီးစာဖြစ်အောင်၊ ရေနံတွင်း တွေ အကုန် မီးတောက်အောင်၊ သတ္တုတွင်းတွေ ဓာတ်ငွေ့တွေ ထွက် အောင် လုပ်ပစ်လိုက်ရုံပေါ့။ သူတို့လည်း အပါးကြီးပါ၊ ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ အသံပြည်လိုက်ရင်၊ ကိုင်းပါ မောင်တို့ ... ဒီလိုတော့ မကြဲကြနဲ့၊ ရေနံငါးတွင်းက ဝေစားမျှစား သုံးတွင်းယူပါ၊ သတ္တုတွင်းက ဘယ်လောက်ယူပါ ဆိုတာ တောင်းပန်လာရမှာပါ။ သူတို့ရဲ့ အလုပ်ကိစ္စ၊ အုပ်ချုပ်သမျှ အနှောင့်အယှက်ပေးတဲ့နောက် လျှော့ပေးရမှာပါ။ ကြပ်ကြပ် သတိထားဖို့က အသားထဲက လောက်ထွက်တဲ့ လူညာတွေ ရှိတတ်တယ် နော်၊ ဒီလူမျိုးတွေကိုတော့ ချမ်းသာမပေးနဲ့၊ ကိုင်း ကျွန်တော် ပြောလိုတာ ဒါပါပဲ၊ ခင်ဗျားတို့ သဘော မရှင်းတာ မေးပါဦး'

'ရှင်းပါပြီ၊ ဟုတ်တယ်၊ ဒီအတိုင်း လုပ်မှ ဖြစ်ကြမယ်။ စေတနာ မရှိ၊ မရိုးမဖြောင့်၊ လောဘဇောနဲ့ အုပ်ချုပ်နေတဲ့ သူဌေးတွေအောက်မှာ ကျုပ်တို့လည်း မနေချင်ဘူး'

'ကျွန်တော်တို့ကျတော့ ခင်ဗျားတို့ ကြိုက်တဲ့ ကိုယ်စားလှယ်၊ ကြိုက်တဲ့ လခတို့ကို ရပါစေမယ်၊ ဒီအရင် ကျွန်တော့်ဖခင် လက်ထက်က ဘယ်လောက် ခင်ဗျားတို့ အေးချမ်းခဲ့သလဲ၊ ဘုရားသွား ကျောင်းတက်

မှန်လို့၊ အိမ်ပြန်ရင် ဘာမှ မယူကြရဘူး။ ကိုင်း... ကိုင်း... အားလုံး ကြွကြပါတော့၊ ကျွန်တော်လည်း သင်္ဘောတွင်းနဲ့ သစ်တောရှိရာ လယ်မြေ ရှိရာက လူတွေကို ဒီအတိုင်း အကြံပေးရဦးမယ်' ဟု ပြောကာ လူစုခွဲကြ လေ၏။

# အခန်း (၁၇)

ခင်စောဦးကား ဒေါ်လုံမယ်သည် အမတ်ကြီးထံသို့ ကြေးနန်း ရိုက်လိုက်ပြီ ဖြစ်သဖြင့် ဖခင်ကြီးအား မည်သို့ ပြောဆိုရမည်ကို အမျိုးမျိုး စဉ်းစား၍ နေလေ၏။ မိမိသည် မိဘအုပ်ထိန်းခြင်းမှ ကင်းလွတ်သော အရွယ်ပင် ရောက်ရှိငြားသော်လည်း ယနေ့အထိ မိမိအသက်နှင့် တည်နေနိုင်သည်မှာ မိမိ၏ ကိုယ်စွမ်းကိုယ်စနှင့် ရှာဖွေသော ငွေကြေး တစ်စုံတစ်ရာ မပါချေ။ အနောက်နိုင်ငံ၏ နည်းစနစ်အတိုင်း မိမိ ပိုင်ဆိုင်သော လွတ်လပ်ခွင့်ကို မိမိဉာဏ်မြင်သလို ပြုမူနိုင်စေကာမူ ထိုသို့ လွတ်လွတ်လပ်လပ် ပြုမူလိုလျှင် မိမိ စွမ်းအားသတ္တိနှင့် မိမိ၏ ဝမ်းခါးကို ထိန်းနိုင်စေရမည်။ ယခုမှာကား မိမိ ပညာသင်ကြားရေးအတွက် တိုက်ခန်း၊ လူပို သုံးလေးယောက်၊ မော်တော်ကား စသည်တို့နှင့် ငွေကြေး မြောက်မြားစွာ အကုန်အကျ ခံ၍ ပြုစုခဲ့၏။ သည်မိဘ ပြုစု၍ သည်အသက်၊ သည်ပညာ ရခဲ့ပြီ။ အသက်ရင့်၍ ပညာစုံသည်နှင့် တစ်ပြိုင်နက် မိဘသြဇာ မခံ၊ ကိုယ်ဉာဏ်မြင်သလို ပြုမည်ဆိုက မိဘသည် အသို့လျှင် ကျေနပ်ပေအံ့နည်း။ မိမိ ယခု တွေးတောသကဲ့သို့ ဖခင်ကြီး တွေးတော မေးမြန်းက မည်သို့ ဖြေဆိုရအံ့နည်းဟု စိတ်ကို ဝေခွဲမရ ဖြစ်ရာမှ "အို ဒီလို ပြုရဲပြီးမှတော့

လွတ်လပ်ခွင့် ပြုနိုင်ခွင့်ကို ဇွတ်တိုးပြောရမှာပဲ” ဟု စဉ်းစားခိုက် ကားရပ်သံ၊ အစေခံများ အသံတို့ကို ကြားရသဖြင့် ခင်စောဦးလည်း အပြေးကလေး ဆင်းလျက် ဖခင်ကြီး လက်က ပါသော သတင်းစာ၊ မိုးကာအင်္ကျီတို့ကို ယူငင်ကာ တက်ခဲ့လေ၏။

'ကိုင်း... ကိုင်း... ပစ္စည်းတွေ ထား၊ အားလုံး ထွက်ကြ၊ အစောနေရစ်' ဟု ဖခင် အမတ်ကြီး၏ တည်ကြည်သော အသံသည် ခင်စောဦး၏ ဟဒယကို ကိုင်လှုပ်သကဲ့သို့ ဖြစ်၍ သွားလေ၏။ ဟဲ့... ဆိုလျှင် ကြောက်ရ၍ ငေါက်လိုက်လျှင် နေစရာမရှိအောင် ရွံ့ခဲ့သော ဖခင်ကြီးနှင့် မျက်နှာချင်း ဆုံတွေ့ရလေပြီ။ ဖခင်၏ ခံ့ညားသော ကိုယ်၊ စူးရှ တောက်ပြောင်သော မျက်လုံး၊ တည်ကြည် ပြတ်သားသော အသံတို့သည် ဖခင်ကြီး၏ ရင်ခွင်ထက်မှာ ကြီးထွားခဲ့ရသော ခင်စောဦးအား ပိုမို လှုပ်ရှားစေလေ၏။

ခင်စောဦးသည် ဖခင်ကြီး၏ ကုလားထိုင် ဘေးတွင် ဒူးထောက်ကာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လျက် အမိန့်ကို စောင့်ဆိုင်းနေလေ၏။

'အစော၊ လုံမယ်တို့ ကြေးနန်းအတိုင်း အမှန်ပဲနော်'

'မှန်... မှန်... မှန်ပါ့ဘုရား' (တုန်ချည့်စွာ ခေါင်းချ၍ ပြောသည်။)

'အစော ဒီလို ပြုမူပါရစေလို့ ဘဘဆီ ခွင့်တောင်းတဲ့ စာတော့ ဖတ်ရပြီး၊ ဘဘ သဘောကို အစော သိရပလား'

'မသိရသေးပါ'

'အဲဒီလို ဘဘရဲ့ သဘောက ဘယ်လိုလဲ ဆိုတာ မသိရခင် အစော အခုလို ပြုမူလိုက်တဲ့အတွက် စိတ်မကောင်းဘူး၊ အစောရဲ့ ဆန္ဒအတိုင်း ပြုမူဖို့ ဘဘ ခွင့်မပြုမှ အစော ထင်ရာလုပ်မယ်ဆိုရင် ဘဘလည်း ကိုယ့်စိတ်ကို ကိုယ်ဖြေနိုင်လိမ့်မယ်၊ အခုလို ဆိုတော့ အစောဟာ မလွဲပေဘူးလား'

ခင်စောဦးသည် စကား ပြန်မပြောဘဲ မျက်ရည်ပေါက်တို့သာ ကျဆင်းလာလေတော့၏။ အမတ်ကြီးသည် လေးအေးစွာ ကရုဏာသက်သော အသံဖြင့် –

'လောကမှာ မိန်းကလေးများ ကိုယ်တိုင် ယောကျာ်းကလေးဆီသွားတယ်ဆိုတာ သူများ ဘယ်လိုပြောကြမလဲ၊ ဒါကိုလည်း စဉ်းစားဖို့လိုတယ်။ အကယ်၍ အစောရဲ့ စိတ်မှာ ဒီသူငယ်ကို ဘယ်နည်းနဲ့မှ မဖြတ်နိုင်ဘူးဆိုရင် သူတောင်းစား ဖြစ်ပေစေ ဘဘက တင့်တောင့်တင့်တယ် ဖြစ်အောင် ကြံပေးမှာပေါ့။ လွန်တာ လွန်ပေစေ၊ နောင်ကိုသာ ဒီအပြုအမူမျိုး မဖြစ်စေနဲ့၊ စာမေးပွဲလည်း နီးလှပြီ၊ မိန်းကလေး လွတ်လပ်အားကြီးတော့လည်း မကောင်းဘူး' ခင်စောဦးသည် တစ်ဆို့နေသော လည်ချောင်းကို အနိုင်နိုင်ရှင်းလျက် စွန့်စားကာ –

'ဘဘဘုရား မကန့်ကွက်တော့ဘူး မဟုတ်လား ဘုရား'

'ဘဘ အထူးပြောဖွယ် မရှိဘူး၊ ဒါပေမဲ့ ဘဘတို့ ရှမ်းပြည်နယ်မှာ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အလွန်ချို့ယွင်းနေတယ်၊ သား သမီးမီးခင် လုပ်တဲ့လူတွေကိုက အိမ်ထောင်ရေး၊ သားသမီး မွေးမြူရေးတွေ အတော်လိုနေသေးတော့ သမီး သုံးနှစ်လောက် ပညာတော်သင် သွားစေချင်သေးတယ်'

'သုံးနှစ်တောင် သင်ရမလား ဘုရား'

'သင်ရတယ်၊ သုံးနှစ်ကြာမယ်၊ ပြန်လာတဲ့အခါ ဘဘ စီမံပေးမယ်၊ အစော နားထောင်မယ် မဟုတ်လား'

'မှန်ပါ၊ ထောင်ပါ့မယ် ဘုရား' ဟု ဆိုသဖြင့် 'ကိုင်း... ကိုင်း... သွားတော့' ဟု ဆို၍ လွှတ်လိုက်လေ၏။ ရိုက်မောင်း ပုတ်မောင်းနှင့် ဓားကြိမ်း ကြိမ်းလေမလားဟု တစေ့တစောင်း နားထောင်နေကြသော ဒေါ်လုံမယ်နှင့် မစောနန်းတို့မှာ ဘာသံမှ မကြားရ၍ အံ့အားသင့်နေကြစဉ် –

'မလုံမယ် ... မစောနန်း' ဟု ခေါ်သံကြားသဖြင့် ပုဆစ်ဒူးချ ဝင်ရောက်သွားကြကာ ကြောက်ရွံ့သော အမူအရာနှင့် နေကြရာ–

'သူ့ အသွားအလာကို သိပ်ပြီး မတားမြစ်ကြနဲ့၊ ဟိုသူငယ် လာရင်လည်း အသာကြည့်နေ၊ အချိန်မတော် ထွက်ရင်လည်း ငါ့လူယုံတွေ စောင့်ရှောက်လိမ့်မယ်၊ ဒီအတွက် ဘာမှ မပူနဲ့၊ အစောဟာ သူ့စိတ်နဲ့ သူ့ကိုယ်ကို ထိန်းနိုင်တယ်။ ဟိုသူဌေးဆိုတဲ့ လူယုတ်မာတွေအကြောင်း ငါ သိရပြီ၊ လာရင် အလိုက်အထိုက် ပြောကြပေမယ့် အရောမဝင်နဲ့၊ ကိုင်း ...သွားကြပေတော့' ဟု အမိန့်ပေးသဖြင့် နှစ်ယောက်သား နောက်ဆုတ်ကာ ထွက်ခွာကြလေ၏။ အမတ်ကြီးလည်း တစ်ပိုင်းတစ်စ သတင်းစာများကို ပြန်လှန် ဖတ်ရှုရာက သမီးကလေး၏ အရေးကို နက်နက်နဲနဲ တွေး၍ နေလေ၏။

အထက်ပါ အဖြစ်အပျက်များ ပြီးစီးခဲ့သည့်နောက် သုံးလလောက်ကြာသောအခါ ဦးအင်းတို့ သားအဖသုံးဦးတို့သည် အရေးတကြီး ခေါင်းချင်းရိုက်ကာ ဆွေးနွေးလျက် ရှိကြလေ၏။ ဦးအင်းသည် မသာယာသော မျက်နှာဖြင့် –

'ခက်ကပြီ၊ ဒီတစ်ခါမှ ခက်တယ်၊ ဟိုကောင်ကလေးဟာ တို့ကို သိပ်ပြီး ဒုက္ခပေးတာပဲ၊ လုပ်သားတွေ ဆူပူကုန်ကြပြီကွယ့်' ဟု စာတစ်စောင်ကို ပြန်၍ ဖတ်ကြရာ–

**ဦးအင်းနှင့် သားများသို့ ...**

ကျွန်တော်တို့ ရေနံတွင်း လုပ်သား ၂၀၀ ကျော်တို့က အကြောင်းကြားပါသည်။ ဦးအင်းတို့သည် ကျွန်တော်တို့ အရှင်သခင် မူလသူဌေးကြီး ဦးပေါ်ကို မတရားလုပ်ကြံပြီး သူဌေးကတော်နှင့် ပစ္စည်းများကိုလည်း ဇွတ်အတင်း သိမ်းပိုက်ထားပါသည်။ ဦးပေါ်၏ သားရင်းများမှာ အမွေစား အမွေခံ ဘာတစ်ခုမျှ မရ။

ဦးပေါလက်ထက်က ဆက်နွယ်လာကြသော ကျွန်တော်တို့ လုပ်သားတွေမှာလည်း ထိုက်သင့်သော ခံစားခွင့်မရှိ တွေ့ကြုံခဲ့ကြရသည်။ ဦးအင်းတို့မှာ အမွေပစ္စည်းဖြင့် နှစ်ပေါင်းများစွာ ခံစားခဲ့ကြပြီ ဖြစ်၍ ယခုလက်ရှိ သစ်တော၊ ရေနံ၊ လယ်မြေ၊ သတ္တုတွင်းများကို ဦးပေါ၏ သားများသို့ ပေးရန် တိုက်တွန်းပါကြောင်း။

'ကြည့်စမ်းကွယ်၊ သူတို့ကသာ မဟုတ်ဘူး၊ သစ်တောဘက်၊ သတ္တုဘက်၊ လယ်မြေဘက်ကပါ တစ်ချိန်တည်း စည်းဝေး၊ တစ်ချိန်တည်း စာတင်ကြတယ်' ဟု အခြား အလားတူ စာများကိုပါ ပြလေ၏။

'အို ဘာခက်တာလဲ ဘဘရဲ့၊ မင်းတို့ မလုပ်ချင် ထွက်ကြ၊ သည့်ပြင်လူ ထားမယ်လို့ စာပြန်လိုက်တာပေါ့'

'အေး... မင်းက ပေါ့ပေါ့တွေးပြီး ပြောတာကိုး၊ အကုန်လုံး သိပ်ပြီး ညီညွတ်နေတာ၊ ဘဘ စုံထောက်ခိုင်းတဲ့ ဆီက သတင်း အကုန်သိရပြီ၊ ဟိုကောင်ကလေး ဝိုင်ယာလက် ပညာသင်ပြီး လုပ်သား လူငယ်အချို့ကို တိတ်တိတ် သင်ပေး၊ ကိရိယာတွေ သူကိုယ်တိုင်လုပ်၊ တစ်ကြိမ်တည်း ဝိုင်ယာလက်နဲ့ တိုင်ပင်လုပ်နေတယ်။ အစိုးရကြေးနန်း ဆိုတော့ ဘဘတို့ လက်ထဲမှာ ရှိတယ်ဆိုတာ သိတာကိုး'

'အဲဒါကို ဆိုင်ရာ ပုလိပ်နဲ့ ဖမ်းရင်ကော'

'ဘေးက သက်သေမရ၊ ဘယ်မှာ တိုင်ပင်လို့ ဘယ်မှာလုပ်တယ်လို့ကို မသိဘူး။ နောက်ဆုံး သူတို့ပြောတာ နားမထောင်ရင် သတ္တုတွင်း၊ ရေနံတွင်းတွေ အကုန် မီးစာဖြစ်ကုန်တော့မှာပဲ'

'ဘဘက တယ်ပြီး ကြောက်တာကိုး၊ ဘယ့်နှယ်လုပ်ပြီး ဖြစ်နိုင်မှာလဲ'

'ဒီ မျိုးညွှန့်ပဲ လက်ပစ်ဖုံး၊ ဒိုင်းနမိုက်တွေ စီမံထားတယ်။ အသာ တကြည်နဲ့ ရရင် ရ၊ မရရင် အကုန် ဖျက်ဆီးပစ်တော့မှာပဲ'

'ဒါဖြင့် ဒီကောင် မရှိရင် လုပ်သားတွေ အကုန် ဝပ်သွားမှာပေါ့၊ ဒီအကောင်ကို အစတုံး စီမံမှပေါ့ ဘဘရဲ့'

'ဘဘ ဒါကို စဉ်းစားနေတာပဲ၊ အကြံတစ်ခုတော့ ရပြီ၊ မောင်ထိုင်းကို မျိုးညွှန့် လက်ဖက်ရည်ဆိုင်နား၊ ညတစ်နာရီလောက် သူတို့ ဆိုင်းဘုတ်ကို အဖြုတ်ခိုင်းမယ်။ အို ... ဒီလိုလည်း မကိုက်သေးဘူး၊ အဲသည် အချိန်လောက်မှာ ကိုယ့်လူတစ်ယောက်နဲ့ လမ်းလျှောက်ခိုင်းမယ်၊ မျိုးညွှန့် ဆိုင်ရှေ့ရောက်တော့ ဒို့ပြင် လူတစ်ယောက်က မောင်ထိုင်းကို ဓားနဲ့ ထိုးသတ်၊ ပါတဲ့ အဖော်က အော်၊ မျိုးညွှန့် ထွက်လာတော့ မျိုးညွှန့် ဓားနဲ့ ထိုးသတ်တယ်လို့ အော်ခိုင်းရော'

'အို... အို ဘဘရယ်၊ ဘဘစကား မြေဝယ်မကျ နားထောင်ပြီး ညီအရင်းတွေတောင် ဥပေက္ခာထားရှာတဲ့ သူကိုမှ ...'

'အဲဒါကြောင့် မင်းတို့ကို အ တယ်လို့ ပြောတာ၊ ဘယ်သူ့ဖြစ်ဖြစ် မြှောက်တန် မြှောက်၊ ခြောက်တန် ခြောက်၊ ငွေကြေးဆုလာဘ် ပေးတန် ပေး ဆိုတာဟာ ဘဘတို့ကိုယ်ကျိုး ဆောင်ရွက်အောင် ပရိယာယ် ဆင်ရတာ၊ တကယ်တမ်းကျတော့ ဒီအကောင်တွေ အသုံးချမှ၊ သေစရာရှိ သူတို့ သေတာ ဘာနမြောစရာ ရှိသလဲ၊ ဒီကောင်လေး လူသတ်မှုနဲ့ ကြိုးပေးခံရတော့ ရန်မအေးလား'

ညတစ်ညဉ့်ကား ဒါလဟိုဇီလမ်း မြောက်ဘက်ဘေးမှ လူနှစ်ယောက်သည် အရှေ့ဆီသို့ လမ်းလျှောက်လျက် ရှိကြလေ၏။ နာရီပြန် တစ်ချက်အချိန် ဖြစ်သော်လည်း လူသွားလူလာနှင့် ကားအချို့တို့မှာ လုံးဝ မရပ်စဲချေ။ ယခင် လူနှစ်ယောက်ကား မျိုးညွှန့် မြန်မာ လက်ဖက် ရည်ဆိုင်ရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် နောက်က လူတစ်ယောက်

လိုက်လာပြီး ပြောင်လက်သော အရာတစ်ခုနှင့် ထိုးလိုက်ရာ၊ အမယ်လေး ဟု လဲကျစဉ် နောက်ကလူတစ်ယောက်က 'လာကြ ပါ... လာကြပါ...' ဟု အသံကုန် ဟစ်အော်လေ၏။ မျိုးညွန့် တိုက်ထဲမှ ထွက်လာကာ 'ဟင်... ကိုကြီးထိုင်း ပါလား' ဆိုစဉ် တစ်ယောက်က 'မျိုးညွန့် ဓားနှင့် ထိုးပါတယ်' ဟု အော်ပြန်လေ၏။ ထိုအခိုက် ပုလိပ်များ၊ အရပ်သားများ ပြေးဝိုင်းလာကြ၍ လူနာအား ပွေ့ယူစဉ် သူနာတင်ကားကြီး ရောက်ရှိလာလေ၏။ မောင်မျိုးညွန့်မှာလည်း မိမိ မဟုတ်ကြောင်း ငြင်းဆန်လျက်ရှိနေသော်လည်း ဘေးလူ၏ ပြောချက်အရ ဖမ်းဆီးခြင်းကို ခံရလေ၏။ ကိုနကား ကိုရိုးနှင့် ကိုဉာဏ်ကြီးတို့ဆီသို့ စက်ဘီးတစ်စင်းနှင့် သုတ်ခြေတင်ပြေးစဉ် ကိုထိုင်းအား ဆေးရုံသို့ခေါ်ဆောင်၍ မောင်မျိုးညွန့်အား အချုပ်ထောင်သို့ ခေါ်ငင်သွားလေရာ၊ လူများမှာ တစ်ယောက်တစ်ပေါက် မေးမြန်းပြောဆိုရင်း ကျန်ရစ်ကြလေ၏။

ဆေးရုံမှ လူနာသည် သေလုမြောပါး အရေးကြီးသဖြင့် သေခါနီး စစ်ချက်ယူရန် တရားသူကြီးအိမ်သို့ အခေါ်လွှတ်ရာ၊ တရားသူကြီးမှာလည်း အလည်ကျူးနေသဖြင့် ရုတ်တရက် မရောက်နိုင်ဘဲ ရှိရလေ၏။ ကိုရိုး၊ ကိုဉာဏ်ကြီး၊ ကိုန ညီအစ်ကို သုံးဦးတို့လည်း ဆေးရုံသို့ ရောက်ကြရာ ဆရာဝန်မှာ လူနာအား ဆေးထည့်ကာ အနာကို စည်းထား၍ ခေတ္တ ထွက်ခွာသွားလေ၏။ ကိုဉာဏ်ကြီးကား ရှေ့နောက် ချိန်ဆသူဖြစ်သဖြင့် –

'ကိုထိုင်း ကိုထိုင်း' ဟု ခေါ်ရာ လက်ပြလျက် စကားမပြောနိုင်သည့် အခြေအနေနှင့် မျက်လုံးဖွင့်ကြည့်လေ၏။

'ကိုထိုင်း သတိထားပါ၊ ဒီညီလေးဟာ ခင်ဗျားကို အလကား ရက်စက်ပါ့မလား၊ ဒီပြင်လူရဲ့ဉာဏ် ဖြစ်ရမယ်။ ကျွန်တော် ပြောမယ်၊ နားထောင်။ ရှေးကတဲ့ တိုင်းပြည်ကြီးတစ်ပြည်က အနီးအနား တိုင်းပြည်

ကလေးကို မလိမ့်တပတ်နဲ့ သိမ်းယူသတဲ့။ လူမျိုးချင်းကလည်း ခပ်ဆင်ဆင်တဲ့။ သူတို့ဟာ နှစ်ပေါင်းများစွာ နေလာခဲ့ပြီး နောက်လူတွေကျတော့ သူတို့လူမျိုး၊ ဘာသာ၊ စာပေ၊ စီးပွားရေး အစခပ်သိမ်း နှစ်နာလာတာကို မျက်စိပွင့် သိလာကြတာကိုး။ ဒီတော့ ကျုပ်တို့ဟာလူတစ်မျိုး၊ ကျုပ်တို့ လွတ်လပ်ခွင့် ပေးဆိုပြီး တောင်း၊ မရဘူး။ သူပုန်ထတော့လည်း တိုင်းပြည်ကလေးက ရှုံးတာပဲ၊ နောက်တော့ တိုင်းပြည်ကလေးက လူမျိုးတွေ ချစ်တဲ့ ကျောင်းဖွင့်၊ အစိုးရထဲ သူတို့လူ သွင်း၊ တိတ်တိတ်ပုန်း အသင်းကြီးဖွဲ့၊ အဲဒီ အသင်းက ဘာလုပ်သလဲဆို သူဌေးတွေ၊ အရာရှိတွေ၊ တိုင်းပြည်လုပ်ငန်းထဲ ပါအောင် ဟော၊ မရရင် သတ်ပစ်။ ဥပမာ တိုင်းပြည်ကောင်းအောင် လုပ်တဲ့လူတစ်ယောက်ကို အရာရှိတစ်ယောက်က စီရင်ရမယ့်အခါ ဟိုလူ လွှတ်ပါ၊ မလွှတ်ရင် သတ်မယ်လို့ ခြိမ်းခြောက်တာပဲ။ အရာရှိလည်း ကြောက်တော့ လွှတ်ရရော၊ မကြောက်လို့ မလွှတ်ရင်လည်း သတ်ပစ်တာပဲ။ တိုင်းပြည်ကြီးသား အရာရှိတွေ ဆိုရင်တော့ တွေ့ရာ လိုက်သတ်တာပဲ၊ ဒါနဲ့ အဲဒီအသင်းဟာ သိပ်ပြီး တန်ခိုးကြီး၊ လူတွေက ကိုးစားကြတာပေါ့။ တိုင်းပြည်ကြီးက လူတွေက နောက်ဘယ့်နှယ်လုပ်သလဲ ဆိုရင် သူ့လူယုံတွေကို အဲဒီ အသင်းသား ယောင်ဆောင်ပြီး လူဆိုးလူကောင်း မရွေး နှိပ်စက် ညှဉ်းပန်းသတဲ့၊ မသိတဲ့ လူတွေကတော့ အဲဒီအသင်းကို အကြည်ညိုပျက်တာပေါ့။

'နောက် တိုင်းပြည်ကြီးရဲ့ ညစ်ပတ်ပုံ ပေါ်လာတော့ အသင်းလည်း သာပြီး တန်ခိုးရှိပြီး တိုင်းပြည်ကလေးလည်း လွတ်လပ်ခွင့် ရသွားသတဲ့၊ စဉ်းစားနော်၊ အခု ညီညီကလေးဟာ သူစီမံတဲ့အတိုင်း လုပ်သားတွေက လိုက်နာပြီး အတော် ခရီးရောက်နေတယ်၊ ဒီတော့ ဒို့ပြင် လူတစ်ယောက်က ကိုထိုင်းကို သတ်ပြီး ညီလေးသတ်တယ် ထင်အောင် လုပ်တော့၊ အစ်ကိုရင်းတော့ သတ်တယ်လို့ ကျွန်တော်တို့က မုန်း၊ လုပ်သားတွေက

မေတ္တာပျက်ရင် ကြံသမျှ စည်သမျှတွေ မပျက်ဘူးလား။ ကိုထိုင်း ခင်ဗျား စဉ်းစားနော်၊ ကြည့်စမ်း … ခင်ဗျားဟာ သူတို့ လူယုံ၊ ခု ခင်ဗျား ခံရပြီ’

တရားသူကြီးသည် ကိုထိုင်းအား မည်သူ ဓားနှင့် ထိုးသလဲဟု စစ်ဆေး မေးမြန်းလေရာ၊ မိမိနှင့် အဖော်တစ်ယောက်လာစဉ် အမည်မသိ လူတစ်ယောက်က နောက်မှ နေ၍ ထိုးကြောင်း၊ မျိုးညွန့်သည် မိမိအသံ ကြား၍ နောက်မှ ထွက်လာကြောင်း အစစ်ခံပြီးနောက် မော၍ လာလေ၏။ တရားသူကြီးကလည်း တရားလို၏ ထွက်ချက်ကို ဆရာဝန်နှင့် တကွ အနီးရှိ လူများရှေ့တွင် ရေးမှတ်ပြီးနောက် ထွက်သွားရာ ကိုထိုင်း သည် ဒဏ်ရာက ပြင်းထန်လှသဖြင့် လူးလိမ့်၍ နေရရှာလေ၏။ တစ်ဖန် မနည်းအားယူလျက် ‘မောင်ရိုး မောင်ဘဏ်ကြီး ရှိကြသလား၊ အမယ်လေး ရင်က ပူလှချည်ရဲ့၊ ကိုကြီး လိပ်ပတ်လည်ပြီကွယ့်၊ အဖေအရင်း မဟုတ် တော့ သူတို့အကျိုး ဘယ်လောက် ဆောင်ခဲ့ပေမယ့် နောက်ဆုံး ဒီလို ကြံရက်တာပဲ၊ မင်းတို့ တူများ မရိုးများကိုသာ တစ်ဆိတ် …’ ထို့နောက် အမောဆိုက်လာလေ၏။ မိနစ် ၂၀ ခန့် အကြာတွင် အမောဆိုက်၍ အသက်ထွက်သွားရှာလေရာ၊ ညီအစ်ကို သုံးယောက်မှာ ‘တောက် … ရိုင်းလိုက်လေ ကိုကြီးရယ် …’ ဟု မျက်ရည်များ ကျကြရှာလေ၏။

နောက်တစ်နေ့ ၁၀ နာရီခန့် တိုင်သောအခါ ပုလိပ်ဘက်မှ တရားခံအား ချုပ်နှောင်ထားရန် တရားသူကြီးထံသို့ ရမန်လာ၍ ယူလေရာ၊ တရားသူကြီး ‘ဤတရားခံ မဟုတ်၊ တရားခံ အစစ်ကို ရှာရမည်၊ ဤသူကို လွှတ်လိုက်’ ဟု အမိန့်ပေးလိုက်သဖြင့် မျိုးညွန့်အား လွှတ်လိုက်ရလေ၏။ ညခင်းကဖြစ်၍ နံနက်ခင်းတွင် လွှတ်လိုက်သောကြောင့် ခင်စောဦးမှာ ဘာမျှ မသိရှာချေ။ မောင်မျိုးညွန့်သည် မိမိ၏ လက်ဖက်ရည်ဆိုင်သို့ ကိုနနှင့်အတူ ပြန်၍ ရောက်သောအခါ ဆိုင်ရှိ လူယုံတပည့်တစ်ယောက်

က စာတစ်စောင် မိန်းကလေးတစ်ယောက် ပေးသွားကြောင်း ပြော၍ ထုတ်ပေးရာ ဖွင့်ဖောက် ဖတ်ရှုသောအခါ –

ကိုကိုရှင့်... အစော နက်ဖြန် အနောက်နိုင်ငံသို့ ပညာသင် ထွက်ရမည် ဖြစ်၍၊ ခမည်းတော်ဘုရား ယနေ့ည ခုနစ်နာရီခွဲတွင် ရောက်လာမည်ဖြစ်၍ ဘဘဘုရား မရောက်ခင် တိုင်ပင် ပြောဆို ကြရန် ၁၀ နာရီ အရောက် လာခဲ့စေလိုပါသည်။ အစောအား စိတ်မချလို့ မှာချင်တဲ့ အကြောင်းတွေ စဉ်းစားခဲ့ပါ။ အစောဖြင့် ဘယ့်နှယ်ဖြေရမယ် မသိ။ မသွားလည်း မဖြစ်။ အို မရေးတော့ဘူး၊ ကိုကို လာဖြစ်အောင် လာပါ။ အစော စောင့်နေမယ်နော်။

မောင်မျိုးညွန့်သည် ပြုံးလျက် 'သွားလိုက်ဦးမှပဲ ကိုကြီးရေ' ဟု အဝတ်အစားများ လဲလှယ်ကာ လန်ချားတစ်စီးနှင့် ထွက်ခဲ့လေ၏။ ၂၉ လမ်း ခင်စောဦး၏ တိုက်ရှေ့သို့ ရောက်သောအခါ လန်ချားခကို ပစ်ပေး ခဲ့၍ မိမိအိမ်ကဲ့သို့ အပြေးလေး တက်သွားရာ၊ ခင်စောဦးမှာ လှေကား တစ်ဝက်က ကြိုလျက် တစ်ယောက်လက် တစ်ယောက်ဆွဲကာ အပေါ်သို့ ရောက်ကြလေ၏။

'ကောင်မလေးတွေကတော့ အောက်မယ်၊ ဒေါ်ဒေါ်နဲ့ အစ်မကို အစော လိုချင်တာတွေ ဝယ်ဖို့ ခိုင်းလိုက်တယ်၊ ဒါပေမဲ့ တစ်နာရီ လောက်ကြာရင် ပြန်လာကြမယ်၊ လာပေမယ့် အရေးမကြီးပါဘူး' ဟု ဧည့်ခန်းသို့ ခေါ်သွားလေ၏။ မောင်မျိုးညွန့်သည် မထိုင်သေးဘဲနေရာ –

'ဩော်... မေ့လို့၊ လာ သွားစို့' ဟု အတွင်းခန်းသို့ ခေါ်သွားပြီး နောက် –

'ကိုင်း... ဘာ ဆုံးမပြီး ဘာ မှာကြားမှာလဲ'

'ပညာသင်ဆိုတော့လည်း မဖျက်သာဘူးနော် အစော' ဟု စကား မဆက်ဘဲ ခင်စောဦး၏ လည်တံကလေးကို ဖက်၍ထားရာ၊ ခင်စောဦး

မှာလည်း မျက်ရည်ပြည့်သော မျက်နှာကလေးဖြင့် မောင်မျိုးညွန့်၏ လည်ပင်းကို လက်ကလေးနှစ်ဖက်နှင့် အတော်ကြာ ဖက်လျက် နေမိရှာလေ၏။

တစ်ဖန် လက်များကို ပြန်၍ ဖြေပြီးနောက် မောင်မျိုးညွန့်က–

'သုံးနှစ်ဆိုတာ နည်းတာ မဟုတ်ဘူး အစောရယ်၊ ကိုကိုတောင် လိုက်ချင်တယ်၊ ကိစ္စတွေကလည်း အရေးကြီးတော့ မလိုက်နိုင်ဘူး၊ အစော တစ်ယောက်တည်း ခွဲလွှတ်ရမှာကလည်း စိတ်မချ၊ မသွားပါနဲ့တော့ကွယ် အစောရယ်'

'မဖြစ်လို့ပေါ့ ကိုကို၊ အစောက သာပြီး မသွားချင်သေးတယ်၊ ကိုကို နဲ့ မပေါင်းရသေးပေမယ့် တစ်မြို့ထဲ တစ်ရေထဲ ဆိုတော့ အစော အားရှိတယ်၊ အရေးရှိရင် ချက်ချင်း သိနိုင်တယ်၊ ခုတော့ ပင်လယ်ခြားပြီး မကြားနိုင် မမြင်နိုင်နဲ့ နေ့ရှိသမျှ မှိုင်ပြီး နေရတော့မယ်'

'အစော ဟိုမှာရောက်ရင် အနောက်ဘက် စိတ်ကူးလေး ဘာလေးနဲ့ ဘယ်အကောင်တွေနဲ့မှ မရောနဲ့နော်၊ သဘောထားသေးတယ် ဆိုရင် ခံရတော့မယ်၊ လက်ဆွဲ နှုတ်ဆက်တာတောင် ကိုကိုဖြင့် မကြည့်နိုင်ဘူး၊ ဒီတော့ ရိုးရိုးကုပ်ကုပ် ကိုယ့်ပညာသာ ကိုယ် ဂရုစိုက်ဖို့၊ သိုက်သမား ဆိုတဲ့ အကောင်တွေကလည်း အစောလို ရုပ်ချော ဥစ္စာပေါတွေ အမြဲ ချောင်းမြောင်းနေတာ၊ တစ်ယောက်တည်း ဘယ်မှ မထွက်နဲ့၊ ဟိုတယ် တွေကိုလည်း မသွားနဲ့၊ နေရင် မိန်းကလေး အဖော်တွေနဲ့ နေနော်'

'စိတ်ချပါ၊ အစောဟာ အသက်နဲ့ အချစ်ကို ပုံပြီး ကိုယ့်ကိုယ်ကို ယုံလွန်းလို့ အလုံးစုံ လွှဲအပ်ပေမယ့် တစ်ရပ်တစ်ကျေးမှာ သူများ အထင် သေးအောင် မနေပါဘူး ကိုကိုရဲ့'

'သုံးနှစ်ကြီးတောင် အစောရဲ့၊ ခုလို ချောင်တဲ့အခါ' ဟု ချစ်သူ နှစ်ဦးတို့မှာ အချစ်၏ ဓာတ်လမ်းကို အစွမ်းကုန်ခင်းလျက် ရှိကြရာ၊

အချိန်မှာ တစ်နာရီခန့် ကြာခဲ့လေ၏။ ခင်စောဦးသည် မျက်နှာငယ် လျက် –

'ဒါထက် နက်ဖြန်ခါ ကိုကို လိုက်မပို့နဲ့တော့၊ သင်္ဘောပေါ်မှာ ကိုကို့မျက်နှာကို မြင်နေရလို့ရှိရင် အစော အခြေပျက်တော့မယ်'

'ကိုကိုလည်း ဒီလို စဉ်းစားမိတာပဲ၊ ပြီးတော့ မိတ်ဆွေ သင်္ဂဟ တွေ အများကြီး လိုက်ပို့တဲ့ အထဲက မျက်နှာပျက် အခြေပျက် ဖြစ်ရင် မကောင်းဘူး'

ခင်စောဦးသည် မောင်မျိုးညွန့်၏ ပါးနှစ်ဖက်ကို ၎င်း၏ နူးညံ့ ပျော့ပျောင်းသော လက်ကလေး နှစ်ဖက်နှင့် ကိုင်လျက် 'ကိုကို' ဟု တစ်ခွန်းသာခေါ်လျက် အားပါးတရ တစိမ့်စိမ့် ကြည့်နေရာ၊ မောင်မျိုးညွန့် မှာ ပြုံးပြုံးကလေး အလိုလိုက်၍နေရလေ၏။ ကြည်လင်သော ခင်စောဦး ၏ မျက်လုံးအိမ်သည် ဆီးနှင်းဝေကျနေသကဲ့သို့ ဖြစ်လာကာ –

'အစော ဘယ့်နှယ်လုပ် ခွဲရမှာလဲ' ဟု မောင်မျိုးညွန့်၏ ရင်ခွင်ထဲ သို့ တိုးဝှေ့ ငိုကြွေးနေပြန်သဖြင့် မောင်မျိုးညွန့်မှာ ငိုသံပါနှင့် –

'မတတ်သာတဲ့အခါ ခွဲရသေးတာပေါ့ အစောရယ်၊ တိတ်ပါကွယ်' ဟု ကျောကလေးကို အသာအယာ ပွတ်သပ် ချော့မော့နေလေ၏။

နာရီပြန် တစ်ချက်ခန့်တွင် ဒေါ်လုံမယ်တို့ ရောက်ရှိလာရာ၊ မောင်မျိုးညွန့်မှာ ခင်စောဦးနှင့် ခပ်ခွာခွာထိုင်လျက် မှာတန်သမျှကို မှာ ကြားပြီးလျှင် အလစ်တွင် နှစ်ဦး အားရပါးရ နှုတ်ဆက်ကာ ခေါင်းငိုက် စိုက်နှင့် ဆင်းခဲ့လေ၏။

မောင်မျိုးညွန့်သည် ခင်စောဦး စိတ်မကောင်းမည် စိုး၍ ညဉ့်က အဖြစ်အပျက်ကို မပြောခဲ့ချေ။ မိမိကိုယ်တိုင်ကား အသက်အတွက် မည်မျှ စိုးရိမ်ရသည်ကို စဉ်းစားမိလေ၏။ ဒါလဟိုဇီလမ်း မိမိတိုက်ခန်းသို့ ရောက်လျှင် ခင်စောဦးအား လက်ဆောင်ပေးရန် ပစ္စည်းများကို စဉ်းစား

ကာ တစ်ဖန် ကိုယ်တိုင်ထွက်၍ ဝယ်လေ၏။ ထိုနောက် စာတစ်စောင်နှင့် အတူ လက်ဆောင်များကို တပည့်ကလေးတစ်ယောက်နှင့် အပို့ခိုင်းလေ၏။ ထိုနေ့ အချိန်ကုန်၍ ညဉ့်ဘက်သို့ ကူးသောအခါ နှစ်ဦးသား အတွေးနှင့် မည်သို့ တွေးကြရမည်ကို အကျယ်ချဲ့ဖို့ မလို။ ကိုယ်တွေ့ရှိဖူးသူများကား နှိုင်းစာတတ်မည်ဟု ချွင်းခဲ့ပေအံ့။ နောက်တစ်နေ့သို့ ရောက်သောအခါ မောင်မျိုးညွန့်မှာ သင်္ဘောဆိပ်သို့ သွားရကောင်းမလားဟု ချီတုံချတုံ စဉ်းစားရာက "ဟယ် ... မသွားတော့ပါဘူး"ဟု အတင်းဆုံးဖြတ်လိုက်ရလေ၏။ ခင်စောဦးမှာလည်း သင်္ဘောပေါ်သို့ တက်ရောက်၍ အသိမိတ်ဆွေများနှင့် နှုတ်ဆက်လျက်ရှိရာ မျက်နှာမပျက်အောင် အထူးသတိထားရလေ၏။ သင်္ဘောကလေးသည် သင်္ဘောကြီးရှိရာသို့ တစ်စတစ်စ ထွက်ခွာသွားလေသည်။

မောင်မျိုးညွန့်ကား ရည်းစားသည်အား လွမ်းဆွတ်သည်က တစ်ဖက်၊ ဦးအင်းတို့ရန်ကို တွေးတော ရှောင်ကြဉ်ရသည်က တစ်ဖက်နှင့် နေရလေရာ ခင်စောဦး ထွက်သွားပြီး နောက်တစ်နေ့တွင် လက်ဖက်ရည်ဆိုင်မှာ လူများ စည်ကားနေသဖြင့် ကိုယ်တိုင် လက်ဖက်ရည်ဖိုးများကို သိမ်း၍ နေလေ၏။ ၎င်းရှေ့၌ လက်ဖက်ရည်စားပွဲတစ်ချပ် ရှိရာ လူသုံးလေးယောက် လက်ဖက်ရည်သောက်လျက် ရှိကြလေ၏။ လူတစ်ယောက်ကား လက်ဖက်ရည်သောက်ရာက အမှတ်တမဲ့ ဟိုဟို သည်သည် ကြည့်ရှုနေလေ၏။ ၎င်း၏ လက်တွင်ကား တစ်စုံတစ်ရာကို လက်ကိုင်ပဝါနှင့် ထုပ်လျက် ဆုပ်ကိုင်ထားလေ၏။ လူများသည် မိမိတို့ ကိစ္စကိုသာ ဂရုစိုက်ကြသဖြင့် ထိုလူ ဘာလုပ်သည်ဟု မမြင်ကြချေ။ မောင်မျိုးညွန့်မှာ ကုလားဆိုင်တွင် ထိုင်လိုက်၊ ထပြီး ပိုက်ဆံသိမ်းလိုက်နှင့် ဖြစ်ရာ ဖိနပ်မစီးသော ခြေနှစ်ဖက်သည် တစ်ထွာခန့်၊ တစ်မိုက်ခန့် နေရာပြောင်းလှုပ်ရှားနေလေ၏။

ရာပြည့်စာအုပ်တိုက်

ယခင်လူသည် လက်ကိုင်ပဝါ အထုပ်ကို အောက်သို့ ချလျက် တစ်စုံတစ်ခု ပြုလုပ်သလိုနှင့် မြွေပွေးတစ်ကောင်ကို အသာ လွှတ်လေ၏။ မြွေပွေး၏ ခေါင်းကို မောင်မျိုးညွန့်၏ဘက်သို့ လွှတ်သဖြင့် မြွေပွေးမှာ တရွရွနှင့် မောင်မျိုးညွန့် ခြေနားဆီသို့ ရွေ့လျားလျက် ရှိလေ၏။ အဆိုပါလူကား မသိသကဲ့သို့ ဣန္ဒြေမပျက် လက်ဖက်ရည်ကြမ်း သောက်နေလေ၏။ မြွေကား မောင်မျိုးညွန့်၏ ခြေထောက်နှင့် လက်သုံးလုံးခန့်သာ ကွာဝေးလေရာ ညာခြေထောက်သည် မြွေပေါ်သို့ တည့်တည့်မြှောက်လျက် အချလိုက် ဘေးတွင် လက်တစ်လုံးခန့် လွတ်သွားသောကြောင့် မြွေပွေး သဘောကား မထိလျှင် မကိုက်တတ်သဖြင့် ဘာမျှမဖြစ်ချေ။ တစ်ဖန် ထိုခြေ ပြန်အရပ် ထိုင်ါးမူးလုံးခန့် မြွေပွေး၏ အမြီးပိုင်းနှင့် ထိမိသဖြင့် လှည့်၍ ပေါက်လိုက်ရာ မတ်တတ်က လဲကျသွားစဉ် ကိုနနှင့်တကွ အစေခံများပါ မောင်မျိုးညွန့်အား ပွေ့ယူကြလေ၏။ မြွေပွေးကိုလည်း ရိုက်သတ်ကြလေ၏။ လက်ဖက်ရည်ဆိုင်ထဲက လူများလည်း စုရုံး ဝိုင်းအုံ ကြည့်ရှုကြရာ၊ လူယုတ်မာလည်း အမှတ်တမဲ့ ထွက်သွားလေ၏။ ကိုနသည် အလွန် စိုးရိမ်ပူပန်သော မျက်နှာနှင့် မျက်ရည်များကျလျက် –

‘ညီလေး မျိုးညွန့်ရေ… ညီလေးရေ… ဟော… အသက်မရှုဘူး၊ ကျုပ်ညီ သေပြီ၊ အမယ်လေး ညီလေးရေ၊ ကိုကြီး ဘယ့်နှယ်လုပ်ရမှာလဲ’ ဟု အသံထွက် ငိုလိုက်ရာ ကြည့်နေသူများမှာ စိတ်သပ်၍ နေကြလေ၏။ သတိရှိသူ တစ်ဦးက ‘ဟေ့ မောင်ရင် ဒီလိုနဲ့ မဖြစ်ဘူး၊ ဆေးရုံကို ပို့မှ’ ဟု သတိပေးသဖြင့် ကားတစ်စီးကို ခေါ်၍ ဆေးရုံကြီးသို့ အပြေးမောင်းနှင်ကြလေ၏။ ကိုနကား ညီငယ်ကို ပွေ့လျက် မျက်ရည်တွေနှင့် လိုက်ပါလာရာ ဆေးရုံကြီးသို့ ရောက်လျှင် လျင်မြန်စွာ ပွေ့ယူခဲ့ကြလေ၏။ မကြာမီပင် ကိုရိုးနှင့် ကိုဉာဏ်ကြီးတို့လည်း ရောက်လာကြ၏။

'ဖြစ်ရလေတယ် ညီလေးရယ်၊ ရိုင်းလိုက်တဲ့ ကံ' ဟု ညည်းတွားကာ ဆရာဝန်ကုသသည်ကို ကြည့်ရှုနေကြလေ၏။ မြန်မာပြည်၌ မြွေဆိပ်ကို ကုသရာ၌ ကောင်းသောစနစ် မရှိ၊ ရှေးရိုးအတိုင်း ဓားနှင့်ခွဲ၊ ဆေးသိပ်၊ အဆိပ်ကျဆေးတိုက်နှင့် ကုသနေရာ၊ အဆိပ်အနည်းငယ် လျှော့ပုံရသော်လည်း သတိလုံးလုံး မရသေးချေ။ ညီအစ်ကို သုံးယောက်ကားအနားက စောင့်စား ကြည့်ရှုနေကြလေ၏။ ညနေပိုင်းမှစ၍ အားစိုက်ကုသနေရာ နောက်တစ်နေ့ နံနက်ပိုင်းတွင် အဆိပ်များ ကုန်သလောက်လျှော့ကျလျက် လူနာသည် မျက်လုံးဖွင့်လာ၏။ ဖွင့်ရာက ထ၍ ထိုင်လျက်အစ်ကိုများက ပွေ့ယူမည်အလုပ် လက်များကို ပုတ်ခါလျက် မျက်လုံးကြောင်တက်တက်နှင့် ကြည့်လေ၏။ ကြည့်ရာက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရာ များစွာ အံ့အားသင့်လျက် ရှိကြစဉ် ကလေးငယ်ကဲ့သို့ပြင်းစွာ ငိုကြွေးပြန်လေ၏။

'ဟောဒီဟာမှ ခက်တယ်၊ စိတ်နောက်သွားပြီ၊ ဘယ့်နှယ်ဖြစ်တာလဲ ဆရာဝန်ကြီးရဲ့၊ ဘယ့်နှယ် လုပ်ရမလဲ' ဟု တစ်ယောက်တစ်ခွန်းမေးကြရာ 'တံတားကလေး အရူးထောင် ပို့ရုံ ရှိတာပဲ'

'ဒီလိုလည်း ကျွန်တော်တို့ မပို့ချင်ဘူး၊ ဆေးမှားသလားဗျာ၊ ကျုပ်ညီ ဘယ့်နှယ် ဖြစ်တာလဲ' ပြောစဉ် 'ကြောက်တယ် ကြောက်တယ်' ဟု ပြောပြောဆိုဆို ခုတင်ပေါ်က ဆင်းပြေးရာ အားလုံးလိုက်၍ ဖမ်းသော်လည်း မမိဘဲ နောက်ကသာ မျက်ခြည်မပြတ် လိုက်ကြရလေ၏။ မောင်မျိုးညွန့်ကား ကလိုက် ခုန်လိုက်နှင့် ဘုရားလမ်းတစ်လျှောက်တောင်ဘက်သို့ သွားလျက် ရှိရာ 'ထမင်းရည် အတူ လျက်ရစေဟော့၊ ငွေမက်ခါ မလိုချင်ဘု၊ နှစ်ကိုယ်ပင် နှစ်ကိုယ်ပင် တဲအိုပျက်မှာကွယ်တွဲ... ဟဲ... ဟဲ... တွဲလျက် ပျော်မယ်' ဟု ဘိုးစိန်တု ဆိုနေရာ အစ်ကိုသုံးယောက်မှာ နောက်က လိုက်လျက် –

'ညီလေး... ညီလေး... သတိထားပါကွယ့်၊ ဘယ့်နှယ်ဖြစ်တာလဲ၊ ဒါ ကိုကြီးတို့လေ ... သိရဲ့လား၊ ကြည့်စမ်းပါဦးကွယ် လူကလေးရဲ့'

'ထွီ... ဘယ်သူလဲ၊ ငါ့မကိုင်နဲ့' ဟု လွတ်ရန်းပြန်သဖြင့် အားလုံး လွှတ်လိုက်ကြရပြန်လေ၏။ တစ်ဖန် မလှမ်းမကမ်းက လိုက်လျက် အလစ်စောင့်နေကြရာ မောင်မျိုးညွန့်သည် တစ်စုံတစ်ရာ တွေဝေနေသဖြင့် အနားသို့ ချဉ်းကပ်လျက် –

'ညီလေး... ညီလေး... ဘာဖြစ်တာလဲ၊ သတိရရဲ့လား'

'ကျွန်တော် ဘာဖြစ်တာလဲ၊ သတိရပါတယ်၊ ခု ဘယ်ရောက်နေသလဲ'

'ကဲ... ကဲ... လာ... လာ... အိမ်သွားကြစို့' ဟု ကားတစ်စင်းနှင့် တင်ဆောင်သွားကြလေ၏။

## အခန်း ( ၁၈ )

ခင်စောဦးသည် တစ်ခါမျှ မသွားဖူးသော ပင်လယ်ပြင်၌ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ခွဲခွာ၍ ထွက်လာခဲ့ရာ၊ သင်္ဘောခန်းတွင် တမှိုင်မှိုင် တတွေတွေ ဖြစ်၍ နေလေ၏။ ငယ်ချစ် မောင်မျိုးညွှန့်၏ မျက်နှာကို ထင်မြင်လာသောအခါ ဓာတ်ပုံကို ထုတ်၍ ကြည့်ရှုလျက် မောင်မျိုးညွှန့် ပေးထားဖူးသော စာများကို ဖတ်ရှုမိလေ၏။ ဘင်္ဂလားအော်ထဲ၌ ခုတ် မောင်းသော သင်္ဘောပေါ်တွင် တစ်ညသ၌ မောင်မျိုးညွှန့်သည် မိမိ သင်္ဘော ပေါ်သို့ လိုက်လာသည်ဟု အိပ်မက် မက်သဖြင့် စိတ်အထူး လေးလံကာ ဘုရားရှိခိုးလျက် မေတ္တာပို့များကို အကြိမ်ကြိမ် အထပ်ထပ် ရွတ်၍ နေရှာ လေ၏။

"ဩော်... ငါ စိတ်စွဲလို့ ထင်ပါရဲ့၊ ဒီလောက် ကျန်းမာတဲ့ လူကြီး ဘာမှ မဖြစ်နိုင်ပါဘူး၊ ဩော် သူလည်း လွမ်းနာကျရစ်ရှာမှာပါပဲ" ဟု မှန်ပြတင်းတွင် မှိုင်လျက် မျက်ရည်ဝဲကာ နေသည့်အခါ နေမိလေ၏။ လမင်း၏ အရောင်သည် ရေပေါ်သို့ ကျရောက်လာလေရာ ရေမှ ပြန်ဟပ် သော အရောင်သည် ခင်စောဦး၏ မျက်နှာကလေးပေါ်သို့ တိုးထွက် နေလေ၏။ ဤကဲ့သို့ လရောင်၊ ရေရောင်တို့ကို မြင်ရသောအခါ သာ၍

ပင် ပူဆွေး တမ်းတမိရှာလေ၏။ သဘော်ကြီးကား ခပ်မှန်မှန် သွားလျက်ရှိရာ သုံးရက်မြောက်တွင် ကာလကတ္တားသို့ ဝင်၍ ဆိုက်လေ၏။ ထိုဆိုက်ကပ်ချိန်၌ သတင်းစာ အသီးသီး တက်ရောက် ရောင်းချကြရာ၊ ခင်စောဦးမှာ အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေသော သတင်းစာ တစ်စောင်ကို ဖတ်ရှုနေရာက အကြောင်းတစ်ခုကို တွေ့သောအခါ မျက်လုံးပြူးနေလေ၏။

ဩဂုတ်လ ၂၃ ရက်နေ့စွဲ ကြေးနန်း။

ရန်ကုန်မြို့ ဆေးရုံကြီးသို့ မြွေကိုက်သော လူနာတစ်ယောက် ရောက်လာကြောင်း၊ လူနာမှာ လက်ဖက်ရည်ဆိုင်ရှင် ဖြစ်၍ လက်ဖက်ရည်ဆိုင်ထဲမှ မြွေပွေးကိုက်လိုက်ကြောင်း၊ ထူးဆန်းပုံမှာ ဆရာဝန်သည် မြွေပွေးဆိပ်ပျောက်အောင် ကုသသောအခါ ပျောက်ကင်းသွားပြီး လူနာမှာ ရူးသွပ်သွားကြောင်း၊ ယင်းလူနာမှာ သူဌေး ဦးအင်း၏သား မောင်မျိုးညွှန့် ဖြစ်ကြောင်း။

(အက်စဆိုစီရေးတက် ကြေးနန်း)

ခင်စောဦးသည် သတင်းစာကို လက်ကကိုင်ရင်း မြောမေ့သွားသဖြင့် ခပ်လှမ်းလှမ်းက တစ်ခန်းတည်းနေ ကပြားမကလေးသည် ခင်စောဦးအား ပွေ့ဖက်ကာ သတိရအောင် ပြုလုပ်နေလေ၏။ ခင်စောဦးသည် ညည်းတွားရင်း သတိရသောအခါ –

'ကိုကိုရေ အကြောင်းဆိုးလေခြင်း၊ အစော အနားက မပြုစုရတော့ဘူးလား၊ အစော ဘယ့်နှယ် ကြံရပါ့မလဲ' ဟု အသံများ ထွက်အောင်ပင် ငိုကြွေးနေရှာလေ၏။

'ဘာဖြစ်တာလဲ၊ ရှင် ဘာပြုလို့ ဒီလို ဖြစ်ရတာလဲ' ခင်စောဦးသည်

ငိုရှိုက်ရင်း သတင်းစာကို ထောက်ပြလျက် 'ဒါ ကျွန်မ ယောကျ်ားရှင့်၊ စိတ်ကောင်းနိုင်ပါဦးမလား' ဟု ခပ်မဲ့မဲ့ကလေး ပြန်ဖြေလေရာ –

'အို... သေတာမှ မဟုတ်ဘဲ၊ ရူးတာ ဆေးကုလို့ ရပါတယ်'

'ကျွန်မ ပညာသင် ဆက်မလိုက်တော့ဘူးရှင့်၊ မြန်မာပြည် ပြန်တော့မယ်'

'ဘယ်တော်မလဲ၊ ကိုယ်သွားမယ့် ခရီးကို ဖြောင့်ဖြောင့်သွားပေါ့'

'သွားလို့ မဖြစ်ဘူး၊ သွားရင် ကျွန်မ တစ်ခုခုဖြစ်မယ်'

'ကိုင်း ဒါဖြင့်ရင်လည်း ကာလကတ္တား ဆင်းနေရစ်ပေတော့၊ ကျွန်မ အဖော် မိန်းမကြီးတစ်ယောက် ရှာပေးမယ်၊ ပြီးတော့ နက်ဖြန်ထွက် သင်္ဘောနဲ့လိုက်၊ ကနေ့ည ဟိုတယ်မှာ တည်းတာပေါ့' ဟု ခင်စောဦး၏ ပစ္စည်းများကို သင်္ဘောပေါ်မှ ချရန် ပြင်ဆင်နေကြ၏။

ကိုနကား ညီငယ်အား အမြဲ စောင့်ရှောက်လျက် သွားရာသို့ တကောက်ကောက် လိုက်ပါနေရလေ၏။ ညတွင်လည်း အနားက ထား၍ အိပ်ရလေရာ မောင်မျိုးညွန့်သည် ဘယ်ဆရာနှင့်မျှ ကု၍ မရတော့ချေ။ စိတ်လည်း ရှေးကထက် ကြမ်းတမ်းလာသဖြင့် လွှတ်၍ ထားရလေ၏။ တစ်ခါတစ်ရံ လိုက်နိုင်သော်လည်း တစ်ခါတစ်ရံ လွတ်ထွက်သွားလေရာ မောင်မျိုးညွန့်သည် ဒါလဟိုဇီလမ်းလယ်၌ ကခုန်နေလေ၏။ မော်တော်ကားများမှာ အထူး သတိထား၍ မောင်းကြရလေ၏။ အရှေ့မှ လာသော ကားတစ်စင်းသည် မောင်မျိုးညွန့်အား တိုက်မည် အလုပ် ကိုနသည် အပြေးဆွဲမည် ထွက်ခဲ့ရာ ကားနှင့် မတိုက်ဘဲ ဓာတ်ရထား အောက်သို့ ရောက်သွားသဖြင့် မမြင်ဝံ့အောင် ဖြစ်၍နေစဉ် ဓာတ်ရထား သည် နှစ်ပိုင်းပြတ်အောင် ကြိတ်ဝါးသွားလေ၏။ လူအများ၏ ဆူသံတို့ မှာ လုယက်မှုတစ်ခု ဖြစ်သကဲ့သို့ ထင်မှတ်ရလေ၏။ ကိုနသည် ညီငယ် ၏ အလောင်းကို သွေးသံရဲရဲနှင့် ပွေ့ဖက်ကာ ရှိနေခိုက် မမျှော်လင့်သော

ခင်စောဦးသည် ကားတစ်စင်းနှင့် ၎င်း၏ ပစ္စည်းများနှင့် ရောက်လာလျက် 'အမယ်လေး ကိုကိုရဲ့ အသေဆိုးလေခြင်း၊ ကိုကို့ကြောင့် စိတ်လေးလို့ ပြန်ခဲ့တယ်၊ အသက်မှ မမီပါဘဲလား၊ အစောလည်း မနေရစ်ဘူး' ဟု ကားပေါ်မှ ဆင်းလျက် လူအများ မဆွဲမီ အပြေးသွားသော ခတ်ရထား အောက်သို့ ပစ်လှဲလိုက်ရာ လူအများ ငယ်သံပါအောင် အော်ကြသော အသံနှင့် တကွ ခင်စောဦးမှာ ခတ်ရထားအောက်တွင် သွေးသံရဲရဲနှင့် ဖြစ်၍ နေရှာလေ၏။ ကိုနက ညီနှင့် ခယ်မလောင်းအတွက် အားပါးတရ ငို၍ နေရာ'ဟဲ... ဟဲ...'ဟု မိမိဘေးက အိပ်နေသော ညီငယ်၏ ယောင် ရမ်းသံကို ကြားမှ အိပ်မက်အဖြစ်ကို သတိရ၍ ညီငယ်အား စောင်များ ခြုံ၍ ပေးလေ၏။

နောက်တစ်နေ့ နံနက်၌ ကိုနသည် ညီငယ်အား အိပ်ရာက နိုးလျှင် နိုးခြင်း ကော်ဖီနှင့် မုန့်များ တိုက်ကျွေးနေရာ ကိုရိုးနှင့် ကိုဉာဏ်ကြီးလည်း လာရောက် ကြည့်ရှုကာ'အင်း... တော်တော် ငြိမ်ပြီ' ဟု ထွက်ခွာသွား ကြပြန်လေ၏။ ထမင်းစားချိန်သို့ ရောက်လျှင် ကောင်းမွန်စွာ ကျွေးပြန် ရာ အစတစ်လုပ် နှစ်လုပ်တွင် ကောင်းစွာ စားလျက်၊ ကျန်ထမင်းများ ကို စားပွဲတွင် ပြန့်ကျဲလျက် ကိုန၏ မျက်နှာသို့ ထမင်းလုတ်နှင့် ပေါက် လိုက်သဖြင့် 'ညီလေး... ညီလေး သတိထားပါ' ဟု ဆိုသော်လည်း မရ။ ကလိုက် ခုန်လိုက် သီချင်းဆိုလိုက် ပြုနေသဖြင့် ကိုနသည် တိုက် တံခါးများကို အပိတ်ခိုင်းရလေ၏။ ခဏကြာလျှင်ကား ငြိမ်၍ သွားပြန် သဖြင့် ညီငယ်အား ပက်လက်ကုလားထိုင်တစ်ခုနှင့် ထားခဲ့၍ ဈေးရေး ဝယ်တာကို ထွက်ရောက် စီမံနေရပြန်လေ၏။ နေ့ နှစ်နာရီခန့်၌ ကား တစ်စင်းနှင့် သားရေအိတ်၊ သံသေတ္တာ၊ စာအုပ်သေတ္တာတွေ တင်ဆောင် လာသော ခင်စောဦးသည် ကိုန၏ တိုက်ရှေ့ ရပ်ကာ ပစ္စည်းတွေ ချလျက် အပြေးကလေး ဆင်းလာရင်း –

'ကိုကြီးနဲ ကိုကိုကော ကိုကိုကော၊ အစော သတင်းစာထဲ တွေ့လို့ စိတ်မကောင်းတာနဲ့ ပညာသင် မသွားတော့ဘူး၊ ကိုကိုကော' ဟု ရေငတ် သလို မေးရှာလေ၏။ ကိုနကား အံ့အားသင့်သော အမူအရာနှင့် ခင်စောဦး၏ ပစ္စည်းများကို တပည့်ကလေးများအား သွင်းစေလျက် 'ရှိပါတယ်၊ ကနေ့ နည်းနည်းငြိမ်တယ်၊ လာ… လာ…'ဟု မောင်မျိုးညွန့် ရှိရာသို့ ခေါ်ဆောင်သွားလေ၏။ ကုလားထိုင်ပေါ်တွင် မောင်မျိုးညွန့်ကို မမြင်သောအခါ 'ဟိုက်' ဟု အသံထွက်လျက် အိမ်သာခန်း၊ ရေချိုးခန်း များကို ဝင်၍ ရှာပေ၏။ မတွေ့ရချေ။

'သြော်… ခဏကလေး လစ်တယ်၊ ဘယ်ထွက်သွားပါလိမ့်'

'အို… ဒီလိုနဲ့ မဖြစ်ဘူး။ ကားတွေ၊ ဓာတ်ရထားတွေ တိုက်မှဖြင့်။ ကိုင်း… ကိုင်း…မြန်မြန်လုပ်၊ လိုက်ရအောင်' ကားတစ်စင်းကို ခေါ်လျက် ကိုနနှင့် ခင်စောဦး ထွက်၍ ရှာကြလေ၏။

မောင်မျိုးညွန့်ကား ကုန်သည်လမ်းဘက်သို့ ရောက်ရှိကာ နောက်မှ ကလေးတွေ တစ်ပြုံကြီးနှင့် က လိုက်၊ ခုန်လိုက်၊ သီချင်းဆိုလိုက်နှင့် ဖြစ်ချင်တိုင်း ဖြစ်၍ နေလေ၏။ လက်ကမြင်းသော ကလေးတို့သည် ခဲကလေးနှင့် ပစ်ကစားရာ ထိုကလေးများအား လိုက်၍ ခြေနှင့် ကန်သဖြင့် ဆူညံ ပြေးလွှားသံများကို ကြားရလေ၏။ ထိုအခိုက် ခပ်လှမ်းလှမ်းမှ မောင်လူဝသည် အရူးတစ်ယောက်နှင့် ကလေးများ၏ အခြေအနေကို မြင်ရာ အပြေးသွားလျက် အရူးအား ခြေနှင့် ကန်ကာ ပါးကို သုံးလေး ချက် ရိုက်လေ၏။

'အမယ်လေး ချမ်းသာပေးပါ ကိုကြီးရယ်' ဟု ငိုလျက် တောင်းပန် နေရာက 'ခင်သမ္ဘူနှင့် ပြန်သူ လင်နူ မမက်ပါနှင့် ကြင်ဖက်အတည် ယူရစ်ပေတော့ သည်လင်အသွား ဟီး… ဟီး…' ဟု ငိုရာက 'ဟဲ… ဟဲ…' ဟု ရယ်လျက် ကပြန်လေ၏။ လူဝသည် လက်သီးဆုပ်လျက် –

'ကမြင်းမ အရှူး' ဟု ထပ်မံ ထိုးကြိတ်ပြန်ရာ ဘေးက လူများက 'ခင်ဗျားနှယ်ဗျာ၊ အရူးလုပ်လို့ ဘာအကျိုးရှိသလဲ' ဟု ပြောကြလေ၏။

'အို ကျုပ်တူကလေးတွေကို လုပ်နေတာ ကြည့်နေရမှာလား' ဟု ထပ်မံ ထိုးမည်အလုပ် ကားတစ်စင်းသည် ဖြုန်းခနဲ ရပ်လျက် ကိုနသည် သံတုတ်တစ်ချောင်းကို လက်က ကိုင်ကာ –

'ကိုင်း လုပ်စမ်းလေ၊ ငါ့ညီ စိတ်မကောင်းတဲ့ အခါမို့၊ စိတ်ကောင်းတဲ့ အခါဆိုရင် မင်းတို့လိုအကောင် ဆယ်ကောင် ဂရုမစိုက်ဘူး' ဟု ကြိမ်းဝါးရာ၊ ကိုနကို မကြောက်သော်လည်း သံတုတ်ကို ရွံ့သဖြင့် ချာခနဲ လှည့်ထွက်သွားလေ၏။

'ကိုကို... ကိုကို... အစောလေ ပြန်လာတယ်' ဟု မောင်မျိုးညွန့်၏ ကိုယ်ကို ကိုင်ကာ ပြောလေရာ၊ မောင်မျိုးညွန့်သည် တွေဝေ ကြည့်ရှုနေရင်း မျက်ရည်တွေ ကျလျက် 'အစော... အစော...' ဟု ဆိုကာ ကျုံ့ကျုံ့ပါ အောင် ငိုကြွေးလေ၏။ ခင်စောဦးလည်း 'ကိုကို သတိထားပါ... သတိထားမှပေါ့' ဟု ရောနှော ငိုယိုလျက်နေစဉ် -

'ဟား... ဟား...' ဟု ရယ်လျက် ခင်စောဦး၏ ပါးကို လှမ်း၍ ပုတ်ပြီးလျှင် ခက်ထန်သော အမူအရာနှင့် ကြည့်ရှုနေသဖြင့် ကိုနသည် နောက်က ပွေ့ဖက်ထားလေ၏။ အတင်း ရုန်းကန်နေရာမှ 'ကိုကို... အမယ်လေး လုပ်ပါဦး' ဟု ခင်စောဦးမှာ ပဌာမြေလူးပမာ ပူဆွေးနေရာ၊ ကိုနသည်ကား ညီငယ်ကို ချော့လျက် ငါးမိနစ်ခန့်တွင် ငြိမ်၍ သွားပြန်သဖြင့် ကားပေါ်သို့ တင်၍ ခေါ်ခဲ့လေ၏။ ဒေါ်လုံမယ်နှင့် မစောနန်းတို့လည်း ရှမ်းပြည်နယ်သို့ ပြန်သွားသဖြင့် ခင်စောဦးမှာ မောင်မျိုးညွန့် လက်ဖက်ရည်ဆိုင်တွင် နေထိုင်ရမည်ကဲ့သို့ ဖြစ်၍ နေလေ၏။ တိုက်ခန်းတွင်းသို့ ရောက်လျှင် နလုံးငြိမ်ဆေးများ တိုက်သဖြင့် ဆူပူ လှုပ်ရှားခြင်း ရပ်စဲခိုက် ခင်စောဦးသည် ဖခင်ကြီးထံသို့ အဖြစ်အပျက် အကုန်အစင် ကြေးနန်းစာ ရေးလျက် လူငယ်တစ်ယောက်ကို ကြေးနန်းရုံးသို့

အပို့ခိုင်းလေ၏။ ၎င်းကိုယ်တိုင်မှာ မောင်မျိုးညွန့် အနားက မခွာဘဲ ပျာပျာသလဲ ပြုစုနေရှာလေ၏။

ဒေါ်မာမာကား သားအကြီး ကိုထိုင်း ဆုံးခြင်း၊ သားအငယ် ရှုံးသွပ် နေခြင်း စသော သတင်းများကို ကြားသဖြင့် မူလ မမာရာက ရောဂါ တိုးလျက် အစေခံများမှာ အထူး ဂရုစိုက်၍ နေကြရလေ၏။ မေးလျှင် လည်း မောင်မျိုးညွန့်က အရူးပျောက်ပါပြီဟုသာ ပြောဆိုထားရလေ၏။

သုံးရက်ခန့် ကြာသောအခါ အမတ်ကြီးသည် ရန်ကုန်သို့ ဆင်း၍ လာလေ၏။ အမတ်ကြီးနှင့် အတူ ဆေးဆရာကြီး တစ်ယောက်လည်း ပါ၍ လာလေရာ၊ ဆေးဆရာကြီးမှာ မောင်မျိုးညွန့်အား စမ်းသပ် ကြည့်ရှု ပြီးနောက် –

'ကိစ္စ မရှိပါဘူး၊ ရနိုင်ပါတယ်' ဟု ပြောဆိုလေ၏။ ခင်စောဦးကား ဖခင်ကြီး၏ မျက်နှာကို အကြည့်ရခက်လျက် ရက်ကြောက်သော အမူ အရာနှင့် ခပ်ကုပ်ကုပ်နေရာ အမတ်ကြီးမှာလည်း သမီး၏ ကြုံလှီသော ကိုယ်ကလေးကို ကြည့်ရှုရင်း ကရုဏာသက်လျက် –

'အစော... အစော...' ဟု ခေါ်လိုက်လေ၏။ ခင်စောဦးမှာ မျက်ရည်များ ကျလျက် ဖခင်၏ အနီးသို့ ရောက်ရှိလာရာ –

'ဘဘ အပြစ်မတင်ပါဘူး၊ ဒီလို ဖြစ်နေမှတော့ ဘယ်သူ နေနိုင်မှာ လဲ၊ နယ်ကျန်းမာရေးအတွက် ဒို့ပြင် ဆရာဝန်တွေ ငှားရလည်း ဖြစ်နိုင် ပါတယ်'

'သမီးလည်း အလွန် စဉ်းစားပါတယ်၊ ကိုမျိုးညွန့်တို့ အမွေပစ္စည်း ကလည်း ရတော့မယ်ဖြစ်တော့ မပေးရအောင် လူဆိုးတစ်ယောက်ကို မြွေပွေးအချခိုင်းသတဲ့၊ ဘယ့်လောက် မတရားသလဲ ဘဘဘုရား'

'ကိုင်း... ကိုင်း... သမီး စိတ်ကောင်းအောင်နေ၊ ခုမှတော့ မထူး ပါဘူး' ဟု ချော့မော့ ပြောဆိုလေ၏။ ခင်စောဦးကား ဖခင် ရှေ့သော်

လည်း မနေနိုင်။ လူနာကို ကြည့်ရှုကာ ဆရာ လိုသမျှ ဘေးက ကူညီလုပ်ကိုင်ပေးလျက် နေမိလေ၏။ မောင်မျိုးညွှန့်မှာ နှလုံးပျက်၍ သော်လည်းကောင်း၊ ဦးနှောက် ပျက်၍ သော်လည်းကောင်း ရှုးသည် မဟုတ်။ မြွေဆိပ်မစင်ဘဲ နှလုံးသွေးနှင့် ဦးနှောက် အာရုံကြောတွင် ပျံ့နှံ့နေ၍ ရှုးသွပ်ခြင်း ဖြစ်ရလေရာ ဆရာသည် မြွေဆိပ်များကို အပြင် စုပ်နှင့်ထိုး၊ အတွင်း ဆေးတိုက်နှင့် နေ့ ည ကုသရာ၊ နှစ်ရက်အတွင်း ရှင်းရှင်း ပျောက်၍ သွားလေ၏။

မျက်လုံး ဟန်အမူအရာတို့သည် လူကောင်းပကတိကဲ့သို့ ဖြစ်လာသဖြင့် ကိုနမှာ ထ ၍များပင် က ရှာလေတော့၏။ ခင်စောဦးကား –

'ကိုကို... သတိရပလား... သတိရပလား...' ဟု ရေငတ်သလို မေးလေရာ –

'ကိုကို သတိရပလား ... ပညာသင် သွားတယ်ဆို၊ အို... ဟိုမှာလည်း ဘာဘာဘုရားပါလား' ဟု တိုင်းပြည်သစ်မှာ ရောက်နေသူကဲ့သို့ မသိနားမလည်သည်တို့ကို မေးမြန်းလျက် ရှိရာ၊ ကိုနသည် ညီငယ်၏ အဖြစ်ကို ဇာတ်လှန်၍ ပြောဆိုရလေ၏။

'ဟိုက်... ဒီကနေ့ ဘယ်နှရက်လဲ၊ ချိန်းတဲ့ရက်များ လွန်လေပလား၊ အို... မလွန်သေးဘူး၊ တော်သေးတယ်' ဟု မတ်တတ်ရပ်လိုက်ရာ 'အို... ဘယ်သွားမလို့လဲ' ဟု ဝိုင်းဝန်းတားကြလေ၏။ 'ကိစ္စမရှိပါဘူး၊ ကျွန်တော် သတိရပါတယ်၊ အရေးကြီးတဲ့ကိစ္စ ရှိပါတယ်၊ တစ်ဆိတ် သွားပါရစေ' ဟု အမတ်ကြီးနှင့် ခင်စောဦးအား တိုးတိုးပြောလျက် ထွက်သွားလေ၏။ နာရီဝက်ခန့် ကြာလျှင် လျှို့ဝှက်စွာ ပြုလုပ်ထားသော ဝိုင်ယာလက်ရုံမှ တစ်စုံတစ်ရာ အကြောင်းကြားနေသည်ကို တွေ့ရလေ၏။

ဦးအင်းနှင့် သားများသည် အရေးတကြီး ဆွေးနွေး၍ နေကြပြန်လေ၏။ ၎င်းတို့ထံသို့ မောင်မျိုးညွှန့် အရူးပျောက်ကြောင်း၊ ရေနံတွင်း

တွင် တစ်တွင်း ဗုံးနှင့် ခွဲ၍ အချို့အဝက် မီးလောင်ကြောင်း၊ သတ္တုတွင်း တစ်တွင်း၌ ဒိုက်နမိုက် ကွဲကြောင်း၊ သစ်တောတစ်တောကို မီးလောင်ကြောင်း၊ လယ်တောက ထွန်စက်တွေကိုလည်း အမည်မသိ လူဆိုးများ ဖျက်ဆီးသွားကြောင်း စသော ကြေးနန်း လေးငါးစောင်ကို ပြန်လှန် ကြည့်ရှုနေကြလေ၏။

'ကြည့်စမ်း၊ ဒါတွေ တစ်ချိန်တည်း ဖြစ်နေပြီ၊ ဒီအတိုင်း အသာ နေရင် အကုန် မီးစာဖြစ်တော့မယ်'

'ကျွန်တော်တို့ မရမယ့်အတူ သူတို့လည်း မရအောင် အကုန် ဖျက် ပေစေဗျာ၊ လျှော့မပေးနဲ့'

'ဘယ်ဟုတ်မှာလဲကွယ်၊ အကုန် မရသော်လည်း အချို့အဝက် ရ နည်းသလား၊ လျှော့တန်သလောက် လျှော့ပေးမှ ဖြစ်မယ်' ဟု 'ကိုင်း... မောင်ညွှာ သွားစမ်း၊ မောင်ရိုးနဲ့ မောင်ဉာဏ်ကြီး သွားပြောချေ၊ စပတ် လမ်း တိုက်မှာ အမွေနဲ့ ပတ်သက်ပြီး စကားပြောရအောင် ညီအစ်ကို လေးယောက်စလုံး လာကြဖို့ ခေါ်ခဲ့နော်' ဟု မှာထား စေလွှတ်ရာ မောင်ညွှာလည်း ထွက်ခွာသွားလေ၏။ သားအဖ နှစ်ယောက်ကား စာချုပ် စာတမ်း စာရွက်များကို စစ်ဆေးနေရစ်ကြလေ၏။

နေ့နာရီပြန် တစ်ချက်ခန့်တွင် ဒေါ်မာမာ၏ တိုက်၌ စားပွဲဝိုင်း ကွန်ဖရင့်ကဲ့သို့ ဦးအင်း သားအဖ သုံးယောက်၊ မောင်မျိုးညွှန့် ညီအစ်ကို လေးယောက်၊ အမတ်ကြီးနှင့် သမီး ခင်စောဦးတို့သည် စားပွဲကြီးတစ်ခု တွင် ထိုင်လျက် ရှိကြသည်ကို တွေ့မြင်ရလေ၏။ ဒေါ်မာမာမှာ သား အငယ် အရှုံးပျောက်၍ အမွေပစ္စည်း ခွဲဝေပေးမည် ကြားရကတည်း က အားတစ်မျိုးဖြစ်ကာ ထ၍ ထိုင်နိုင်လေ၏။ ဦးအင်းနှင့် မိမိသားများ မည်သို့ တိုင်ပင်မည်ကို နားစွင့်နေ၏။ စားပွဲတွင် ဦးအင်းက စ၍ 'ကိုင်း... အားလုံး နားထောင်ကြ၊ ဘဘဟာ မင်းတို့ကို မပေးချင်လို့ မဟုတ်ဘူး၊

မအုပ်စီးတတ်ဘဲနေမှာ စိုးရိမ်လို့ပါ၊ ဒီတော့ ပစ္စည်းအရပ်ရပ်ကို တစ်ဝက်စီ ခွဲ၍ မင်းတို့ ညီအစ်ကိုလေးယောက် ယူကြပါ၊ ဘယ့်နှယ်လဲ သဘောကျရဲ့လား'

'ဟာ... ခင်ဗျား ယူတုန်းက အကုန်ယူပြီးတော့ ပေးတော့ တစ်ဝက်ထဲဆိုရင် ဘယ်တရားမလဲ၊ အကုန်ရမှာပဲ ကျေနပ်မယ်' ဟု မောင်မျိုးညွှန့်သည် ဦးအင်းတို့ အနှစ်နှစ် အလလက ခံစားခဲ့ကြပုံကို စာရင်းအင်းနှင့်တကွ တွက်ချက်ပြောပြလေ၏။

'မင်း ပြောတာလည်း မငြင်းလိုဘူး၊ ဘဘတို့ ကြိုးပမ်းလို့ ဒီလောက်ဖြစ်ထွန်းလာပြီး အကုန်ပေးရမယ်ဆိုရင် ဘဘတို့မှာ နစ်နာတာပေါ့'

'ဘာ နစ်နာစရာ ရှိသလဲ၊ ခင်ဗျားတို့ အရင်းမှ မရှုံးဘဲ'

ဤသို့ တစ်ယောက်တစ်ခွန်း ငြင်း၍ နေရာက နောက်ဆုံးတွင် ညီအစ်ကို လေးယောက်က လေးပုံ သုံးပုံ၊ ဦးအင်းတို့အဖို့ လေးပုံတစ်ပုံ ယူကြရန် သဘောတူရလေ၏။ မောင်လူဝနှင့် မောင်ညာတို့မှာ ဤမျှ မပေးရန် ကန့်ကွက်ကြသော်လည်း နောက်ဆုံးတွင် လက်လျှော့လိုက်ရသဖြင့် ပစ္စည်းစာရင်းများ တွက်ပြီးနောက် စာချုပ် လက်မှတ်ရေးထိုး၍ ရုံးတွင် မှတ်ပုံတင်ရန် သဘောတူကြလေ၏။

ညီအစ်ကို လေးယောက်သည် မည်မျှ ဝမ်းသာကြလေမည်နည်း၊ ဒေါ်မာမာကား မျက်နှာညှိုးငယ်ရာက ကြည်လင်သော အဖြစ်သို့ ရောက်ရှိလာလေ၏။ ဦးအင်းတို့ သားအဖသုံးဦး ထွက်ခွာသွားသောအခါ ရှေးဟောင်း နှောင်းဖြစ်ကို ဝမ်းမြောက်ဝမ်းသာ ပြောဆို၍ နေကြလေ၏။

နောက် ခြောက်လလောက် ကြာသောအခါ ရေနံချောင်းမြို့ ဆိပ်ကမ်း၌ ၂၀၀၀ ကျော်မျှသော လူစုသည် လက်ကိုင်ပဝါများကို မြှောက်ကာ ကောင်းချီးပေးလျက် နေကြလေ၏။ ရွှေဒေါင်းညွှန့် သူဌေးကလေး မောင်မျိုးညွှန့်နှင့် ဇနီး သူဌေးကတော် ခင်စောဦးတို့၏ ကိုယ်ပိုင်သင်္ဘော

ကလေးသည် ဆိပ်ကမ်းသို့ တစ်စတစ်စ နီးကပ်လျက်ရှိရာ ကုန်းပေါင် ထိုးလိုက်သည်နှင့် တစ်ပြိုင်နက် ရေနံတွင်းခေါင်းဆောင်များသည် သင်္ဘော ပေါ်သို့ တက်၍ ကြိုဆိုကြလေ၏။ သက္ကလတ်ရင်ဖုံး၊ ပုဆိုးတောင်ရှည်၊ ပဝါဘီ–အေ ပေါင်း၊ ရွှေကိုင်းမျက်မှန် တပ်ထားသော သူဌေးကလေးနှင့် ဖက်ဖူးရောင် ပိုးပျော့လုံချည်၊ ပိုးအင်္ကျီ၊ စိန်လည်တုန်၊ စိန်နားကပ်၊ စိန်လက်ကောက်တို့ဖြင့် တန်ဆာဆင်ထားသော သူဌေးကတော်ကလေး ကို ငေးစိုက် ကြည့်ရှုကြရင်း –

'ရှေ့သွားနောက်လိုက် ညီပါတယ်၊ ကျက်သရေ ရှိပါတယ်၊ ချော ပါပေတယ်' ဟု ချီးမွမ်းကြစဉ်၊ သပ်ရပ် ခံ့ညားသော ကားကြီး တစ်စင်း ပေါ်သို့ တက်ရောက်ကြစဉ် ကားသည် တဖြည်းဖြည်း ထွက်ခွာခဲ့လေ၏။ လူထုလည်း နောက်က လိုက်ပါလာကြရာ တွင်းမရပ် အလုပ်တိုက်သို့ ရောက်လျှင် သူဌေးကလေးသည် အမျိုးတူ လုပ်သားများ ညီညွတ်၍ ဤကဲ့သို့ အောင်မြင်ရကြောင်း၊ ညီညီညွတ်ညွတ် စွန့်စွန့်စားစား လုပ်လျှင် ဘယ်အရာမဆို အောင်မြင်နိုင်ကြောင်း၊ စွန့်စား ညီညွတ်သူများလည်း အကျိုးခံစားခွင့် ရရှိစေမည်ဟု မိမိတို့ ရာဇဝင်ကို ဟောပြောနေလေရာ၊ ပရိသတ်တို့၏ သြဘာသံမှာ ဆူညံ၍ နေလေ၏။ မောင်မျိုးညွန့်သည် ရေနံတွင်းလုပ်ငန်းများကို စစ်ဆေး ကြည့်ရှုပြီးနောက် ငါးရက်ခန့် ကြာ လျှင် အခြား သတ္တုတွင်း၊ သစ်တော၊ လယ်မြေများကိုလည်း လှည့်လည် ကြည့်ရှုလေ၏။ ကျန် ညီအစ်ကိုသုံးယောက်ကား ရန်ကုန်မှာပင် အလုပ် လုပ်လျက် ရှိကြလေ၏။

တစ်ညသ၌ ဒေါ်မာမာ၏ စပတ်လမ်းရှိ တိုက်ကြီးတွင် ဇနီး ခင်ပွန်း နှစ်ဦးတို့သည် ရှေးဟောင်း နောက်ဖြစ်များကို စားမြုံ့ပြန်လျက် ရှိကြ လေ၏။

# နိဂုံး

ရုပ်ရှင်ရိုက်ဖို့ဟု နိဒါန်း၌ ဖော်ပြခဲ့သည့် အတိုင်း ဤဝတ္ထု ဖတ်ရာ၌ အထွေအထူး မစဉ်းစားဘဲ ရုပ်ရှင်ဇာတ်လမ်း တစ်ခုကဲ့သို့ တွေးတော ဖတ်ရှုကြလိမ့်မည်ဟု မျှော်လင့် ပါကြောင်း။

**မဟာဆွေ**



“...အမျိုးသားများ လက်အောက်ခံ ကိုလိုနီဘဝ၌ ရှိစဉ် မဟာဆွေ၏ *တို့မေမေ* ဝတ္ထုသည် အမျိုးသား နိုးကြားရေးကို လှုံ့ဆော်ပေးခဲ့ပေ၏။

- ဒဂုန်တာရာ၏ ရုပ်ပုံလွှာ (၁၉၅၅)၊ စာ ၁၈၀။

“လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် အရေးပါသော နယ်ချဲ့ဆန့်ကျင်ရေးဝတ္ထု တစ်ပုဒ် ဖြစ်သည်။ ... ထူးခြားချက်မှာ ဤဝတ္ထုတွင် အနက်အဓိပ္ပာယ် နှစ်လွှာ ရှိနေခြင်း ဖြစ်သည်။”

-မောင်ခင်မင် (ဓနုဖြူ) ၏ *ကိုလိုနီခေတ် မြန်မာစာပေသမိုင်း* (၂၀၁၀)၊ စာ ၁၉၈၊ ၁၉၉။

“... *တို့မေမေ* သည် မြန်မာ့သမိုင်းကို အခြေခံကာ မြန်မာ့နိုင်ငံရေးလမ်းကြောင်း ခင်းပေးခဲ့သော ဝတ္ထုဖြစ်လေသည်။”

မလိခ၏ *မြန်မာဝတ္ထုအညွှန်းပေါင်းချုပ်* (၂၀၀၇)၊ စာ ၁၅၃။

# မဟာဆွေ

# တို့မေမေ